အာဏာရှင်

# ဗိုလ်နေဝင်း၏ ဇာတ်သိမ်းခန်း



**သန်းဝင်းလှိုင်**

တတိယအကြိမ်

ပုံနှိပ်မှတ်တမ်း

ဖြန့်ချိရေး - လွင်ဦးစာပေ (လှည်းတန်း)
ဒုတိယအကြိမ်၊ ၂၀၁၆၊ အောက်တိုဘာလ

အုပ်ရေ - ၅၀၀

မျက်နှာဖုံးဒီဇိုင်း
ဇော်မောင်

ကွန်ပျူတာစာစီ
Dream City - 0973052433

ထုတ်ဝေသူ
ဦးလွင်ဦး (မြ-၀၀၇၉)
အမှတ် (၁၆-အေ)၊ လှည်းတန်း (၂)လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးဝင်းကျော်ထွန်း၊ မုံရွေးပုံနှိပ်တိုက်၊ (မြ-၀၀၁၃၅)
အမှတ် (၁၄၀)၊ ၄၅ လမ်း၊ ရန်ကုန်မြို့။

**တန်ဖိုး - ၃၀၀၀ ကျပ်**

၉၂၃.၂

သန်းဝင်းလှိုင်
အာဏာရှင်ဗိုလ်နေဝင်း၏ ခေတ်သိမ်းခန်း/
သန်းဝင်းလှိုင်။- ရန်ကုန်။
လွင်ဦးစာပေ (လှည်းတန်း)၊ ဒုတိယအကြိမ်၊ ၂၀၁၆။
၂၅၂ - စာ၊ ၁၃.၃ x ၂၀.၉ စင်တီ။
(၁) အာဏာရှင်ဗိုလ်နေဝင်း၏ ခေတ်သိမ်းခန်း

# အာဏာရှင် ဗိုလ်နေဝင်း

၏

# ဇာတ်သိမ်းခန်း

---

သန်းဝင်းလှိုင် (V)

တတိယအကြိမ်

# The Last Days of Gen. Ne Win

---

Than Win Hlaing (V)

# မာတိကာ


- ပထမအကြိမ်အတွက် စာရေးသူ၏အမှာစာ ၁
- ဒုတိယအကြိမ် စာရေးသူအမှာ ၃
- နိဒါန်း ၅

**အခန်း (၁)**

- မွေးရပ်ဇာတိ ၁၃

**အခန်း (၂)**

- ဂျပန်စစ်ပညာတော်သင်ဘဝ ၃၆

**အခန်း (၃)**

- ဇာတာစန်းလက်တက်ခဲ့စဉ် ၅၈

**အခန်း (၄)**

- တော်လှန်ရေးကောင်စီ အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များ ၁၈၂

**အခန်း (၅)**

- ဗိုလ်နေဝင်း၏ ဆင်ကွက်ထဲ ဝင်ခဲ့မိသော ဂဠုန်ဦးစော ၂၁၁

**အခန်း (၆)**

- အိမ်ထောင်ရေးဘဝ ၂၂၈
- ကိုးကားသောစာနယ်ဇင်းများ ၂၄၇

# ပထမအကြိမ်အတွက်
# စာရေးသူ၏ အမှာ

လွန်ခဲ့သည့် အတိတ်လွင်ပြင်ကို ဖြတ်သန်းလာသော အကြောင်းတရားများကို တူးဆွယူ၍ ယခု ပစ္စုပ္ပန်တွင် မှတ်တမ်းတင်ခြင်းကို သမိုင်းဟူ၍ ယေဘုယျ မှတ်ယူကြပါသည်။ အမှန်စင်စစ် သမိုင်းဆိုသည်မှာ အတိတ်၏ နိုင်ငံရေးအကြောင်းစဉ်များပင် ဖြစ်၍ နိုင်ငံရေးဆိုသည်မှာ ပစ္စုပ္ပန် သမိုင်းပင်ဖြစ်ရာ တစ်ချိန်က လူသားတို့၏ လုပ်မှုကိုင်မှု၊ လှုပ်ရှားခဲ့ပုံကို ပြန်လည် လေ့လာဆန်းစစ် သင်ခန်းစာယူပါက ပစ္စုပ္ပန်နှင့် အနာဂတ်အတွက် အကျိုးများပေလိမ့်မည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံမှ အမှားနှင့် မကင်းခဲ့ပေ။ အမှားကို ပြင်နိုင်ခဲ့၍သာ တိုးတက်သွားကြသည်။ အမှားသည် အမှန်၏ လမ်းစဖြစ်သောကြောင့် အမှားကို သင်ခန်းစာယူပါက တိုးတက်မည်သာဖြစ်သည်။ မြန်မာနိုင်ငံသည် ယနေ့တိုင် ပွင့်လင်းလွတ်လပ်သည့် နိုင်ငံ မဖြစ်သေးပေ။ အပိတ်အမှောင်ထဲတွင်ပင် အမှားသံသရာလည်လျက်ရှိသည်။ သမိုင်းကို ပြင်၍ မရပါ။ သမိုင်းထဲမှ သင်ခန်းစာသာ ရယူနိုင်ပါသည်။ ဆရာကြီး ဒေါက်တာသန်းထွန်းက...

"သမိုင်းမှာ ဟုတ်တာကို မဟုတ်သလိုလို ရေးရင်၊ မဟုတ်တာကို ဟုတ်နေသလို ရေးရင် ရာဇဝတ်ပြစ်မှုထက် အပြစ်ကြီးတယ်"

ဟူ၍ ပြောခဲ့ဖူးပါသည်။ အမှောင်ထုကို ဖောက်ထွက်၍ ယနေ့လူငယ်များ အတိတ်၏ သင်ခန်းစာများကို ရယူကာ ပစ္စုပ္ပန်တွင် နိုင်ငံနှင့်

လူမျိုးအကျိုး သယ်ပိုးရန် တစ်ချိန်က အာဏာရှင်တို့ မင်းမူကာ တိုင်းပြည်အား နည်းမျိုးစုံဖြင့် ဖျက်ဆီးသွားသော လုပ်ရပ်များကို သိရှိရန်အတွက် ဤစာအုပ်ကို ရေးသားခဲ့ရပါသည်။

ဤရည်ရွယ်ချက်ဖြင့် အာဏာရှင်တို့၏ ဘဝဇာတ်လမ်းနှင့် အာဏာရှင် စနစ်ကို ရေးလိုက်ရပေရာ အမှန်ကို ဘွင်းဘွင်းနှင့်ထင်းထင်းကြီး ရေးလိုက်သဖြင့် တစ်စုံတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၊ ပါတီတစ်ရပ်အား ထိခိုက်သွားလျှင် သွားပါစေ… ကျွန်ုပ်အား အပြစ်မှ ခွင့်လွှတ်ပါရန် ကျွန်ုပ်ကား ခခယယ တောင်းပန်နေလိမ့်မည် မဟုတ်ပေ။

တောင်းပန်နေလျှင် အမှန်သည် ယုတ်လျော့သွားချေမည် ဖြစ်သည်။

ထို့ကြောင့် အာဏာရှင်နှင့် ပတ်သက်သော တစ်စုံတစ်ယောက်က ဖတ်၍ ကျွန်ုပ်၏ စာအုပ်ကို မီးရှို့ပစ်ချင်အောင် ဒေါသ ပေါက်ကွဲလာပါက စာရေးသူအနေဖြင့် ဤစာအုပ်ကို ရေးရကျိုးနပ်ပြီဟု မိမိကိုယ်ကို မိမိ နှစ်သိမ့်ကျေနပ်လိုက်ရပါတော့သည်။

**သန်းဝင်းလှိုင်**
**အောက်တိုဘာ ၂၅၊ ၂၀၁၃**
**ခေတ္တ မဲဆောက်၊ ထိုင်းနိုင်ငံ။**

## ဒုတိယအကြိမ်အတွက်
## စာရေးသူ၏ အမှာစာ

ကျွန်တော် ရေးသားခဲ့သော **"အာဏာရှင် ဗိုလ်နေဝင်း ၏ ခေတ် သိမ်းခန်း"** စာအုပ်ကို ၂၀၁၃၊ ဒီဇင်ဘာလတွင် ရန်ကုန်မြို့ ကမာရွတ် မြို့နယ်၊ လှည်းတန်း(၂) လမ်း၊ အမှတ် ၁၆ (အေ) ရှိ လွင်ဦးစာပေ (လှည်း တန်း) မှ ထုတ်ဝေဖြန့်ချိခဲ့ပါသည်။ အဆိုပါ စာအုပ်အား အနယ်နယ် အရပ်ရပ်မှ စာပေမိတ်ဆွေများက ဝယ်ယူအားပေး ချီးမြှင့်ခဲ့သည့်အတွက် ပထမအကြိမ် ထုတ်ဝေခဲ့သော စာအုပ်အားလုံး ကုန်သွားသဖြင့် မရရှိ လိုက်သော စာပေမိတ်ဆွေများ၏ တောင်းဆိုချက်အရ ပြန်လည်ထုတ်ဝေ ရန်အတွက် စာရေးသူအား လွင်ဦး စာပေတိုက်မှ ကိုလွင်ဦး က ပြော ကြားလာရာ စာရေးသူက ပိုမို ပြည့်စုံစွာ ထပ်မံဖြည့်စွက်လိုသောကြောင့် ပြန်လည် တည်းဖြတ်ဖြည့်စွက်ပြီးမှ ဒုတိယအကြိမ် ထုတ်ဝေရန် မေတ္တာ ရပ်ခံလိုက်ပါသည်။ စာအုပ်တန်ဖိုးကိုလည်း မတိုးမြှင့်ဘဲ နဂိုဈေးနှုန်း အတိုင်း ထားရှိရန်နှင့် စာမူခကိုလည်း ထပ်မံတိုးပေးရန် မလိုကြောင်း ပြောဆိုခဲ့ရာ ကိုလွင်ဦးကလည်း စာပေစိတ်ဓာတ် အပြည့်အဝဖြင့် ဆရာ ဆန္ဒအတိုင်း ဖြစ်စေရမည်ဟု ကတိပြုခဲ့ပါသည်။

စာရေးသူလည်း အခြား စာပေတိုက်များအတွက် စာအုပ်များ အချိန် မီ ရေးသားခဲ့ရသောကြောင့် အချိန် အနည်းငယ် ကြန့်ကြာသွားခဲ့ပြီး ယခုမှ ဒုတိယအကြိမ်အဖြစ် ပြန်လည် ထုတ်ဝေနိုင်ခဲ့သည်ကို နားလည်

ခွင့်လွှတ်ရန် တောင်းပန်အပ်ပါသည်။ ပထမအကြိမ်ထုတ်ဝေစဉ်က စာလုံးပေါင်းမှအစ ဓာတ်ပုံစာသားအထိ အကျအပေါက် မှားယွင်းမှုများနှင့် အချို့အချက်အလက်များကို ပြန်လည်ပြင်ဆင် ဖြည့်စွက်ထားပါသည်။ ပထမအကြိမ်၌ ကျန်ရှိခဲ့သော ဦးနေဝင်း ဆင်ကွက်ထဲ ဝင်ခဲ့မိသော ဂဠုန်ဦးစော အခန်းကိုလည်း ထပ်မံဖြည့်စွက်ထားသလို အချို့အခန်းမှ အကြောင်းအရာများကိုလည်း ပြန်လည်ပြင်ဆင် ရေးသားခဲ့ပါသည်။

ဤစာအုပ်နှင့် ပတ်သက်၍ အနယ်နယ်အရပ်ရပ်မှ ဝေဖန်အကြံပြုသူများ၊ အချက်အလက်များနှင့် ဓာတ်ပုံများ ပေးပို့သူများကိုလည်း ဤနေရာမှ ကျေးဇူးဥပကာရ တင်ရှိကြောင်း အမှတ်တရ ဖော်ပြအပ်ပါသည်။ ကျေးဇူးစကားသည် သူတကာ ပြောရိုးပြောစဉ် စကားကဲ့သို့ မဟုတ်ဘဲ "ကတညုတ ကတဝေဒီ" ဟူသော ဘုရားဟော ဒေသနာတော်အတိုင်း ပြုခဲ့သည့်ကျေးဇူးတရားများကို အစဉ်ထာဝရ အောက်မေ့သတိရလျက် ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**နိဝါတဖြင့်**

**(သန်းဝင်းလှိုင်)**

**၂၀၁၄ ခုနှစ် ဧပြီလ ၁၈ ရက်၊ သောကြာနေ့။**

# နိဒါန်း

မြန်မာနိုင်ငံ၌ နာမည်ဆိုးနှင့် ကျော်ကြားခဲ့သည့် ကွယ်လွန်သူ ရဲဘော် သုံးကျိပ်ဝင်၊ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌနှင့် သမ္မတဟောင်း၊ စစ်အာဏာရှင် အငြိမ်းစား ဗိုလ်ချုပ်ကြီး နေဝင်းသည် မြန်မာ စစ်အာဏာ ရှင် အပေါင်းတို့၏ 'ဂေါ့ဒ်ဖားသား' (God Father) ခေါ် 'ခေါင်းကိုင် ဖခင်ကြီး'ပင် ဖြစ်ပေသည်။

သူသည် တော်လှန်ရေးကောင်စီခေတ် (၁၉၆၂ မှ ၁၉၇၃ ခုနှစ် အထိ) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် (၁၉၇၃ မှ ၁၉၈၈ အထိ) တို့တွင် အဓိက ကြိုးကိုင်အုပ်ချုပ်ခဲ့သော စစ်အာဏာရှင်ကြီးဖြစ်သည်။ သူ၏အမွေကို ယနေ့ထက်တိုင် သမ္မတဦးသိန်းစိန် ဦးဆောင်သော အစိုးရ သစ် လက်ထက်အထိ ဆက်ခံနေဆဲဖြစ်သည်။ ဤသို့ဆိုလျှင် အာဏာရှင် ဟူသော ဝေါဟာရ၏ အနက်အဓိပ္ပာယ်ကို ဆန်းစစ်ဖို့ လိုပေမည်။

**အာဏာရှင်စနစ်**

အာဏာရှင်စနစ်၏ အဓိပ္ပာယ်ကို **မြန်မာအဘိဓာန်**၌ "စီမံခန့်ခွဲ ပြုလုပ်ပိုင်ခွင့် စသည့်အာဏာကို တစ်ဦးတည်း ချုပ်ကိုင်သုံးစွဲသူ" ဟူ၍ ဖွင့်ဆိုထားသည်။ ဗိုလ်မှူးချစ်ကောင်း ပြုစုသည့် **'နိုင်ငံရေးအဘိဓာန်'** စာအုပ် စာမျက်နှာ ၆၆၂ ၌ "လူတန်းစားတစ်ရပ်က အခြား လူတန်းစား

တစ်ရပ် (သို့မဟုတ်) အခြား လူတန်းစားများအပေါ်တွင် အကြမ်းဖက်၍ အုပ်စိုးမှုပင် ဖြစ်သည်" ဟူ၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

အောက်စဖို့ဒ် အနှစ်ချုပ် နိုင်ငံရေးအဘိဓာန် (Oxford Concise Dictionary of Politics) ၌ အာဏာရှင်စနစ် (Dictatorship) ၏ အဓိပ္ပာယ်ကို ဘရစ်တန် တက္ကသိုလ် ပါမောက္ခ လင်ကွန်း အယ်လီဆန်က အောက်ပါအတိုင်း ဖွင့်ဆိုထားပါသည်။

**dictatorship -** In modern usage, absolute rule unrestricted by law, constitutions, or other political or social factors within the state. The original dictators, however, were magistrates in ancient Italian cities (including Rome) who were allocated absolute power during a period of emergency. Their power was neither arbitrary nor unaccountable, being subject to law and requiring retrospective justification. There were no such dictators after the beginning of the second century BC, however, and later dictators such as Sulla and the Roman emperors conformed more to our image of the dictator as an autocrat and near-despot.

In the twentieth century the existence of a dictator has been a necessary and (to some) definitive component of totalitation regimes; thus Stalin's Russia, Hitler's Germany, and Mussolini's Italy were generally referred to as dictatorships. In the Soviet case the very word and idea of dictatorship were legitimized of a 'dictatorship of proletariat' which would follow the revolution and eradicate the bourgeois.

ထိုနည်းတူစွာ မောင်ဝံသပြုစုသည့် **"ခေတ်မီနိုင်ငံရေးဝေါဟာရ အဘိဓာန်"** စာအုပ်၊ ၁၄၅ ၌-

အာဏာရှင်စနစ်ဆိုသည်မှာ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်တည်းက နိုင်ငံရေးအာဏာ အလုံးစုံကို ခြွင်းချက်မရှိ ကိုင်တွယ်ထားသော အစိုးရပုံစံကို ခေါ်သည်။ တိုင်းပြည်အချို့တွင် အရေးပေါ်အခြေအနေများ ကြုံရချိန်၌ ယာယီအားဖြင့် အာဏာရှင်တစ်ယောက်ကို တင်မြှောက်ပေးလေ့ရှိသည်။ ရောမခေတ်က မူလအုပ်ချုပ်ရေးပုံစံမှာ သမ္မတနိုင်ငံပုံစံဖြစ်သော်လည်း စစ်ရေးအကျပ်အတည်းများနှင့် ကြုံရချိန်တွင် အာဏာရှင်များကို

ဆိနိတ်လွှတ်တော်ကပင် ခန့်အပ် တာဝန်ပေးခဲ့ကြသည်။ အလားတူပင် ရှေးဟောင်း ဂရိမြို့ပြနိုင်ငံများတွင်လည်း ပြည်သူတို့ စည်းလုံးညီညွတ်မှု အလွန်အမင်း အန္တရာယ်ရှိချိန်တွင် ဥပဒေပြုရေးအာဏာ အလုံးစုံကို လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းအပေါ်သို့ အပ်နှင်းခဲ့ကြဖူးသည်။

ခေတ်သစ်ကမ္ဘာတွင်လည်း လူထုလှုပ်ရှားမှုများထဲမှ ပေါက်ဖွားလာသော ခေါင်းဆောင်များအနက် အစိုးရအာဏာရပြီးချိန်တွင် အာဏာအားလုံးကို လက်ဝါးကြီးအုပ်ပြီး အာဏာရှင်ဖြစ်သွားသူ များစွာရှိသည်။ အာရှ၊ အာဖရိကနှင့် လက်တင် အမေရိကတိုက်များတွင်မှု အရပ်ဘက်အာဏာကို သိမ်းသည့် စစ်အာဏာရှင်များစွာ ပေါ်ပေါက်ခဲ့သည်။ ဆိုရှယ်လစ် ကွန်မြူနစ်နိုင်ငံများ၌မူ တစ်ပါတီအာဏာရှင်စနစ် ကြီးထွားခဲ့သည်။ ဥပမာ ဆိုဗီယက်ပြည်ထောင်စုမှ စတာလင် (၁၈၇၉–၁၉၅၃)။

ဒီမိုကရေစီ ရွေးကောက်ပွဲနည်းဖြင့် အာဏာရသူများထဲမှလည်း အာဏာရှင် ဖြစ်သွားသူများ ရှိခဲ့သည်။ ဂျာမနီ နာဇီ အာဏာရှင် ဟစ်တလာ (၁၈၈၉–၁၉၄၅)၊ အီတလီဖက်ဆစ် အာဏာရှင် မူဆိုလီနီ (၁၈၈၃–၁၉၄၅)၊ အာဂျင်တီးနား အာဏာရှင် ပီရွန် (၁၈၉၅–၁၉၇၄) တို့သည် ထင်ရှားသူများ ဖြစ်သည်။ ပြင်သစ်သမ္မတ ဒီဂေါလ် (၁၈၉၀–၁၉၇၀) သည် အာဏာရှင်အမည် မပေါက်သော်လည်း ပြင်သစ်နိုင်ငံရေး အကျပ်အတည်း ကာလတွင် ရောမပုံစံ အာဏာရှင် တင်နည်းမျိုးဖြင့် တင်မြှောက်ခံခဲ့ရသူဖြစ်သည်။

နိုင်ငံတော် သမ္မတဟောင်း ဒေါက်တာမောင်မောင် ကလည်း **"တို့ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ"** စာအုပ်၌ စာမျက်နှာ ၂၃ တွင် ဒီမိုကရေစီ ဆိုသည်မှာ ဘာလဲ ဟူသည်ကို ထင်ရှားစေရန် ဒီမိုကရေစီနှင့် အာဏာရှင်နိုင်ငံများကို ယှဉ်၍ ရေးပြထားပါသည်။

ဒီမိုကရေစီဆိုသည်မှာ နိုင်ငံရေးဝါဒစကားသာ မဟုတ်၊ ပြည်သူတို့၏ အနေအထိုင်၊ အတွေးအခေါ်၊ အလေ့အကျင့် ဖြစ်သည်။ ဒီမိုကရေစီကို ပြောဟောရုံနှင့် မရ၊ ကျင့်သုံးမှ ရသည်။ ဒီမိုကရေစီဆိုသည်မှာ မိုးပေါ်ကကျလာသော ရတနာ မဟုတ်။ မည်သူက ပေးမှရသော ရတနာလည်းမဟုတ်၊ ပြည်သူတို့က ကိုယ့်ဘဝ ကိုယ်ဖန်တီးကြခြင်းသာ ဖြစ်သည်။

ဒီမိုကရေစီဆိုသည်မှာ ဘာလဲဟု အထင်အရှား သိလိုလျှင် ဒီမိုကရေစီ မရှိသော အာဏာရှင်နိုင်ငံတွင် ဖြစ်ပျက်ပုံတို့နှင့် နှိုင်းယှဉ်၍

ကြည့်ရပေမည်။ ဒီမိုကရေစီ အနှစ်သာရတို့ကို ခံစားနေရတုန်းတော့ ရှိုးနေ၍ အရသာ တွေ့ချင်မှ တွေ့မည်။ အာဏာရှင်စနစ် ခါးခါးလေးကို စားကြည့်ရလျှင် ဒီမိုကရေစီ၏ အရသာကို ပို၍ တန်ဖိုး ထားတတ်မည်... စသည်ဖြင့် နိဒါန်းချီပြီး ဒီမိုကရေစီနိုင်ငံနှင့် အာဏာရှင်နိုင်ငံနှိုင်းယှဉ်ချက် (၁၆) ချက်ကို ရေးသားတင်ပြထားပါသည်။

| | ဒီမိုကရေစီနိုင်ငံ | အာဏာရှင်နိုင်ငံ |
|---|---|---|
| ၁။ | ဒီမိုကရေစီနိုင်ငံတွင် လူကို တန်ဖိုးထား၍ လေးစားသည်။ | အာဏာရှင် နိုင်ငံတွင် လူကို ပစ္စည်းတစ်ခု၊ အရာဝတ္ထုတစ်ခု လိုသာ ဖြစ်သည်။ အစိုးရစက်ယန္တရားနှင့် အစိုးရ အာဏာရှင်တို့က ဘာမဆို လွှမ်းမိုးသည်။ |
| ၂။ | လူကို လေးစားသကဲ့သို့ ပြည်သူတို့၏ ပုဂ္ဂလိကပိုင် ပစ္စည်းများ၊ အခွင့်အရေးများကိုလည်း လေးစားသည်။ | အစိုးရ စက်ယန္တရားက အရေးကြီးသည်။ ပြည်သူပိုင်ပစ္စည်းများနှင့် ပြည်သူတို့ကိုပါ အစိုးရက ပိုင်ဆိုင်သည်။ |
| ၃။ | ကြိုက်နှစ်သက်ရာ ဘာသာကို ကိုးကွယ်နိုင်ကြသည်။ | အာဏာသည်သာ ဘာသာတရား ဖြစ်သည်။ အာဏာသည်သာ ကိုးကွယ်ရာဖြစ်သည်။ အာဏာကို ယဇ်ပူဇော်ရသည်။ |
| ၄။ | ဆွေမျိုးသားချင်းများ စုဝေးနေထိုင်နိုင်ကြသည်။ လုပ်ကိုင်စားသောက်နိုင်ကြသည်။ | အာဏာရှင်က ခိုင်းစေသလိုခွဲခွာ၍သွားကြ၊ လုပ်ကိုင်ကြရသည်။ ပြည်သူကို လုပ်သားအဖြစ်၊ စက်ရုပ်အဖြစ်သာ အာဏာရှင်က မြင်သည်။ |
| ၅။ | လူမျိုးအသီးသီး၏ ဓလေ့ထုံးစံကို ရိုသေလေးစားကြသည်။ မိရိုးဖလာဟူသည်တို့ကို အမြတ်တနိုးထားကြသည်။ | အာဏာကသာ အဓိက အရေးပါသည်။ ရှေးထုံးကို လွယ်လွယ်နှင့် ပစ်ပယ်၍ ပျက်ရယ်ပြုကြသည်။ |

| | | |
|---|---|---|
| ၆။ | အချုပ်အခြာအာဏာသည် ပြည်သူ၌ တည်သည်။ ပြည်သူတို့က လွတ်လပ်စွာ မဲဆန္ဒပေး၍ ရွေးကောက် တင်မြှောက်ကြသော အမတ်များ၊ ကိုယ်စားလှယ်များက ဥပဒေပြုကြ၊ စီမံခန့်ခွဲအုပ်ချုပ်ကြသည်။ | ပြည်သူတို့၏ မဲဆန္ဒသည် တန်ဖိုး မရှိ။ လက်နက်အားကိုးဖြင့်သာ လူတစ်ယောက် (သို့မဟုတ်) လူတစ်စုက အာဏာကို ဓားပြတိုက်ယူကြသည်။ သေနတ်ပြောင်းဝ၌သာ အာဏာတည်သည်ဟု မှတ်ယူ၍ အာဏာကို လက်နက်အားကိုးဖြင့် ထိန်းသိမ်းထားကြသည်။ |
| ၇။ | ပြည်သူတွင် အာဏာတည်သည်။ ရွေးကောက်ပွဲများတွင် ပြည်သူထံမှ နိုင်ငံရေးအဖွဲ့ပေါင်းစုံက တောင်းခံ၍ ယူရသည်။ | အာဏာကို လက်နက်ဖြင့် တိုက်ယူသဖြင့် ပြည်သူထံမှ တောင်းခံခြင်းမပြု၊ အတိုက်အခံ အဖွဲ့အစည်း ဟူသမျှကိုလည်း နှိပ်ကွပ်ကြသည်။ |
| ၈။ | ပြည်သူသည် လွတ်လပ်ပွင့်လင်းစွာ ဆက်ဆံနိုင်ကြသည်။ နေထိုင်နိုင်ကြသည်။ | ပြည်သူ့ဆန္ဒ မရသော လူတစ်ယောက် (သို့မဟုတ်) လူတစ်စုက လက်နက်ဖြင့် အုပ်စိုးသဖြင့် ၎င်းအာဏာရှင်တို့က ပြည်သူလူထုကို လုံးဝ မယုံကြည်ချေ။ အတိုက်အခံကိုလည်း စိုးရိမ်ကြောက်လန့်ရသည်။ ထို့ကြောင့် ပြည်သူတို့အကြားလျှို့ဝှက်ပုလိပ်၊ ထောက်လှမ်းရေးများ စေလွှတ်၍ လူထုအသံကို နားစွင့်ရသည်။ လှုပ်ရှားမှုတိုင်း၌ ရည်ရွယ်ချက် ရှိသည်ဟု မှတ်ယူ၍ အတိုက်အခံ၊ ဆန့်ကျင်ဝေဖန်သံသဲ့သဲ့ ကြားလျှင် လျှို့ဝှက် |

| | | |
|---|---|---|
| | | ပုလိပ်ကို သုံး၍ ဖမ်းဆီးခြင်း၊ နှိပ်ကွပ်ခြင်းတို့ကို ပြုလုပ်သည်။ |
| ၉။ | ပြည်သူ့အခွင့်အရေးကို ထိပါးလျှင် တရားရုံးတော်များတွင် လျှောက်ထားခြင်း၊ တရားစွဲဆိုခြင်းတို့ကို ပြုလုပ်နိုင်သည်။ တရားရုံးများသည်လည်း မျက်နှာကြီးငယ်မထောက် ဥပဒေအတိုင်း စီရင်ကြရသည်။ | အာဏာရှင် စေခိုင်းရာတို့ကိုသာ ဆောင်ရွက် လုပ်ကိုင်ပေးရသော ဟန်ပြ တရားရုံးများ ဖြစ်ကြသည်။ တရားမဲ့ ပြုကျင့်မှုတို့ကို ဥပဒေအရေဖြင့် ခြုံပေးရသော တရားရုံးများသာ ဖြစ်သည်။ အာဏာရှင်နိုင်ငံတို့တွင် ဥပဒေသည် ဟန်ဆောင် ရုပ်ပြမျှသာ ဖြစ်သည်။ အာဏာရှိ လူတစ်စု၏ လက်နက်သဖွယ်လည်း ဖြစ်သည်။ ၎င်းအာဏာရှင်တစ်စုသည် အတိုက်အခံတို့ကို သုတ်သင် ရှင်းလင်းရာတွင် ဥပဒေအယောင်ကိုဆောင်၍ လူအများ၏ ဒေါသကို လှုံ့ဆော်ခြင်းဖြင့်သော်လည်းကောင်း၊ လက်နက်စွဲကိုင်၍ လည်းကောင်း လိုရာရယူတတ်ကြသည်။ ၎င်းနိုင်ငံများတွင် အာဏာသည် ဥပဒေဖြစ်သည်။ အာဏာမဲ့သူတို့က ဥပဒေ၏ လက်အောက်တွင် ရှိ၍၊ အာဏာရှိသူတို့က ဥပဒေ၏ အထက်၌ ရှိကြသည်။ |
| ၁၀။ | အမှုထမ်းများသည် ပြည်သူ့ဝန်ထမ်းများ ဖြစ်ကြသည်။ တာဝန်ကျေပွန်စွာ ထမ်းဆောင် | အာဏာရှင်၏ သစ္စာတော်ကိုသာ ခံကြရသည်။ အာဏာရှင် အမျက်တော်ပွားလျှင် ရာထူး |

| | | |
|---|---|---|
| | ရဲကြသည်။ ပြည်သူ့သစ္စာကို စောင့်သိရိုသေကြသည်။ | လျှော့ကျခြင်း၊ ထုတ်ပယ်ခံရခြင်း၊ ပြောင်းရွှေ့ခံရခြင်း... ထိုထက် လွန်ကဲသော ပြစ်ဒဏ်တို့ကို ခံကြရသည်။ |
| ၁၁။ | ပြည်သူတို့သည် လွတ်လပ်စွာ ပညာသင်ကြ၊ အလုပ် လုပ်ကြ၊ ဘာသာတရား ဆည်းကပ်ကိုးကွယ်နိုင်ကြသည်။ | ပညာရေးလောက၊ အလုပ်သမား လောက၊ အမှုထမ်းလောက၊ ရဟန်းသံဃာ လောက တို့ လွတ်လပ်စွာ မနေရ၊ အာဏာရှင်တို့က ဝါဒရေးအရ ကျူးလွန်ဝင်ရောက်၍ စည်းရုံးခြင်း၊ သိမ်းသွင်းခြင်းတို့ကို ပြုသည်။ |
| ၁၂။ | လူတန်းစား ခွဲခြားမှု မရှိ၊ အတန်းစားချင်း အပြိုင်အဆိုင်ရှိတတ်သော်လည်း ရန်သူသဖွယ် ပဋိပက္ခဖြစ်နေခြင်းကား မရှိ။ | လူတန်းစားချင်း မလိုမုန်းထားစိတ်များကို ဝါဒအရ ပွားများအောင် လှုံ့ဆော်ပေးကြသည်။ လူတန်းစား ပဋိပက္ခကို ဆွပေး၍ လိုသလို အသုံးချသည်။ |
| ၁၃။ | တိုင်းတစ်ပါး၏ ဝါဒအရ ဦးဆောင်ညွှန်ကြားမှုကို ပြည်သူတို့နှင့် အစိုးရ၊ ပါလီမန်တို့က လက်မခံကြ။ လွတ်လပ်စွာ တွေးခေါ်ချင့်ချိန်၍ မှန်ရာကို လုပ်ကြသည်။ | လွတ်လပ်စွာ တွေးခေါ်ခွင့် မရှိသဖြင့် အာဏာရှင်က ဆရာတင်သော တစ်ပါးနိုင်ငံ (သို့မဟုတ်) အုပ်စု၏ လမ်းညွှန်ဦးဆောင်ရာ နောက်သို့ တကောက်ကောက် လိုက်ပါရသည်။ |
| ၁၄။ | ကိုယ့်တိုင်းပြည်ကို ပြည်သူတို့က ချစ်မြတ်နိုးကြသည်။ | တပါးနိုင်ငံ၏ ကြယ်ရန်ဘဝသို့ ကျဆင်းနေရသော နိုင်ငံတွင် ကိုယ့်နိုင်ငံထက် တစ်ပါးနိုင်ငံကို ခယရသည်။ အမေကျော်၍ ဒွေးတော် လွမ်းရသည်။ |

| | | |
|---|---|---|
| ၁၅။ | ပြည်သူ့ကိုယ်ကျင့်တရားနှင့် လူမှုကျင့်ဝတ်များကို ဦးထိပ်ထားကြသည်။ | အာဏာရှင်တို့ကိုသာလျှင် ကြောက်ရွံ့၍ ဦးထိပ်တင်ကြသည်။ အာဏာရှင်သည် မိမိကိုယ် မိမိ အာဏာရှင်ဟု ဘယ်သောအခါမှမခေါ်ချေ။ ပြည်သူ့အကျိုးကို လိုလားသလိုလို၊ သယ်ပိုးသလိုလိုနှင့် အာဏာကို သိမ်းယူထားတတ်သည်။ ပြည်သူတို့သည် အာဏာရှင်၏အရိပ်နိမိတ်တို့ကို အမြဲမပြတ်မလတ် စောင့်ကြည့်ရသည်။ ကာကွယ်ရသည်။ |
| ၁၆။ | ပြည်သူတို့ တစ်ထပ်တည်း၊ တစ်ဉာဏ်တည်း၊ တစ်သံတည်း မထွက်ကြချေ။ မတူကွဲပြားခြင်း အတွေးအမြင်များ ရှိကြသည်။ | ပြည်သူတို့၏ ကိုယ်ပိုင်အတွေးအခေါ် အသိဉာဏ်တို့ကို စင်ပြိုင်မှုရှိလျှင် တွေဝေနိုင်သည်ဟု ယူဆကာ ဦးနှောက်ဆေးကြောခြင်းနည်းဖြင့် ပယ်ဖျက်ပြီးနောက် အာဏာရှင်၏အတွေးအခေါ် အသိဉာဏ်တို့ကို အတင်းရိုက်သွင်း အစားထိုးပေးသည်။ ထို့ကြောင့် တစ်သံတည်း ထွက်၍ ရွေးကောက်ပွဲပြုလုပ်လျှင် အာဏာရှင်က မဲပေါင်း ၁၀၀ လျှင် ၉၉ ဒသမ ၉မဲ လောက် ရသည်။ |

ဤသို့ဆိုလျှင် အာဏာရှင်စနစ်နှင့် အာဏာရှင်တို့၏ သဘောသဘာဝကို ရိပ်စားမိပြီးဖြစ်၍ အာဏာရှင်ကြီး ဗိုလ်နေဝင်း၏ ဘဝအတွေ့အတွေ့နှင့် သူ့လုပ်ဆောင်ချက်များကို လေ့လာကြည့်ကြပါစို့။


❑

## အခန်း (၁)


### မွေးရပ်ဇာတိ

ဦးနေဝင်း ကို ၁၉၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၆ ရက် ဗုဒ္ဓဟူးနေ့ ည ၆ နာရီတွင် ပြည်ခရိုင်၊ ပေါင်းတလည်မြို့နယ်၊ ချောင်းကောင်းရွာ၌ ဖွားမြင်ခဲ့သည်။ မွေးချင်း ခုနစ်ဦးအနက် သားအကြီးဆုံး ဖြစ်သည်။ သို့သော် ၁၉၁၇ ခုနှစ်၊ အောက်တိုဘာလတွင် ဖွားမြင်သော သခင်လှထွန်းနှင့် ၁၉၂၇ ခုနှစ်၊ ဧပြီ ၂၂ တွင် ဖွားမြင်သော ဦးသိန်းညွန့် (ကိုညီလေး) တို့သာ အဖတ်တင်ခဲ့သည်။ ကျန် ညီမ ၂ ယောက်နှင့် ညီ ၂ ယောက်မှာ ငယ်စဉ်ကပင် ဆုံးသွားခဲ့ကြသည်။ ဦးနေဝင်း၏ မွေးသက္ကရာဇ်ကို Who's Who in Burma စာအုပ်နှင့် ဒေါက်တာမောင်မောင် ရေးသားခဲ့သော **'မြန်မာနိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း'** စာအုပ် စာမျက်နှာ ၆၉ ၌ ၁၉၁၁ ခုနှစ်၊ မေလ ၂၄ ရက်ဟူ၍ ဖော်ပြထားသလို၊ ဗိုလ်မှူးချစ်ကောင်း ပြုစုသော နိုင်ငံရေးအဘိဓာန် စာအုပ်၌ ၁၉၁၁ ခုနှစ်၊ မေ ၂၁၊ ပြည်ခရိုင် ပေါင်းတလည်မြို့တွင် ဖွားမြင်သည်ဟု ဖော်ပြထားသည်။ ပဌမအကြိမ် ပါတီညီလာခံ(၁၉၈၅) ဗဟိုကော်မတီဝင်လောင်းများ၏

**ဦးနေဝင်းဇာတာ**



**ရာသီ**




ကိုယ်ရေးမှတ်တမ်းအကျဉ်းချုပ်၌ ၁၉၁၁ ခုနှစ် မေလ ၁၄ ရက် တနင်္ဂနွေနေ့ဟူ၍ ဖော်ပြထားသည်။

သမိုင်း သုတေသန ဦးစီးဌာနမှ ထုတ်ဝေသော မြန်မာ့ရက်စဉ်သမိုင်းစာအုပ်၌ ဦးနေဝင်း၏မွေးသက္ကရာဇ်ကို လုံးဝ ဖော်ပြထားခြင်း မပြုခဲ့ပေ။ ဦးနေဝင်း ကွယ်လွန်ပြီး သုံးရက်အကြာ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့၌ အစိုးရပိုင် သတင်းစာများတွင် ဖော်ပြခဲ့သော နာရေးကြော်ငြာ၌ ၁၉၁၁၊ မေလ ၂၄ ရက် ဟူ၍ပင် ဖော်ပြထားသည်။ သို့သော် ဦးနေဝင်း၏ ဇာတာ အမြဲတမ်းစစ်ဆေးပေးသော ဝေဒပညာရှင် ဒေါက်တာဖေဘုဏ်က "အဆိုပါခုနှစ်များမှာ မမှန်ဟု ဆိုပြီး ၁၉၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၆ ရက် ဗုဒ္ဓဟူးနေ့ကသာ အမှန်ဖြစ်သည်" ဟု ပြောပြခဲ့ဖူးပါသည်။

ထို့အပြင် မြန်မာနိုင်ငံစစ်အစိုးရလက်ထက် အဆက်ဆက်မှ ထုတ်ဝေသော စာအုပ်များ၌ ဦးနေဝင်း၏ မိဘအမည်ကို အဖဦးဖိုးခ၊ အမိဒေါ်မိလေး၊ ဗမာလူမျိုး၊ ဗုဒ္ဓဘာသာဝင်ဟု ဖော်ပြရသော်လည်း ဦးဖိုးခမှာ တရုတ်ပြည် ကွမ်တုံဒေသမှ ဟပ်က လူမျိုးဖြစ်ပြီး ဝက်ကုန်သည်ဟု ဝါရင့်နိုင်ငံရေးသမားကြီးနှင့် ဗဟိုတရားရုံးချုပ် ရှေ့နေ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ရ မွန်ဦးဖိုးချို က စာရေးသူအား ပြောပြဖူးသည်။ ဒေါက်တာမောင်မောင်၏ မြန်မာနိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း စာအုပ်၌ ဦးနေဝင်း၏ မိခင် ဒေါ်မိလေးကို ခင်ပွန်းဖြစ်သူက ပေါင်းတလည်ကျေးရွာ၊ တောင်ဘက် မိုင်ဝက်ခန့်တွင်ရှိသော 'အောင်သွယ်မရှာ' ခေါ် ကျောင်းစုရွာတွင် အိုးအိမ် ထူထောင်ပေးသည်။ သားဦးကို မွေးဖွားသော အိမ်သည် ယခု မရှိတော့ပြီ။ အိမ်နေရာ ပန္နက်နှင့် ဆူးချုံဖုံးသော ပေပင်ငုတ်တိုသာ ကျန်သည်။ အောင်သွယ်မရှာရွာမှ အိမ်ထောင်စုများသည် မောင်ရှုမောင်တို့



ခပ်ငယ်ငယ်ကပင် ပေါင်းတလည် သို့ ရွှေ့ကြသည်။ ဦးဖိုးခ၊ ဒေါ်မိလေးတို့လည်း ရွှေ့ပြောင်းရာတွင် ပါသည်" ဟူ၍ ဖော်ပြထားသည်။ ထို့ပြင် ယင်းစာအုပ် စာမျက်နှာ (၄၃၇) ၌ပင်...

"ဒီတော့ ကျွန်တော် တစ်ခုပဲ ပြောချင်တယ်၊ ကြုံတုန်းကို ကျွန်တော့် ဘိုးဘီ၊ ကျွန်တော် မှတ်မိသလောက်ပေါ့။ သုံးဆက် လေးဆက် ရှိအောင် ကျွန်တော်တို့မှာ နိုင်ငံခြားသွေး တစ်သွေးမှ မပါပါဘူး။ ဘာသွေးမှ မပါဘူး။ ဟုတ်လား။ အဲဒီတော့ ဒီသွေး ပါတယ် မပါဘူးဆိုတာဟာ ဗမာအယူအဆ၊ ဗမာအတွေးအခေါ်။ ဒါကလေး ကျွန်တော် နည်းနည်း ပြောပြချင်တယ်။ ဒီဗမာလည်း နတ်တင်တယ်၊ တရုတ်လည်း နတ်တင်တယ်၊ ဟုတ်လား။ အဲဒီတော့ ဗမာတင်တဲ့နတ်နဲ့ တရုတ်တင်တဲ့ နတ်နဲ့ တူသလားဗျ။ သူတို့က ကျစ်ဆံနီတို့ ဘာတို့ပေါ့။ ကျွန်တော် သိသလောက် ဒီ့ပြင် ဘာတွေ မသိတာတွေ ရှိပါတယ်။ ကျွန်တော်တို့တတွေဟာ

ကျွန်တော့် မိဖ ဘိုးဘွား၊ ဒီ တလိုင်းနတ်၊ သူတို့ ပြောတာပါပဲ။ ဒါ ဘယ်လောက် မှန်သလဲတော့ မပြောတတ်ဘူး။ တလိုင်းနတ်ထဲ တောင်မှ ခပ်ညှံ့ညှံ့ပါဗျာ။ ငါးရံ့နဖားကြိုးထိုးတဲ့ နတ်။ အဲဒါ ငါးရံ့နှာဖားကြိုး ထိုးပြီး တင်ရတယ်။ နတ်တင်တဲ့ အမျိုး ဘယ့်နှယ် လုပ်ပြီး တရုတ်ဖြစ်မလဲဗျ။ အဲဒီတော့… ငါးရံ့ နဖားကြိုးထိုးပြီး နတ်တင်ရတာလဲ…၊ တို့တော့ မတင်တော့ဘူး။ အဲဒါ ကျွန်တော်က သားအကြီးဆုံး။ ကျွန်တော်တို့ မျိုးရိုးအစဉ်အဆက်မှာ ကျွန်တော်တို့ လုပ်ရတယ်။ ဒါပေမဲ့ မလုပ်ဖူးဘူး။ အဲဒါ မလုပ်တော့လဲ ဘာမှ မဖြစ်ဘူးခင်ဗျာ့။ တစ်ခါ… ဒါတင် မဟုတ်သေးဘူး။ ကျွန်တော်တို့ မိဖ၊ ဘိုးဘွားပေါ့လေ။ သူတို့သချိုင်းကို ဘယ်တော့မှ ရှာလို့ မတွေ့ဘူး။ ဒါတွေ ကျွန်တော့်အဖေက ပြောဖူးတယ်။ ဘာဖြစ်လို့ ရှာလို့မတွေ့သလဲဆိုရင် ကျွန်တော့်အဖေကပြောတယ်။ ကျွန်တော်တို့ အဘွားဆုံးတဲ့အခါကျတော့ ကျွန်တော်တို့အဘွား ကိုလည်း ကျွန်တော်တို့က အင်မတန်ချစ်တော့၊ ဂူကလေး ဘာ ကလေး သွင်းရအောင်၊ သူများတတွေ ဂူသွင်းတာကို မြင်တာကိုး။ ဒီတော့ အဖေက မလုပ်ပါနဲ့ သားရယ်တဲ့။ မင်း ဒီဂူသွင်းတဲ့ အခါကျရင် ဒီဂူကြီးဟာ အမှတ်တရကြီး ဖြစ်နေတော့ ဒီသချိုင်း ဆိုတာလည်း လူသေတိုင်း လိုက်လိုက်ပို့တာကွတဲ့။ ဒီဂူကိုမြင်ရင် ငိုယိုပူဆွေး ဒုက္ခရောက်မယ်။ ကျန်ရစ်ခဲ့တဲ့ လူတွေမှာ အကြောင်းမဲ့ ဒုက္ခရောက်တယ်။ အကြောင်းမဲ့ ဆွေးရတယ်။ အဲဒီတော့ ဒီအပုပ် ကောင်ကြီးဟာ သေပြီး ဘာမှ လုပ်လို့လဲရတာ မဟုတ်ဘူး။ ဒါ ပျောက်သွားရင် အကောင်းဆုံးပဲတဲ့။

အဲဒီတော့ ဘာမှဂူတွေ ဘာတွေ မလုပ်နဲ့။ ဒီမြေထဲမှာတွင်မြှုပ်။ ကျွန်တော်တို့ တော ဆိုတာကလည်း သချိုင်းဆိုတာက ကျဉ်းကျဉ်း ကလေးရယ်၊ ကျယ်ကျယ်ထားလို့ မရဘူး။ ဒီပြင်ဟာသာ လှူလို့ ရတယ်။ သချိုင်းဆိုတာ သွားလှူလို့ မရဘူး။ သချိုင်းလှူရင် သေပါစေ ဆုတောင်းတာနဲ့အတူတူ ဖြစ်တယ်… ဆိုပြီး ဘယ်သူမှ မလှူဘူး။ အဲဒီတော့ သချိုင်းသေးသေးကလေးမှာဆိုတော့ ဒီ


ဦးညိုမြ

အလောင်းကောင်ဟာ အပေါ်က ထပ်မြှုပ်ထပ်မြှုပ်တာနဲ့ အကုန်ပျောက်သွားတာပဲ"ဟူ၍ ရေးသားထားလေသည်။

တစ်ဖန် ဦးညိုမြ ဦးစီးထုတ်ဝေသော "အိုးဝေဂျာနယ်"အမှတ်(၁၇) (၁၉၆၉ ဧပြီလ ၁၅ ရက်) ထုတ်၌ ဦးညိုမြ က မောင်သုမန ကလောင်ကွဲဖြင့် "ဗိုလ်ချုပ်နေဝင်း တရုတ် ဆိုသူ့အဖေမှာ ထိုးကွင်းကြီးနဲ့" ခေါင်းစဉ်တပ်ကာ ဦးနေဝင်း၏အဖေသည် တရုတ်လူမျိုးမဟုတ်ကြောင်း ရေးသား၍ အမှန်များကို ဖုံးဖိထားခဲ့ပြန်သည်။ အဆိုပါ ဆောင်းပါး၌ အောက်ပါအတိုင်း ဖော်ပြထားသည်။

"တစ်နေ့က အင်္ဂလန်ပြည် ဘီဘီစီအသံလွှင့်ရုံးကြီးက ဗိုလ်ချုပ်နေဝင်း အတ္ထုပ္ပတ္တိကို အင်္ဂလိပ်လို အသံလွှင့်တယ်။ ယခုအချိန် မြန်မာပြည်မှာ တရားသူကြီးချုပ် ဒေါက်တာမောင်မောင် ရေးသားတဲ့ ဗိုလ်ချုပ်နေဝင်း အတ္ထုပ္ပတ္တိ စာအုပ်ကလည်း ထုတ်ဝေချိန်ပဲ။ သို့သော် ဒီစာအုပ်နဲ့ ဟိုက အသံလွှင့်ချက်နှင့် တခြားစီပဲ။

ဘီဘီစီအသံလွှင့်ချက်မှာ တစ်ဦးတည်းလွှင့်ခြင်း မဟုတ်ဘဲ လက်ဖက်ရည်ကြမ်းဝိုင်း သဘောမျိုး လူ (၆) ဦးလောက် ပါဝင်ပြီး၊ သူတို့ သိရှိသမျှ ဗိုလ်ချုပ်နေဝင်းအကြောင်းကို ဝိုင်းဖွဲ့ပြောဟန်ပါပဲ။ အဲဒီ ဘီဘီစီ ဝိုင်းတော်သားများမှာ သဘာပတိက ပီတာရှော၊ နောက်ပြီး ပါမောက္ခ တင်ကာ၊ ဒေါက်တာ ထင်အောင်၊ အမျိုးသမီးကလောင်ရှင် ဒေါ်ရှိသီဝုဒ် မင်း၊ လန်ဒန်ဆေးကောလိပ် ပါမောက္ခ ဝုဒရပ်နှင့် မိုက်ကယ် အက်ဒဝပ် တို့ပါဝင်တယ်။

မြန်မာပြည်အကြောင်းစာအုပ်များ ရေးသားပြုစုတဲ့ ပါရဂူတစ်ဦး အနေနဲ့ နာမည်ကျော်သူ ပါမောက္ခတင်ကာရဲ့ ပြောကြားချက်များကတော့ စပြောလျှင် ပြောချင်းပဲ မှားယွင်းလွဲချော်ကုန်တယ်။



အမှားနံပါတ် (၁) ကတော့ ဗိုလ်ချုပ်နေဝင်းဟာ ၁၉၁၁ ခုနှစ်မှာ မွေးဖွားသတဲ့။ အမှန်က ၁၉၁၀ ခု မေလ ၂၄ ရက်၊ အင်္ဂါနေ့။ (ဦးညိုမြ ထောက်ပြသည့် မွေးသက္ကရာဇ်ကလည်း မှားယွင်းနေပါသည်။ အမှန်မှာ ၁၉၁၀ ဇူလိုင်လ ၆ ရက်၊ ဗုဒ္ဓဟူးနေ့သာ အမှန်ဖြစ်သည်။ **စာရေးသူ**)

အမှားနံပါတ် (၂) ကတော့ ရန်ကုန်တက္ကသိုလ်ကို ရောက်ရှိရာမှာ ပညာတိုးတက်မှု နည်းပါးလို့ ဘွဲ့ မရဘဲ ၁၉၃၀ ခုနှစ်မှာ ကျောင်းထွက်သတဲ့။ အမှန်က ၁၉၂၉ ခုမှာ တက္ကသိုလ်ရောက်ပြီး၊ ၁၉၃၁ ခုနှစ်မှာ ထွက်တယ်။ ၂ နှစ်နေပြီး အိုင်အက်စ်စီ အထက်တန်းက ထွက်ခဲ့ခြင်းပဲ။ တက္ကသိုလ်မှာ ၄ နှစ်ကြာနေမှ ဘွဲ့ရတာပဲ။ ၂ နှစ်နှင့် လမ်းခုလတ်က ထွက်လို့ ဘွဲ့မရတာက ချွတ်ယွင်းချက် မဟုတ်ပါဘူး။ ဘီလပ်မှာ ၂ နှစ်နှင့် ဘွဲ့ရသူရှိသလား။ ပညာတိုးတက်မှု နည်းပါးတယ်ဆိုရင်လည်း တက္ကသိုလ်အထိ ရောက်လာနိုင်ပါ့မလား။ ဗိုလ်ချုပ်ငယ်စဉ်က ဆယ်တန်းကျောင်းမှာ လူရည်ချွန် မဟုတ်စေကာမူ စာမေးပွဲမှာတော့ မှန်မှန်ထိပ်တန်းက အောင်တယ်လို့ သူ့ဆွေမျိုးများက ပြောဖူးပါတယ်။ အဲတာတွေကို မေးမြန်း

ဓိစစ်မှု မရှိဘဲ ဘီဘီစီ ပါရဂူကြီးတွေက ခပ်လွယ်လွယ်လုပ် ထည့်လိုက်ကြသကိုး။ နောက်ပြီး ၁၉၃၀ ပြည့်နှစ်လောက်က စပြီး မြန်မာပြည်မှာ စပါးတစ်တင်း ပြား ၅၀ အထိ ဈေးကျလို့ ဗိုလ်ချုပ် တို့လို တောင်သူမျိုးရိုးများ စီးပွားရေး ကပ်သင့် ကျဆုံးချိန် မဟုတ် ပါလား။

အမှားနံပါတ် (၃) ကတော့ ဗိုလ်ချုပ်နေဝင်းဟာ ဗမာအစစ် မဟုတ် ဘဲ တရုတ်ကပြားတဲ့ဗျ။ အဲဒါနဲ့ ပတ်သက်လို့ ယခုအပတ် အိုးဝေဂျာနယ် အလယ်စာမျက်နှာမှာ ဗိုလ်ချုပ်ကိုယ်တိုင် ဖြေရှင်းချက်ပါရှိတယ်။ ၁၉၆၅ ခုက အလုပ်သမားနှီးနှောဖလှယ်ပွဲမှာ ပြောပြချက်အတိုင်းပါပဲ။ သူ့အဘွား က ရှေးရိုးစဉ်လာ လုပ်တတ်လွန်းလို့ သူ့ကို ပုခက်အတွင်း သုံးရက်သားမှာ နားဖောက်လွှတ်လိုက်တာကြောင့် ငယ်ငယ်က သူဟာ နားပေါက်ကြီးတွေ နဲ့ပါပဲတဲ့။ နောက်ပြီး မိဆိုင်ဖဆိုင် နတ်လည်းရှိသတဲ့။ ငရုံ့ကို နဖားကြိုး ထိုးပြီး တင်ရသတဲ့။ တလိုင်းနတ်ဖြစ်သတဲ့။ တရုတ် ကျစ်ဆံနှီနှင့် ဘယ်လိုမျှ မပတ်သက်ပါဘူးတဲ့။

မောင်သုမတို့ရဲ့ အိုးဝေကလည်း သတင်းစာ ဘဝမှာတုန်းက ဒီကိစ္စကို တစ်ခါကူညီ ရှင်းလင်းပေးခဲ့ဖူးတယ်။ ဗိုလ်ချုပ်ရဲ့ ညီ သခင် လှထွန်းအိမ်ကို သွားပြီး သူတို့ ဖခင်ကြီး ဦးဖိုးခကို ဓာတ်ပုံ ရိုက်ဖူးတယ်။ ဓာတ်ပုံကလည်း ရိုးရိုး မဟုတ်ပါဘူး။ အဘိုးကြီးကို ခါးတောင်းကျိုက်ပြီး ဓာတ်ပုံရိုက်ခံစေဖို့ ရှိသေစွာ ပြောရဆိုရတယ်။ သူ့ပေါင်က ထိုးကွင်းမင် ကြောင်များကို ထင်ရှားအောင် ရိုက်ကူးပြီး အိုးဝေမျက်နှာဖုံး သတင်းအနေ နှင့် တင်ပြလိုတယ်။ ခေါင်းစီးရေးပုံကလည်း သကြီးန်သံချပ်ဆန်ဆန်ပဲ။ (ဗိုလ်ချုပ်နေဝင်းတရုတ်ဆို... သူ့အဖေမှာ ထိုးကွင်းကြီးနဲ့) လို့ ရေးသား ပါရှိတယ်။ အဲဒီနေ့က သတင်းစာရောင်းကောင်းလိုက်တာ အလုအယက် ဝယ်ကြတာပဲ။

(အမှန်မှာ ဦးညိုမြ ရိုက်ကူးခဲ့သော ဦးဖိုးခ ခါးတောင်းကျိုက် ဓာတ်ပုံမှာ ဘာထိုးကွင်းမှ မပါရှိပေ။ ထိုစဉ် အိုးဝေဂျာနယ်တွင် သတင်း ထောက် ဝင်ရောက်လုပ်ကိုင်နေသော တက္ကသိုလ် စိန်တင်က ဦးညိုမြနိုင်း

၍ သူကိုယ်တိုင် ခေတ်ပုံတွင် မင်ဖြင့် ထိုးကွင်းပုံများ ရေးဆွဲပေးခဲ့ရကြောင်း စာရေးသူအား ပြောပြခဲ့ပါသည်။ မယုံလျှင် တက္ကသိုလ် စိန်တင် သက်ရှိထင်ရှားရှိနေသေး၍ မေးမြန်းနိုင်ပါသည်။ **စာရေးသူ။**)

တချို့ကလည်း ဗိုလ်ချုပ်နာမည်ရင်းက (ရှုမောင်) မို့ တရုတ်ကပြားဟူ၍ မှတ်ထင်ကြတယ်။ (ရှု) တို့ (ကြင်) တို့ဆိုတာ တရုတ်များ သုံးစွဲမှည့်ခေါ်တတ်ကြပေသကိုး။ အမှန်ကတော့ ဗိုလ်ချုပ်ဟာ ဗုဒ္ဓဟူးသားမို့ မိဘများက နေ့သင့်နံသင့် (ယ ရ လ ဝ) အစရှိတဲ့ ဗျည်းအက္ခရာများမှ မြန်မာ့ထုံးစံအတိုင်း ရွေးချယ်မှည့်ခေါ်ခြင်းသာ ဖြစ်ကြောင်း ဖခင် ဦးဖိုးခကိုယ်တိုင် ကျွန်တော်တို့ကို ပြောခဲ့ဖူးပါတယ်။

အဲဒီတော့ ဘီဘီစီကို တန်ပြန်ဝါဒဖြန့်တဲ့ အနေနှင့် ဒီသကြင်္ချန်မှာ အိုးဝေသတင်းစာမှာ ပါရှိခဲ့တဲ့အတိုင်း သံချပ်ထိုးပေးကြပေါ့ဗျ။ ဗိုလ်ချုပ်မိန့်ခွန်းမှာပါတဲ့ အချက်များကိုလည်း ထုတ်နုတ်စပ်ဟပ်နိုင်ပါတယ်။

ဗိုလ်ချုပ်နေဝင်း တရုတ်ဆို
သူ့အဖေမှာ ထိုးကွင်းကြီးနှင့်
ဗိုလ်ချုပ်နေဝင်း ပေါက်ဖော်ဆို
သူငယ်ငယ်က နားပေါက်ကြီးနှင့်
ဗိုလ်ချုပ်နေဝင်း ထောင်ကဲဆို
မိဆိုင်ဖဆိုင် တလိုင်းနတ်ပဲ
ကျစ်ဆံနီနှင့် ဘာမဆိုင်
ဒို့တိုင်းနိုင်ငံ ဗမာပြည်ကွ
ဟေးလားမောင်ရို့ဝါး...။

ဗိုလ်ချုပ်ရဲ့ညီ သခင်လှထွန်းရဲ့ ပြောပြချက်ကတော့ သူတို့ကို တရုတ်ကပြားလို့ သမုတ်တာထက် သမင်ဒရယ် ကပြားလို့ ပြောရင်ပိုပြီး ယုတ္တိရှိမယ်တဲ့။ ဘာ့ကြောင့်လဲ၊ သူတို့က သရေခေတ္တရာပြည်သားတွေကိုး။ ပြည် သမိုင်းမှာ သမင်မက ရသေ့ကြီးကို စွဲလမ်းပြီး ဗေဒါရီကို မွေးဖွားတယ်။ အဲဒီ ဗေဒါရီနဲ့ မဟာသမ္ဘဝတို့ ညားရာက ဒွတ္တဘောင်တို့ ဒွတ္တယံတို့... အစရှိတဲ့ သရေခေတ္တရာသားတွေ ပေါက်ဖွားခဲ့တယ် မဟုတ်လားတဲ့။



**အိမ်စောင့်အစိုးရဘဝက ဗိုလ်ချုပ်ကြီးနေဝင်း**

ဟုတ်ပါရဲ့ဗျာ။ ဘီဘီစီ အင်္ဂလိပ်ကြီးများကလည်း အတော်ညံ့ပါ တယ်။ ဗမာပြည်ကို အနှစ်တစ်ရာကျော် အုပ်စိုးပြီး၊ စုံထောက်တွေ သူလျှို တွေ မျိုးစုံခန့်ထား မွေးမြူခဲ့ရဲ့ကနှင့် အချက်အလက်တွေက အများများ အယွင်းယွင်း အရာရာနှင့် အကြောင်းကြောင်းကိုးဗျ။ ဒါကြောင့်လည်း ဗြိတိသျှအင်ပါယာကြီးဟာ ကျွန်တော်တို့ မျက်စိအောက်မှာပဲ တဖျပ်ဖျပ် ပြိုကွဲနေလိုက်တာ ခုထက်ထိ အတောမသတ်သေးဘူး။

တခြား ဘီဘီစီဝိုင်းတော်သားများအနက် ဗိုလ်ချုပ်ရဲ့ မိတ်ဆွေ စာရေးဆရာမကြီး ဒေါ်ရှိသီရဲ့ သုံးသပ်ချက်ကတော့ မဆိုးပါဘူး။ လွတ် လပ်တဲ့ ဒီခေတ်မှာ ထွက်ပေါ်လာတဲ့ အရှေ့အာဖရိက ခေါင်းဆောင်များ ဟာ ကမ္ဘာကျော်ပုဂ္ဂိုလ်များ ဖြစ်လာပါရဲ့ကနဲ့ ဗိုလ်ချုပ်နေဝင်းကိုတော့ ဘာ့ကြောင့် လူသိနည်းပါးနေသလဲတဲ့။ အဲဒါကတော့ မြန်မာတွေဟာ

ဗုဒ္ဓဘာသာဖြစ်လို့မို့ တစ်ကြောင်းပါပဲတဲ့။ လောကီရေးရာတွေမှာ ထင်ပေါ် ပလွှားမှုများကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ကြစမြဲပဲတဲ့။ ဗိုလ်ချုပ်ကိုယ်တိုင်ကလည်း သတင်းစာထဲပါချင်တဲ့ စိတ်မရှိဘူးတဲ့။ နောက်ပြီး ဗမာတွေလည်း ရာဇဝင်တစ်လျှောက်လုံး သူတို့တိုင်းပြည်အစွန်းမှာပဲ အစစအရာရာ တင်းတိမ်ကျေနပ်နေတတ်ကြပြီး အပြင်လောကကို သိပ်ဂရုစိုက်လေ့ မရှိခဲ့ကြဘူးတဲ့။ ဗိုလ်ချုပ်က အနောက်နိုင်ငံရဲ့ အတိုင်းအထွာ အယူအဆတွေဟာ ရုပ်ဝါဒဆန်လွန်းတယ်ဆိုပြီး သိပ် အထင်မကြီးဘူးတဲ့။ သို့သော်လည်း ပုဂ္ဂိုလ်အနေနဲ့တော့ သူဟာ အနောက်နိုင်ငံများကို အင်မတန် ခင်မင်တတ်ပြီး မကြာခဏ အလည် လာရောက်တတ်ပါသတဲ့။

ဗိုလ်ချုပ်ဟာ သူစိတ်ရတဲ့အခါမှာ စကားဖောင်ဖောင် ပြောတတ်တယ်။ တစ်ခါက အစိုးရ အိမ်တော်ဝရန်တာမှာ ရန်ကုန်မြို့ကို ဂျပန်လက်က သိမ်းခဲ့ပုံတွေ ပြောပြတာ သန်းခေါင်ကျော်သွားတယ်။ ကိုယ်တွေ့ ရာဇဝင်တွေ စုံသွားတာပဲတဲ့။ တိတ်ခွေနှင့် အသံသွင်းထားလိုက်ချင်သတဲ့။ သို့သော် မိတ်ဆွေကသာ သုံးမယ်ဆိုရင် ဗိုလ်ချုပ်က အဲ့သလောက် ဝေဝေဆာဆာ စိတ်ပါလက်ပါ ပြောတော့မယ် မဟုတ်ဘူး။ သူ့စိတ်မှာ စွဲ့ခြင်း၊ တွန့်ခြင်းတွေ ဖြစ်ပြီး သဘောအတိုင်း ပြောချင်တော့မယ် မဟုတ်ဘူးတဲ့။

အင်္ဂလန်ပြည်မှာ ဗိုလ်ချုပ်ရဲ့ ကျန်းမာရေးကို ကြည့်ရှုလေ့ရှိတဲ့ ဒေါက်တာ ဝုဒရပ် ရဲ့ အဆိုကတော့ ဘိလပ်ကို ရောက်တဲ့အခါမှာ ဗိုလ်ချုပ်နေဝင်းဟာ သာမန်လူနာတစ်ဦးလို သူ့ဆေးခန်းကို ချိန်းဆိုလာရောက်လေ့ရှိသတဲ့။ သူက ဗိုလ်ချုပ်ဆီ လာပါရစေလို့ ပြောသော်လည်း ခွင့်မပြုဘဲ ဗိုလ်ချုပ်ကသာ သူ့ဆီကို လာလေ့ရှိသတဲ့။ ခရီးထွက်ရာမှာလည်း ဟန်တွေ ပန်တွေ မရှိဘဲ သာမန်လူထုထဲက လူတစ်ဦးအနေနဲ့ သွားလာလေ့ရှိသတဲ့။ စကော့တလန်ပြည်မှာ အနားယူပြီး ဂေါက်သီးရိုက်ချိန်က ဟိုတယ်ပိုင်ရှင်များက သူ့အတွက် ကော်ဇောနီ ခင်းပြီး အထူးအခွင့်အရေးများ စီစဉ်ပေးတယ်။ သို့သော် ဗိုလ်ချုပ်က အားလုံးငြင်းပယ်ပြီး ဂေါက်သီးကွင်းမှာ ထုံးစံအတိုင်း အများနည်းတူ တန်းစီသတဲ့။ ဟိုတယ် ထမင်းစားခန်းမှာလည်း အများနည်းတူ ဝင်စားတာပဲတဲ့။

မစ္စတာ အက်ဒဝပ်ရဲ့ သုံးသပ်ချက်မှာတော့ ဗိုလ်ချုပ်နေဝင်းရဲ့ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်မှာ အမြတ်ကြီးစားစနစ် လုံးဝ ကွယ်ပျောက် အောင် ဘာမဆို ပြည်သူပိုင် လုပ်နေတာပဲတဲ့။ ပြည်သူပိုင် လုပ်လို့ အခြေအနေ ပိုကောင်းမလာသော်လည်း ပါတီညီလာခံ တစ်ခုမှာ (ဆိုရှယ် လစ် လမ်းစဉ်ပေါ်မှ ကျင်းများ၊ ချိုင့်များ) ဆိုတဲ့ စာတမ်းတစ်ခုဖတ်ပြီး သုံးသပ်ကြတယ်။ လမ်းစဉ်ရဲ့ အဆင်မပြေမှု၊ အစိုးရရဲ့ မှားယွင်းချက်များ ကို ဝန်ခံသော်လည်း တခြားလမ်းဖောက်လုပ်ရေးကိုတော့ လုံးဝ စိတ်ကူး ထဲမှာ မရှိဘူးတဲ့။

(၁၉၆၉) ဧပြီလ ၉ ရက်နေ့က ဂါးဒီးယန်း အင်္ဂလိပ်သတင်းစာ မှာ ဘီဘီစီအသံလွှင့်ချက်ကို အပြည့်အစုံ ဖော်ပြထားတယ်။ မစ္စတာ အက်ဒဝပ်ရဲ့ ဝေဖန်ချက်နှင့် ပတ်သက်ပြီး ဂါးဒီးယန်း အယ်ဒီတာက အနည်းငယ် ချေပထားတယ်။ ပြည်သူပိုင်လုပ်တာတွေကို အဘက်ဘက်က စုံလင်စွာ လေ့လာခြင်းမပြုဘဲ အက်ဒဝပ်က ဝေဖန်ခြင်းမို့ မခိုင်လုံပါဘူး။ ဗိုလ်ချုပ်နေဝင်း အတ္ထုပ္ပတ္တိနှင့် ပတ်သက်လို့ ပိုမို စုံလင်စွာ သိချင်ကြ ရင်တော့ ဒေါက်တာမောင်မောင် ရေးတဲ့ စာအုပ်ကို ဖတ်ကြပါတဲ့။

အဲဒါပါပဲဗျာ။ ကျွန်တော် တစ်ချက်ဖြည့်စွက်ချင်တာကတော့ ဗိုလ်ချုပ်နေဝင်း တရုတ်ကပြားလေးဆိုတဲ့ ပြဿနာကို အစုံအလင်ဆုံး လေ့လာချင်ကြရင်တော့ **အိုးဓေ**ဂျာနယ်ကို ဖတ်ရှုကြပါ" ဟူ၍ ရေးသား၊ ထားလေသည်။ ဤသည်ကို ကြည့်ရှုပါက တရုတ်ကပြားဖြစ်နေသူ ဦးနေဝင်းကို တရုတ်မဟုတ်ကြောင်း လိမ်ညာဝါဒဖြန့်ချိရာ၌ ဦးညိုမြလည်း ပါဝင်နေသည်ကိုတွေ့ရသဖြင့် သူ့ကိုယ်စား ဝမ်းနည်းနေမိသည်။ ဆရာကြီး ဒေါက်တာသန်းထွန်းက သမိုင်းကို ရေးတဲ့အခါမှာ မှန်နေသည်ကို မှား သယောင်ယောင်၊ မှားနေသည်ကို မှန်နေသယောင်ယောင် ရေးသားနေမှု သည် ရာဇဝတ်ပြစ်မှုထက် အပြစ်ကြီးကြောင်း ပြောဆိုခဲ့သည်ကို သတိ ရနေမိပါသည်။

ဦးနေဝင်း၏ ဦးလေးတစ်ဝမ်းကွဲ တော်စပ်သူ ဦးမောင်မောင်အေး ပြောပြချက်ကို မှီး၍ ဆောင်းပါးရှင် ဥက္ကာသာ ဆိုသူက "ဗိုလ်ချုပ်ကြီး နေဝင်းအား သမိုင်းခြေရာ ခံကြည့်ခြင်း" ခေါင်းစဉ်ဖြင့် ၂၀၁၃ ခုနှစ်

ပြေ ၃ ရက်နေ့ထုတ် Northern Star ဂျာနယ်၌ အောက်ပါအတိုင်း ရေးသားဖော်ပြထားလေသည်။


"ဦးမောင်မောင်အေးက မိမိတို့၏ အဘိုးသည် ပြည်သား မဟုတ်ကြောင်း၊ အင်းဝမှ ထွက်ပြေးလာသော မင်းညီမင်းသား တစ်ပါးဖြစ်ကြောင်း၊ မိမိအဘေး ဒေါ်ပိုဆိုသူနှင့်အကြောင်းပါပြီး၊ ဘကြီးဦးပန်းငုံ၊ ကြီးတော် ဒေါ်ရွှေ၊ မိခင်နန်းရေး နှင့် ဦးလေး ဦးစံရာ ဆိုသော သားသမီး လေးယောက် ထွန်းကားခဲ့ကြောင်း၊ ၎င်းနောက်တွင် အိမ်မှ အပြီးတိုင် ပျောက်သွားခဲ့ကြောင်း၊ သူ့ နာမည်ရင်း မင်းမျိုးညွန့်ဟုခေါ်ကြောင်း၊ ဒေါ်ပိုတို့ကတော့ အင်းဝ ရွှေမြို့တော်မှလာသူဖြစ်၍ ကိုမြို့ ဟုခေါ်ကြောင်း စသည်တို့ကို သူ၏ ကြီးတော်ဒေါ်ရွှေထံမှ ကြားရချက်ကို ပြောပြပါသည်။




ဗိုလ်နေဝင်း၏ မွေးဇာတိ ချောင်းကောင်းရွာ

ဦးပန်းငုံ ဆိုသည်မှာ ဦးနေဝင်း၏ အဘိုး၊ မိခင် ဒေါ်မိလေး၏ ဖခင်ဖြစ်ပြီး၊ ဒေါ်ရွှေ ဆိုသည်မှာ ပါတီဌာနချုပ်မှ ဗိုလ်မှူးကြီး သိန်းငွေ၏ မိခင် ဒေါ်စိန်ညွန့်၏ အမေဖြစ်ကြောင်းနှင့် ဒေါ်နန်း ရေးဆိုသူမှာ ယင်းအကြောင်းကို အစဖော်ပေးသော ဦးမောင်မောင် အေး၏ မိခင်ဖြစ်ကြောင်း ပြောပြပါသည်။

## အိမ်ရှေ့မင်းကြီးမှ ဆင်းသက်သူများ



ဦးမင်းမျိုးညွန့် နှင့် ဒေါ်ပို တို့သည် ပေါင်းတလည် တောင်ဘက် မိုင်ဝက်ခန့်ရှိသော အောင်သွယ်မရွာ ခေါ် ကျောင်းစုရွာ၌ အကြောင်း ပါ နေထိုင်ခဲ့ပြီး သား ဦးသာရန်၊ ဦးပန်းငုံ (ဒေါ်မိလေး၏ ဖခင်) တို့ ဖွားမြင်ခဲ့ကြောင်း၊ အဘိုးဖြစ်သူ မင်းမျိုးညွန့်သည် ဘိုးတော်မင်း တရားကြီး၏ သားတော် အိမ်ရှေ့မင်း ဦးပေါ် နှင့် အလောင်းမင်း တရားကြီး၏ ရဲဘော် (၆) ကျိပ်ဝင် (အမှန်မှာ ၆၈ ယောက် ဖြစ်သည်) ဗိုလ်တွန် ခေါ် မင်းခေါင်နော်ရထာ၏ သမီး ရှင်ရွှေလုံး တို့ အကြောင်းပါရာမှ သမီး မြတောင်မင်းသမီး ထွန်းကားခဲ့ ကြောင်း၊ မြတောင်မင်းသမီးသည် လက်ယာဝင်းမှူး ဗိုလ်ဆံရှည်နှင့် အကြောင်းပါ၍ ဖွားမြင်ခဲ့ကြောင်း သားတော်တစ်ပါးဖြစ်ကြောင်း၊ သူ့အထက်အစ်ကိုနှင့် အစ်မများမှာ မင်းမြတ်စိုး၊ မင်းမြတ်လှ၊ မင်းမျိုးထွန်းတို့ ဖြစ်ပြီး၊ အငယ်ဆုံးသားတော်ဖြစ်ကြောင်း” ရေးသား ထားလေသည်။

မြန်မာ့သမိုင်းအဖွဲ့ဝင် ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ) သည် ရန်ကင်း သူ့တိုက်ခန်း၌ စာရေးသူအား ပုရပိုဒ် အစောင်စောင်မှ ထုတ်နုတ်ထားသော သူ့ကိုယ်ပိုင်မှတ်စု တစ်ခုအား ပေးဖတ်ရာ အမှတ်မထင် မုဆိုးချုံဗိုလ် ဗိုလ်တွန် မှ ဦးနေဝင်း ဆင်းသက်လာ သော ဆွေစဉ်မျိုးဆက်ဇယားကို တွေ့ရှိခဲ့ရပါသည်။ စာရေးသူ ကူးယူထားသော ဆွေစဉ်မျိုးဆက်ဇယားမှာ အောက်ပါအတိုင်း ဖြစ်သည်။

**စစ်သူကြီး ဦးတွန် (မင်းခေါင်နော်ရထာ) + ဗိုလ်ကတော်**

ရှင်မင်းလှ (တောင်ဆောင်တော်) | မဏိစန္ဒ (လက်ယာဝင်းမှူး) | ရှင်ရွှေဂုဏ်

အိမ်ရှေ့မင်း (ရခိုင်နိုင်) ရွှေတောင်မင်း + ရှင်ရွှေဂုဏ်

စစ်ကိုင်းမင်း (ဘကြီးတော်) | သာယာဝတီမင်း (ရွှေဘိုမင်း) | မြတောင်မင်းသမီး + ဗိုလ်ဆံရှည် (လက်ယာဝင်းမှူး)

မြတောင်မင်းသမီး + ဗိုလ်ဆံရှည် (လက်ယာဝင်းမှူး)

↓

(၁) မင်းမြတ်စိုး (သုစန္ဒာဝတီ)
(၂) မင်းမြတ်လှ (သုကေသာဝတီ)
(၃) မင်းမျိုးထွန်း (အောက်ပြည်ရောင်ခွာ)
(၄) မင်းမျိုးညွန့် (အောက်ပြည်ရောင်ခွာ)

**မင်းမျိုးညွန့် + ဒေါ်ပို**

ဦးသာရန် + ဒေါ်မင်းသာ (မြို့သူကြီး) | ဦးပန်းငုံ + ဒေါ်ငွေသော်

**ဦးဖိုးခ + ဒေါ်မိလေး**

သခင်ရှုမောင် (ဦးနေဝင်း) (၁၉၁၀ ဇူလိုင် ၆ ရက်ဖွား) | သခင်လှထွန်း (၁၉၁၇ အောက်တိုဘာ) | ကိုသိန်းညွန့်(ကိုညီလေး] (၁၉၂၇ ဧပြီ ၂၂)

ဦးညိုမြ၏ **ကုန်းဘောင်ရှာပုံတော်**စာအုပ်၌ ဗိုလ်တွန်နှင့် ပတ်သက်၍ ဤသို့ ဖော်ပြထားသည်။

"အင်းဝမြို့ကို မွန်တို့လက်မှ ပြန်သိမ်းပြီးချိန်၌ ရဲဘော် ၁၃ ဦး ကျဆုံးပြီးဖြစ်သည်။ ကျန်ရှိသူများအနက် ရဲစွမ်းသတ္တိကြောင့် ထိပ်တန်း တက်လာသူများကား...

(၁) ဦးကောင်း – သေနတ်ဝန်
(၂) ဦးတွန် – မှဆိုးချုပ်ဗိုလ်
(၃) ဦးသာ – မဟာသီဟသူရ
(၄) ဦးနှောင်း – မဟာစည်သူ
(၅) ဦးလွင် – ဗလမင်းထင်

အထူးသဖြင့် (၁) ဦးကောင်း၊ (၂) ဦးတွန်၊ (၃) ဦးသာ တို့မှာ ထိပ်တန်း ရဲဘော်ကြီးများဖြစ်သည်။ ဤသုံးဦးတို့မှာ စွမ်းပကား ပြည့်စုံလှသဖြင့် သားတော်နှစ်ပါး (မောင်လောက်နှင့် မောင်ရွ) တို့နှင့် တန်းတူ စစ်ရေးစစ်ရာ အခွင့်အရေးများ ပေးသနားတော်မူခဲ့သည်။

မြန်မာပြည်တစ်ဝန်း တိုက်ပွဲများတွင် သူတို့ ပါဝင်သည်ချည်းသာ ဖြစ်၏။ မဟာသေနာပတိအဖြစ် အမြင့်ဆုံးမြှောက်စားခြင်း ခံရသူ ဦးကောင်းကား သံလျင်တိုက်ပွဲ၌ ကျဆုံးသည်။ ဦးတွန် ခေါ် မင်းခေါင်နော်ရထာကား ယိုးဒယားသို့ ချီရာတွင် အလောင်းမင်းတရား၏ ညာလက်ရုံးပင်။ ဦးသာကား ဆင်ဖြူရှင်မင်း လက်ထက်တွင် ဗိုလ်ချုပ် မဟာသီဟသူရဘွဲ့ဖြင့် တရုတ်စစ်ပွဲများကို အကြိမ်ကြိမ် အနိုင်တိုက်သူဖြစ်သည်။ သူတို့ကား တိုင်းပြည်ထူထောင်ဘက် ရဲဘော်ကြီးများအဖြစ် ဆွေတော်မျိုးတော်များထက် မြင့်မားသောအဆင့်တွင် ရှိခဲ့ကြသည်။

ဦးအောင်ဇေယျ၏ အနွယ်တော်တို့နှင့် ရဲဘော် ၆ ကျိပ်ဝင်တို့၏ သားသမီးများ ရေစက်ဆုံကြသည်လည်း ရှိ၏။ ဗဒုံမင်းသား (မောင်ဝိုင်း)၏ သား ရွှေတောင်မြို့စား အိမ်ရှေ့မင်းနှင့် ဦးတွန်၏ သမီး မယ်ရွှေဂုဏ်တို့ ညားကြရာမှ မြတောင်မင်းသမီးကို ဖွားမြင်သည်။ သူကား မိတဆိုး စကြာမင်းသားလေး၏ မွေးစားမိခင်ဖြစ်၏။




**ဗိုလ်နေဝင်း မိဘဘိုးဘွားများ မြှုပ်နှံရာရှုသချိုင်း**

၁၁၈၄ ခုနှစ်၌ စတင် ဖွဲ့စည်းသော ရဲဘော် ၆ ကျိပ်ဝင်၌ ပါဝင်ခဲ့သော ဦးတွန်သည် ခင်ဦးစား ငချစ်ညိုကို အောင်မြင်သော် "သီရိရွှေတောင်" ဘွဲ့ရသည်။ နောက် မင်းလှရွှေတောင်၊ အင်းဝကို အောင်နိုင်သောအခါ "မင်းလှမင်းခေါင်" ဘွဲ့နှင့် ဝန်ကြီးဖြစ်သည်။ ထို့နောက် မင်းခေါင်နော်ရထာ၊ မှဆိုးချုံဗိုလ်ဖြစ်လာသည်" ဟူ၍ ဖော်ပြထားသည်။

ဦးနေဝင်း၏ ငယ်မည်မှာ ရှုမောင်ဖြစ်သည်။ ငယ်မည် 'ရှုမောင်' ကိုလည်း ဒေါက်တာမောင်မောင်စာအုပ်၌ သားဦးကို ချစ်၍လည်းမဆုံး၊ မော်၍လည်းမဆုံး ဖခင်မိခင်တို့၏ 'မျက်ရှု' ဟူသော အဓိပ္ပာယ်ဖြင့် 'ရှုမောင်' ဟု ခေါ်ဝေါ်ခြင်ဟု ရေးသားထားသော်လည်း ဦးဖိုးခက ၎င်း၏ သားကို ရုပ်ရည်သန့်ပြန့်သည်ဟူသော တရုတ်ဝေါဟာရဖြင့် 'ရှု' ထည့်ကာ ရှုမောင် ဟု မှည့်ခေါ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

**ကျောင်းသားဘဝ**

ထို့နောက် မောင်ရှုမောင်သည် ရွာမှ ၈ မိုင်ကျော်ခန့်ဝေးသော ပေါင်းတလည်မြို့ မြန်မာစာသင်ကျောင်း၊ ပြည်မြို့ အမျိုးသားအထက်တန်းကျောင်း၊ ပြည်မြို့ အစိုးရအထက်တန်းကျောင်းတို့တွင် ပညာသင်ခဲ့သည်။



ဗိုလ်နေဝင်း၏ မိဘဘိုးဘွားများ ပိုင်ဆိုင်ခဲ့သော
လယ်ယာမြေများကို အဝေးမှ တွေ့မြင်ရစဉ်။



၁၉၂၉ ခုနှစ်တွင် ဆယ်တန်းအောင်ခဲ့သည်။ ၁၉၂၉ – ၃၁ တွင် ရန်ကုန် တက္ကသိုလ်၌ ဆက်လက်ပညာသင်ကြားခဲ့ရာ ၁၉၃၁ ခုနှစ်တွင် ဥပစာ သိပ္ပံ (ခ) တန်း စာမေးပွဲ၌ ပါဏဗေဒ (ယခုဇီဝဗေဒ) ဘာသာရပ်တွင် ကျရှုံးခဲ့သဖြင့် ကျောင်းထွက်ခဲ့ရသည်ဟု ဆိုသည်။ ယင်းနှင့် ပတ်သက်၍ ဒေါက်တာမောင်မောင်က **အိုးဝေ၏ ရွှေရတုသဘင်** လက်ရွေးစင် ဆောင်း ပါးများစာအုပ်၌ **"ဗိုလ်ချုပ်နေဝင်း၏ကောလိပ်ကျောင်းသားဘဝ"** ခေါင်း စဉ်ဖြင့် အောက်ပါအတိုင်း ရေးသားထားလေသည်။

"မိဘဆွေမျိုးများအားလုံး၏ အားပေးမှုဖြင့် ၁၉၂၉ ဇွန်လတွင် ကိုရှုမောင်တစ်ယောက် ရန်ကုန်တက္ကသိုလ်သို့ ဆေးပညာကို ဦးတည်၍ ရောက်သည်။ သူ၏အခြေခံသည် ကောင်းခဲ့၏။ ဆေး ပညာကို မြန်မာကျောင်းသားများ မလိုက်စားကြ။ ထို့ကြောင့်

ဥပစာသိပ္ပံတန်းကို ပါဏဗေဒနှင့် အောင်ပြီးလျှင် ဆေးကောလိပ် ဝင်ရန် ခက်ခဲဖွယ်မရှိဟု ထင်ရလေသည်"

ထိုခေတ်က အိုင်စီအက်၊ ဘီစီအက် ရာထူးများ ခေတ်စားသည်။ အရေးပိုင်၊ ဝန်ထောက်၊ မြို့အုပ်တို့မှာ ဂုဏ်ရှိသည်။ သို့ရာတွင် ထိုရာထူးများကို ကိုရှုမောင် မမက်မော၊ မိဘများကလည်း မတောင့်တ၊ ကျောင်းနေဖက် ဦးလေးတော်သူ ကိုမောင်ညီ (နှောင်သခင်ညီ) ကလည်း မတိုက်တွန်း၊ မိခင်၏ မောင်များဖြစ်ကြသော ဦးချစ်ခိုင်၊ ကိုချစ်လှိုင် တို့ကလည်း မတိုက်တွန်း၊ ဆေးကောလိပ်သွား၍ ဒေါက်တာဖြစ်သောအခါ ကိုယ့်မြို့နယ်ရပ်ရွာတွင် ဆေးကု၍ အများအကျိုးကို ပြုနိုင်သည်။ ဒေါက်တာဆို၍ အခြားဘာသာရပ်များတွင် 'ပါရဂူ' ခေါ်သော ပီအိပ်ချ်ဒီ (Ph.D)၊ အယ်အယ်ဒီ (LL.D) ဒေါက်တာမျိုးလည်း မဖြစ်လို၊ ယင်းပါရဂူများသည် နာစေး၊ ချောင်းဆိုးကိုပင် ကုသနိုင်သည် မဟုတ်။ စာအုပ်ကြီးကြီးတွေ ဖတ်ပြီးလျှင် ပြဿနာသေးသေး၊ နယ်ကျဉ်းကျဉ်းတွင် ပုံကြီးချဲ့ခြင်း၊ ပညာပြခြင်းသာ လုပ်တတ်ကြသည်။

ကိုရှုမောင်သည် စနစ်တကျနေသည်။ အတန်းမှန်မှန်တက်သည်။ အချိန်ကို စာဖတ်ချိန်၊ ဘော်လုံး၊ ဟော်ကီ ကစားချိန်၊ လည်ပတ်ချိန် စသည်ဖြင့် ခွဲဝေပိုင်းခြား၍ သုံးစွဲသည်။ စူးစမ်းလေ့လာတတ်သောသူ ဉာဉ်နှင့် ပို၍ ကျယ်ဝန်းလာသော သူ့ဘဝစပ်ဟပ်မိသည်။ သူသည် ခေတ်ဆန်၍လည်း ကြည့်သည်။ အင်္ဂလိပ်စာကို အထူးလေ့လာသည်။ နေ့စဉ်မှတ်တမ်းရေးလျှင် အင်္ဂလိပ်လိုရေးသည်။ ဂိုးစမစ် စသော စာရေးဆရာတို့၏ စာပေဝတ္ထုများကိုကြိုက်သည်။ တစ်ဖက်တွင်လည်း မြန်မာစာ၊ မြန်မာမှုကို အထူးသဘောကျလိုက်စားသည်။ ဆရာလင်း၊ ဆရာပွား စသော ပညာရှင်ကြီးများကို ဆည်းကပ်သည်။ မြန်မာ့တေးဂီတကို နားတွေ့သည်။ ခေတ်စမ်းကဗျာကို တီထွင်နေသော ဦးသိန်းဟန် (ဇော်ဂျီ)၊ ဦးဝန် (မင်းသုဝဏ်) တို့၏ ကဗျာများကို ဖတ်ရှုသည်။

ကိုရှုမောင်တစ်ယောက်လည်း သူ့လမ်းသူမှန်မှန်ချီတက်လျက် ရှိခဲ့သည်။ ပါဏဗေဒ ပါမောက္ခ မက်ဂစ် (Prof. F.G Meggilt) ကလည်း တစ်ဒုက္ခ၊ မက်ဂစ်က မြန်မာကျောင်းသားများကို နှိမ်ချင်သည်။ ဆေးကောလိပ်ရောက်ဖို့ ပါဏဗေဒအောင်မှ ဖြစ်မည်။ မက်ဂစ်ကို ရှောင်ကွင်း၍ ကောလိပ်သို့ မရောက်နိုင်။

၁၉၃၁ ခုနှစ်၊ မတ်လတွင် ကိုရှုမောင် ဥပစာသိပ္ပံ နောက်ဆုံးနှစ် စာမေးပွဲများကို ဖြေဆိုသည်။

မက်ဂစ် ဒဏ်ကို ခံရ၍ ပါဏဗေဒတွင် ကျသည်။ တက္ကသိုလ်သို့ ပြန်၍ မသွားလိုပြီ။ တက္ကသိုလ်နယ်မြေ ဟိုဘက်တွင် ကမ္ဘာကြီး ခပ်ကျယ်ကျယ်နှင့် ဆွဲငင်အားပြည့်ရှိသော နိုင်ငံရေးနယ်ရှိသည်။ ထိုကမ္ဘာ၊ ထိုနယ်တို့ ခေါ်ရာသို့ ကိုရှုမောင် လိုက်ပါသွားလေသည်။

(အမှန်မှာ ပါဏဗေဒ (ယခု ဇီဝဗေဒ) ဘာသာရပ်၌ စာမေးပွဲကျ၍ ကျောင်းထွက်ခဲ့ရသည် မဟုတ်ပါ။ ကမာရွတ်မြို့နယ်မှ မိန်းကလေးတစ်ဦးကို ယောကျ်ားလေးကဲ့သို့ ဝတ်ဆင်စေ၍ သူ့အဆောင်တွင် ခေါ်အိပ်ရာ တစ်နေ့တွင် သက်ဆိုင်ရာမှ သိရှိသွားပြီးနောက် တက္ကသိုလ် ကျောင်းအုပ်ကြီးက ကျောင်းထုတ်လိုက်ခြင်းဖြစ်သည်ဟု သိမှီလိုက်သူများက ပြောပြကြပါသည်။)

## စာတိုက်ဝန်ထမ်းဘဝ

ယင်းနောက် ၁၉၃၁ ခုနှစ် မေလတွင် ကိုရှုမောင်သည် ရန်ကုန်မြို့ ၃၅ လမ်းတွင် သူငယ်ချင်းများနှင့် အခန်းငှား၍ မီးရထား စာတိုက်ဌာနတွင် ငါးလကျော် ခြောက်လနီးပါး ဝင်ရောက်လုပ်ကိုင်သည်။ ၎င်းမှထွက်ပြီး တစ်နှစ်ကျော်ကျော်ကြာသောအခါ ၁၉၃၄ တွင် ဗဟန်း စာတိုက်တွင် တစ်နှစ်ခွဲကျော်ကျော်၊ ၁၉၃၆ ခုနှစ်အထိ အမှုထမ်းခဲ့သည်။ စာတိုက်တွင် အမှုထမ်းနေစဉ်မှာပင် ဦးလေးဖြစ်သူ သခင်ညီကို အကြောင်းပြု၍ တို့ဗမာအစည်းအရုံးဝင် သခင်ဗစိန်၊ သခင်ထွန်းအုပ်၊ သခင်အောင်သန်း (နောင် ဗိုလ်စကြာ) တို့နှင့် ရင်းနှီးခင်မင်ရာမှ တို့ဗမာအစည်းအရုံးသို့ ဝင်ခဲ့ရာ သခင်ရှုမောင် ဖြစ်လာသည်။

ထို့နောက် ပထမအိမ်ထောင် ဒေါ်သန်းညွန့်နှင့် လက်ထပ်၍ သားတစ်ယောက် မောင်ကျော်သိန်း (တာတီး) ရသည်။ ဒေါ်သန်းညွန့်သည် အပျို မဟုတ်၊ တစ်ခုလပ်ဖြစ်ပြီး ပထမအိမ်ထောင်နှင့် သားတစ်ယောက် ရခဲ့ဖူးသည်။ ထို့နောက် ဦးနေဝင်းသည် ဒေါ်သန်းညွန့်နှင့် အိမ်ထောင်ရေး အဆင်မပြေမှုကြောင့် လမ်းခွဲကာ ၁၉၃၇ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်၊ တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့၊ မောင်ဂိုမာရီလမ်း (ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်း) အိမ်အမှတ် ၁၀၆ ဦး နှစ်ဖက်မိဘများရှေ့မှောက်တွင် ဒေါ်တင်တင်နှင့် လက်ထပ်၍ သား ငွေစိုး၊ အေးအောင် တို့ ထွန်းကားခဲ့သည်။

၁၉၃၈ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် တို့ဗမာအစည်းအရုံး နှစ်ခြမ်းကွဲသောအခါ သခင်ဗစိန်၊ သခင်ထွန်းအုပ်တို့ ဦးဆောင်သော သခင်အုပ်စုတွင် ပါဝင်ခဲ့သည်။

❒



ဗိုလ်ချုပ်နေဝင်းနှင့် ဇနီးဒေါ်တင်တင်

## အခန်း (၂)

### ဂျပန်စစ်ပညာတော်သင်ဘဝ

ဂျပန်နိုင်ငံသို့ စစ်ပညာသင်ရန်အတွက် ၁၉၄၁ ခုနှစ် ဇူလိုင်လ ၈ ရက် အင်္ဂါနေ့တွင် ကိုရီယုမာရူး (Koriyu Maru) သင်္ဘောဖြင့် ဂျပန်သို့ စေလွှတ်သော မြန်မာမျိုးချစ်လူငယ် စတုတ္ထအသုတ်တွင် သခင်ရှုမောင်လည်း ပါဝင်ခဲ့သည်။ ယင်းအသုတ်သည် ရဲဘော်သုံးကျိပ်၏ နောက်ဆုံးအသုတ်ဖြစ်သည်။ ယင်းအဖွဲ့၌ သခင်ထွန်းအုပ်သည် အဖွဲ့ခေါင်းဆောင်ဖြစ်ပြီး၊ သခင်ကျော်စိန် (ဗိုလ်မိုးညို)၊ သခင်ငွေ (ဗိုလ်စောအောင်) သခင်သစ် (ဗိုလ်စောနောင်)၊ သခင်စံလှိုင် (ဗိုလ်အောင်)၊ သခင်ထွန်းခင် (ဗိုလ်မြင့်ဆွေ)၊ သခင်ထွန်းလွင် (ဗိုလ်ဗလ)၊ သခင်မောင်မောင် (ဗိုလ်ဥာဏ)၊ သခင်လှ (ဗိုလ်မင်းရောင်)၊ သခင်သန်းညွန့် (ဗိုလ်ဇင်ယော်) တို့ ပါဝင်သည်။

ဂျပန်စစ်ပညာသင် ရဲဘော်သုံးကျိပ်အဖွဲ့တွင် အဓိက သခင်အဖွဲ့ကြီးနှစ်ဖွဲ့ပါဝင်သည်။ ကျန်ပုဂ္ဂိုလ်များမှာ ကျောင်းသားအဖွဲ့မှဖြစ်ပြီး၊ တစ်သီးပုဂ္ဂလအဖွဲ့ဝင် တစ်ဦးပါဝင်သည်။

သခင်ကိုယ်တော်မှိုင်း တို့ဗမာအစည်းအရုံးဝင် ရဲဘော်သုံးကျိပ်ဝင်များမှာ...

(၁) သခင်အောင်ဆန်း – ဗိုလ်တေဇ (ဗိုလ်ချုပ်အောင်ဆန်း)
(၂) သခင်လှမြိုင် – ဗိုလ်ရန်အောင်
(၃) သခင်လှဖေ – ဗိုလ်လကျာ်
(၄) သခင်အေးမောင် – ဗိုလ်မိုး
(၅) သခင်စောလွင် – ဗိုလ်မင်းခေါင်
(၆) သခင်စိုး – ဗိုလ်မြင့်အောင်



ဘီအိုင်အေခေတ်က ဗိုလ်နေဝင်း

(၇) သခင်တင်အေး – ဗိုလ်ဘုန်းမြင့်
(၈) သခင်ထွန်းရွှေ – ဗိုလ်လင်းယုန်
(၉) သခင်သန်းတင် (၂) – ဗိုလ်မြဒင်
(၁၀) သခင်ခင်မောင်ဦး – ဗိုလ်တာရာ
(၁၁) သခင်စံမြ – ဗိုလ်တောက်ထိန်
(၁၂) သခင်ထွန်းလွင် – ဗိုလ်ဗလ
(၁၃) သခင်စံလှိုင် – ဗိုလ်အောင်
(၁၄) သခင်မောင်မောင် – ဗိုလ်ဉာဏ
(၁၅) သခင်လှ – ဗိုလ်မင်းရောင်
(၁၆) သခင်သန်းညွန့် – ဗိုလ်ဇင်ယော်
(၁၇) သခင်ဘဂျမ်း – ဗိုလ်လရောင်



ဗိုလ်မှူးကြီးအဆင့်
ဗမာ့ကာကွယ်ရေးတပ်မတော်
ဝတ်စုံဖြင့် တွေ့မြင်ရစဉ်။

သခင်ဗစိန်၊ သခင်ထွန်းအုပ်တို့ ဦးစီးသော တို့ဗမာအစည်းအရုံးဝင်ရဲဘော်သုံးကျိပ်ဝင်များမှာ...

(၁၈) သခင်ထွန်းအုပ် – အုပ်ချုပ်ရေးပညာသင်ကြား၍ ဗိုလ်ဘွဲ့မခံ
(၁၉) သခင်အောင်သန်း – ဗိုလ်စကြာ
(၂၀) သခင်ရှမောင် – ဗိုလ်နေဝင်း
(၂၁) သခင်ထွန်းခင် – ဗိုလ်မြင့်ဆွေ
(၂၂) သခင်ငွေ – ဗိုလ်စောအောင်
(၂၃) သခင်သစ် – ဗိုလ်စောနောင်
(၂၄) သခင်ကျော်စိန် – ဗိုလ်မိုးညို
(၂၅) သခင်သန်းတင် (၁) – ဗိုလ်ဘွဲ့မရမီ တိုင်ပေဆေးရုံတွင် ငှက်ဖျားရောဂါဖြင့် ကွယ်လွန်သည်။

**ကျောင်းသားအဖွဲ့**

(၂၆) ကိုလှမောင် – ဗိုလ်ဇေယျ
(၂၇) ကိုရွှေ – ဗိုလ်ကျော်ဇော
(၂၈) ကိုထွန်းရှိန် – ဗိုလ်ရန်နိုင်
(၂၉) ကိုအောင်သိန်း – ဗိုလ်ရဲထွဋ်

**တစ်သီးပုဂ္ဂလအဖွဲ့**

(၃၀) ကိုဆောင်း – ဗိုလ်ထိန်ဝင်း (တိုကျိုမြို့တွင် စက်မှု လက်မှု အတတ်ပညာသင် တက္ကသိုလ် တွင် ပညာသင်ကြားနေသူ)



**ဟိုင်နန်ကျွန်း၌ ရဲဘော်သုံးကျိပ်ဝင်များ စစ်ရေးလေ့ကျင့်နေစဉ်**

သခင်ရှမောင်တို့ ပါဝင်သော စတုတ္ထအသုတ်သည် ရှန်ဟိုင်းသို့ ၁၉၄၁ ခုနှစ်၊ ဇူလိုင်လ ၂၂ နေ့တွင် ရောက်ရှိပြီး ရှန်ဟိုင်းမှ လေယာဉ်ဖြင့် ဂျပန်သို့ ဆက်လက်ထွက်ခွာရာ ဇူလိုင်လ ၂၄ နေ့တွင် ဂျပန်နိုင်ငံ ကျူးရှူးကျွန်း၊ နာဂါဆာကီမြို့အနီးရှိ ရေတပ်စခန်းသို့ ရောက်ခဲ့သည်။ ဩဂုတ်လ ၁၁ ရက်နေ့တွင် ဟိုင်နန်ကျွန်း (တရုတ်ပြည်တောင်ဘက် တောင်တရုတ်ပင်လယ်တွင်းရှိ ကျွန်းကြီး) နှင့် ထိုင်ဝမ်ကျွန်း (တရုတ်ပြည် အရှေ့တောင်ဘက်ကမ်းလွန် မိုင် ၁၀၀ ခန့်အကွာတွင်ရှိသော တရုတ်ပြည်ပိုင် အကြီးဆုံး ကျွန်းကြီးဖြစ်သည်။ ဖော်မိုဆာ (Formosa) ဟုလည်း ခေါ်ဝေါ်ကြသည်) တို့တွင် စစ်ပညာရပ်များ သင်ကြားခဲ့ကြသည်။

ရဲဘော်သုံးကျိပ်ဝင်များကို တပ်ဖွဲ့ (၃) ဖွဲ့ခွဲ၍ ၁၉၄၁ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့မှစ၍ ဟိုင်နန်ကျွန်းရှိ စန်းယ စစ်ပညာသင်တန်း

ကျောင်းတွင် သင်ကြားပေးခဲ့သည်။ သခင်ရှုမောင်ကို တပ်မတော်သမိုင်း စာအုပ်တွင် ဗိုလ်ချုပ်အောင်ဆန်းတို့၏ တပ်ဖွဲ့ (၃) တွင် ထည့်သွင်းထား သော်လည်း ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောက ၎င်း၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာအုပ်၌ တပ်ဖွဲ့ (၂) ပြည်တွင်းသူပုန်အဖွဲ့၌ ပါရှိသည်ဟူ၍ ဖော်ပြထားသည်။



**အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ**

တပ်ဖွဲ့ (၂) တွင် ပါဝင်ခဲ့သော အရှေ့ရန်ကင်းမြို့နယ် ဂျူးပလက် တိုက်ခန်း အမှတ် ၁၄၀ (က) နေ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်တာရာကလည်း သူတို့ တပ်ဖွဲ့တွင် သခင်ကျော်စိန် (ဗိုလ်မိုးညို)၊ သခင်ငွေ (ဗိုလ်စောအောင်)၊ သခင်စောလွင် (ဗိုလ်မင်းခေါင်)၊ ကိုထွန်းရှိန် (ဗိုလ်ရန်နိုင်)၊ သခင်သစ် (ဗိုလ်စောနောင်)၊ သခင်သန်းတင် (၂) (ဗိုလ်မြဒင်)၊ သခင်ရှုမောင် (ဗိုလ် နေဝင်း) နှင့် သူ (ဗိုလ်တာရာ) ပါဝင်ကြောင်း၊ အခြေခံစစ်ပညာ၊ ဖောက်ခွဲ ဖျက်ဆီးရေး နည်းပညာများ ထောက်လှမ်းရေးနှင့် ဆက်သွယ်ရေးပညာရပ် များ အလေးထား သင်ယူရပြီး သင်တန်းဆရာမှာ ဗိုလ်တာရာ ဖြစ်သည်ဟု ဆိုသည်။

ဗိုလ်နေဝင်းသည် မွေးရာပါ ဖျက်ဆီးရေးသမားဖြစ်သည်ဟု ဆို သည်။ ကလေးဘဝကပင် အကြမ်းဖက်မှုနှင့် ဖျက်ဆီးရေးတို့တွင် သူ့



**ရဲဘော်သုံးကျိပ်ဝင်များ ဗိုလ်မိုးကြိုးနှင့် ဂျပန်ဘုန်းတော်ကြီး နာဂအိစံတို့နှင့်အတူ (ယခု) အထက (၁) ဒဂုံ ကျောင်းရှေ့၌ အမှတ်တရ ရိုက်ကူးထားစဉ်။**

အစွမ်းအစကို ပြသခဲ့သည်။ ပေါင်းတလည်တွင် သူတက်နေသော မူလတန်းကျောင်း အလယ်တန်းကျောင်းသားဘဝက မီးရှို့ဖျက်ဆီးရန် ကြိုးစားခဲ့ဖူးသည်။ အဘယ့်ကြောင့်ဆိုသော် သူသည် ကျောင်းပညာကို မသင်လိုသောကြောင့်ဟု ဆိုသည်။ သူသည် ဟိုင်နန်ကျွန်းစစ်သင်တန်းတွင်လည်း အဖျက်အမှောင့်လုပ်ငန်း (Sabotage) နှင့် ဖျက်လိုဖျက်ဆီး အနှောင့်အယှက်ပေးရန် သွေးဆောင်နိုင်စွမ်း (Sobversion) ကို အစွမ်းပြနိုင်ခဲ့သည်။

ယင်းနောက် ရဲဘော်သုံးကျိပ်ဝင်များအားလုံး စန်းယ စစ်ပညာသင်ကျောင်းမှ တရုတ်တိုင်ပေကျွန်း (ဖော်မိုဆာ) တာမာဆာတိုမြို့ (Tamasato) ဗိုလ်သင်တန်းကျောင်းသို့ ပြောင်းရွှေ့၍ တပ်စုတပ်ခွဲ တိုက်ပွဲများ၊ ညတိုက်ပွဲများ၊ စစ်မြေပြင်တိုက်ပွဲများ၊ တပ်ရင်း၊ တပ်မဟာ၊ တပ်မအဆင့်တိုက်ပွဲများ၊ လက်နက်ငယ်မျိုးစုံ ပစ်ခတ်နည်း၊ လက်နက်ကြီး (စိန်ပြောင်း၊ အလတ်၊ အကြီး၊ တင့်ကားပစ်အမြောက်) ပစ်ခတ်နည်းများ၊ အင်ဂျင်နီယာလုပ်ငန်း (တံတားဆောက်၊ တံတားမိုင်းခွဲခြင်း) များနှင့် ရေကူးသင်တန်း၊ ကင်ဒို (ဂျပန်ဓားသိုင်း)၊ ဂျူဒို၊ လုံ့စွပ်ထိုး စသည့်လေ့ကျင့်ခန်းများကို အခြေခံမှ၍ သင်ကြားခဲ့ရသည်။

ထို့နောက် ၁၉၄၁ နိုဝင်ဘာ ၂၄ တွင် ရဲဘော် သုံးကျိပ်ဝင်များကို တာဝန်ယူ စစ်ပညာသင်ကြားနေသော မိနာမိ ကီကန် အဖွဲ့ (Minami Kikan)ကို ဂျပန်ကြည်းတပ်၊ တောင်ပိုင်းတပ်မတော် ကွပ်ကဲမှုအောက်သို့ လွှဲပြောင်းယူခဲ့သည်။ ထိုမှတစ်ဖန် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် မိနာမိ အဖွဲ့ကို တောင်ပိုင်းတပ်မတော် လက်အောက်မှ ဂျပန် အမှတ် ၁၅ တပ်မတော်၏ လက်အောက်သို့ လွှဲပြောင်းယူခဲ့ပြန်သည်။

ဗိုလ်မှူးကြီးဆူဇူးကီးသည် တိုင်ပေကျွန်း၊ တာမာဆာတိုမြို့မှ မြန်မာ မျိုးချစ်လူငယ်များကို အသုတ်လိုက် ထိုင်းနိုင်ငံဘန်ကောက်မြို့သို့ စေလွှတ်ခဲ့သည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် သခင်အောင်ဆန်း၊ သခင်စောလွင်၊ သခင်စိုး၊ သခင်တင်အေး၊ သခင်ထွန်းရွှေ၊ ကိုရွှေနှင့် သခင်သန်းတင် (၂) တို့ ဘန်ကောက်မြို့သို့ ရောက်ရှိခဲ့သည်။ မိနာမိ အဖွဲ့သည် ဘန်ကောက်မြို့ အင်္ဂလိပ်ပိုင် ဘော်နီယို ကုမ္ပဏီဝင်းကြီးကို သိမ်းယူကာ ဌာနချုပ် ပြုလုပ်ခဲ့သည်။ ထို့နောက် ဗမာ့လွတ်လပ်ရေး တပ်မတော် ဖွဲ့စည်းရေးကိစ္စများကို စီစဉ်ဆောင်ရွက်ခဲ့သည်။

ဘန်ကောက်မြို့သို့ မိနာမိအဖွဲ့ မြန်မာမျိုးချစ်လူငယ်များ ရောက်ရှိပြီးနောက် ဗိုလ်မှူးကြီး ဆူဇူးကီး က ဗမာ့လွတ်လပ်ရေး တပ်မတော် ဖွဲ့စည်းရန်အတွက် တပ်သားများ စုဆောင်းရန် အမိန့်ပေးခဲ့သည်။ ယင်းနောက် ၁၉၄၁ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ရဲဘော်သုံးကျိပ်ဝင်တို့သည် တစ်ဦးကိုတစ်ဦး အသက်ပေး စောင့်ရှောက်၍ တိုင်းပြည်လွတ်လပ်ရေး အတွက် အသက်စွန့်လှူပါမည် ဟု သစ္စာအဓိဋ္ဌာန်ပြုကာ သွေးသောက်ပွဲ ကျင်းပခဲ့သည်။

ဒီဇင်ဘာလ ၂၇ ရက်နေ့ ဘန်ကောက်မြို့ရှိ မြန်မာလူမျိုး မျက်စိ ကု အထူးကု ဆရာဝန်ကြီး ဦးလွန်းဖေ၏ နေအိမ်တွင် အစည်းအဝေး ကျင်းပသည်။ အစည်းအဝေး၌ သခင်အောင်ဆန်းက ရဲဘော်သုံးကျိပ်ဝင် မျိုးချစ်လူငယ်များနှင့် အစည်းအဝေး တက်ရောက်လာသူများကို မိတ်ဆက် ပေးသည်။ ယင်းနောက် သခင်အောင်ဆန်းက မိမိတို့ ဝတ်ထားသည်မှာ ဂျပန်ဝတ်စုံ၊ အမည်ကလည်းဂျပန်နာမည်ဖြစ်နေ၍ မိတ်ဆက်ရာတွင် အဆင် မပြေကြောင်း၊ မိမိတို့၏ နာမည်ရင်းများနှင့် မိတ်ဆက်လျှင်လည်း မြန်မာ နိုင်ငံတွင် ကျန်ရစ်ခဲ့သည့် မိဘဆွေမျိုးသားချင်းများ ဒုက္ခရောက်နိုင်ကြောင်း

ဟိုင်နန်ကျွန်းတွင် ရှိစဉ်ကတည်းက ကိုလှမောင်အကြံပေးသည့်အတိုင်း ဗမာဆန်ဆန် ဗိုလ်နာမည်များပေးရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် သခင်အောင်ဆန်း၏လမ်းညွှန်ချက်အရ ရဲဘော်သုံးကျိပ်တို့၏ ဗိုလ်ဘွဲ့ အမည်အသီးသီးကို ဘော်နီယိုကုမ္ပဏီဝင်းအတွင်း အမိန့်ကြေညာချက်ထုတ်ပြန်ကာ ခေါ်ဝေါ်စေခဲ့သည်။ ရဲဘော်သုံးကျိပ်ဝင်တို့၏ အမည်ရင်း၊ ဂျပန်အမည်နှင့် ဗိုလ်အမည်များမှာ...

| စဉ် | အမည် | ဂျပန်အမည် | ဗိုလ်ဘွဲ့အမည် |
|---|---|---|---|
| ၁။ | သခင်အောင်ဆန်း | Omoda Monji | ဗိုလ်တေဇ |
| ၂။ | သခင်ရှမောင် | Takasugi Susumu | ဗိုလ်နေဝင်း |
| ၃။ | သခင်ကျော်စိန် | Takahashi | ဗိုလ်မိုးညို |
| ၄။ | သခင်ခင်မောင်ဦး | Monya Mosaru | ဗိုလ်တာရာ |
| ၅။ | သခင်ငွေ | Katsura | ဗိုလ်စောအောင် |
| ၆။ | သခင်စောလွင် | Yamaoka | ဗိုလ်မင်းခေါင် |
| ၇။ | သခင်စံမြ | Nakagawa Ichiro | ဗိုလ်တောက်ထိန် |
| ၈။ | သခင်စံလှိုင် | Omura Tadashi | ဗိုလ်အောင် |
| ၉။ | သခင်စိုး | Kono | ဗိုလ်မြင့်အောင် |
| ၁၀။ | ကိုဆောင်း | Monya Hiroshi | ဗိုလ်ထိန်ဝင်း |
| ၁၁။ | သခင်တင်အေး | Cinda Seiji | ဗိုလ်ဘုန်းမြင့် |
| ၁၂။ | သခင်ထွန်းခင် | Nakamura Hitoshi | ဗိုလ်မြင့်ဆွေ |
| ၁၃။ | ကိုထွန်းရှိန် | Yamashita Teruo | ဗိုလ်ရန်နိုင် |
| ၁၄။ | သခင်ထွန်းရွှေ | Utsumi Susumu | ဗိုလ်လင်းယုန် |
| ၁၅။ | သခင်ထွန်းအုပ် | Ichihara Ishiro | ဗိုလ်ဘွဲ့မခံ |
| ၁၆။ | သခင်ထွန်းလွင် | Otani Horoshi | ဗိုလ်ဗလ |
| ၁၇။ | သခင်ဗဂျမ်း | Baba Takeshi | ဗိုလ်လရောင် |

| | | |
|---|---|---|
| ၁၈။ သခင်မောင်မောင် | Tsuchiya | ဗိုလ်ဉာဏ |
| ၁၉။ ကိုရွှေ | Taniguchi Shinichi | ဗိုလ်ကျော်ဇော |
| ၂၀။ သခင်လှ | Ito Hitochi | ဗိုလ်မင်းရောင် |
| ၂၁။ သခင်လှဖေ | Tani Kiyoshi | ဗိုလ်လကျာ် |
| ၂၂။ ကိုလှမောင် | Kaga Masashi | ဗိုလ်ဇေယျ |
| ၂၃။ သခင်လှမြိုင် | Itoda Tei-ichi | ဗိုလ်ရန်အောင် |
| ၂၄။ သခင်သစ် | Osawa | ဗိုလ်စောနောင် |
| ၂၅။ သခင်သန်းညွန့် | Okawa | ဗိုလ်ဇင်ယော် |
| ၂၆။ သခင်သန်းတင်(၁) | Yamada | ဗိုလ်ဘွဲ့မရမီ တိုင်ပေဆေးရုံ၌ ကွယ်လွန် |
| ၂၇။ သခင်သန်းတင်(၂) | Tsubota Fukuti | ဗိုလ်မြဒင် |
| ၂၈။ သခင်အေးမောင် | Mizuno Saburo | ဗိုလ်မိုး |
| ၂၉။ သခင်အောင်သန်း | Hirata Masao | ဗိုလ်စကြာ |
| ၃၀။ ကိုအောင်သိန်း | Hayashi | ဗိုလ်ရဲထွဋ် |

တို့ ဖြစ်ကြသည်။ ဤသို့ မျက်စိအထူးကုဆရာဝန်ကြီးဦးလွန်းဖေအိမ်တွင် ဗိုလ်ဘွဲ့များ ခံယူပြီးနောက် သခင်ရှုမောင်သည် ဗိုလ်နေဝင်းဖြစ်လာသည်။

ဗိုလ်မှူးကြီးဆူဇူကီး၏အမည်ကိုလည်း ဗိုလ်မိုးကြိုး ဟု ပြောင်းလဲမှည့်ခေါ်ခဲ့ကြသည်။ ထိုသို့ပြောင်းလဲမှည့်ခေါ်ခြင်းမှာ "အင်းကို ဟင်္သာဆင်းမည်၊ ဟင်္သာကို မုဆိုးလေးနှင့် ခွင်းမည်၊ မုဆိုး ကို ထီးရိုး ရိုက်မည်၊ ထီးရိုးကို မိုးကြိုးပစ်မည်" ဟူသော ထိုစဉ်က မြန်မာ့တဘောင်အတိုင်း စနေနံဖြစ်သည့် ဗြိတိသျှနယ်ချဲ့ထီးရိုးကို ဂျပန်စစ်ဗိုလ် ဗိုလ်မိုးကြိုးက အောင်နိုင်မည်ဟု မြန်မာလူထုက ယုံကြည်လာစေရန်အတွက်ဖြစ်သည်။ ထိုယုံကြည်မှုနှင့်အတူ ဗိုလ်မိုးကြိုး ဦးစီးသည့် ဗမာ့လွတ်လပ်ရေးတပ်မတော် မြန်မာနိုင်ငံတွင်း ချီတက်တိုက်ခိုက်ရာ၌ မြန်မာပြည်သူတို့၏ ကြိုဆိုထောက်ခံမှုနှင့်- အကူအညီများ ရရှိစေနိုင်မည်ဟု ယူဆခဲ့ကြသည်။

ဗိုလ်တေဇခေါ် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မြန်မာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ) မြန်မာပြည်အတွင်းသို့ မဝင်မီ ဗိုလ်




**ဘီအိုင်အေတပ်ဖွဲ့ဝင်များ ရန်ကုန်မြို့ကို သိမ်းပိုက်ပြီးနောက် တွေ့မြင်ရစဉ်။**

နေဝင်းအား ပြည်တွင်းသူပုန်တပ်ဖွဲ့ကို ဦးဆောင်ကာ မြန်မာပြည်တွင်းသို့ ဝင်ရောက်၍ တော်လှန်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ၁၉၄၁ ဒီဇင်ဘာလ ၃၁ ရက်နေ့ အမိန့်ထုတ်ပြန်ခဲ့သည်။ ဗိုလ်နေဝင်းကိုလည်း ဗိုလ်မှူးရာထူး တိုးမြှင့်ခန့်အပ်ခဲ့သည်။

၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ဗိုလ်နေဝင်းခေါင်းဆောင်သည့် ပြည်တွင်းသူပုန်တပ်ဖွဲ့သည် ရဟိုင်းမှတစ်ဆင့် ထိုင်း-မြန်မာနယ်စပ်ရှိ ဆောင်ရမ်းကို ဖြတ်၍ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့သည်။ ဗမာပြည်တွင်းသို့ ရှေ့ပြေးအဖြစ် ဝင်ရောက်ရန် တာဝန်ပေးအပ်ခံရသည့် ဗိုလ်မှူးနေဝင်းအဖွဲ့တွင် ဗိုလ်တာရာ၊ ဗိုလ်လင်းယုန်၊ ဗိုလ်မိုးညိုတို့ ပါဝင်သည်။ ထို့ပြင် ကိုစိန္တာ၊ ကိုညွန့်၊ ကိုလှမောင်၊ ဦးမိုးအောင်၊ ကိုသောင်းနှင့် လမ်းခုလတ်မှ လိုက်လာသော သစ်တောခေါင်း ကိုမောင်ကလေးတို့လည်း ပါဝင်ကြသည်။ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ၎င်းတို့အဖွဲ့သည် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့သည်။ ရန်ကုန်တွင် ပြည်သူ့အရေးတော်ပုံပါတီမှ ကိုကျော်ငြိမ်း (ဆိုရှယ်လစ်ပါတီ၊ အထွေထွေအတွင်းရေးမှူး) နှင့်တွေ့ဆုံ၍ ပဲခူးမြေအောက်တော်လှန်ရေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်တပ်မ ၁၅ တို့ ၁၉၄၂ မတ်လ ၈ တွင် ရန်ကုန်မြို့ကို သိမ်းပိုက်ပြီးနောက် ဗိုလ်မှူးနေဝင်းသည် ဘီအိုင်အေ တပ်မကြီး ၂ ၏ တပ်မမှူးအဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၄၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် ဘီအိုင်အေ ကို ဖျက်သိမ်း၍ ဗမာ့ ကာကွယ်ရေး တပ်မတော် (ဘီဒီအေ) ဖွဲ့စည်းသောအခါ ဒုဗိုလ်မှူး အဆင့်ဖြင့် ဘီဒီအေ တပ်ရင်း ၁ ၏ တပ်ရင်းမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ယင်းနောက် ဗိုလ်မှူးကြီးအဆင့်ဖြင့် ဗမာ့အမျိုးသား တပ်မတော် (Burma National Army) ၌ စစ်သေနာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်တို့ထံမှ လွတ်လပ်ရေးရပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းသည် အစိုးရအဖွဲ့တွင် စစ်ဝန်ကြီး (ကာကွယ်ရေးဝန်ကြီး) ဖြစ်လာပြီး၊ ဗမာ့တပ်မတော်အုပ်ချုပ်ရေးအတွက် စစ်ဝန်ကြီးရုံးပေါ်လာသည်။ ၎င်း၏ လက်အောက်တွင် စစ်ဦးစီးချုပ်ရုံးလည်း ပေါ်လာသည်။ သခင်ဗစိန်၊ သခင်ထွန်းအုပ်တို့ တောင်းဆိုချက်အရ ညီညွတ်ရေးအတွက် ထိုစဉ်က ၎င်းတို့၏ သခင်ဂိုဏ်းမှ ဗိုလ်မှူးကြီး နေဝင်းကို စစ်ဦးစီးချုပ်ရုံးတွင် စစ်ဦးစီးဌာနချုပ်မှူးအဖြစ် ဗိုလ်ချုပ်အောင်ဆန်းက ခန့်အပ်ခဲ့သည်။



ပြည်တွင်းစစ်အတွင်း တိုက်ပွဲများ၌ အမိန့်ပေး ကွပ်ကဲနေစဉ်။

သို့သော်လည်း ဗိုလ်နေဝင်းသည် တာဝန်နှင့် ဝတ္တရားများကို ကောင်းစွာ မလုပ်ဘဲ အပျော်အပါး လိုက်စားကာ လောင်းကစားဝိုင်းများ၌သာ အချိန်ဖြုန်းနေသဖြင့် စစ်ဦးစီးဌာနချုပ်မှူးရာထူးမှ ဖြုတ်ချပြီး စစ်ဝန်ကြီးရုံးလက်အောက်ရှိ ရိက္ခာနှင့် ထောက်ပံ့ရေးဌာနကြီးမှူး နေရာသို့ ရာထူးအဆင့်ချ၍ ပြောင်းရွှေ့လိုက်သည်။ ၎င်း၏မူလရာထူးနေရာကိုမူ ဗိုလ်မှူးကြီးဇေယျသို့ လွှဲပြောင်းပေးခဲ့သည်။

ထို့နောက် ၁၉၄၄ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့ ကန်တော်ကလေးပတ်လမ်း (ယခု နတ်မောက်လမ်း) နှင့် ဗိုလ်မြတ်ထွန်းလမ်းထောင့်ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်တွင် ဗမာ့တပ်မတော်၊ ပြည်သူ့အရေးတော်ပုံပါတီ၊ ကွန်မြူနစ်ပါတီခေါင်းဆောင်များ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ် (A.F.O) ဖွဲ့စည်းရေးအစည်းအဝေးပြုလုပ်ရာတွင် ဗိုလ်မှူးကြီးနေဝင်းသည် တပ်မတော်ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် တက်ရောက်ခဲ့သည်။

၁၉၄၄ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဆန္ဒအရ ဗိုလ်မှူးကြီးနေဝင်းအား ဗိုလ်မှူးရဲထွန်း၊ ပြည်သူ့အရေးတော်ပုံပါတီမှ ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့နှင့်အတူ ဒေးဒရဲရှိ သခင်စိုးထံ လျှို့ဝှက်သွားရောက်၍ ဖွဲ့စည်းပြီးသော ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့အဖွဲ့ချုပ်ကို တိုးချဲ့ဖွဲ့စည်းရေး၊ တပ်မတော်အတွင်းရှိ လက်ဝဲအင်အားစုများ၊ ပြည်သူ့အရေးတော်ပုံပါတီနှင့်ကွန်မြူနစ်ပါတီတို့ကို တစ်ပါတီတည်းအဖြစ် ပူးပေါင်းဖွဲ့စည်းရေးနှင့် ဖက်ဆစ်တော်လှန်ရေးအတွက် ပြင်ဆင်စည်းရုံးမှုလုပ်ငန်းများ ဆွေးနွေးရန် စေခိုင်းခဲ့သည်။

၁၉၄၅ မတ်လ ၁၁ တွင် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်တွင် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ ဦးဗဆွေ၊ ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်မှူးကြီးဇေယျ၊ သခင်ချစ်နှင့် အခြားတပ်မှူး ၃–၄ ဦးတို့ ဖက်ဆစ်တော်လှန်ရေးအတွက် ဆွေးနွေးခဲ့ကြပြန်သည်။ ဗိုလ်ချုပ်အောင်ဆန်းက ဖက်ဆစ်တော်လှန်ရေးအတွက် ပြင်ဆင်မှုများမှာ မတ် ၂၃–၂၄ ရက်လောက်တွင် ပြီးစီးမည်ဟုခန့်မှန်းရကြောင်း၊ ဗမာ့တပ်မတော်တပ်ဖွဲ့များ သတ်မှတ်ရာစစ်တိုင်းများသို့ သွားလာရေးအခြေအနေကို တွက်ဆပြီး ၁၉၄၅ မတ်လ ၂၅

ရက်နေ့ ည ၇ နာရီ ၃၀ မိနစ် (၁၉း၃၀ နာရီ)တိတိတွင် ဖက်ဆစ်ဂျပန်တို့ကို တစ်ပြိုင်တည်း တော်လှန်တိုက်ခိုက်ကြရမည်ဟု သတ်မှတ်လိုက်ကြသည်။

ထို့နောက် ၁၉၄၅၊ မတ်လ ၁၃ ရက်၊ နံနက် ၉း၃၀ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းသည် စစ်ကြောင်းဖြန့်ရန် အမိန့်ထုတ်ပြန်၍ ဗိုလ်မှူးကြီးနေဝင်းအား တိုင်းအမှတ် (၂) မြစ်ဝကျွန်းပေါ် အရှေ့ပိုင်း (ဟံသာဝတီ၊ ဖျာပုံ၊ မအူပင်) တိုင်းမှူးခန့်၍ စစ်ရေးခေါင်းဆောင်အဖြစ် တာဝန်စေခဲ့သည်။



ဂျပန်စစ်ပညာ နည်းပြဆရာနှင့် အတူတွေ့ရသော ရဲဘော်သုံးကျိပ်ဝင်အချို့

၁၉၄၅ မတ်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်လမ်းဂေါ့ဖ်ကစားကွင်း (ယခုတော်လှန်ရေးပန်းခြံ)တွင် ဂျပန်တို့ကို တစ်ပတ်ရိုက်၍ ဗမာ့တပ်မတော်စစ်ရေးပြပွဲ အခမ်းအနား ကျင်းပခဲ့ကြသည်။ တပ်မတော်စစ်ရေးပြ အခမ်းအနားသို့ ဗိုလ်မှူးတင်ဖေဦးစီးသော တပ်ရင်း(၁)၊ ဗိုလ်မှူးသိန်းအောင် ဦးစီးသော တပ်ရင်း(၄)၊ ဗိုလ်မှူးမောင်ကလေး ဦးစီးသော

တပ်ရင်း (၇)၊ ဗိုလ်မှူးစောထွန်းစိန် ဦးစီးသော လေ့ကျင့်ရေးတပ်ရင်း (၄)(ကရင်တပ်ရင်း)၊ ဗိုလ်ကြီးထွန်းတင် ဦးစီးသော စစ်သားစုဆောင်းရေးတပ်၊ ဗိုလ်ခင်မောင်ကလေး ဦးစီးသော စစ်လက်နက်ပစ္စည်းတပ်၊ ဗိုလ်မှူးမောင်မောင်ကြီး ဦးစီးသော စစ်ဆေးရုံတပ်၊ ဗိုလ်မှူးရှိန်း ဦးစီးသော အချက်ပြ ဆက်သွယ်ရေးတပ်၊ ဗိုလ်မှူးဝင်း ဦးစီးသော ထောက်ပံ့ရေးတပ်၊ ဗိုလ်အေးမောင် ဦးစီးသော ဆေးတပ်၊ ဗိုလ်မှူးခင်ညို ဦးစီးသော အမြောက်တပ်နှင့် စစ်ဝန်ကြီးရုံး စစ်ဦးစီးဌာနချုပ် အရာရှိများအပြင် တပ်မတော်အကြီးအမှူးများဖြစ်ကြသော ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်မှူးကြီးလကျာ်၊ ဗိုလ်မှူးကြီးဇေယျ၊ ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်မှူးရန်နိုင်၊ ဗိုလ်မှူးလရောင်၊ ဗိုလ်မှူးမောင်မောင်၊ ဗိုလ်မှူးအောင်ကြီး၊ ဗိုလ်မှူးလှအောင်၊ ဗိုလ်မှူးသောင်း၊ ဗိုလ်မှူးအောင်တို့နှင့် ဗိုလ်မှူးဘသန်း (နောင် ဓမ္မိကဘသန်း)တို့ တက်ရောက်ခဲ့ကြသည်။

တပ်မတော်စစ်ရေးပြအခမ်းအနားသို့ အဓိပတိဒေါက်တာဘမော်၏ ဝန်ကြီးများ၊ တပ်မတော်အကြံပေးအရာရှိချုပ် ဗိုလ်ချုပ်ဆာကူရိုင်းနှင့် ဂျပန်အရာရှိကြီးများလည်း တက်ရောက်ခဲ့ကြသည်။ ရန်ကုန်မြို့သူမြို့သားပေါင်း တစ်သောင်းငါးထောင်ခန့်က စုဝေး၍ အားပေးကြကာ အောင်သပြေပန်းများ ကမ်းကြသည်။

တပ်မတော်စစ်ရေးပြအခမ်းအနားတွင် စစ်ထွက်မည့် တပ်မတော်သားများကို ဗိုလ်ချုပ်အောင်ဆန်းက...

> "ရဲဘော်တို့ ကျုပ် အကျယ်ချဲ့ပြီး ရှည်ရှည်မပြောလိုဘူး။ ဒီနေရာမှာလာပြီး အောင်မြေရယ်လို့ နင်းကြတယ်။ အောင်မြင်မယ့်နိမိတ်လို့ ဆိုရမယ်၊ အောင်မြေနင်းတာ ဘာအတွက်လဲ ဆိုရင် ရန်သူကို တိုက်ဖို့ ရန်သူကို အောင်မြင်အောင် တိုက်ဖို့ နင်းတယ်ဆိုတာ နားလည်ပြီးကြမှာပဲ"
>
> "အောင်မြေနင်းပြီး စစ်မြေပြင် ထွက်ရမယ်။ ဆင်းရဲမယ်၊ ငတ်မယ်၊ အအိပ်၊ အစား၊ အသွားအလာ အစစအရာရာ ဆင်းရဲမယ်။ ဒီဆင်းရဲတွေ ကျော်လွှန်နိုင်မှ စစ်ထွက်ခြင်းဟာ အောင်မြင်နိုင်မယ် ဆိုတာ သတိပြုပါ။ ဒီတော့ ဒီဆင်းရဲတွေကို ဂရုမစိုက်ဘဲ

ရင်မြေကတုတ်ထားပြီး မြန်မာပီပီ မြန်မာ့သွေးပြကြပြီး ဒီအောင်ပွဲကို ရအောင် ကြိုးစားကြပါ။ အထက်ဗိုလ်များရဲ့ အမိန့်ကို နာခံကြပါ။ အထက်ဗိုလ်များကလည်း သာသာညီညီ မျှမျှတတဆင်းရဲအတူတူ၊ ငတ်အတူတူ၊ သေအတူတူ ရဲဘော်အစစ်အဖြစ်ဖြင့် အောင်မြင်အောင် ကြိုးစားရန် တိုက်တွန်းလိုတယ်။

ရဲဘော်တို့ကို ကတိပေးထားတဲ့အတိုင်း ကျုပ်ကိုယ်တိုင် ရဲဘော်တို့နှင့်အတူ ချီတက်မယ်။

ဗမာ့ရန်သူကို ချေမှုန်းကြ၊
အနီးကပ်ဆုံး ရန်သူကို ရှာပြီး တိုက်ကြ၊
ဒါပဲ..."

ယင်းနောက် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်၌ ၁၉၄၅ မတ် ၁၈ တွင် အစည်းအဝေးကျင်းပကာ တော်လှန်ရေးနေ့ကို ဧပြီလ ၂ ရက်သို့ ပြောင်းလဲသတ်မှတ်လိုက်ကြောင်း စစ်တိုင်းအမှတ် (၆) စစ်ရေးခေါင်းဆောင် ဗိုလ်မှူးရဲထွန်းထံ စာရေးသားပေးပို့လိုက်သည်။

တစ်ဖန် ၁၉၄၅ မတ်လ ၂၃ ညနေတွင် ပဲခူးမြို့ရှိ တိုင်း (၄) တပ်မှူး ဗိုလ်မှူးကျော်ဇောက တပ်ကြပ်ကြီး တင်ဦး (မကွေး) ကို ခေါ်၍ ပဲခူးရှိ ဗမာ့တပ်မတော်၏ လှုပ်ရှားမှုကို ဂျပန်တို့က သံသယ ရှိသဖြင့် ၎င်းတို့ပတ်ဝန်းကျင်တွင် ဂျပန်တပ်များချထားကြောင်း၊ ထို့ကြောင့် ဖက်ဆစ်တော်လှန်ရေးကို မူလသတ်မှတ်ထားသည့် ဧပြီ ၂ ရက်အစား မတ်လ ၂၇ ရက်နေ့တွင် ပြုလုပ်ခွင့်ပြုပါရန် အမိန့်တောင်းခံကြောင်း ပန်ကြားစာကို ဗိုလ်ချုပ်အောင်ဆန်းထံ ပေးပို့ခိုင်းသည်။ မတ်လ ၂၄ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ဗိုလ်မှူးကျော်ဇော၏စာကို ဖတ်ရှုပြီးနောက် အခြေအနေကို သုံးသပ်ကာ ဖက်ဆစ်တော်လှန်ရေးနေ့ကို မတ်လ ၂၇ ရက်နေ့သို့ ပြောင်းလဲလိုက်ပြီဖြစ်ကြောင်း တိုင်းအသီးသီးသို့ ဆက်သားများ လွှတ်ကာ အကြောင်းကြားခဲ့သည်။

ဤသို့ဖြင့် ၁၉၄၅၊ မတ်လ ၂၇ ရက်နေ့၊ ည ၇ နာရီမှစတင်ကာ မြန်မာပြည်တစ်ဝန်းလုံးတွင် ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲတိုက်ခိုက်ခဲ့ကြလေသည်။

သို့သော် ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွင်း ဗိုလ်မှူးကြီးနေဝင်းသည် တော်လှန်ရေးအတွက် ပေးထားသော တာဝန်ကို လုံးဝ မလုပ်ဘဲ အပျော်အပါးလိုက်မှု၊ စာရိတ္တပျက်ပြားမှု၊ တပ်တွင်းဂိုဏ်းခွဲလုပ်ဆောင်မှု၊ ၎င်းတာဝန်ကျရာဒေသ၌ ဒေသခံနိုင်ငံရေးကေဒါများနှင့် မပြေလည်မှု၊ ပြဿနာအကြိမ်ကြိမ်တက်မှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် အတော်ပင် မကျေမနပ်ဖြစ်ကာ စစ်တပ်မှထုတ်ပယ်ရန် အခြားခေါင်းဆောင်များနှင့် တိုင်ပင်ခဲ့ရသည်။

တော်လှန်ရေးကာလ မပြီးဆုံးမီ ဗိုလ်နေဝင်းအား ထုတ်ပယ်ပစ်လိုက်ပါက နယ်ချဲ့တို့နှင့်ပူးပေါင်း၍ အာဏာရှင်စနစ်ဂိုဏ်းခွဲရေးနှင့် အခြားမလိုလားအပ်သော ပြဿနာများ ရှုပ်ထွေးလာနိုင်သဖြင့် ခေတ္တသည်းခံရန် ဗိုလ်ချုပ်အား အားလုံးက ဖျောင်းဖျခဲ့မှုကြောင့် ထုတ်မပစ်နိုင်ခဲ့ချေ။

ယင်းနှင့်ပတ်သက်၍ ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောက နောင်တွင် သူ၏ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်၌ အောက်ပါအတိုင်း ရေးသားဖော်ပြထားလေသည်။

> "ကျွန်တော် ဗမာပြည်ကွန်မြူနစ်ပါတီ၏ တော်လှန်ရေး နယ်ရောက်ပြီး နှစ်အတော်ကြာပြီး နောက်ပိုင်းပါတီဥက္ကဋ္ဌ သခင်ဗသိန်းတင် ကလည်း စကားစပ်မိပြီး ကျွန်တော့်ကို ပြောတာက ဖက်ဆစ်တော်လှန်ရေးပြီးခါစ ဗိုလ်ချုပ်အောင်ဆန်းက ဗိုလ်နေဝင်းအပေါ် အတော်တူးတူးခါးခါး မကျေနပ်မှုတွေ ဖြစ်ပြီး စစ်တပ်က အပြီးအပိုင် ဖယ်ရှား ထုတ်ပယ်ချင်နေတာကို နိုင်ငံရေးခေါင်းဆောင်အချို့နှင့် တိုင်ပင်ကြောင်းကို သခင်သန်းထွန်းက ဗဟိုကော်မတီဝင်အချို့ကို ပြောခဲ့ကြောင်း ပြောပြသည်ကို ကျွန်တော် မှတ်မိနေပါသည်။"


ဒီလိုထုတ်ပစ်လိုက်ဖို့ စိုင်းပြင်းနေရင်း နောက်ပိုင်း ထုတ်မပစ်နိုင်ခဲ့ချေ။ ယင်းတွင် အကြောင်းအရင်း နှစ်ခုရှိသည်ဟု ထင်ရသည်။ ပထမအကြောင်းက ဗိုလ်နေဝင်းရဲ့ အကင်းပါးပြီး ကောက်ကျစ်လှည့်စားနိုင်မှုဖြစ်သည်။ ဘယ်အချိန် ဘယ်သူတွေနှင့် ပေါင်းပြီး ဘယ်သူတွေကို ခွာရမည်။ ဘယ်သူတွေကို ကန်ထုတ် နင်းချေရမည်တို့ကို နားလည်ကျင့်သုံးတတ်သူဖြစ်ခြင်းတို့ကြောင့်ဖြစ်သည်။

ဗိုလ်နေဝင်းကို ထုတ်မပစ်နိုင်သည့် အကြောင်းနှစ်ခုအနက် အခြားအကြောင်းတစ်ခုမှာ ကျွန်တော့်အထင်… ထိုအချိန် ဗိုလ်ချုပ်အောင်ဆန်းမှာ တော်လှန်ရေးအပြီး ရန်ကုန်ပြန်ရောက်တော့ နေစရာ အိုးအိမ်မရှိဘဲ အိမ်ထောင်နှင့်ကလေးတွေနှင့် များစွာ အခက်အခဲဖြစ်နေသည်။ ထိုအချိန်က ဗိုလ်နေဝင်းမှာ သူစစ်ဦးစီးချုပ်ဘဝက တိုက်အိမ်ကြီးနှစ်လုံးကို ဘယ်လိုနည်းနှင့်ပိုင်ဆိုင်ထားသည် မသိ။ တစ်လုံးမှာ ဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့၍ ယခု ဗိုလ်ချုပ်အောင်ဆန်းပြတိုက်လုပ်ထားသော တာဝါလိန်းလမ်း (ယခု ဗိုလ်ချုပ်အောင်ဆန်းပြတိုက်လမ်း) က တိုက်အိမ်ကြီးဖြစ်ပြီး၊ ဖက်ဆစ်တော်လှန်ရေးပြီးခါစက သူတက်နေသည်။ နောက်တစ်လုံးမှာ ထိုတာဝါလိန်းကုန်းအိမ်ကြီး၏ခြေရင်း ကားလမ်းဘေးရှိ တိုက်အိမ်ဖြစ်သည်။ ၎င်းအိမ်မှာ အပေါ်အိမ်ကြီးလောက် မကောင်းပေ။ ဗိုလ်နေဝင်းက ဗိုလ်ချုပ်အောင်ဆန်းကို ဆွဲခေါ်လာပြီး၊ တာဝါလိန်းကုန်းပေါ်ရှိ တိုက်အိမ်ကြီး (ယခုဗိုလ်ချုပ်ပြတိုက်)ကို အတင်းထိုးပေးပြီး သူကိုယ်တိုင်က ထိုအိမ်လောက် မကောင်းသော ကုန်းအောက်ခြေက တိုက်အိမ်တွင် ဆင်းနေလေသည်။

ဤတွင် ရိုးသားသော ဗိုလ်ချုပ်အောင်ဆန်းအဖို့ ဗိုလ်နေဝင်းသည် စိတ်ရင်းမဆိုး၊ မကောင်းသည့် အကျင့်စရိုက်အချို့ကြောင့် တချို့အားနည်းချက်တွေ ရှိနေတာဖြစ်သည်။ ပြုပြင်သွားရင် ရနိုင်သည်။ အထူးသဖြင့် သူ့အပေါ် ဒီလောက် လေးစားသဖြင့် သူကြိုးကိုင်သွားလို့ ရနိုင်သည်။ စွန့်ပစ်လိုက်ရအောင်အထိ မဆိုးဟု တွက်ချက်ပုံရသွားသည်ဟု ထင်ရသည်။

ထိုအကြောင်းနှစ်ခုကြောင့် ဗိုလ်နေဝင်းကို ထိုစဉ်က တပ်ကထုတ်ပစ်ရေးကို မလုပ်ဖြစ်ကြတာဟု ယူဆပါသည်" ဟူ၍ ရေးသားထားလေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဗိုလ်နေဝင်း အတင်းထိုးပေးသော အဆိုပါ အိမ်ကြီးတွင် မိသားစုနှင့်အတူ ၁၉၄၅ မေလ ၁ ရက်မှ ၁၉၄၇




မိုးကြိုးဦးအုန်းခင်နှင့် ဗိုလ်ချုပ်နေဝင်းတို့အား ၁၉၄၉ ခုနှစ်က မြင်းပြိုင်ကွင်း၌ တွေ့မြင်ရစဉ်

ဇူလိုင်လ ၁၉ ရက် လုပ်ကြံခံရသည့်နေ့အထိ နေထိုင်ခဲ့သည်။ အဆိုပါ နေအိမ်သည် ၁၉၂၁ ခုနှစ်က ဆောက်လုပ်ခဲ့သော အဆောက်အအုံဖြစ်ပြီး၊ အနောက်တိုင်း ဗိသုကာဟန် ရောနှောနေသည်။ နေအိမ်အဆောက်အအုံကို ခြံအကျယ် ၂ ဒသမ ၄၂၃ ဧကရှိ ဘဲဥပုံသဏ္ဌာန် (Oval Shape) မြေကွက်တွင် ဆောက်လုပ်ထားခြင်းဖြစ်သည်။ အဆိုပါနေအိမ်၌ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်နှင့်မိသားစုသည် ၁၉၅၃ ခုနှစ် မေလအထိ



**ရွှေရတုအမျိုးသားနေ့၌ ကျောင်းသားသပိတ်ခေါင်းဆောင် ဦးထွန်းဖေ (ထွန်းနေ့စဉ်) က ဦးနေဝင်းအား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်နေစဉ်။**

ဆက်လက် နေထိုင်ခဲ့သည်။ ထို့နောက် ဒေါ်ခင်ကြည်မိသားစုသည် တက္ကသိုလ်ရိပ်သာလမ်း နေအိမ် (ယခုဒေါ်အောင်ဆန်းစုကြည်နေအိမ်) သို့ ပြောင်းရွှေ့သွားသောအခါ နိုင်ငံတော်အစိုးရက ဗိုလ်ချုပ်ပြတိုက်လုပ်ရန် ဝယ်ယူသောအခါ ဗိုလ်ချုပ်ကြီးနေဝင်းက အဆိုပါအိမ်သည် ၎င်းအိမ်မဟုတ်ကြောင်း၊ အိမ်ရှင်မှာ တရုတ်မိသားစုပိုင်ကြောင်း ပြောဆိုသောကြောင့် ယင်းအိမ်ကို အိမ်ရှင် တရုတ်လင်မယားထံမှ ငွေ ၃၅၀၀၀ နှင့် ဝယ်ယူခဲ့ရသည်။ အဆိုပါငွေထဲမှ ငွေသုံးသောင်းကို ဗိုလ်ချုပ်ကြီးနေဝင်းက ယူ၍ အိမ်ရှင်အဖြစ် အမည်ခံပေးသော တရုတ်လင်မယားကို ငွေ ၅၀၀၀ ပေး၍ နှုတ်ပိတ်ခိုင်းလိုက်သည်ဟု သိရလေသည်။

ထို့နောက် ၁၉၄၅ မေလ ၁ ရက်နေ့တွင် ဗမာ့မျိုးချစ်တပ်မတော် (ဘီအန်အေ) သည် ရန်ကုန်မြို့ကို သိမ်းယူခဲ့သည်။ မေ ၇ ရက်နေ့တွင် ရေဒီယိုမှတစ်ဆင့် ရန်ကုန်မြို့ကို သိမ်းယူကြောင်း ဗိုလ်နေဝင်းသည် စစ်ဦးစီးချုပ် ရာထူးဖြင့် အသံလွှင့်ကြေညာခဲ့သည်။ ယင်းအသံလွှင့်ကြေညာချက်ကို ဗိုလ်အောင်ကြီးနှင့် ဦးကျော်ငြိမ်းတို့ တိုင်ပင်စီစဉ်၍ ဦးခင်မောင်လတ် (တော်လှန်ရေးကောင်စီအစိုးရလက်ထက် လုပ်သားပြည်သူ့နေ့စဉ် အင်္ဂလိပ်



တော်လှန်ရေးကောင်စီနှင့် တွေ့ဆုံဆွေးနွေးနေသော လက်နက်ကိုင်အဖွဲ့များ

သတင်းစာ အယ်ဒီတာချုပ်) က အင်္ဂလိပ်လို ရေးသားခဲ့ခြင်းဖြစ်သည်။ ကြေညာချက်ပါ ရာထူးအဆင့်ကို အကြောင်းပြု၍ တာဝန်မဲ့လုပ်ရပ်ဟု ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဗြိတိသျှစစ်ဦးစီးချုပ်ထံ ဝန်ခံခဲ့ရသည်။

၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် ကျင်းပသော နေသူရိန် လူထုအစည်းအဝေးတွင် ဗိုလ်နေဝင်းသည် ဖဆပလအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၄၅ စက်တင်ဘာလ ၁ ရက်နေ့တွင် စတင်တည်ထောင်သော ပြည်သူ့လွတ်လပ်ရေးပါတီ (ဆိုရှယ်လစ်ပါတီ၊ မြန်မာပြည်) တွင်လည်းကောင်း ပါဝင်ခဲ့သည်။

ရန်ကုန်မြို့ ကန်တော်ကြီးစောင်းရှိ နေသူရိန်ဇာတ်ရုံကြီး၌ ကျင်းပသော လူထုအစည်းအဝေးပွဲ၌ ဗြိတိသျှအစိုးရအား မျိုးချစ်ဗမာ့တပ်မတော်နှင့် ပြောက်ကျားတပ်များအား အမြဲတမ်းစစ်တပ်အဖြစ် ပြန်လည် ဖွဲ့စည်းရန် တောင်းဆိုခဲ့ရာ များမကြာမီအတွင်း အာရှအရှေ့တောင်ပိုင်း စစ်သေနာပတိချုပ်၊ ရေကြောင်းဗိုလ်ချုပ်ကြီး လော့ဒ်လူဝီ မောင့်ဘက်တန်က မျိုးချစ်ဗမာ့တပ်မတော်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးရန် ဖက်ဆစ်တိုက်ဖျက်ရေး



**ဖဆပလခေတ်၌ တွေ့မြင်ရသော ဗိုလ်ချုပ်နေဝင်း**

ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖတပလ) မှ ကိုယ်စားလှယ်များကို ဖိတ်ခေါ်ခဲ့သည်။

ထိုသို့ ဖိတ်ကြားချက်အရ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၁၉၄၅ စက်တင်ဘာလ ၄ ရက်နေ့တွင် သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာနိုင်ငံ) ကန္ဒီမြို့သို့ လေကြောင်းခရီးဖြင့် သွားရောက်ခဲ့သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ဗိုလ်နေဝင်း၊ ဗိုလ်လကျ်ာ၊ ဗိုလ်ဇေယျ၊ ဗိုလ်ဇော်မင်း (ဦးမောင်မောင်ကျော်ဝင်း)၊ ဗိုလ်ကျော်ဇော၊ ဦးဘဖေ၊ သခင်သန်းထွန်း၊ ဗိုလ်မောင်မောင်၊ စောဘဦးကြီး၊ ဦးညိုထွန်းတို့နှင့်အတူ လိုက်ပါခဲ့သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ကို ကူညီရန် ဗြိတိသျှစစ်ဘက်မှ ဗိုလ်မှူးချုပ်ရိုက်စ်နှင့် ဗိုလ်မှူးကြီးလော့စ်ဆိုသူတို့ နှစ်ဦး လိုက်ပါသွားကြသည်။

၁၉၄၅ စက်တင်ဘာလ ၆ ရက်နေ့နှင့် ၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အာရှအရှေ့တောင်ပိုင်း စစ်သေနာပတိချုပ် ရေကြောင်းဗိုလ်ချုပ်ကြီး လော့ဒ်လူဝီမောင့်ဘက်တန် ခေါင်းဆောင်သော ဗြိတိသျှကိုယ်စားလှယ်တို့ နှစ်ရက်တိုင်တိုင်

ဆွေးနွေးခဲ့ကြပြီးနောက် အချက် ၉ ချက်ပါ ကန္ဒီစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ကိန္ဒီစာချုပ်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်သန်းထွန်းတို့က လက်မှတ်ထိုးပြ၍ အဆုံးသတ်သဘောတူညီချက်အဖြစ်ဖြင့် လက်ခံခဲ့ကြသည်။

ကန္ဒီစာချုပ်အရ ဗမာ့မျိုးချစ်တပ်မတော်သည် 'ဗမာ့တပ်မတော်' (Burma Rifle) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ရသည်။ အဆိုပါ ဘားမားရိုင်ဖယ်တွင် တပ်သား ၅၀၀၀ နှင့် အရာရှိ ၂၀၀ သာ ပါဝင်ခွင့်ရခဲ့ရာ ကျန်ရဲဘော်ဟောင်းများကို စုစည်းပြီး ဗိုလ်ချုပ်အောင်ဆန်းသည် ဦးဆောင်၍ ပြည်သူ့ရဲဘော်အဖွဲ့ (People's Volunteer Organization) ကို ဖွဲ့စည်းခဲ့သည်။

ကန္ဒီစာချုပ် သဘောတူညီချက်အရ ပြန်လည်ဖွဲ့စည်းသည့် ဗမာတပ်မတော်တွင် ဗိုလ်နေဝင်းသည် ဗိုလ်မှူးအဆင့်ဖြင့် ဗမာ့သေနတ်ကိုင်တပ်ရင်း ၄ ၏ ဒုတိယတပ်ရင်းမှူးအဖြစ်လည်းကောင်း၊ ၁၉၄၆ နိုဝင်ဘာလ ၁၆ ရက်တွင် ဒုတိယဗိုလ်မှူးကြီးအဆင့်ဖြင့်လည်းကောင်း ခန့်အပ်ခံခဲ့ရသည်။

❐

# အခန်း (၃)

## ဇာတာစန်းလင်တက်ခဲ့စဉ်




အိမ်စောင့်အစိုးရ ဝန်ကြီးချုပ်ဘဝ

ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရပြီးနောက် သခင်နု ယာယီနိုင်ငံတော် ဝန်ကြီးချုပ်ဖြစ်လာချိန်တွင် ဗိုလ်နေဝင်းသည် ၁၉၄၇ အောက်တိုဘာ ၈ ရက်တွင် ဗိုလ်မှူးချုပ် ဖြစ်လာခဲ့သည်။ ယင်းနောက် ကာကွယ်ရေးဝန်ကြီးအဖြစ် ဗိုလ်လကျာ်၊ စစ်ဦးစီးချုပ်အဖြစ် ဗိုလ်ချုပ်စမစ်ဒွန်း၊ ဒုတိယစစ်ဦးစီးချုပ်အဖြစ် ဗိုလ်မှူးချုပ် စောကြာဒိုး၊ တောင်ပိုင်း တိုင်းမှူးအဖြစ် ဗိုလ်မှူးချုပ်အောင်သင်းတို့အား ခန့်အပ်ပြီးနောက် ဗိုလ်နေဝင်းအား ၁၉၄၇ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးအဖြစ် တာဝန်ပေးအပ်ခဲ့သည်။



ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော အိမ်စောင့်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ



**အိမ်စောင့်အစိုးရခေတ်၌ ဗိုလ်ချုပ်ကြီးနေဝင်းနှင့် တပ်မတော်အရာရှိကြီးများ။**

မြန်မာ့လွတ်လပ်ရေး ၁၉၄၈ ဇန်နဝါရီလ ၄ ရက်နေ့တွင် ရရှိပြီး သုံးလနီးပါးအချိန်တွင် ပြည်တွင်းစစ်မီး စတင် တောက်လောင်ခဲ့လေသည်။ ဗမာပြည် ကွန်မြူနစ်ပါတီ၊ အလံနီ ကွန်မြူနစ်ပါတီ၊ ပြည်သူ့ရဲဘော်ဖြူ၊ ကေအင်ဒီအို စသည့် ပါတီ အဖွဲ့အစည်း အသီးသီး၏ လက်နက်ကိုင် တော်လှန်ရေးများ ပေါ်ပေါက်လာခဲ့သည်။

ထိုအချိန်မှစ၍ မြန်မာပြည်တွင် ပြည်တွင်းစစ်မီးနှင့်အတူ စစ်တပ်၏ အခန်းကဏ္ဍသည် မြင့်တက်လာခဲ့သည်။ မြင့်တက်လာသော စစ်တပ်၏ အခန်းကဏ္ဍနှင့်အတူ ကံကြမ္မာမြင့်တက်လာသူမှာ နောင်တွင် ဗိုလ်ချုပ်ကြီး နေဝင်းဖြစ်လာမည့် ဗိုလ်မှူးချုပ်နေဝင်းပင် ဖြစ်သည်။ ဗိုလ်မှူးချုပ်နေဝင်းသည် ၁၉၄၈ ဇူလိုင် ၁၆ တွင် လက်ဝဲညီညွတ်ရေးကောင်စီကို ဖွဲ့စည်းခဲ့ပြီးနောက် ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ အတွင်းရေးမှူးမှာ ဦးသိန်းဖေ (သိန်းဖေမြင့်) ဖြစ်သည်။ ကာကွယ်ရေးဝန်ကြီး နေရာခန့်ထားရေးနှင့် ပတ်သက်၍ သဘောတူညီမှု မရသဖြင့် လက်ဝဲညီညွတ်ရေးကောင်စီ၏ အာဏာသိမ်းရေး အစီအစဉ်ကို ငြင်းပယ်ခဲ့သည်။

ထိုစဉ်က ဗိုလ်နေဝင်းအား ဇာတာစန်းလဂ် တက်စေခဲ့သည့် အကြောင်းရင်းများမှာ...

(၁) လက်ဝဲညီညွတ်ရေးကောင်စီ၏ဖိအားပေးမှုကြောင့် ဗိုလ်လကျ်ာသည် ကာကွယ်ရေးဝန်ကြီးအဖြစ်မှ နုတ်ထွက်ခဲ့ရခြင်း။

(၂) တပ်မတော်အတွင်း၌ရှိသော ဗကပ အနွယ်ဝင် စစ်ဗိုလ်များနှင့် စစ်သည်များ တပ်တွင်း၌ ဆက်လက်မနေတော့ဘဲ **(မနေနိုင်တော့ဘဲ)** တောခိုကြခြင်း။

(၃) ကရင်သူပုန်ကိစ္စကြောင့် ကရင်အမျိုးသား စစ်အရာရှိများကို သံသယရှိလာခြင်း၊

(၄) ဖဆပလ အစိုးရအဖွဲ့အတွင်းမှ ဦးကျော်ငြိမ်း၊ ဦးဗဆွေကဲ့သို့ ထိပ်ပိုင်းခေါင်းဆောင်များက ဗိုလ်နေဝင်းကို ကွန်မြူနစ် ဆန့်ကျင်ရေးသမား၊ ပါတီ၊ ဂိုဏ်းဂဏ အရောင် မရှိသူအဖြစ် ရှုမြင်ပြီး၊ မိမိတို့၏ လူအဖြစ် လက်သပ်မွေးမြှောက်စားခဲ့ခြင်း၊

(၅) ဖဆပလ ဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ် သခင်နုကလည်း ဗိုလ်နေဝင်းကို အချိုသတ် စည်းရုံးပြီး မိမိနိုင်ငံရေးအကျိုးငှာ အသုံးချရန် ကြိုးပမ်းခဲ့ခြင်း... စသည့်အကြောင်းများကြောင့် ဖြစ်ပေသည်။

ထို့နောက် ဗိုလ်နေဝင်းသည် ၁၉၄၈ ဩဂုတ်လ ၁ ရက်နေ့တွင် ဗမာ့တပ်မတော် ဒုတိယ စစ်ဦးစီးချုပ်၊ ဒုတိယ စစ်သေနာပတိ၊ ဩဂုတ်လ ၁၃ ရက်တွင် ဗိုလ်ချုပ် ဖြစ်လာခဲ့လေသည်။

အမှန်စင်စစ် ဗိုလ်ချုပ်နေဝင်းသည် ၁၉၄၉ ဖေဖော်ဝါရီလတွင် ကာကွယ်ရေးဝန်ကြီးအဖြစ်မှ နုတ်ထွက်သွားခဲ့ရသော ဗိုလ်လကျ်ာကို လိုလားသူ မဟုတ်ချေ။ အလားတူပင် တပ်တွင်း၌ရှိသော ကွန်မြူနစ် ပါတီဝင် စစ်ဗိုလ်များကိုလည်း လိုလားသူ မဟုတ်ပေ။ ထိုသူများကို မလိုလားရုံသာမက (တပ်တွင်း၌ ၎င်းတို့ ရှိနေခဲ့လျှင် စစ်တပ်အပေါ် မိမိထင်သလို ချယ်လှယ်တည်ဆောက်ရန်မဖြစ်နိုင်သည်ကို ကောင်းစွာ သဘောပေါက်ခဲ့သူဖြစ်သည်)

ထို့ကြောင့် ဗိုလ်နေဝင်းသည် ဗိုလ်ဇေယျ၊ ဗိုလ်ရဲထွဋ်၊ ဗိုလ်စိန်တင်၊ ဗိုလ်သိန်းတန် စသည့် ကွန်မြူနစ်ပါတီဝင် စစ်ဗိုလ်များက အာဏာသိမ်းရန် ကြံစည်နေစဉ် ၎င်းတို့နှင့်အတူ ပူးပေါင်းရန် လုပ်ပြီး တကယ်တမ်း လုပ်ကိုင်ကြသောအခါ မသိကျိုးကျွံပြုကာ နေခဲ့ပြီး 'နောက်ဆုံး၌ ကွန်မြူနစ်စစ်ဗိုလ်များ တောတွင်းရောက်အောင်ဖန်တီးခဲ့သည်' ဟု ဆိုသည်။



**တော်လှန်ရေးကောင်စီအဖွဲ့ဝင်များ**

ယင်းနောက် ကေအင်ဒီအို အရေးအခင်းကြောင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ဗိုလ်ချုပ်စမစ်ဒွန်း ရာထူးမှ အနားယူခဲ့ရရာ ၁၉၄၉ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဗိုလ်နေဝင်းသည် ဗမာ့တပ်မတော် စစ်ဦးစီးချုပ်၊ စစ်သေနာပတိ ဖြစ်လာခဲ့တော့သည်။ တစ်ဖန် ၁၉၄၉ မတ်လ ၃ ရက်နေ့တွင် ဒုတိယဗိုလ်ချုပ်ကြီး ဖြစ်လာခဲ့သည်။ ဗိုလ်နေဝင်း၏ ကံဇာတာ စန်းလင်တက်မှုသည် ဤမျှတင် ရပ်တန့်မသွားခဲ့ချေ။

လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံတွင် ရောင်စုံသူပုန်များ၏ အုံကြွပုန်ကန်မှုများကြောင့် မြန်မာအစိုးရသည် ရန်ကုန်အစိုးရ ဟု ခေါ်ရလောက်အောင် အခြေအနေ ဆိုးဝါးလာခဲ့သည်။ ထိုသို့ နိုင်ငံရေးအခြေအနေ ဆိုးဝါးနေသည့်အတွက် ဖဆပလ အစိုးရအဖွဲ့အတွင်း ဝါးအစည်းပြေသကဲ့သို့ ညီညွတ်ရေးပြိုကွဲကာ ဆိုရှယ်လစ်ဝန်ကြီးများနှင့် ရဲဘော်ဖြူဝန်ကြီးများ အစိုးရအဖွဲ့မှ နုတ်ထွက်သွားခဲ့ကြသည်။

ထို့ကြောင့် ၁၉၄၉ ဧပြီလ ၁ ရက်နေ့တွင် ဝန်ကြီးချုပ်သခင်နုသည် အစိုးရအဖွဲ့ပြန်လည်ဖွဲ့စည်းပြီးနောက်၊ ဗိုလ်ချုပ်နေဝင်းအား တိုင်းပြည်

# ဝန်ကြီးချုပ်ဦးနုက ဗိုလ်ချုပ်နေဝင်းထံပေးစာ

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ကြီးချုပ်ရုံး

ရန်ကုန်၊ ၁၉၅၈ ခု၊ အောက်တိုဘာလ ၂၆ ရက်။



စာရေးလိုက်ပါသည့် ဗိုလ်ချုပ်နေဝင်း။

၁။ ဗိုလ်ချုပ်နေဝင်းကိုယ်တိုင်၊ ဝန်ကြီးချုပ်အဖြစ်ဖြင့် အစိုးရအဖွဲ့သစ်တစ်ရပ်ကို ဖွဲ့စည်းပြီးလျှင် ၁၉၅၉ ခု ဧပြီလကုန်မတိုင်မီအတွင်း လွတ်လပ်၍တရား မျှတသော အထွေထွေ ရွေးကောက်ပွဲကြီးကို ကျင်းပနိုင်အောင် လိုအပ်သည့် အစီအစဉ်များကို ဆောင်ရွက်ပေးရန် ဖဆပလ (သန့်ရှင်း) အဖွဲ့ ဗဟိုကော်မီတီက အထူးသဘောတူဆုံးဖြတ်ခဲ့ပါသည်။

၂။ ဤသို့သဘောတူချက်အတိုင်း ဗိုလ်ချုပ်နေဝင်းအား ဝန်ကြီးချုပ်ရာထူးကို လက်ခံနိုင်မည်ဆိုပါလျှင်၊ အောက်ပါ အစီအစဉ်များကို စီစဉ်ပေးလိုသည်။

(က) ၁၉၅၈ ခုအောက်တိုဘာလ ၂၈ ရက်နေ့တွင် ပြည်သူ့လွှတ်တော်နှင့် လူမျိုးစု လွှတ်တော်တို့ကို ဆင့်ခေါ်ရန် နိုင်ငံတော် သမ္မတအား ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၅၇ အရ ကျွန်တော်အကြံပြုမည်။

(ခ) ပြည်သူ့လွှတ်တော် တော်ကျင်းပသည့်နေ့တွင်၊ ကျွန်တော် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်မည်။

(ဂ) ဤသို့ နုတ်ထွက်ပြီးသည့်နောက်၊ ဗိုလ်ချုပ်နေဝင်းကို ဝန်ကြီးချုပ်အဖြစ် ပြည်သူ့လွှတ်တော်က ရွေးကောက်တင် မြှောက်ရန် ကျွန်တော်အဆိုတင်သွင်းမည်။

၃။ ဗိုလ်ချုပ်နေဝင်း၏ အစိုးရအဖွဲ့တွင် ဖဆပလ (သန့်ရှင်း) အဖွဲ့ဝင်များကို ထည့်ပေးရန်မလိုပါ။

၄။ ဗိုလ်ချုပ်နေဝင်းသည်စီစဉ် ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲကြီးကို လွတ်လပ်၍ တရားမျှတသော အထွေထွေ ရွေးကောက်ပွဲကြီးဖြစ်စေရန်အတွက်၊ အမှုထမ်း အရာထမ်းများအားလည်းကောင်း၊ လက်နက်ကိုင် အဖွဲ့အစည်းများအားလည်းကောင်း၊ မိမိတို့၏ တာဝန် ဝတ္တရားများကို ဆောင်ရွက်ခြင်းမှအပ နိုင်ငံရေးနယ်ပယ်အတွင်းသို့ ကျူးကျော်ဝင်ရောက်မှုများ အလျဉ်းမရှိ စေရအောင် အထူးဂရုစိုက်၍ စောင့်ရှောက်ပေးစေလိုသည်။

၅။ လက်နက်ကိုင် အဖွဲ့အစည်းများသည် များသောအားဖြင့် ဥပဒေကမ်းသော်မှ ရှိကြသော အဖွဲ့အစည်းများဖြစ် သည်ကို ကျွန်တော် ယုံကြည်ပါသည်။ မကြာသေးမီက ကျွန်တော်ခရီးထွက်စဉ် လက်နက်ကိုင် အဖွဲ့အစည်းအချို့၏ ဖိနှိပ် ချုပ်ချယ်မှုများ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် သတ်ဖြတ်မှုများကို နေရာဒေသများအတွင်း၊ ဆိုးရွား ကာလကြာရှည်စွာကိုယ် တိုင် သတင်းများကိုရရှိ၍ မျက်ရည်စက်လက်နှင့်အမျှ ဝမ်းနည်းကြေကွဲဘွယ်ရာ တိုင်းသားကြားပါသည်။ ဤအမှုများ ကို ဗိုလ်ချုပ်နေဝင်း၏ အစိုးရအဖွဲ့က အထူးဦးစားပေး၍ နှိမ်နင်းပေးစေလိုသည်။

၆။ မှုခင်းများ လုယက်မှု မင်းမဲ့မှု မြန်ပေးမှု လူသတ်မှု များစွာဖြစ်ပွားနေသော ရာဇဝတ်မှုများကိုလည်း ဗိုလ်ချုပ်နေဝင်း၏ အစိုးရအဖွဲ့က အထူးဦးစားပေး၍ နှိမ်နင်းပေးစေလိုသည်။

၇။ ကမ္ဘာဦးသော ကမ္ဘာဦးသားတို့က နေရာနှံ့ပါးကို မျှော်လင့်တောင့်တကြသကဲ့သို့ ပြည်ထောင်စုသူ ပြည်ထောင်စု သားအားလုံးတို့သည် ပြည်တွင်းငြိမ်းချမ်းရေးအား အထူးမျှော်လင့် တောင့်တလျက်ရှိသည်ကို ဗိုလ်ချုပ်နေဝင်းကိုယ်တိုင် ကောင်းစွာ သိရှိပြီးဖြစ်သဖြင့် ဤကိစ္စနှင့်ပတ်သက်၍ ကျွန်တော် အကျယ်မချဲ့လို ပြောနေစရာမလို။ သို့ဖြစ်၍ ဗိုလ်ချုပ် နေဝင်း ခေါင်းဆောင်သည့် အစိုးရလက်ထက်တွင်၊ ငြိမ်းချမ်းရေး ဆောင်ရန်ကို ဆုတ်နှုတ်ခြင်း မရှိဘဲ ဆက်လက်ပေးရန် ကျွန် တော် အထူးမေတ္တာရပ်ခံလိုပါသည်။

၈။ နိုင်ငံခြားရေးတွင်လည်း ဗိုလ်ချုပ်နေဝင်း ခေါင်းဆောင်သည့် အစိုးရအဖွဲ့သည် ဘက်မလိုက်ရေး ကြားနေရေးဝါဒကို ဆက်လက်၍ ကျင့်သုံးရန်ကိုလည်း၊ ကျွန်တော် အထူးတိုက်တွန်းလိုသည်။

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေ။

(ပုံ) ဦးနု

ဝန်ကြီးချုပ်။

# ဗိုလ်ချုပ်နေဝင်းက ဝန်ကြီးချုပ်ဦးနုထံ ပြန်ကြားစာ

ကာကွယ်ရေးဝန်ကြီးဌာန
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)
ရန်ကုန်၊ ၁၉၅၈ ခု၊ အောက်တိုဘာ ၂၈ ရက်။

လေးစားစွာ အစီရင်ခံအပ်ပါသည် ဝန်ကြီးချုပ်ခင်ဗျား၊



၁။ ကျွန်တော်သည် ဤမျှကြီးလေးသောတာဝန်ကြီးကို ထမ်းဆောင်ရန် မျှော်ရည်ထားပါသည်မဟုတ်ပါ။ သို့သော်ဝန်ကြီးချုပ်၏ စေတနာကို လေးစားပါသောကြောင့် ဝန်ကြီးချုပ်ကလွှဲအပ်သည့်တာဝန်ကိုထမ်းဆောင်မှု သင့်လျော်မည်ဆိုလျှင် ကျွန်တော်အစွမ်းကုန်ကြိုးစား၍ နိုင်ငံတော်ကို ထိန်းသိမ်းပေးမည်။ သို့သော် ကျွန်တော်သည် တိုင်းပြည် အုပ်ချုပ်မှု တာဝန်ကြီးကို လုပ်ကိုင်ခဲ့ဖူးခြင်းလည်းမရှိ၊ လုပ်မည်ဟုလည်း မည်သည့်အခါကမှ မရည်ရွယ်ခဲ့၊ လုပ်ရအုံးမည်ဟုလည်း မည်သည့်အခါကမှ မစဉ်းစားခဲ့ဖူးပါသဖြင့်၊ ကျွန်တော်သည် မိုးသောက်ချိန်ရောက်စဉ်ရာ ဤတာဝန်ကြီးကို ထမ်းဆောင်ရာတွင် ချို့ယွင်းချက်များရှိပါလျှင်၊ ခွင့်လွှတ်နိုင်လိမ့်မည်ဟု ယူဆပါသည်။ ခွင့်လွှတ်ပါ ရန်လည်း တောင်းပန်ပါသည်။

၂။ ပြည်သူ့လွှတ်တော်က ကျွန်တော့်အား ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ပါလျှင် ၁၉၅၉ ခု ဧပြီလကုန်မီ လွတ်လပ်၍ တရားမျှတသော အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပနိုင်ရန် အတွက် လိုအပ်သော အစီအစဉ်များကို အစွမ်းကုန် ဆောင်ရွက်ပေးပါမည်ဟု ကျွန်တော် ကတိပြုပါသည်။

၃။ ကျွန်တော်အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းရာတွင်၊ ၎င်းအဖွဲ့သစ်တွင် ပြည်နယ်များအနှင့် ချင်းအထူးတိုင်းတို့မှ သင့်တော်မည့် ကိုယ်စားလှယ်များအပြင် ပြည်မတွင်ရှိသော နိုင်ငံရေးအဖွဲ့အစည်းများအထဲက မည်သည့်ကိုယ်စားလှယ်ကိုမျှ ထည့်သွင်းမည်မဟုတ်ကြောင်း ကတိပြုပါသည်။

၄။ အမှုထမ်းအရာထမ်းများအနှင့် လက်နက်ကိုင် အဖွဲ့အစည်းများအား နိုင်ငံရေးနယ်နိမိတ်တွင်းသို့ ကျူးကျော်မှုများကို ကျွန်တော်ကိုယ်တိုင်လည်း အထူးမလိုလားကြောင်းကို ဝန်ကြီးချုပ်ကိုယ်တိုင် သိရှိပြီးပါသည်။ ထို့ကြောင့် ဤကျူးကျော်မှုများ မဖြစ်ပွားရလေအောင် ကျွန်တော် အထူးထိန်းသိမ်းစောင့်ရှောက်ပါမည်ဟူ၍ ကတိပြုပါသည်။

၅။ လက်နက်ကိုင်အဖွဲ့အစည်းဝင်အချို့၏အမှုမှုများကို ကျွန်တော်ကိုယ်တိုင်လည်း မကြာမကြာသိရ၍ များစွာ စိတ်မချမ်းမသာ ဖြစ်ရပါသည်။ ထို့ကြောင့် ဤအမှုမှုများကို အထူးဦးစားပေး၍ နှိမ်နင်းပစ်ရန် ကျွန်တော်ကတိပြုပါသည်။

၆။ ရာဇဝတ်မှုများကိုလည်း တတ်နိုင်သလောက် ပပျောက်သွားအောင် အထူးဦးစားပေး၍ ဆောင်ရွက်ရန် ကျွန်တော်ကတိပြုပါသည်။

၇။ ပြည်ထောင်စုကြီး၏ တည်တံ့ခိုင်မြဲရေး၊ တိုးတက်ရေး၊ စည်းပင်သာယာဝပြောရေးတို့သည် ငြိမ်းချမ်းရေး အပေါ်တွင် များစွာတည်မှီနေသည်ကို ကျွန်တော်သည်ဦးလည်းမသုန် ယုံကြည်သူတဦးဖြစ်ပါသည်။ ထို့ကြောင့် ပြည်တွင်းငြိမ်းချမ်းရေးကို ရရှိအောင် အစွမ်းကုန်ကြိုးစား ဆောင်ရွက်ပါမည်ဟု ကျွန်တော်ကတိပြုပါသည်။

၈။ နိုင်ငံခြားရေးတွင် တိမ်းမတ်ရာကြားနေရေးဝါဒသည် ကျွန်တော်တို့ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့်တကွ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အကျိုးအရှိဆုံး ဝါဒဖြစ်သဖြင့်၊ ကျွန်တော်ခေါင်းဆောင်မည့် အစိုးရအဖွဲ့သည် ဤတိမ်းမတ်ရာကြားနေရေးဝါဒက မည်သည့်နည်းနှင့်မျှ ရွေ့လျောမည်မဟုတ်ကြောင်းကို ကျွန်တော်ကတိပြုပါသည်။

(ပုံ) ဗိုလ်ချုပ်နေဝင်း။



**ဗိုလ်ချုပ်ကြီးနေဝင်းအား အာဏာသိမ်းရန် ဗိုလ်မှူးချုပ်မောင်မောင်နှင့်အတူ တိုက်တွန်းခဲ့သော ဗိုလ်မှူးချုပ်တင်ပေ**

အခြေအနေကို ဝင်ရောက်ထိန်းသိမ်းပေးရန်အတွက် အစိုးရအဖွဲ့သို့ ဝင်ရန် ဖိတ်ခေါ်ခဲ့သည်။

ဤသို့ဖြင့် ဗိုလ်ချုပ်နေဝင်းသည် ၁၉၄၉ ဧပြီလ ၅ တွင် မြန်မာနိုင်ငံတော် အစိုးရအဖွဲ့၌ ဒုတိယ ဝန်ကြီးချုပ်၊ ကာကွယ်ရေးနှင့် ပြည်ထဲရေးဝန်ကြီး ဖြစ်လာရသည်။ ယင်းနောက် ၁၉၅၀ ပြည့်နှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် အစိုးရအဖွဲ့မှ ပြန်လည်နုတ်ထွက်၍ စစ်တပ်သို့ ပြန်သွားခဲ့သည်။

၁၉၅၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး ရာထူးတိုးမြှင့်ခံရသည်။ ၁၉၅၈ မေလ ၆ ရက်နေ့တွင် ဖဆပလ အဖွဲ့ချုပ်သည် သန့်ရှင်း ဖဆပလနှင့် တည်မြဲ ဖဆပလ ဟူ၍ နှစ်ခြမ်း အတိအလင်းကွဲခဲ့သည်။ ၁၉၅၈ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံ ပါလီမန်ပြည်သူ့လွှတ်တော် အထူးအစည်းအဝေးတွင် တည်မြဲ



**စစ်တပ်ကို နိုင်ငံရေးထဲ ပါဝင်အောင်**
**အစက တိုက်တွန်းခဲ့သော ဗိုလ်မှူးချုပ်မောင်မောင်**

ဖဆပလမှ ဦးဗဆွေက ဦးနု ခေါင်းဆောင်သော အစိုးရအပေါ် အယုံအကြည်မရှိ အဆိုတင်သွင်းခဲ့ရာ ယင်းကို ထောက်ခံသူ ၁၁၉ မဲ၊ ကန့်ကွက်သူ ၁၂၇ မဲ ရရှိပြီး ကန့်ကွက်သည့်ဘက်က ရှစ်မဲ အသာဖြင့် အနိုင်ရရှိသွားသောကြောင့် ဦးနုအစိုးရသည် ဆက်လက်အာဏာ တည်မြဲခဲ့သည်။ သို့သော်လည်း သန့်ရှင်း၊ တည်မြဲ ဖဆပလ နှစ်ဘက်အုပ်စုကွဲပြီးမှ ဂယက်ကြောင့် နိုင်ငံရေးအခြေအနေများမှာ တစ်နေ့တခြား တင်းမာလာခဲ့လေသည်။

ထိုအခြေအနေကို အခွင့်ကောင်းယူ၍ ဗိုလ်ချုပ်ကြီးနေဝင်းသည် ဗိုလ်မှူးကြီးမောင်မောင်၊ ဗိုလ်မှူးကြီးအောင်ကြီးတို့နှင့် တိုင်ပင်ဆွေးနွေး၍ အာဏာသိမ်းရန် စီစဉ်ခဲ့လေသည်။ ဤသို့ဖြင့် ဗိုလ်မှူးကြီးမောင်မောင်နှင့် ဗိုလ်မှူးကြီးအောင်ကြီးတို့က ဝန်ကြီးချုပ်ဦးနု၏ အတိုင်ပင်ခံအရာရှိ ဦးအုန်းကို ဒဂုံရိပ်သာသို့ခေါ်ယူကာ ဆွေးနွေးခဲ့ကြသည်။ ဗိုလ်မှူးကြီး

မောင်မောင်က အာဏာသိမ်းမည့် သတင်းများ ထွက်နေကြောင်း၊ ဗိုလ်မင်းခေါင်က တပ်ကို အရင်တိုက်မည်လား၊ တပ်ကပဲ ဗိုလ်မင်းခေါင်ကို အရင်တိုက်မည်လား... ဆိုသည်ကို မပြောနိုင်ကြောင်း၊ တပ်က အာဏာသိမ်းဖို့ များနေကြောင်း တင်ပြသည်။ ၎င်းအပြင် ဦးနုကို မိမိတို့နှင့် တွေ့ပေးစေလိုကြောင်း၊ ဦးနု ခေတ္တထွက်ပေးရန်နှင့် ဗိုလ်ချုပ်ကြီးနေဝင်းအား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ပေးရန် ပြောကြားစေလိုသည်ဟု ပြောဆိုခဲ့သည်ဟု ဆိုသည်။

ယင်းသို့အခြေအနေများ ရှုပ်ထွေးနေချိန်တွင် ဝန်ကြီးချုပ်ဦးနုနှင့် အဖွဲ့သည် အထက်ဗမာပြည်သို့ ခရီးထွက်ရာမှ ၁၉၅၈ စက်တင်ဘာလ ၂၂ ရက်နေ့၊ မွန်းလွဲ ၂ နာရီခန့်တွင် ပြန်လည်ရောက်ရှိခဲ့ကြပြီး ၄ နာရီတွင် သန့်ရှင်းဖဆပလ ခေါင်းဆောင်များ အစည်းအဝေးကျင်းပရာ အစည်းအဝေး စတင်၍ နာရီဝက်ခန့်အကြာတွင် ဗိုလ်မင်းခေါင်အိမ်မှ အရေးကြီးသဖြင့် ဗိုလ်မင်းခေါင်နှင့် ဗိုလ်မှူးအောင်တို့အား အမြန်ပြန်လာရန် ဖုန်းဆက်လာသည်။ ထို့ကြောင့် ဝန်ကြီးချုပ်ဦးနုထံ ခွင့်ပန်၍ ပြန်သွားကြသည်။ တစ်နာရီအကြာတွင် ယင်းတို့နှစ်ဦး ပြန်လည် ရောက်ရှိလာပြီး အရေးကြီး၍ အစည်းအဝေးကို ရပ်သိမ်းရန် ပြောကြားသည်။ ထို့ကြောင့် နောက် ၄၅ မိနစ်ခန့် အကြာတွင် အစည်းအဝေးကို ရပ်သိမ်းလိုက်ပြီး ဝန်ကြီးချုပ်ဦးနု၊ သခင်တင်၊ ဗိုလ်မှူးအောင်၊ သခင်ကျော်ထွန်း အစရှိသော ဖဆပလ ခေါင်းဆောင်များသာ ကျန်သည့်အခါ ဗိုလ်မင်းခေါင်က စစ်တပ်က အာဏာသိမ်းမည်ဖြစ်ကြောင်း၊ အာဏာသိမ်းရန် ရန်ကုန်နှင့် နယ်များတွင်ပါ အစီအစဉ်အားလုံး ပြုလုပ်ပြီးဖြစ်ကြောင်း၊ ယုံကြည်လောက်သည့်ဌာနကသတင်းရကြောင်း ပြောပြတော့သည်။

ထို့နောက် ဗိုလ်မင်းခေါင်က ဝန်ကြီးချုပ် ပြေးလိုလျှင်လည်း ထွက်ပြေးနိုင်ရန် လေယာဉ်အဆင်သင့် လုပ်ထားပြီးကြောင်း အစီရင်ခံသည်ဟု ဆိုသည်။ ဝန်ကြီးချုပ်ဦးနုက မိမိသည် တရားခံ မဟုတ်၍ ထွက်ပြေးရန်မလိုကြောင်း ပြောကာ လေယာဉ်ပျံ အစီအစဉ်ကို ဖျက်သိမ်းခိုင်းခဲ့သည်ဟု ဆိုသည်။



**တော်လှန်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး တန်ယုဆိုင်**

ထို့နောက် ဗိုလ်မင်းခေါင်တို့က ခုခံတိုက်ရန်ပြောရာ ဦးနုက သွေးထွက်သံယိုများဖြစ်မည်စိုးရိမ်၍ မလုပ်ရန် တောင်းပန်သည်ဟု ဆိုသည်။ ဦးနုက ယခုအခြေအနေတွင် ရုတ်တရက် ဆုံးဖြတ်ပြီး လုပ်၍ မဖြစ်သေးကြောင်း၊ အခြေအနေမှန်များကို ပြောပြနိုင်သူမှာလည်း ဗိုလ်ချုပ်ကြီး နေဝင်းသာဖြစ်ကြောင်း ပြောကြားကာ ဗိုလ်မင်းခေါင်နှင့် ဗိုလ်မှူးအောင်တို့အား ဗိုလ်ချုပ်ကြီးနေဝင်းနှင့် သွားရောက်တွေ့ဆုံရန် ညွှန်ကြား

ခဲ့သည်။ သို့သော် ထိုညက ဗိုလ်ချုပ်ကြီးနေဝင်းသည် ညစာစားပွဲတစ်ခုသို့ သွားနေ၍ မတွေ့ခဲ့ရကြောင်း၊ တပ်က ထိုညတွင် အာဏာသိမ်းရန် စီစဉ်ထားသော်လည်း မန္တလေးမှ တပ်ရင်းတစ်ရင်း ရန်ကုန် ရောက်မလာ၍ ထိုညတွင် မသိမ်းဖြစ်သေးကြောင်း ဗိုလ်မင်းခေါင်က ဦးနုထံ အစီရင်ခံသည်။

ဗိုလ်မင်းခေါင် ပြန်သွားပြီးနောက် ဝင်ဒါမီယာဝင်း၏ လုံခြုံရေးတာဝန်ခံ ရဲဘော်လေးများ အလုပ်ရှုပ် ယောက်ယက်ခတ်နေသည်ကို ဝန်ကြီးချုပ်ဦးနုက တွေ့ရ၍ ကိုယ်ရေးအရာရှိ ဗိုလ်လှမြင့်ကို ခေါ်မေးရာ ထိုနေ့ညတပ်က အာဏာသိမ်းမည်ဆို၍ ပြန်လည်ခုခံရန်အတွက် ကတုတ်ကျင်းများတူးနေကြောင်း၊ ဒုတိယဗိုလ်မှူးကြီးထွန်းအုံ (ဗိုလ်မှူးချုပ်မောင်မောင်၏ယောက်ဖ) ၏ တပ်ရင်း တစ်ရင်းက လာရောက် သိမ်းမည်ဖြစ်ကြောင်း၊ တင့်ကားများလည်း ပါလာနိုင်ကြောင်းကို အစီရင်ခံသည်။ ဝန်ကြီးချုပ်ဦးနု က ခုခံရန်ဆိုသည်မှာ ၎င်းတို့ဘက်မှ တစိတ်တဒေသသာရှိပြီး၊ လက်နက်များမှာလည်း ခေတ်မမီတော့သည့် လက်နက်များဖြစ်ကြောင်း၊ လက်နက်အင်အား၊ လူအင်အားတွင်လည်း တပ်မတော်နှင့်မယှဉ်သာကြောင်း။ ထို့ကြောင့် အကယ်၍ အာဏာသိမ်းရန် လာကြလျှင် မိမိတို့မသိဘဲ ဘာမျှ မလုပ်ရန်၊ မိမိထံမှ အမိန့်ရမှသာ လုပ်ရန် အမိန့်ပေးခဲ့သည်။

ဗိုလ်မင်းခေါင်နှင့် ဗိုလ်မှူးအောင်တို့သည် စက်တင်ဘာလ ၂၃ ရက်နေ့ နံနက်တွင် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် သွားရောက်တွေ့ဆုံကြသည်။ ဗိုလ်မှူးအောင်တို့က ကြားသမျှ သတင်းများကို ဗိုလ်ချုပ်ကြီးအား ပြောပြရာ၊ ဗိုလ်ချုပ်ကြီးက မိမိ မသိကြောင်း၊ ဤအကြောင်းအရာ အသေးစိတ်ကို အသိနိုင်ဆုံး အရာရှိနှစ်ဦးမှာ ဗိုလ်မှူးကြီးမောင်မောင် နှင့် ဗိုလ်မှူးကြီးအောင်ကြီးတို့ဖြစ်ကြောင်း၊ ဗိုလ်မှူးကြီးအောင်ကြီးမှာ ခရီးထွက်နေ၍ ဗိုလ်မှူးကြီးမောင်မောင်ကို ခေါ်မေးပြီး အဖြစ်အပျက်များ အားလုံးကို အစီရင်ခံရန် ထိုနေ့မှာပင် ဝန်ကြီးချုပ်ဦးနုထံ လွှတ်လိုက်မည်ဖြစ်ကြောင်း ကတိပေးသည်။

ထိုနေ့ ညနေ ၃ နာရီခန့်တွင် အခြေအနေများကို ရှင်းပြရန် ဗိုလ်မှူးကြီး မောင်မောင်သည် ဝန်ကြီးချုပ်နှင့် လာရောက်တွေ့ဆုံခဲ့သည်။



**စစ်အာဏာရှင် ဗိုလ်နေဝင်း၏ ခေါက်တိုင်များ**
**(နောက်တန်း– ဝဲ အစွန်ဆုံးပုဂ္ဂိုလ်နှစ်ဦးမှာ ဗိုလ်မှူးချုပ်အောင်ကြီးနှင့်**
**ဗိုလ်မှူးချုပ်မောင်မောင်တို့ ဖြစ်သည်။)**

တွေ့ဆုံရာတွင် ဗိုလ်မှူးကြီးမောင်မောင်က ဗိုလ်ချုပ်ကြီးနေဝင်းနှင့်တကွ တပ်မတော်ခေါင်းဆောင်များကို တစ်နည်းနည်းဖြင့် လုပ်ကြံကြလိမ့်မည် ဖြစ်ကြောင်း၊ လုပ်ကြံပြီးနောက် လက်ရှိအစိုးရက တပ်မတော်ကို ဖျက်ပစ်လိမ့်မည်၊ အလင်းရောက် ရဲဘော်ဖြူများကလည်း လက်နက်ပြန်ကိုင်ပြီး သော့ချက်နေရာများကို အတင်းဝင်စီးကြမည်ဟူသော သတင်းများ တပ်က ရထားသည့်အတွက် တပ်တွေအားလုံးကို တပ်လှန့်ထားကြောင်း၊ အငိုက်မမိအောင်လည်း လိုအပ်သော အစီအစဉ်များကို လုပ်နေကြောင်း၊ ဤသတင်းများကြောင့် တပ်အတော်များများကလည်း အုံကြွနေသည့်အတွက် မလိုလားအပ်သော ပေါက်ကွဲမှုများ မဖြစ်စေရန် ခေါင်းဆောင်များက တတ်နိုင်သမျှ ထိန်းသိမ်းနေကြကြောင်း၊ မိမိသည် စီကာပတ်ကုံး မပြောတတ်၍ ဗိုလ်မှူးကြီးအောင်ကြီး ခရီးက ပြန်လာမှ ခေါ်လာပြီး စုံစုံလင်လင် ရှင်းပြစေမည်ဖြစ်ကြောင်း ပြောကြားသည်။

စက်တင်ဘာလ ၂၄ ရက်နေ့တွင် ဗိုလ်မှူးကြီးမောင်မောင်နှင့် ဗိုလ်မှူးကြီးအောင်ကြီးတို့သည် ဝန်ကြီးချုပ်ဦးနုထံ လာရောက်တွေ့ဆုံ၍

အပြင်ဘက်က သတင်းအမျိုးမျိုးကြောင့် တပ်ထဲတွင် အုံကြွနေကြောင်း၊ ထိုအုံကြွမှုကို လိမ္မာစွာ မထိန်းနိုင်လျှင် မလိုလားအပ်သော ပေါက်ကွဲမှုများ ဖြစ်ပေါ်နိုင်ကြောင်း၊ ဤအခြေအနေကို အစွမ်းကုန် ထိန်းသိမ်းနေသော်လည်း မည်မျှလောက်ကြာကြာ ထိန်းသိမ်းထားနိုင်မည်ကို ပြောရန် ခက်ခဲသည့် အခြေအနေရောက်နေကြောင်း တင်ပြသည်။

ဝန်ကြီးချုပ်ဦးနုကလည်း အခြေအနေကို အုပ်မနိုင် ထိန်းမရသည့်အထိ မည်သည့်နည်းနှင့်မျှ အဖြစ်မခံနိုင်ကြောင်း၊ မိမိတို့လည်း အစွမ်းကုန် ဝိုင်းထိန်းပေးမည်ဖြစ်ကြောင်း ပြန်လည်အသိပေးခဲ့သည်။

ယင်းတို့နှစ်ဦးပြန်သွားပြီးနောက် ၎င်းတို့ပြောသွားသော သတင်းနှင့် မိမိတို့ဘက်မှ ရရှိသော သတင်းများ ပေါင်းစပ်ကာ ဤအခြေအနေမျိုးတွင် မျှော်မှန်းထားသည့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို မည်သည့်နည်းနှင့်မျှ လုပ်နိုင်မည်မဟုတ်ကြောင်း၊ သင့်တော်သည်အဖြေကို အချိန်မီ မရှာနိုင်လျှင် (က) တစ်နိုင်ငံလုံး သွေးထွက်သံယိုဖြစ်မည်။ (ခ) တစ်နိုင်ငံလုံးကို ဗိုလ်ချုပ်ကြီးနေဝင်းပင် အုပ်ထိန်း၍ မရနိုင်သော အခြေအနေကို ရောက်မည်။ (ဂ) ဤသို့ ရောက်လျှင် နိုင်ငံခြားပယောဂများ ပြည်ထောင်စုထဲ ခြေစုံပစ် ဝင်လာမည်။ (ဃ) ဝင်လာလျှင် မြန်မာနိုင်ငံသည် ဒုတိယကိုရီးယားဖြစ်သွားမည်။ ထိုအခက်အခဲကို ကျော်လွှားရန်မှာ မိမိသည် ဝန်ကြီးချုပ်ရာထူးမှ ထွက်ကာ လွှတ်တော်တွင် ဗိုလ်ချုပ်ကြီးနေဝင်းအား ဝန်ကြီးချုပ် ခန့်အပ်ရန်၊ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ ကျင်းပပေးစေရန် ဗိုလ်ချုပ်ကြီးနေဝင်းအား တာဝန်ကရပ်စဲရန် ဖြစ်သည်ဟု ဆိုသည်။ ထို့နောက် သန့်ရှင်း ဖဆပလ ခေါင်းဆောင်များကို ၎င်း၏ သဘောထားအား စဉ်းစားရန် တင်ပြခဲ့သည်။ သန့်ရှင်း ဖဆပလ ခေါင်းဆောင်များကလည်း လက်ရှိအခြေအနေအရ အကောင်းဆုံး အဖြေဖြစ်ကြောင်း ထောက်ခံကြသည်။

ထိုကာလတွင် ပါရမီရိပ်သာ နေရာတစ်ဝိုက်တွင်ရှိသော အမှတ် (၄) ဗမာ့သေနတ်ကိုင်တပ်ရင်း၏ တပ်ခွဲကို အင်းလျားလိပ် ဟိုတယ် ဆောက်လုပ်နေသော ပြန်လည်ထူထောင်ရေး တပ်သား အင်အား ၅၀၀ ခန့်က ဝိုင်းထားခဲ့ကြလေသည်။



**စစ်တပ်အား စီးပွားရေးလုပ်ကိုင်တတ်ရန် ညွှန်ကြားခဲ့သော ဒုတိယကာကွယ်ရေး ဦးစီးချုပ် ဗိုလ်မှူးချုပ်အောင်ကြီး**

စက်တင်ဘာလ ၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ ရန်ကုန်မြို့အတွင်း၌ စစ်တပ်များ ရွေ့လျားသွားလာနေသည်ကို တွေ့ရသည်။ အချို့နေရာများတွင် တပ်များချကာ အသွားအလာများကို စစ်တပ်နှင့် ရဲ ပေါင်းကာ စစ်ဆေးကြသည်။ ရန်ကုန်၊ မန္တလေး၊ ဟင်္သာတ၊ တောင်ငူ၊ ပျဉ်းမနား၊ မော်လမြိုင် စသောမြို့များကို တပ်မတော်က ထိန်းသိမ်းလိုက်ပြီဟု ဖော်ပြထားကြောင်း ဆောင်းပါးရှင်တစ်ဦးက "ပက်စက်စွာ လုပ်ကြပြီ" ဟူ၍ အထောက်တော် သတင်းစာကို ရည်ညွှန်းကာ ရေးသားဖော်ပြလာလေသည်။


ယင်းနောက် စက်တင်ဘာလ ၂၆ ရက်နေ့ နံနက် ၁၀ နာရီခန့်တွင် ဗိုလ်မှူးကြီးမောင်မောင်၊ ဗိုလ်မှူးကြီးအောင်ကြီးနှင့် ဗိုလ်မှူးကြီးတင်ဖေ တို့သုံးဦးသည် ဝန်ကြီးချုပ်ဦးနုနှင့် ဆွေးနွေးရန် ရောက်ရှိလာခဲ့သည်။ ဝန်ကြီးချုပ်ဦးနုနှင့်အတူ ဒုတိယဝန်ကြီးချုပ် သခင်တင်၊ ဝန်ကြီးဗိုလ်မင်းခေါင်၊ ဝန်ကြီးဦးတင်မောင်တို့လည်း ရှိနေကြသည်။ ဆွေးနွေးပွဲ စတင်သည်နှင့် ဝန်ကြီးချုပ်က...



**အာဏာသိမ်းပြီးနောက် နိုင်ငံရေးပါတီအသီးသီးမှ ခေါင်းဆောင်များအား ရှင်းလင်းပြောကြားနေစဉ်**

"ခင်ဗျားတို့ မြို့တွင်းမှာ တင့်ကား၊ သံချပ်ကာ ကား၊ အမြောက်ကြီးတွေနဲ့ ဘယ်လို လုပ်နေကြတာတုံး" ဟု မေးမြန်းရာ ဗိုလ်မှူးကြီး မောင်မောင်က တပ်မတော်က အာဏာသိမ်းယူခြင်း ဖြစ်ကြောင်း၊ တပ်များကို အချက်အချာများတွင်လည်း ချထားနေဆဲ ဖြစ်ကြောင်း၊ ဝန်ကြီးများအားလုံးနှင့် ၎င်းတို့၏ ကိုယ်ရေးအရာရှိများ ရုံးတက်ခြင်းမပြုရန် ပြောကြားခဲ့သည်။ ထိုအခါ ဝန်ကြီးချုပ်ဦးနုက...

"အာဏာ မသိမ်းကြနဲ့။ အာဏာသိမ်းတာဟာ စစ်တပ်လည်း နာမည်ပျက်တယ်၊ တိုင်းပြည်လည်း နာမည်ပျက်တယ်၊ အဲဒီတော့ နောက် ၆ လကြာရင် လွှတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ ကျင်းပပါ့မယ်လို့ စစ်တပ်က ကတိပြုရင် စစ်တပ်ကို အာဏာ လွှဲပေးပါ့မယ်၊ ဒီလို အာဏာလွှဲပေးဖို့အတွက် လွှတ်တော်ကို ခေါ်လိုက်မယ်၊ လွှတ်တော် ကျင်းပတဲ့နေ့မှာ ကျုပ် ဝန်ကြီးချုပ်ရာထူးက ထွက်ပြီး၊ လွှတ်တော်က ဗိုလ်ချုပ်ကြီးနေဝင်းကို ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်အောင် ကျုပ်အဆို တင်သွင်းပေးမယ်"



ဟူ၍ ပြောခဲ့ကြောင်း ဦးနု၏ **'တာတေစနေသား'** စာအုပ်၌ ဖော်ပြထားလေသည်။

ဤကိစ္စနှင့်ပတ်သက်၍ ဝန်ကြီးချုပ်ဦးနုက ၃ လ အတွင်း ရွေးကောက်ပွဲ လုပ်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။ ဗိုလ်မှူးကြီး မောင်မောင်က ၃ လနှင့် တိုင်းပြည်ကို ငြိမ်းချမ်းအောင် မည်သည့်နည်းနှင့်မျှ မလုပ်နိုင်ကြောင်း၊ ရွေးကောက်ပွဲအချိန်ကျမှဆိုလျှင် ဖြစ်နိုင်ကြောင်း၊ တစ်နှစ်ခွဲခန့်အချိန်ရလျှင် တိုင်းပြည်ကို အသေအချာရှင်းလင်းသွားအောင် လုပ်ပေးရန် တာဝန်ယူကြောင်းပြောရာ၊ ဦးနုက မိမိအား ဆင်းဆိုလျှင်လည်း ဆင်းပေးမည်၊ ဖမ်းချင်လည်း ဖမ်း၊ ထောင်ချလိုက်လျှင်လည်း အရေးမဟုတ်ကြောင်း၊ သို့သော် တရားမျှတသော ရွေးကောက်ပွဲလုပ်ရန် အချိန်ကို ၃ လသာလျှင် ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သေးသည်ဟု ဆိုသည်။

ဤသို့ ပြောကြားပြီးနောက် ပြောကြားချက်များကို စာချုပ်သဘော မျိုး စာတစ်စောင်ရေးကာ ဗိုလ်ချုပ်ကြီးနေဝင်း သဘော တူ မတူကို မေးခိုင်းသည်ဟု ဆိုသည်။

ဦးနုထံမှ ပေးပို့သော စာတွင်...

ဗိုလ်ချုပ်ကြီးနေဝင်းကိုယ်တိုင် အစိုးရအဖွဲ့သစ်တစ်ဖွဲ့ကို ဖွဲ့ပြီးလျှင် ၁၉၅၉ ခုနှစ် ဧပြီလ မကုန်မီအတွင်း လွတ်လပ်၍ တရားမျှတသော အထွေထွေ ရွေးကောက်ပွဲကြီးကို ကျင်းပနိုင်ရန် လိုအပ်သည့် အစီအစဉ်များ ဆောင်ရွက်ပေးရန် သန့်ရှင်း ဖဆပလအဖွဲ့ ဗဟိုကော်မတီက လိုလား ကြောင်း၊ လိုလားချက်အတိုင်း ဝန်ကြီးချုပ်ရာထူးကို လက်ခံနိုင်မည်ဆိုလျှင် ၁၉၅၈ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကို ဆင့်ခေါ်ရန် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၅၇ အရ သမ္မတကြီး အား အကြံပေးမည်။ ပြည်သူ့လွှတ်တော် စတင်ကျင်းပသည့်နေ့တွင် မိမိ ဝန်ကြီးချုပ် ရာထူးမှ နုတ်ထွက်ပေးမည်။ ထို့နောက် ဗိုလ်ချုပ်ကြီးနေဝင်းကို ဝန်ကြီးချုပ်အဖြစ် တင်မြှောက်ရန် အဆိုတင်သွင်းမည်ဖြစ်ကြောင်း၊ ဗိုလ်ချုပ် ကြီးနေဝင်း အစိုးရအဖွဲ့တွင် သန့်ရှင်း ဖဆပလအဖွဲ့ဝင်များကို ထည့်ပေး ရန် မလိုကြောင်း၊ လွတ်လပ်၍ တရားမျှသော ရွေးကောက်ပွဲကြီးဖြစ်စေ ရန် အမှုထမ်းအရာထမ်းများအားလည်းကောင်း၊ လက်နက်ကိုင်အဖွဲ့အစည်း များအားလည်းကောင်း၊ နိုင်ငံရေးနယ်ပယ်အတွင်းသို့ ကျူးကျော်ဝင်ရောက် မှုများ မရှိစေရန် ထိန်းသိမ်း စောင့်ရှောက်ပေးစေလိုကြောင်း၊ လက်နက် ကိုင် အဖွဲ့အစည်းများသည် စည်းကမ်းသေဝပ်မှုရှိကြသော်လည်း လက်နက် ကိုင် အဖွဲ့အစည်းအချို့၏ ဖိနှိပ်ချုပ်ချယ်မှုများ၊ ရက်စက်မှုများနှင့် သတ် ဖြတ်မှုများကို မိမိခရီးထွက်စဉ်က ခံရသူ ကာယကံရှင်များက တိုင်ကြား ကြကြောင်း၊ ဤအဓမ္မမှုများကို ဦးစားပေးနှိပ်ကွပ်စေလိုကြောင်း၊ ရာဇဝတ် မှုများကိုလည်း အထူးဦးစားပေးနှိပ်ကွပ်စေလိုကြောင်း ဖော်ပြထားသည်။

အထူးသဖြင့် ပြည်ထောင်စုသားများ အထူးမျှော်လင့်တောင့်တလျက် ရှိသည့် ငြိမ်းချမ်းရေး အောင်ပန်းကို ရာနှုန်းပြည့်ဆွတ်ခူးပေးရန် မေတ္တာ ရပ်ခံလိုကြောင်း၊ နိုင်ငံခြားရေးတွင်လည်း ကြားနေရေးဝါဒကို ဆက်လက် ကျင့်သုံးရန် အထူးတိုက်တွန်းလိုကြောင်းများ ဖော်ပြထားသည်။

၎င်းစာကို ယူကာ ဗိုလ်မှူးကြီးမောင်မောင်တို့က ဗိုလ်ချုပ်ကြီး နေဝင်းထံ သွားရောက် တင်ပြဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပြီးနောက် ဗိုလ်ချုပ်ကြီးနေဝင်းက သဘောတူကြောင်း ပြန်စာကို ယူလာခဲ့သည်။

ဤသို့ ပြန်ကြားရာတွင် စာနှစ်စောင်ပါလာခဲ့သည်။ ၎င်းစာပါ အကြောင်းအရာများမှာ အတူတူပင် ဖြစ်သော်လည်း တစ်စောင်တွင် ဗိုလ်ချုပ်ကြီးနေဝင်း တစ်ဦးသာ လက်မှတ်ထိုးပြီး၊ အခြားတစ်စောင်တွင် တပ်မတော်ထိပ်တန်းအရာရှိများကပါ လက်မှတ်ရေးထိုးထားသည်။




**ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဗိုလ်မှူးချုပ်အောင်ကြီး**
**တောင်သူလယ်သမား ညီလာခံသို့ တက်ရောက်လာစဉ်**

ဗိုလ်ချုပ်ကြီးနေဝင်း၏ စာတွင်...

"ဤမျှ ကြီးလေးသော တာဝန်ကြီးကို ထမ်းဆောင်ရန် များစွာ ဦးလေးကြောင်း၊ သို့သော် ဝန်ကြီးချုပ်၏စေတနာကို လေးစားသော ကြောင့် ဝန်ကြီးချုပ်က လိုအပ်၍ ဤတာဝန်ကို ထမ်းဆောင်မှ သင့်လျော်

မည်ဆိုလျှင် အစွမ်းကုန် ကြိုးစား၍ နိုင်ငံတော်ကို ထိန်းသိမ်းမည်ဖြစ်ကြောင်း၊ သို့သော် မိမိသည် တိုင်းပြည်အုပ်ချုပ်သည့် တာဝန်ကို လုပ်ကိုင်ဖူးခြင်းလည်း မရှိ၊ လုပ်မည်ဟုလည်း မည်သည့်အခါကမှ မရည်ရွယ်ခဲ့၊ လုပ်အံ့ဟုလည်း မည်သည့်အခါကမှ မစဉ်းစားဖူးပါသဖြင့် မိမိသည် ရိုးသားဖြူစင်စွာ ဤတာဝန်ကို ထမ်းဆောင်ရာတွင် ချွတ်ယွင်းချက်များ ရှိပါလျှင် ခွင့်လွှတ်နိုင်မည်ဟု ယူဆကြောင်း၊ ခွင့်လွှတ်ရန်လည်း တောင်းပန်ကြောင်း ဖော်ပြထားသည်။ ဆက်လက်၍ ၁၉၅၉ ခုနှစ် ဧပြီလ မကုန်မီလွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ကျင်းပပေးရန် ကတိပြုကြောင်း၊ အစိုးရအဖွဲ့သစ်ဖွဲ့ရလျှင် ပြည်နယ်များနှင့် ချင်းဝိသေသတိုင်းတို့မှ သင့်လျော်မည့် ကိုယ်စားလှယ်များမှတစ်ပါး ပြည်မတွင်ရှိသော နိုင်ငံရေးအဖွဲ့အစည်းထဲမှ မည်သည့်ကိုယ်စားလှယ်မျှ ထည့်သွင်းမည်မဟုတ်ကြောင်း၊ အမှုထမ်းများ၊ လက်နက်ကိုင်အဖွဲ့အစည်းများ၏ နိုင်ငံရေးနယ်နိမိတ်တွင်းသို့ ကျူးကျော်မှုများ မဖြစ်ပွားရန် အထူး ထိန်းသိမ်းစောင့်ရှောက်မည်ဖြစ်ကြောင်း၊ လက်နက်ကိုင်အဖွဲ့အစည်းအချို့ပေါ် အဓမ္မပြုမှုများ၊ ရာဇဝတ်မှုများဖွဲ့လည်း ပပျောက်သွားရန် အထူးဦးစားပေးဆောင်ရွက်ရန် ကတိပြုကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန်လည်းကြိုးစားအားထုတ်မည်ဖြစ်ကြောင်း၊ နိုင်ငံခြားရေးတွင် တည့်မတ်စွာကြားနေရေးဝါဒကို မည်သည့်နည်းနှင့်မျှ စွန့်လွှတ်မည် မဟုတ်ကြောင်း ကတိပြုပါသည်" ဟူ၍ ပါရှိသည်။ ဦးနုနှင့် ဗိုလ်ချုပ်ကြီးနေဝင်းတို့၏ အပြန်အလှန် ပေးစာနှစ်စောင်ကို ၁၉၅၈ စက်တင်ဘာ ၂၇ ရက်ထုတ် နေ့စဉ်သတင်းစာများတွင်လည်း ဖော်ပြခဲ့ကြလေသည်။

သို့သော် အဆိုပါပေးစာနှစ်စောင်စလုံးကို ဝန်ကြီးချုပ် ဦးနုကပင် ရေးသားခဲ့ကြောင်း သိရှိရပေသည်။

ယင်းနောက် ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသား ညီညွတ်ရေး တပ်ပေါင်းစု (ပမညတ) အပါအဝင် အတိုက်အခံ နိုင်ငံရေးသမားများက ကန့်ကွက်နေသည့်ကြားမှပင် ၁၉၅၈ အောက်တိုဘာလ ၂၈ ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုက ပြည်သူ့လွှတ်တော်အစည်းအဝေး၌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းကို ဝန်ကြီးချုပ်အဖြစ် အဆိုတင်သွင်းခဲ့လေသည်။ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး



အိမ်စောင့်အစိုးရခေတ်တွင် တွေ့မြင်ရသော ဗိုလ်ချုပ်ကြီးနေဝင်း

နေဝင်း ခေါင်းဆောင်သော အစိုးရအဖွဲ့သစ် ကျမ်းသစ္စာကျိန်ဆို၍ နိုင်ငံတော် သမ္မတဦးဝင်းမောင် (မန်းဝင်းမောင်) သည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၅၆ (၂) အရ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများကို ခန့်အပ်လိုက်ရတော့သည်။

အစိုးရအဖွဲ့ဝင်ဝန်ကြီးများမှာ...

| | | |
|---|---|---|
| ၁။ | ဗိုလ်ချုပ်ကြီးနေဝင်း | - နိုင်ငံတော် ဝန်ကြီးချုပ်၊ ကာကွယ်ရေးဌာန၊ အမျိုးသားစီမံကိန်းဌာန။ |
| ၂။ | အဂ္ဂမဟာသရေစည်သူ သတိုးသီရိသုဓမ္မဦးသိမ်းမောင် | - ဒုတိယ ဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဌာန၊ သာသနာရေးဌာန၊ ကျန်းမာရေးဌာန၊ ပြည်သူ့ ဝန်ထမ်းဌာနဝန်ကြီး။ |
| ၃။ | စဝ်ဝဏ္ဏ | - ကယားပြည်နယ်ဝန်ကြီး |
| ၄။ | သတိုးမဟာသရေစည်သူ စဝ်ဟုံဖ | - ရှမ်းပြည်နယ်ဝန်ကြီး |
| ၅။ | ဒေါက်တာစောလှထွန်း | - ကရင်ပြည်နယ်ဝန်ကြီး |
| ၆။ | ဒူဝါဇော်လွန်း | - ကချင်ပြည်နယ်ဝန်ကြီး |
| ၇။ | ဦးထန်လျန်း | - ချင်းရေးရာဝန်ကြီး |
| ၈။ | မဟာသရေစည်သူ ဦးခင်မောင်ဖြူ | - ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဌာန၊ ဒီမိုကရေစီဒေသန္တရအဖွဲ့များဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဝန်ကြီးဌာန ဝန်ကြီး။ |
| ၉။ | သတိုးမဟာသရေစည်သူ ဦးချန်ထွန်းအောင် | - တရားရေးဌာနဝန်ကြီး |
| ၁၀။ | ဦးကျော်ငြိမ်း | - ဘဏ္ဍာရေးနှင့်အခွန်တော် ဝန်ကြီးဌာနဝန်ကြီး။ |
| ၁၁။ | စည်သူဦးဘကြား | - ကုန်သွယ်မှု တိုးတက်ရေး ဝန်ကြီးဌာန၊ သမဝါယမနှင့် ကုန်စည်ဖြန့်ဖြူးရေး ဝန်ကြီးဌာန၊ ပစ္စည်းထောက်ပံ့ရေး ဝန်ကြီးဌာနဝန်ကြီး။ |



**တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဦးနေဝင်းက**
**အကြံပေး ၃၃ ဦးအဖွဲ့ဝင်များအား တွေ့ဆုံဆွေးနွေးစဉ်**

၁၂။ သရေစည်သူဦးစံညွန့် – သယ်ယူပို့ဆောင်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ ရေကြောင်းနှင့် မြို့ပြလေကြောင်း ဝန်ကြီးဌာန၊ ပြည်သူ့လုပ်ငန်း၊ အိမ်ရာဆောက်လုပ်ရေးနှင့် ပြန်လည် ထူထောင်ရေး ဝန်ကြီးဌာန ဝန်ကြီး။

၁၃။ ဦးကာ – ပညာရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး ဝန်ကြီးဌာနဝန်ကြီး။

၁၄။ သီရိပျံချီဦးချစ်သောင် – စက်မှုလက်မှုဝန်ကြီးဌာန၊ သတ္တုတွင်းနှင့် အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထောင်စုယဉ်ကျေးမှု ဝန်ကြီးဌာနဝန်ကြီး။

တို့ ဖြစ်ကြပေသည်။

သို့သော် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော အိမ်စောင့်အစိုးရသည် ၆ လပြည့်သည့်တိုင်အောင် ရွေးကောက်ပွဲ ကျင်းပ မပေးနိုင်၍၊ ပါလီမန်အမတ် မဟုတ်သူတစ်ယောက်အား ၆ လထက် ကျော်လွန်ပြီး၊ ဝန်ကြီး (သို့မဟုတ်) ဝန်ကြီးချုပ် လုပ်ခွင့်မပြု ဆိုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၁၁၆) ကို ပြင်ဆင်၍ နောက်ထပ် ၆ လ တိုးပေးရန် တောင်းဆိုခဲ့ရာ ပါလီမန်၌ အတိုက်အခံများ၏ အပြင်းအထန် ကန့်ကွက်ခြင်း ခံခဲ့ရသည်။ ယင်းနောက် ၁၉၅၉ ခု ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးနေဝင်းက နိုင်ငံတော်သမ္မတထံ ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်လွှာ တင်သွင်းခဲ့သည်။

ယင်းသို့ နုတ်ထွက်သွားပြီးနောက် နိုင်ငံတော်သမ္မတထံ ပေးပို့သော နုတ်ထွက်လွှာမှာ အောက်ပါအတိုင်းဖြစ်သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ကြီးချုပ်**
**နေ့စွဲ။ ၁၉၅၉၊ ဖေဖော်ဝါရီလ ၁၃ ရက်**

**အတွင်းစာအမှတ် ၁၈ (ဥ) ၀၅၉**
**အစီရင်ခံပါသည်ခင်ဗျား။**

ကျွန်တော်သည် နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် ၁၉၅၈ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့မှ ယနေ့ ၁၉၅၉ ဖေဖော်ဝါရီလ ၁၃ ရက်နေ့အထိ ဆောင်ရွက်ခဲ့သည့် အချိန်အပိုင်းအတွင်း၊ အဖြစ်အပျက်အခြေအနေတို့ကို ယနေ့ ပါလီမန်သို့ ကျွန်တော် တင်ပြမည့် ပူးတွဲပါအစီရင်ခံချက်တွင် တွေ့ရပါလိမ့်မည်။

ထိုအစီရင်ခံချက်တွင် ဖော်ပြပါရှိသော အချက်အလက်များကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ–၁၁၇ (၁) အရ၊ နိုင်ငံတော်ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်သည့် ဤနုတ်ထွက်လွှာကို နိုင်ငံတော်သမ္မတ၏ လက်သို့ ပေးအပ်ပါသည်။

**(ပုံ) (ဗိုလ်နေဝင်း)**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**(ဗိုလ်ချုပ်ကြီးနေဝင်း)**



**တရုတ်ပြည်ခေါင်းဆောင်ကြီး တိန်ရှောင်ဖိန်အား လက်ဆွဲနှုတ်ဆက်နေစဉ်။**

အထက်ပါစာတွင် ပါရှိသည့်အတိုင်း ဗိုလ်ချုပ်ကြီးနေဝင်းသည် ၁၉၅၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ အဋ္ဌမအကြိမ်မြောက် ပြည်သူ့လွှတ်တော်ပါလီမန်အစည်းအဝေးသို့ မိမိသည် မည်သည့်အကြောင်းများကြောင့် နုတ်ထွက်ခွင့်တင်ကြောင်းကို အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ဗိုလ်ချုပ်ကြီးနေဝင်းက မိမိနုတ်ထွက်ရခြင်း အခြားအကြောင်းတစ်ရပ်ကိုလည်း ဤသို့ အကျယ်တဝင့် ရှင်းပြသွားခဲ့သည်။

> ဥက္ကဋ္ဌကြီးခင်ဗျား။ ပါလီမန်ရွေးကောက်ပွဲကို ဧပြီလမှာ လုပ်ရမည်ကို ဆုံးဖြတ်ကြလျှင် ကျွန်တော်ကလည်း ယနေ့နံနက် ဝန်ကြီးချုပ် ရာထူးမှ နုတ်ထွက်ပြီးသား ဖြစ်နေတော့ ဧပြီလ ရွေးကောက်ပွဲမှာ တင်မြှောက်မည့် အစိုးရ မဖွဲ့စည်းရမီ ယာယီအစိုးရတစ်ခု ရှိရပါလိမ့်မည်။ လက်ရှိအခြေအနေနှင့် ဆိုလို့ရှိလျှင်ဖြင့် ကျွန်တော်တို့ အစိုးရအပေါ်မှာ နိုင်ငံရေးပါတီတွေ ထားရှိတဲ့ သဘောထားအခြေအနေတွေအရ ကျွန်တော်ဝန်ကြီးချုပ်အဖြစ် ဆက်လုပ်ဖို့ မသင့်

တော့ဘူးလို့ ယူဆတဲ့ ဒုတိယအကြောင်း အတွက်လည်း ဝန်ကြီး ချုပ်အဖြစ်က နုတ်ထွက်ခဲ့ခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အောက်တိုဘာလ လွှတ်တော်မှာ ကျွန်တော် ကို ဝန်ကြီးချုပ်အဖြစ် တင်မြှောက်ခဲ့စဉ်က ပါလီမန်မှာ အင်အား ကြီးမားတဲ့ သန့်ရှင်း ဖဆပလ၊ တည်မြဲ ဖဆပလ အဖွဲ့ရဲ့ ထောက်ပံ့မှုကို ရရှိခဲ့ပါတယ်။ ယခုလို အများစုရဲ့ ထောက်ခံမှုကို ရလို့လည်း ဝန်ကြီးချုပ်အဖြစ် ကျွန်တော် ရှောရှောရှူရှူ လက်ခံ ခဲ့ခြင်း ဖြစ်ပါတယ်။ ယခုအချိန်မှာ စာလျှင်တော့ ကျွန်တော့်အစိုးရ ကို တည်မြဲ ဖဆပလက ဧပြီလ ရွေးကောက်ပွဲလုပ်တဲ့အထိ ထောက်ခံနေတယ်။ နောက်ထပ်ဆက်လုပ်ဖို့ လိုအပ်တယ်ဆိုလျှင် လည်း ထောက်ခံဦးမည်လို့ ကြေညာထားတာ တွေ့ရပါတယ်။ သို့သော် သန့်ရှင်း ဖဆပလ ကတော့ သဘောတစ်မျိုး ပြောင်း သွားပါပြီ။ သူတို့က ကျွန်တော် ခေါင်းဆောင်တဲ့ အစိုးရ တက် လာတဲ့ ၃ လ ကျော်ကျော်ပိုင်းအတွင်းမှာ သန့်ရှင်းအဖွဲ့ကို ဖိနှိပ် ချုပ်ချယ်တဲ့အနေနဲ့ ဖမ်းလားဆီးလား လုပ်တယ်လို့ စွပ်စွဲရင်း ရှိပါတယ်။ တစ်နည်းဆိုလျှင် ကျွန်တော်တို့ အစိုးရအပေါ် အလျှင် က ယုံကြည်မှုမျိုး မရှိတော့ဘူးဆိုတာ အရိပ်အယောင်ပြလိုက်သလို ဖြစ်နေပါတော့တယ်။ ကျွန်တော်တို့ အစိုးရ စဖွဲ့တဲ့အချိန်က အဆိုသွင်းပေးခဲ့တဲ့ သန့်ရှင်း ဖဆပလရဲ့ အငြိုအငြင်ကို ခုလို ခံခဲ့ရတော့ ကျွန်တော် ဝန်ကြီးချုပ်အဖြစ် သည်အတိုင်း ဆက်လက် ပြီး ဆောင်ရွက်ချင်စရာ မရှိတော့တဲ့ အကြောင်းတစ်ခု ဖြစ်လာပြန် ပါတယ်။ ဒါကြောင့်မို့ သည်ကနေ့ကစပြီး ဧပြီလ ရွေးကောက်ပွဲ လုပ်တဲ့အထိပဲဖြစ်ဖြစ်၊ သည့်ထက်ရောက်ကျတဲ့အချိန်အထိပဲ ဖြစ် ဖြစ်၊ ဖြစ်ပေါ်လျှင်တော့ ကျွန်တော်ဝန်ကြီးချုပ်အဖြစ် ဆက်ပြီး မဆောင်ရွက်လိုတော့ပါ။

ဤသို့ နုတ်ထွက်ရခြင်းအကြောင်းရင်း နှစ်ရပ်ကို အကျယ်တဝင့် ရှင်းလင်းပြီးနောက် ဗိုလ်ချုပ်ကြီးနေဝင်းသည် ၁၉၅၉ ဧပြီလအတွင်း ရွေးကောက်ပွဲကျင်းပ သင့် မသင့် ကိစ္စကို ပါလီမန်က ဆုံးဖြတ်ရန် တာဝန်လွှဲအပ်လိုက်သည်။



**၁၉၆၁ မေလ ၃၁ ရက်နေ့၌ ဆိုဗီယက်နိုင်ငံ ကရင်မလင်၌ ဆိုဗီယက်ခေါင်းဆောင် ကရုရှော့နှင့် အတူတွေ့ရစဉ်။**

ဗိုလ်ချုပ်ကြီးနေဝင်း၏ မိန့်ခွန်းအား ၁၉၅၉၊ ဖေဖော်ဝါရီ ၁၆ ရက်နေ့၌ ကျင်းပသော လွှတ်တော်၌ သာယာဝတီ သခင်ချစ်မောင် (နောင် ဝိဓူရ သခင်ချစ်မောင်) က အပြင်းအထန် ဝေဖန်သွားခဲ့လေသည်။

သခင်ချစ်မောင်၏ ဝေဖန်ပြောကြားမှု အပြည့်အစုံမှာ အောက်ပါ အတိုင်း ဖြစ်သည်။

ဥက္ကဋ္ဌကြီးခင်ဗျား... နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ တိုင်းပြည်ရဲ့အခြေအနေများပေါ်မှာ အစီရင်ခံတဲ့ မိန့်ခွန်းကို ယခုလို ဆွေးနွေး ဝေဖန်ခွင့်ရတဲ့အတွက် ဥက္ကဋ္ဌကြီးအားလည်းကောင်း၊ ဗိုလ်ချုပ်ကြီးနေဝင်း အားလည်းကောင်း ကျွန်တော်အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ သို့သော် လည်း ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဝန်ကြီးချုပ်ဟောင်း ဦးနုတို့ ထားရှိတဲ့ ကတိအတိုင်း ဧပြီလ မတိုင်မီမှာ ရွေးကောက်ပွဲ ကျင်းပမပေးနိုင်တဲ့ အကြောင်း၊ ဘာကြောင့် နုတ်ထွက်လိုက်ရပါပြီ ဆိုတဲ့အကြောင်း ဒီလို မိန့်ခွန်းကို ကြားလိုက်ရတဲ့အချိန် ၄ နာရီကစပြီး ကျွန်တော်နှင့်တကွ

ဒီမိုကရေစီ ချစ်မြတ်နိုးကြတဲ့ တိုင်းသူပြည်သားများဟာ အင်မတန်ပဲ စိတ်မချမ်းသာဖြစ်နေကြရပါတယ်။

သို့သော်လည်း ဝန်ကြီးချုပ်မိန့်ခွန်းဟာဖြင့် ဒီနေ့တိုင်းပြည်မှာ သေရေးရှင်ရေးတမျှ ဆိုက်ရောက်နေတဲ့ အကျပ်အတည်းများကို ဖော်ပြပြီး ဒီအကျပ်အတည်းများကို ဒီလိုက ဘယ်လိုထွက်ရမယ်ဆိုတဲ့ ထွက်ရပ်လမ်းများကို ဖော်ပြတဲ့ မိန့်ခွန်းကြီး ဖြစ်ပါတယ်။ ဒါကြောင့် ဒီမိန့်ခွန်းမှာ သဘောတူနိုင်တာတွေ မတူနိုင်တာတွေ ဘယ်ပုံရှိတယ်၊ ဘယ်နည်းဟာ တိုင်းပြည်ရဲ့ ထွက်ရပ်လမ်းဖြစ်တယ်ဆိုတာ ကျွန်တော်တို့က တိတိလင်းလင်း ဒီလွှတ်တော်မှတစ်ဆင့် နိုင်ငံတော်ကို တင်ပြရမည့် ကြီးစွာသော ဝတ္တရားရှိပါတယ်။ ဒီလိုဝတ္တရားရှိတဲ့အတိုင်း ယခုလို ဝေဖန်ဆွေးနွေးရခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ လွတ်လပ်ရေးသက်တမ်း ၁၀ နှစ်အတွင်းမှာ အကျပ်အတည်းပေါင်းများစွာ ရှိခဲ့ဖူးပါတယ်။ ဥပမာ ပါလီမန်လွှတ်တော်ကြီးက တိုင်းသူပြည်သားတွေ အင်မတန် လိုလားတောင့်တနေတဲ့ ငြိမ်းချမ်းရေးကို မပေးနိုင်ခဲ့ပါဘူး။ ဒီနေ့အထိလည်း မပေးနိုင်ခဲ့ပါဘူး။ တိုင်းသူပြည်သားတွေမှာဆိုလျှင် အသက်အိုးအိမ်စည်းစိမ်ကို လုံခြုံမှုကင်းကွာပြီး သွေးချောင်းစီးတဲ့ မြန်မာနိုင်ငံတော်မှာ သွေးအိုင်တွေထဲမှာ အလူးအလိမ့်ခံနေကြရပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေး ဆိတ်သုဉ်းပြီး ပါလီမန်လွှတ်တော်က တိုင်းသူပြည်သားတွေ လိုချင်တဲ့ ငြိမ်းချမ်းရေးကို မပေးနိုင်ခဲ့တာဟာ ဒီနေ့ပြည်သူတွေ ရင်ဆိုင်နေရတဲ့ ငြိမ်းချမ်းရေးအကျပ်အတည်းကြီး ဖြစ်ပါတယ်။

နောင်လာနောင်သားများအတွက် တိုင်းပြည်ကို ယုံပြီး အပ်ခြင်းခံရတဲ့ ဒီ ပါလီမန် လွှတ်တော်ကြီးက တည်ငြိမ်တဲ့၊ ခိုင်မာတဲ့၊ မှန်ကန်တဲ့ ပညာရေးစနစ်ကြီးကို ဖြေရှင်းပေးခဲ့သလားဆိုလျှင်... ဒါကို ဖြေရမည်ဆိုလျှင် ရှက်စရာကောင်းပါတယ်။ ဒီနေ့ထိအောင် မထိန်းသိမ်းနိုင်ခဲ့ပါဘူး။ ဒီနေ့မှာဆိုလျှင် မော်တော်ကား ဂီယာပြောင်းသလို ခဏ ခဏ ဒီနေ့တစ်မျိုး၊ မနက်ဖြန်တစ်မျိုး ခဏခဏပြောင်းပြီး ကလေးများရဲ့ ပညာသင်ကြားရေးဟာလည်း ဒီနေ့တိုင်အောင် ပုံသေကားကျ မရှိသေးပါဘူး။ ဒါဟာ ၁၀



**တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး သတိုးသီရိသုဓမ္မ နေဝင်း**

နှစ် အတောအတွင်းမှာ လွှဲမှားနေတဲ့ ပညာရေး အကျပ်အတည်းတစ်ခု ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား… ဒါတင်မကသေးပါဘူး။ ကျွန်တော်တို့မှာ အိုးမဲ့အိမ်မဲ့ ပြဿနာတွေဟာ အင်မတန်ကြီးကျယ်နေခဲ့ပါတယ်။ ဒီနေ့ ဆိုလျှင် မြူနီစီပါယ်မင်းကြီးလုပ်နေတဲ့ ဗိုလ်မှူးကြီးထွန်းစိန်ဆိုလျှင် သူ ကိုယ်တိုင် အမုန်းတီးခံပြီးတော့ တဲအိမ်ပြဿနာတွေ၊ အိုးအိမ်ပြဿနာ တွေကို ဆောင်ရွက်နေပါတယ်။

ရန်ကုန်မြို့တွင် မဟုတ်ဘဲ ဒါဟာ မြန်မာပြည်တစ်ပြည်လုံးရဲ့ ပြဿနာ ဖြစ်နေပါတယ်။ အဲဒီပြဿနာနှင့် ကျန်းမာရေးပြဿနာတို့ ပညာရေးပြဿနာတို့၊ လူမှုရေးပြဿနာတို့ဆိုတဲ့ အကျပ်အတည်းတွေကို

လည်း ဒီနေ့ထိအောင် တိုင်းပြည်က ယုံပြီး ပုံအပ်ခြင်းခံရတဲ့ ပါလီမန်လွှတ်တော် ၁၀ နှစ် သက်တမ်း အတောအတွင်းမှာ ကျေနပ်လောက်အောင် ဘာမှ မဖြေရှင်းနိုင်သေးပါဘူးဆိုတာ တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား... ဒါတင်မကသေးဘဲ ဗိုလ်ချုပ်အောင်ဆန်းက ပြောခဲ့တယ်။ တို့တိုင်းပြည်ရဲ့မြေကို တစ်လက်မမျှ အကျူးကျော်မခံရဆိုတဲ့ အဲဒီသြဝါဒမိန့်ခွန်းကိုလည်း ဒီနေ့အဖို့မှာ မေ့သလို ဖြစ်နေပါတယ်။ တစ်မျိုးသားလုံးရဲ့ လုံခြုံရေးဖြစ်တဲ့ ကျွန်တော်တို့ရဲ့နယ်မြေပေါ်မှာ ကမ္ဘာ့စစ်ဘီလူးများဖြစ်တဲ့ အမေရိကန်အစိုးရရဲ့ ကြိုးကိုင်ချယ်လှယ်ခြင်းခံရတဲ့ ကူမင်တန်တပ်များဟာ မြန်မာနယ်မြေပေါ်မှာ ကျူးကျော်နေပါတယ်။ ကူမင်တန်တပ်များကို တိုင်းပြည်က ယုံပြီး ပုံအပ်ခြင်းခံရတဲ့ ဒီပါလီမန်လွှတ်တော်ကြီး ဗမာ့မြေ တစ်လက်မမှ မဟုတ်ပါဘူး။ အရှေ့ပိုင်းတစ်ပိုင်းလုံး လွှမ်းမိုးနေတဲ့ ကူမင်တန် ကျူးကျော်မှုပြဿနာကို ဒီပါလီမန်လွှတ်တော်ကြီးက မဖြေရှင်းနိုင်သေးပါဘူး။



**ပထမအကြိမ် စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ ပထမနေ့၌ မိန့်ခွန်းပြောကြားနေစဉ်။**

အဲဒီလိုအကျပ်အတည်းပေါင်းများစွာနှင့် ၁၀ နှစ်သက်တမ်းအတွင်းမှာ ရင်ဆိုင်နေရတဲ့ ဒီပြဿနာတွေဟာ ဖြေရှင်းပေးဖို့ တန်းလန်းကြီးပဲ ရှိပါသေးတယ်။ ဘာမှကျေနပ်လောက်အောင် မဖြေရှင်းနိုင်သေးပါဘူး။ သို့သော်လည်း ဥက္ကဋ္ဌကြီးခင်ဗျား… ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကြီးဟာ ပျက်သွားသလားဆိုတာ မပျက်သေးပါဘူး။ ဘာက ခံနေသလဲဆိုရင် ဘယ်အခြေခံအင်အားနှင့် ခံနေသလဲဆိုရင် ဒီလွှတ်တော်ကြီးတစ်ခုလုံးက ပြည်ထောင်စုမြန်မာနိုင်ငံမှာ ဒီအကျပ်အတည်းပေါင်းများစွာနှင့် ၁၀ နှစ်အတောအတွင်းမှာ ရင်ဆိုင်နေရပေမဲ့ ဘယ်အင်အားက ခုခံနေသလဲဆိုလျှင် ကျွန်တော်တို့မှာ အင်အား သုံးပါး ရှိပါတယ်။



နိုင်ငံတော်ကောင်စီဥက္ကဋ္ဌနှင့် သမ္မတကြီး ဦးနေဝင်း

ကျွန်တော်တို့အချင်းချင်းကွဲပြီး သန့်ရှင်း ဖဆပလ၊ တည်မြဲဖဆပလ၊ ပမညတ၊ ဆိုရှယ်နီ ဆိုပြီး ကွဲနေပေမဲ့...၊ အယူအဆကွဲနေကြသော်လည်း ပြည်ထောင်စု မြန်မာနိုင်ငံမှာ အကျပ်အတည်းပေါင်းများစွာနှင့် ရင်ဆိုင်နေရတဲ့ကြားက ဒီနေ့ထိအောင် ခံနိုင်ရည်ရှိနေတာက အင်အားကြီးသုံးပါး ရှိပါတယ်။ တစ်နည်းအားဖြင့် ဆိုရလျှင် ကျွန်တော်တို့အင်အားရဲ့ အခြေခံ တရားကြီး သုံးပါးပါပဲ။

ဥက္ကဋ္ဌကြီးခင်ဗျား... ပထမအင်အားကတော့ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေ တည်မြဲနေသေးတာဟာ ကျွန်တော်တို့ရဲ့ အင်အားတစ်ပါးပါ။ ဘယ်လောက်ပဲ သဘောတွေ ကွဲလွဲနေပါစေ...၊ ဘယ်လောက် အကျပ်အတည်းတွေ ရင်ဆိုင်နေရပါစေ... ကျွန်တော်တို့ ခံနိုင်ရည် အင်အားကတော့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ တည်မြဲနေသေးတာဟာ ကျွန်တော်တို့ရဲ့ အင်အားပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား... ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ တည်မြဲတယ်ဆိုတာ ဘာတည်မြဲသလဲလို့ ပြန်စဉ်းစားဖို့ လိုတယ်။ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၁၊ ပုဒ်မ ၃ မှာ ပြည်ထောင်စု မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာသည် နိုင်ငံသားတို့၌ တည်သည် ဆိုတဲ့ အင်အားဖြစ်ပါတယ်။ ဒါဟာ အနှစ်သာရဖြစ်ပါတယ်။ ဒီလို အဓိက အနှစ်သာရနှင့် အသည်းနှလုံး မပျောက်သေးသမျှ ပြည်ထောင်စု မြန်မာနိုင်ငံဟာ ဘယ်တော့မှ မပျက်နိုင်ပါဘူး။ ဒါကို ပထမ သေသေချာချာ ယုံကြည်ပါတယ်။ ဒါက ပထမအင်အားဖြစ်ပါတယ်။

ဒုတိယအင်အားကတော့... ကျွန်တော်တို့နိုင်ငံက ဖွဲ့စည်းပုံမှာ ကျွန်တော်တို့ရဲ့ အချုပ်အခြာ အာဏာသည် နိုင်ငံသားတို့မှာ တည်ရမည် ဆိုပြီးတဲ့နောက် ဒီအာဏာကို ကျင့်သုံးတဲ့နေရာမှာ ပါလီမန်ဒီမိုကရေစီစနစ်ဖြစ်ပါတယ်။ ဒီပါလီမန်ဒီမိုကရေစီစနစ် တည်တဲ့နေသည်နှင့်အမျှ ဒီပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး မပျက်သေးဘူးဆိုတာ အာမခံထားတဲ့ ဒုတိယအင်အားဖြစ်ပါတယ်။ ပါလီမန်ဒီမိုကရေစီရဲ့ အနှစ်သာရ အသည်းနှလုံးဟာ ဘာလဲလို့ မေးစရာရှိပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း ၆ မှာ ပါလီမန် ဖွဲ့စည်းခြင်းနှင့် အခွင့်အာဏာဆိုင်ရာ ပြဋ္ဌာန်း




မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌ ဦးနေဝင်း မိန့်ခွန်းပြောကြားနေစဉ်။

ချက်နှင့်တကွ ပါလီမန်ဒီမိုကရေစီ ထုံးတမ်းစဉ်လာတွေဟာဖြင့် ဒုတိယ အင်အားဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား... တစ်လုံးတည်းပဲ ချုပ်ပြောပါဆိုလျှင် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ပါလီမန်လွှတ်တော်က စုပေါင်းပြီး၊ တိုင်းပြည်

ကို တာဝန်ခံတာဟာဖြင့် ပါလီမန်ဒီမိုကရေစီရဲ့ အဓိကအင်အားဖြစ်ပါတယ်။ ဒီအင်အား ဒီနေ့အထိအောင် ဆက်လက်တည်နေသမျှကာလပတ်လုံး ဘာ အကျပ်အတည်းနှင့် ရင်ဆိုင်နေရနေရ ဘယ်တော့မှ ပြည်ထောင်စုကြီးဟာ မပျက်စီးနိုင်ဘူးလို့ ယုံကြည်ပါတယ်။



**၁၉၈၈ ဖေဖော်ဝါရီလ ၂၈ ရက်နေ့က ထိုင်းအိမ်ရှေ့မင်းသား မဟာဗာဂျီရာ လောင်ကွန်အား စိမ်းလဲ့ကမ်းသာ ဧည့်ဂေဟာ၌ တွေ့ဆုံနှုတ်ဆက်နေစဉ်။**

ဥက္ကဋ္ဌကြီးခင်ဗျား... တတိယအင်အားက တခြား မဟုတ်ပါဘူး။ ပထမနှင့် ဒုတိယအင်အားကို အခြေခံပြုပြီး ဒီပါလီမန်လွှတ်တော်ကနေပြီး တိုင်းပြည်ကို တာဝန်ခံတဲ့ ပြည်သူ့ကိုယ်စားလှယ်အစိုးရကို ဒီပါလီမန် လွှတ်တော်က ရွေးကောက်ရသည် ဆိုတဲ့ သဘောပါပဲ။ တစ်နည်းအားဖြင့် ဆိုလျှင် ပါလီမန်လွှတ်တော်က ရွေးကောက်တင်မြှောက်တဲ့ အစိုးရကသာ တိုင်းပြည်ကို အုပ်ချုပ်ပေးရမည် ဆိုတဲ့မူဟာ ကျွန်တော်တို့ရဲ့ တတိယ အင်အားဖြစ်ပါတယ်။ အဲဒီအသည်းနှလုံးတွေဟာ ပြည်ထောင်စု မြန်မာ နိုင်ငံတော်ရဲ့ အင်အားသုံးရပ်၊ တစ်နည်းအားဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံ တော်ရဲ့ အင်အားကြီးသုံးရပ်ကို မပျက်စီးအောင် ထိန်းသိမ်းဖို့က ဒီ ပါလီမန်ရဲ့ အကြီးမားဆုံးသော မဟာဝတ္တရားကြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား... သန့်ရှင်းဖဆပလ အစိုးရဖြစ်ပြီး နောက် သုံးလအကြာ တိုင်းပြည်မှာ ရတ်ရတ်ရက်ရက်ဖြစ်ပြီးနောက် ဗိုလ်ချုပ်ကြီး

နေဝင်းနှင့်ဦးနုတို့ရဲ့ အာဏာလွှဲပြောင်းမှု ဖြစ်ခဲ့တယ်။ ဒီလိုအာဏာလွှဲပြောင်း ဖြစ်တဲ့အခါမှာ ဒီမိုကရေစီ အစဉ်အလာနဲ့ ဆန့်ကျင်ပြီး ဗိုလ်ချုပ်နေဝင်း အစိုးရ တက်လာတဲ့အတွက် ကျွန်တော်တို့ မူအားဖြင့် အလေးအနက် ကန့်ကွက်ခဲ့ပါတယ်။ ဒီနေရာမှာ လူရေးထက် မူရေးကို ပမညတ ဟာ ပြတ်ပြတ်သားသား ခြားနားခဲ့ပါတယ်။ ဗိုလ်ချုပ်နေဝင်းကိုလည်း ရာဇဝင် တစ်လျှောက်လုံးမှာ ယုံကြည်ခဲ့ပါတယ်။ အင်မတန် ယုံကြည်နိုင်တဲ့ ပုဂ္ဂိုလ် တစ်ယောက်လည်း ဖြစ်ပါတယ်။ သို့သော်လည်း လူရေးနှင့်မူရေးတိုက်ပွဲ ဆင်နွှဲတဲ့အခါမှာ မူရေးကို ရွေးရှုပြီး အလေးအနက် ကန့်ကွက်ခဲ့ပါသော် လည်း ဗိုလ်ချုပ်နေဝင်းနှင့် ဦးနု တို့ အာဏာ လွှဲပြောင်းတာဟာ စည်းကမ်း နှင့် အာဏာလွှဲပြောင်းတယ်လို့ ယုံကြည်ခဲ့ပါတယ်။ ဘယ်လိုစည်းကမ်း ရှိသလဲဆိုလျှင် ၁၉၅၉ ဧပြီလ (၆) လအတွင်း ရွေးကောက်ပွဲကျင်းပပေး ပါမည်ဆိုတဲ့ ကတိနှင့် အခြား ကတိကြီး ငါးချက် အပါအဝင် ကတိ (၆) ချက်ကို မူအားဖြင့် ကျွန်တော်တို့ ဆွေးနွေးထောက်ခံခဲ့ပါတယ်။ ဒီအတိုင်းပဲ ဆောင်ရွက်မယ်လို့ ပမညတအနေနဲ့ တိုင်းပြည်ကို အတိ အလင်း ကြေညာချက် ထုတ်ပြန်ခဲ့ပါတယ်။

သို့သော်လည်း (၆) လ စေ့ခါနီး (၃) လ ကျော်တဲ့အချိန်မှာ ကတိအတိုင်း မလုပ်ပေးနိုင်ဘူး ဆိုပြီးတော့ ၁၃ ရက်နေ့က လွှတ်တော် မှာ ကြေညာခဲ့တဲ့အတိုင်း အစိုးရအဖွဲ့မှ နုတ်ထွက်သွားပါတယ်။ ဒီလို နုတ်ထွက်သွားတဲ့အခါမှာ ပါလီမန်လွှတ်တော်ကို အကျပ်အတည်းကြီး (၃) ခု ပေးခဲ့ပါတယ်။ ဒါက ဘာလဲဆိုရင်...



မဆလပါတီ ဗဟိုကော်မတီ အစည်းအဝေး၌ တွေ့မြင်ရစဉ်။

ဥက္ကဋ္ဌကြီး ခင်ဗျား… ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောပါမယ်။ ပထမ အကျပ်အတည်းက ပြောလ မတိုင်မီ ရွေးကောက်ပွဲ ဘယ်နည်းနှင့်မျှ မကျင်းပနိုင်ဘူး။ ကျင်းပနိုင်တဲ့ အခြေအနေ မရှိဘူး။ အကယ်၍ ဉာဏ်ပါလီမန် လွှတ်တော်ကြီးက ဆုံးဖြတ်လျှင် အစိုးရအဖွဲ့က နုတ်ထွက်ပြီးသားဖြစ်တဲ့အတိုင်း သူဟာ ဘယ်နည်းနှင့်မျှ တာဝန် မခံနိုင်ဘူးဆိုပြီး ဒီလို ပြောဆိုခြင်းဟာ ပထမအကျပ်အတည်းဖြစ်ပါတယ်။



နိုင်ငံခြားသံတမန်များအား နှုတ်ဆက်နေစဉ်

ပထမ အကျပ်အတည်းတွေ့ရတာက ဗိုလ်ချုပ်ကြီးနေဝင်းဟာ ဘယ်သူလဲဆိုတာ ပြန်ဆန်းစစ်ကြည့်ဖို့ လိုပါတယ်။ တိုင်းပြည်မှာ ရှိနေတဲ့ နိုင်ငံတော်စစ်သည်တော် တစ်သိန်းကျော်ပေါ်မှာသော်လည်းကောင်း၊ ထို တစ်သိန်းကျော်နှင့်တကွ လက်နက်ကိုင်အင်အားစုများအပေါ်မှသော်လည်းကောင်း အင်မတန်ဩဇာညောင်းတဲ့ ဗိုလ်ချုပ်ကြီးဖြစ်ပါတယ်။ ဒီလို ဩဇာညောင်းတဲ့ ဗိုလ်ချုပ်ကြီးက ဒီပါလီမန်လွှတ်တော်က ရွေးကောက်ပွဲ လုပ်မည်လို့ ဆုံးဖြတ်လျှင်လည်း တာဝန်မခံနိုင်ဘူးလို့ဆိုရာ ရောက်စေပါတယ်။ ဘယ်သူ တာဝန် မခံနိုင်တာလဲ ဆိုတော့ အစိုးရအနေနှင့် တာဝန် မခံနိုင်ဘူးလို့ ဆိုထားပါတယ်။ စောစောက ကျွန်တော်အစီရင်ခံထားတဲ့ စစ်သည်

တစ်သိန်းကျော်နှင့်တကွ လက်နက်ကိုင်အင်အားစု အားလုံးအပေါ်မှာ အင်မတန်ဩဇာညောင်းတဲ့ ဗိုလ်ချုပ်ကြီးဖြစ်ပါတယ်။ ဒီလို ဗိုလ်ချုပ်ကြီး ကိုယ်တိုင်က တာဝန် မခံနိုင်တဲ့ ရွေးကောက်ပွဲကို ဒီပါလီမန်လွှတ်တော်က လုပ်ပေးရမည်လား၊ မလုပ်ပေးရမည်လားဆိုတဲ့ အကြောင်းဟာ အင်မတန် ကြီးကျယ်တဲ့ အကျပ်အတည်းဖြစ်ပါတယ်။



**ထိုင်းဘုရင်မင်းမြတ်အား ဘုရင့်နန်းတော်၌ တွေ့ဆုံနေစဉ်။**

ဥက္ကဋ္ဌကြီးခင်ဗျား... ဒုတိယအကျပ်ကိုင်ခဲ့တာ ရှိပါသေးတယ်။ ဘယ်လို အကျပ်ကိုင်ခဲ့သလဲဆိုရင် ဒီအချိန် ဒီအခြေအနေမှာ သောင်းကျန်းသူတွေရဲ့ အခြေအနေဟာ ပြေးလွှားနေရတဲ့အခြေအနေမှာ ဆက်တိုက် သုတ်သင်ရှင်းလင်းပစ်ဖို့ လိုပါတယ်။ ဒီလိုသုတ်သင် ရှင်းလင်းပစ်ရမည့် ကာလမှာ ရွေးကောက်ပွဲကျင်းပမည်ဆိုလျှင် ထိုထိုသော စစ်သည်တော်များကို ပြန်လည်ရုပ်သိမ်းရပါလိမ့်မယ်။ အဲဒီလို ပြန်လည်ရုပ်သိမ်းတယ်ဆိုရင် သူဟာ စစ်သားတစ်ယောက်အနေနဲ့ မြင်ရလျှင် ရွေးကောက်ပွဲကျင်းပဖို့ သဘောကပင်လျှင် သူပုန်များကို အားပေးတဲ့ သဘော သက်ရောက်နေပါလိမ့်မယ်။ ဒါမျိုးကို မလုပ်သင့်ဘူးလို့ သူက ဆိုထားပါတယ်။ အဓိပ္ပာယ်က ဘာလဲဆိုရင် ရွေးကောက်ပွဲကို တောင်းဆိုနေသူပင်လျှင်

သူ့ပုန်အားပေးတဲ့သဘော သက်ရောက်စေပါတယ်။ အဲဒီလို ဗိုလ်ချုပ်ကြီးဟာ ဘယ်လိုဗိုလ်ချုပ်ကြီးလဲဆိုတာ ပြန်ပြီး စစ်ဆေးဖို့ လိုပါတယ်။ စစ်သည်တော် တစ်သိန်းကျော်နှင့်တကွ လက်နက်ကိုင်အင်အားစုများပေါ်မှာ ဩဇာ ညောင်းတဲ့ ဗိုလ်ချုပ်ကြီးက ဤမျှသော တစ်ခွန်းကလေး ပြောလိုက်ရုံမျှနှင့် ပါလီမန်လွှတ်တော်ကြီးရဲ့ လွှတ်လပ်ခွင့်ကို အများကြီး ထိပါးစေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား... တတိယအကျပ်ကိုင်ချက် ရှိပါသေးတယ်။ ဘယ်လိုလဲဆိုလျှင် ဒီပါလီမန် လွှတ်တော်ကသာ ဆုံးဖြတ်ပြီးတော့ တင်လိုက်တဲ့အစိုးရကို စစ်သည်တော်များကို ဦးစီးဦးကိုင် လုပ်ပြီးသကာလ ပါလီမန်လွှတ်တော်က ရွေးကောက်တင်မြှောက်လိုက်တဲ့ အစိုးရရဲ့ အမိန့် ဩဇာအတိုင်း တစ်သဝေမတိမ်း နာခံပါမယ်လို့ မိန့်ခွန်းတစ်နေရာမှာ ဖော်ပြတဲ့အတိုင်း ရပ်လိုက်လျှင် ဒီပြဿနာ မပေါ်ပါဘူး။ တတိယအကျပ်ကိုင်တဲ့ ပြဿနာ မပေါ်ပါဘူး။ ဘယ်လိုလဲဆိုရင် ကျွန်တော့်ကို လိုလားပါသေးလျှင် ပုဒ်မ ၁၁၆ ကို ပြင်ပါ။ ပုဒ်မ ၁၁၆ ကို ပြင်ပေးမှ ကျွန်တော်ဟာ ဝန်ကြီးချုပ်အဖြစ် ဆက်လက်လုပ်ဆောင်နိုင်ပါလိမ့်မယ်လို့ တတိယအကျပ် ကိုင်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား... ဒီတော့ စဉ်းစားစရာ ဖြစ်လာပါတယ်။ ကျွန်တော် ယခုတင်ပြ အစီရင်ခံတဲ့အတိုင်း ဗိုလ်ချုပ်ကြီးနေဝင်းဟာ စစ်သည်တော် တစ်သိန်းကျော်နဲ့ လက်နက်ကိုင်အင်အားစုများအပေါ်မှာ ဩဇာညောင်းတဲ့ ဗိုလ်ချုပ်ကြီးပါ။ ဤပါလီမန်လွှတ်တော်က ကျွန်တော့်ကို လိုလားသေးလျှင်ဆိုရင်... လိုလားပြန်လည်း အကျပ်၊ မလိုလားပြန်လည်း အကျပ်နှင့် အများကြီး ဒုက္ခပေးတဲ့ အကျပ်အတည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား... ဗိုလ်ချုပ်ကြီးနေဝင်းကို တစ်ခုပြောချင်ပါတယ်။ ဒါကတော့ တခြား မဟုတ်ပါဘူး။ ဒီနေ့ ဒီအဆိုကို တင်မိတဲ့အတွက်၊ ဒီနေ့ ဒီလို ပြောရတဲ့အတွက်... ဒီလိုမှန်ကန်တဲ့ သစ္စာစကားကို ဆိုရတဲ့အတွက် ပမညတ ဟာ ပေးလာတဲ့ ဒဏ်ကို ခံပါမယ်။ ဒီလိုခံမယ်လို့ ယုံကြည်ပြီး စိုးရိမ်မိပါတယ်။ ဗိုလ်ချုပ်နေဝင်း အစိုးရ တက်လာတာကို "လူ" ကို မုန်းလို့ မဟုတ်။ "မူ" ကို မုန်းလို့ ကန့်ကွက်မိတဲ့အတွက် ပမညတ သားကောင်းရတနာမြောက်မြားစွာဟာ အကျဉ်းထောင်များ



အတွင်းမှာ ခံစားနေကြရပါပြီ။ ယခုလည်း ရိုးရိုးသားသားနဲ့ ပါလီမန်ဆောင်နဲ့ စစ်ဘောင်ကို နောင်လာနောက်သားများ ကြားနာစေချင်တဲ့အတွက် ဒီလိုစေတနာကောင်းနဲ့ ဒီလို တင်လိုက်မိတဲ့ ဒီဘေးဒဏ်ကို ဒီလွှတ်တော်အပြီးမှာ ခံရပါလိမ့်မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား... ဒီလိုခံရလျှင် ဘယ်သူ့အပေါ်မှ အာဃာတမထားဘဲ ဝိဓူရထုံး နှလုံးပြုပြီး ခံပါမယ်။ ဝိဓူရထုံးက ဘယ်လိုလဲဆိုရင် ပြောရမှာ ရှည်နေပါလိမ့်မယ်။ တိုတိုပဲ အစီရင်ခံပါရစေ။

ကုဝေရနတ်မင်းကြီး၏ စစ်သူကြီး ဗိုလ်ချုပ်ကြီးပုဏ္ဏကဟာ ဝိဓူရအမတ်ကို မြင်းမြီးနှင့်ချည်ပြီး တောင်စဉ် ခုနစ်ထပ်မှာ မသေသေအောင်



**ဦးနေဝင်းနှင့် ဇနီး ဒေါ်နီနီမြင့်**
**မရမ်းကုန်းမြို့နယ် အမှတ် ၇ ရပ်ကွက် မဲရုံ (၁) တွင် မဲပေးနေစဉ်။**

အသေသတ်ပါတယ်။ လေသင်တုန်းကြီးနှင့်တိုက်၊ ကျောက်ဆောင်ကျောက်ခဲများနှင့်တိုက်၊ နောက်ပြန်ကြည့်တော့ ပြုံးပြုံးရွှင်ရွှင်နေတဲ့ ဝိဓူရကို တွေ့ရတော့ စစ်သူကြီးဖြစ်တဲ့ ပုဏ္ဏက က မေးတယ်... "သေမှာမကြောက်ဘူးလား" အဲဒီလိုမေးတော့ ဝိဓူရအမတ်ကြီးက အသင်ပုဏ္ဏက မှန်ကန်သော သစ္စာစကားကိုဆိုရင် သစ္စာစကားကို ရင်ဝယ်ပိုက်ထွေးခြင်းအားဖြင့် သေရမှာကိုသော်လည်းကောင်း၊ သေရခြင်းကိုသော်လည်းကောင်းဘာမှ ကြောက်စရာမရှိဘူး၊ ဝိဓူရ အမတ်က ဒီလိုပြောတော့ ခေါင်းမာတယ်ဆိုပြီး ယူဇနာ (၆၀) အမြင့်ရှိတဲ့ ကာဠာဂိရိ (မြန်မာလိုပြန်တော့ မည်းနက်သော ကျောက်တောင်ကြီး) ရဲ့တောင်ထိပ်ကို ခေါ်သွားပြီး ပုဏ္ဏက စစ်သူကြီးက ဝိဓူရအမတ်ကြီးကို တောင်ထိပ်ကနေပြီး လေးပြင်လေးရပ် ဆယ်ယူဇနာစီ ဝေးတဲ့နေရာမှ ဝိဓူရ ကို ပစ်ချပါတယ်။ နောက်ပြန်ကြည့်တဲ့အခါမှာ ဝိဓူရအမတ်ကြီးကို မေးပြန်တယ်။ ဝိဓူရအမတ်ကြီး သေရမှာမကြောက်ဘူးလား။ ဒီတော့လည်း ယခုတင်ကအတိုင်းပဲ ပြောတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား... အဲဒီတော့ နောက်ဆုံးကျတော့ ပုဏ္ဏက စစ်သူကြီးက ဒီလို သတ်လို့ မထူးတော့ဘူးဆိုပြီး ဝိဓူရအမတ်ကြီးကို ခြေနှစ်ချောင်းကိုင်ပြီးတော့ ခါးပန်းနှင့် ရိုက်သတ်မှ ဖြစ်မယ်ဆိုပြီး အကြ



ရတယ်။ အဲဒီလို ပုဏ္ဏက အကြံရတဲ့အခါမှာ ဝိဓူရအမတ်ကြီးရဲ့ ခြေနှစ်ချောင်းကို ကိုင်ရိုက်ခါနီးမှာ ဝိဓူရ က မေးတယ်။ အသင်ပုဏ္ဏက ငါ့ကို ဘာကြောင့် သတ်ချင်ရသလဲလို့... မေးတယ်။ ဒီတော့ ပုဏ္ဏကက အမတ်ကြီးရဲ့ အသည်းနှလုံးကို လိုချင်လို့ ပြောတယ်။ ဘယ်သူက ဘာကြောင့် လိုချင်သလဲဆိုတော့ ပုဏ္ဏကက ဣရန္ဒတီ ဆိုတဲ့ နဂါးပြည်ကမင်းသမီးက လိုချင်တယ်လို့ ပြောတယ်။ ဒီတော့ ငါမသေခင် သာဓုနရတရားလေးပါး ဟောခဲ့ဦးမယ် ဆိုပြီး ပထမတရားက သူတော်ကောင်းသူမြတ်ကောင်းတို့ သွားရာလမ်းစဉ်အတိုင်း ဖြောင့်ဖြောင့်သွားပါ။ နံပါတ်နှစ်က စိုသောလက်ကို မခြောက်ပါစေနဲ့၊ နံပါတ်သုံးက ကျေးဇူးရှိသောခင်ပွန်းများအပေါ်မှာ မပြစ်မှားပါနှင့်... နံပါတ်လေးက အလိုကြီးသောမိန်းမဆိုးနောက်ကို အလိုမလိုက်ပါနဲ့ အဲဒီလေးချက်ကို ဟောခဲ့ပါတယ်။

ကျွန်တော်တို့ မမိတ်မသုန် ယုံကြည်စွာ လိုက်နာခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျဆုံးသွားတဲ့ သခင်မြတို့ ချမှတ်သွားတဲ့ ဒီမိုကရေစီဝါဒ၊ ဒီမိုကရေစီလမ်းကြောင်းအတိုင်း တစ်သဝေမတိမ်း လိုက်ကြပါစို့ ဆိုတာ နံပါတ် ၁ အနေနဲ့ အစီရင်ခံလိုပါတယ်။

နံပါတ် ၂ အနေနဲ့ကတော့ စိုသောလက်မခြောက်ပါစေနဲ့ ဆိုတာက ဗိုလ်ချုပ်ကြီးနေဝင်း၊ သန့်ရှင်း၊ တည်မြဲနဲ့ ကျွန်တော်တို့တတွေဟာ ရာဇဝင်နှစ်ပေါင်း ၂၀ လောက်အတွင်း ၁၉၃၆ ခုနှစ် သပိတ်ကစပြီး သွားလာ



**စစ်တပ်အား စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်တတ်ရန် သင်ပေးခဲ့သော ဗိုလ်မှူးချုပ်အောင်ကြီး**

လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး၊ သေအတူရှင်အမျှ လုပ်ခဲ့ကြတဲ့ ရဲဘော်ရဲဘက်တွေ ဖြစ်ပါတယ်။ ဒီလို နှစ်ပေါင်း ၂၀ စိုလာတဲ့ လက်ကို ဒီတစ်ချိုကြတော့မှ ခြောက်ခန်းရတော့မှာလား ဆိုတာကို ပြောချင်ပါတယ်။

နံပါတ် ၃ ကျေးဇူးရှင်ခင်ပွန်းများကိုလည်း မပြစ်မှားနှင့် ဆိုတာ ပြန်ကြည့်တဲ့အခါမှာ... ဘယ်သူတွေလဲဆိုရင်... သန်းပေါင်း ၂၀ ကျော်မျှရှိသော မဲဆန္ဒရှင်ပြည်သူတွေ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်အတွင်း


အင်မတန်ကြောက်စရာကောင်းတဲ့ ဘဝမှာ ပြည်သူတွေဟာ ခံစားနေခဲ့ရပါတယ်။ နိုင်ငံတော်ကြီးက တည်ဆောက်တဲ့နေရာမှာ သွေးတွေ ချွေးတွေ အမြောက်အမြား ပြည်သူတွေ ကျဆုံးခဲ့ရပါတယ်။ အဲဒီလို ကျဆုံးခဲ့ရတဲ့ ခင်ပွန်းကောင်း ကျေးဇူးရှင်နှင့် ပြည်သူတွေကို ပြန်လည်ကျေးဇူးဆပ်သောအားဖြင့် ဒီပါလီမန်လွှတ်တော်ကြီးက စုပေါင်းထိန်းသိမ်းကြပါစို့။



၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကာလ၌ တပ်မတော် (လေ) မှ စစ်သည်များ ဆန္ဒပြနေစဉ်။

နံပါတ် ၄ အချက်ဟာ ဣရနသိမင်းသမီးဆိုတဲ့ အာဏာပြဿနာကို ပြောလိုပါတယ်။ အဲဒီအာဏာမှာ နိုင်ငံရေးပါတီတစ်ခုခု၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်း အာဏာလောဘကို ရှေ့တန်းတင်ပြီး လုပ်လာလျှင် ကမ္ဘာ့သမိုင်းမှာ ပြန်ကြည့်ရင် ပျက်စီးတာ များပါတယ်။ အာဏာကို နောက်ထား ပြည်သူ့အကျိုးကို ရှေ့ထားပြီး လုပ်တဲ့နိုင်ငံရေးပါတီတွေ ဆိုရင် ကမ္ဘာ့သမိုင်းမှာ တည်မြဲနိုင်မှာပါတယ်။ အဲဒီလို အလိုကြီးသော မိန်းမနောက်ကို မလိုက်ဖို့ဆိုတဲ့ ဝိဓူရအမတ်ကြီးပြောတဲ့ နံပါတ် ၄ သဘောထားဟာ ပါလီမန်လွှတ်တော်ကြီးမှာ ပါတီအဖွဲ့အစည်းအားလုံးတို့ဟာ ဣရနသိမင်းသမီးနဲ့ တူတဲ့၊ တစ်နည်းအားဖြင့် မိန်းမဆိုးနဲ့တူတဲ့

အာဏာလောဘနောက်ကို မလိုက်ဘဲ ၃ လလောက် အတောအတွင်းမှာ ဒီပြဿနာကို ဖြေရှင်းဖို့ ဒီပြဿနာကို ဘေးချိတ်ပြီး ရွေးကောက်ပွဲကြီး ကျင်းပရေး၊ ပြည်သူလူထု ငြိမ်းချမ်းသာယာစွာ နေထိုင်နိုင်ရေး၊ ဒီမိုကရေစီဘောင်နဲ့ စစ်ဘောင်ကို နောင်လာနောက်သားများ ဥဒါန်းတွင်ရစ်စေရေးအတွက် ကျွန်တော်တို့ တတွေ ပူးပေါင်းထိန်းသိမ်းခြားနားရေးအတွက် ဝိဇ္ဇာရထုံးနှလုံးပြုပြီး ဤနိုင်ငံရေး သာဓုနရ တရား လေးပါးကို ဦးထိပ်ပန်ဆင်ပြီး မြန်မာပြည်ကြီးကို ကယ်တင်ကြပါစို့လို့ ဥက္ကဋ္ဌမှတစ်ဆင့် ဗိုလ်ချုပ်ကြီးနေဝင်းနှင့်တကွ တပ်



မဆလခေတ် ဗဟိုနိုင်ငံရေးတက္ကသိုလ် နည်းပြချုပ်
ဦးချစ်လှိုင် ခေါ် ကိုကိုမောင်ကြီး

မတော်ကြီးတစ်ခုလုံး ကမ္ဘာတစ်ခွင်ပြံ့ပြံ့စင်မှာရှိတဲ့ ဒီမိုကရေစီ မြတ်နိုးသူများ အားလုံးကို ပမညတကိုယ်စား လေးစားစွာ တင်ပြရင်း နှုတ်ဆက်လိုက်ပါတယ် ခင်ဗျား။

ယင်းနောက် ၁၉၅၉ ခု ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပသော ပါလီမန်ပြည်သူ့လွှတ်တော်နှင့် လူမျိုးစု လွှတ်တော် ၂ ရပ် တွဲဖက်ညီလာခံတွင် သိမ်ဖြူတောင်ပိုင်း အမတ်ဦးကျော်ငြိမ်း က အခြေခံဥပဒေ ပုဒ်မ ၁၁၆ ကို ပြင်ဆင်ရန် အင်္ဂလိပ်–မြန်မာ နှစ်ဘာသာဖြင့် ရေးဆွဲထားသည့် ၁၉၅၉ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ချက်ဥပဒေကြမ်းကို တင်သွင်းခဲ့သည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ ပုဒ်မ ၁၁၆ ကို ပြင်ဆင်ခြင်းနှင့် ပတ်သက်၍ ပမညတ သာယာဝတီ သခင်ချစ်မောင် က…

"အကယ်၍သာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ ပါရှိတဲ့ ပုဒ်မ ၁၁၆ ကို ပြင်ဆင်ရလျှင် အဲသည် အသည်းနှလုံးဟာ ပျက်စီးပြီလို့ ဝမ်းနည်းစွာ ခံယူရပါမယ်။ ဘာကြောင့်လဲဆိုတော့ ဥပဒေဆိုတာ လူက လုပ်တယ်ဆိုပေမဲ့ လူက လုပ်တဲ့ ဥပဒေထဲမှာ မူပြဿနာကြီးတွေပါ ပါတယ်။ ဒါက ဘာလဲဆိုရင် နိုင်ငံတော်သူ နိုင်ငံတော်သားများက ပါလီမန်လွှတ်တော်ကြီးကို ရွေးကောက်တင်မြှောက်ပါတယ်။ ပါလီမန်လွှတ်တော်က ပါလီမန်အစိုးရကို ရွေးကောက် တင်မြှောက်ပါတယ်။ အဲဒါဟာ မူဖြစ်ပါတယ်။ လွှဲပြောင်းပြင်ဆင်ခြင်း မပြုနိုင်သော အခြေခံတရားကြီးတွေ ဖြစ်ပါတယ်။ အဲဒီအခြေတရားကြီးတွေကိုပင်လျှင် ပြင်ဆင်တဲ့သဘော ဖြစ်ပါလိမ့်မယ်။ စာကိုသာ ပြင်လို့ရမယ်။ စိတ်ဓာတ်ကို ပြင်လို့ မရဘူး။ မရနိုင်တဲ့အတွက် အကယ်၍ ပုဒ်မ ၁၁၆ ကို ထပ်ပြင်ရရင် ယခုတွင် ကျွန်တော် ပြောခဲ့တဲ့ မူပျက်တယ်လို့ မြင်ပါတယ်။ အဲသည် မူပျက်တယ်ဆိုရင် ပါလီမန်အစိုးရ ကွယ်လွန်ပြီလို့ ပါလီမန် လွှတ်တော်မှာ ကြေညာရမယ် ဖြစ်ပါတယ်"

ဟူ၍ တင်ပြ၍ ပုဒ် ၁၁၆ ပြင်ဆင်ရေးကို ကန့်ကွက်သွားခဲ့လေသည်။ ဥပဒေကြမ်းကို သဘောတူသူ ၃၀၄ မဲ၊ ကန့်ကွက်သူ ၂၉ မဲဖြင့် အတည်ပြုခဲ့သည်။



**နအဖ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်**

ဤသို့ဖြင့် ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ် *ကြီး နေဝင်းသည် ပါလီမန်တွင် ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးကောက်* ခံရပြီး၊ ညနေ ၅ နာရီတွင် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် အစိုးရသစ်ဝန်ကြီးများ ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

သို့ဖြင့် ဗိုလ်ချုပ်ကြီးနေဝင်းသည် ၁၉၆၀ ပြည့်နှစ် ဧပြီလအထိ ဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီးနှင့် အမျိုးသားစီမံကိန်းဝန်ကြီး တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၆၀ ပြည့်နှင့် ဇန်နဝါရီလ ၂၈ ရက်နေ့တွင် တရုတ်–မြန်မာ နှစ်နိုင်ငံ နယ်နမိတ်ပြဿနာဆိုင်ရာ သဘောတူစာချုပ်ကို ချုပ်ဆိုခဲ့သည်။

ထို့နောက် ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီ ၆ ရက်နေ့တွင် ပါလီမန်ပြည်သူ့လွှတ်တော် အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးခဲ့သည်။

– ၁၉၆၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ပါတီစုံအထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့ရာ မဲဆန္ဒနယ် ၂၅၀ ရှိသည့်အနက် သန့်ရှင်း ဖဆပလက ၂၀၃ မဲဖြင့် အနိုင်ရရှိခဲ့ပြီး တည်မြဲ ဖဆပလ က ၃၉



**ကေအင်န်ယူပါတီ ဥက္ကဋ္ဌ မန်းဘခံနှင့်အတူ**

နေရာ အနိုင်ရရှိခဲ့သည်။ ပမညတ သည် ရေးမြို့ တစ်နေရာတွင်သာ အနိုင် ရရှိခဲ့သည်။

ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီးနောက် သန့်ရှင်း ဖဆပလအဖွဲ့ချုပ်သည် မတ်လ ၁၇ ရက်နေ့၌ ပြည်လုံးကျွတ် ညီလာခံ ကျင်းပပြီး ဥက္ကဋ္ဌဦးနုက "ဒီမိုကရေစီဘ၀ ထူထောင်ရေးဟာ ကျွန်တော်တို့အတွက် အဓိကအရေးဆိုတာ ထင်ရှားစေချင်တဲ့အတွက် ဖဆပလ အဖွဲ့ဟောင်းကို ဖျက်ပြီး ပြည်ထောင်စုအဖွဲ့သစ်ကို ကျွန်တော်တို့ ဖွဲ့စည်းခြင်းဖြစ်သည်" ဟု ပြောကြားခဲ့သည်။ ထိုအချိန်မှစ၍ သန့်ရှင်း ဖဆပလအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့ (ပထစ) ဟူ၍ ပြောင်းလဲခေါ်ဝေါ်ခဲ့လေသည်။

ထို့နောက် ဝန်ကြီးချုပ်ဦးနုသည် ရွေးကောက်ပွဲ မတိုင်မီ မဲဆွယ်စည်းရုံးစဉ်အတွင်း ပြောကြားခဲ့သော "မိမိသာ ၁၉၆၀ ပြည့်နှစ် ရွေးကောက်ပွဲကြီးကို အနိုင်ရခဲ့လျှင် ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးအတွက် ပြည်နယ်အသီးသီးမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေး၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုအပ်သလို ပြင်ဆင်ပေးမယ်" ဟူ၍ ကတိပြုသည့်အတိုင်း ဝန်ကြီးအစည်းအဝေးတစ်ခု၌ အောက်ပါအတိုင်း ပြောကြားခဲ့သည်။

(၁) ယခုအခါမှာဆိုလျှင် လွှတ်တော်တစ်ခုလုံး၏ အမတ်ဦးရေ သုံးပုံ နှစ်ပုံကျော်သည် အစိုးရ၏လက်ထဲတွင် ရှိနေကြောင်း၊ ထိုကဲ့သို့ ရှိနေတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်လိုပါက ယခု အချိန်သည် အကောင်းဆုံးအချိန်ပင်ဖြစ်ကြောင်း၊

(၂) ဤကဲ့သို့ အကောင်းဆုံးအချိန် ဖြစ်နေသည့်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဘယ်လို ပြင်ဆင်ချင်ပါသလဲဟု ပြည်နယ်အစိုးရ အဖွဲ့များကို မေးချင်ကြောင်း၊

(၃) ပြည်နယ်အစိုးရအဖွဲ့များက တင်ပြသော အဆိုပြုလွှာများကို ရှေး ဦးစွာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်အောင် နီးနှောဖလှယ်ပွဲ (Seminar) ခေါ်ယူ၍ တိုင်းရင်းသားကိုယ်စားလှယ်အဖွဲ့များ၊ ပြည် ထောင်စုနှင့် ပြည်နယ်အစိုးရ ကိုယ်စားလှယ်များ၊ အတိုက်အခံ အဖွဲ့ ကိုယ်စားလှယ်များကိုပါ ဖိတ်ကြားမည်ဖြစ်ကြောင်း

(၄) ယင်းနီးနှောဖလှယ်ပွဲတွင် မိသားစုများ ဆွေးနွေးတင်ပြသည့်အတိုင်း ဆွေးနွေး၍ အများသဘောတူ လက်ခံနိုင်မည့်အဆိုများကို ရွေးချယ် ကာ အကောင်အထည် ဖော်ပေးမည်။ အဖြေရှာ၍ မရသေးသည့် အဆိုများကို ဆက်လက် ဆွေးနွေးညှိနှိုင်းမည်ဖြစ်ကြောင်း။

ဤအတိုင်း လုပ်ပေးလျှင် ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ယခုထက်ပို၍ စည်းလုံးညီညွတ်လာမည်ဟု မိမိယုံကြည်ကြောင်း၊ မိမိနိုင်ငံ ရေးလောကက မထွက်သွားခင် အမျိုးသားညီညွတ်ရေးလုပ်ငန်းကို အစွမ်း ကုန် ဆောင်ရွက်သွားချင်သည်ဟူ၍ ဝန်ကြီးချုပ်ဦးနုက တင်ပြသွားခဲ့လေ သည်။ ဝန်ကြီးချုပ်ဦးနု၏ တင်ပြခဲ့သည့်အချက် (၄) ချက်စလုံးကို ဝန်ကြီး များအားလုံးက သဘောတူခဲ့သော ကြောင့် တိုင်းရင်းသား နီးနှောဖလှယ်ပွဲ အတွက် လိုအပ်သည့် အစီအစဉ်များပြုလုပ်ရန် တရားရေးဌာနဝန်ကြီး ဒေါက်တာမောင် ကို တာဝန်လွှဲအပ်ခဲ့သည်။

၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီ၊ ၁၃ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီး အဖွဲ့အစည်းကို ကျင်းပ၍ ပြည်နယ်များ ညီညွတ်ရေးအဖွဲ့ ရေးဆွဲတင်သွင်း သော ဖက်ဒရယ်မူကိစ္စကို ပြည်သူ့လွှတ်တော်တွင် မဆွေးနွေးဘဲ အမျိုးသား ညီလာခံ၌ ဆွေးနွေးရန် ဆုံးဖြတ်ခဲ့ကြသည်။

ထို့ကြောင့် ၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့၊ ညနေ ၆

နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း၊ အသံလွှင့်ရုံးခန်းမဆောင်၌ ပြည်ထောင်စုမှု ဆွေးနွေးပွဲကြီးကို စတင်ကျင်းပခဲ့ကြသည်။

ထိုဆွေးနွေးပွဲတွင် ဝန်ကြီးချုပ်ဦးနုက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ဆွေးနွေးပွဲသို့ နိုင်ငံတော်အကြံပေးအဖွဲ့ဝင်များ ဖြစ်ကြသော ဒေါက်တာဘဦး (သမ္မတဟောင်း)၊ ဦးသိမ်းမောင်၊ ဦးစံညွှန့်နှင့် ဦးချစ်သောင်း၊ ပထစမှ သခင်တင်၊ ဒေါက်တာ ဦးမောင်၊ ဗိုလ်တင်မောင်ကြီး၊ ဦးစောလူးလူ၊ ဦးဘမောင်နှင့် ဦးချစ်ဖေ၊ တည်မြဲဖဆပလမှ ဦးကျော်ငြိမ်း၊ မန်းမြစိန်၊ သခင်သာခင်၊ ဗိုလ်ခင်မောင်ကလေး၊ ဦးရှိန်ထန်း၊ ပမညတမှ ဝိစ္စရသခင်ချစ်မောင်၊ ဗိုလ်မြသွေး၊ ဗိုလ်အောင်နိုင်၊ ဦးထွန်းအောင်ကျော်၊ ဦးကျော်ငြိမ်းနှင့် ဦးအောင်မြင်တို့ တက်ရောက်ခဲ့သလို ပြည်နယ်ကိုယ်စားလှယ်များကလည်း မိမိတို့ တိုင်းရင်းသားရိုးရာဝတ်စုံများကို ဝတ်ဆင်၍ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည်။

**ဝန်ကြီးချုပ်ဦးနု၏ အဖွင့်မိန့်ခွန်း**



**နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု**

ဖက်ဒရယ်မှု ဆွေးနွေးပွဲ အခမ်းအနား အစီအစဉ်ကို အခမ်းအနားမှူး ပါလီမန် အတွင်းဝန် ဦးသိန်းစိန် က ကြေညာပြီးနောက် အခမ်းအနား

အစီအစဉ် (၃) အရ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု က မိန့်ခွန်းပြောကြားရာတွင်...

"လူကြီးမင်းများခင်ဗျား... ဒီကနေ့ ဒီနေရာမှာ ကျွန်တော်တို့ စုဝေးကြတာဟာ ပြည်နယ်များ ညီညွတ်ရေးအဖွဲ့က တင်ပြတဲ့ ဖက်ဒရယ်မူကို ဆွေးနွေးကြဖို့ပဲ ဖြစ်ပါတယ်။ ဒီမူနဲ့ပတ်သက်လို့ ဘယ်လိုသဘောထားတယ်ဆိုတာကို ထုတ်ဖော်ပြောပြဖို့ အစိုးရအဖွဲ့ရဲ့ ခေါင်းဆောင်အနေနဲ့ ကျွန်တော့်မှာ တာဝန်ရှိပါတယ်"

ဒါပေမဲ့ ကျွန်တော်ပြောပြဖို့ အချိန် မရောက်သေးတဲ့အတွက် ကျွန်တော့် သဘောထားကို ဒီကနေ့ ကျွန်တော် ထုတ်ဖော်မပြောသေးပါဘူး။ ကျွန်တော် ထုတ်ဖော်ပြောဖို့ အချိန်ရောက်လာတဲ့အချိန် ကျွန်တော် ပြောပါမယ်။



**စစ်အာဏာရှင် ဗိုလ်ချုပ်ကြီးနေဝင်း**

လူကြီးမင်းများခင်ဗျား... ဆွေးနွေးပွဲကို ကျွန်တော်တို့ ဒီလိုစီစဉ်ထားပါတယ်။ ဒီကနေ့ ကျွန်တော်တို့ အစည်းအဝေးအဖွင့်မိန့်ခွန်းကို ပြောပြီးတဲ့နောက် ရှမ်းပြည်နယ်ဥက္ကဋ္ဌ စဝ်ခွန်ချို က ဖက်ဒရယ်မူကို တင်သွင်းပါလိမ့်မယ်။

ဒီ ဖက်ဒရယ်မူကို (၁) ဒူးဝါးဇော်လွန်း၊ ကချင်ပြည်နယ်ကိုယ်စားလှယ်၊ (၂) ကပ္ပတိန် မန်းတုံးနုံး၊ ချင်း အထူးဝိသေသတိုင်းကိုယ်စားလှယ်၊ (၃) ဦးထွန်းမြင့် (တောင်ကြီး)၊ ရှမ်းပြည်နယ်ကိုယ်စားလှယ်၊ (၄) ဦးစိန်၊ ကယားပြည်နယ် ကိုယ်စားလှယ်တို့က ထောက်ခံကြပါလိမ့်မယ်။

ဒီမိန့်ခွန်းနှစ်ရပ်ကို ပြောကြားပြီးတဲ့နောက် ဆွေးနွေးပွဲကို မတ်လ ၁ ရက်၊ ကြာသပတေးနေ့၊ ညနေ ၆ နာရီအထိ ရွှေ့ဆိုင်းထားပါမယ်။ ဒီလို ရွှေ့ဆိုင်းထားတာဟာ အခြားကြောင့် မဟုတ်ပါဘူး။ ဖက်ဒရယ်မူနဲ့ ပတ်သက်ပြီး ပြည်နယ်ဥက္ကဋ္ဌကြီး စဝ်ခွန်ချိုနဲ့ ဒူးဝါးဇော်လွန်း၊ ကပ္ပတိန် မန်းတုံးနုံး၊ ဦးထွန်းမြင့်၊ ဦးစိန် တို့ တင်ပြပြောကြားသွားတဲ့ အချက်တွေကို ပမညတ၊ ဖဆပလ၊ ရပလဖ၊ ပထစ ခေါင်းဆောင်များနဲ့ နိုင်ငံတော်အစိုးရ အတိုင်ပင်ခံ အဖွဲ့ဝင်များက သေသေချာချာ လေ့လာနိုင်ဖို့အတွက် အချိန်ပေးချင်တာကြောင့်မို့ ဖြစ်ပါတယ်။

လူကြီးမင်းများခင်ဗျား… မတ်လ ၁ ရက်၊ ကြာသပတေးနေ့၊ ညနေ ၆ နာရီ ဒီနေရာမှာပဲ အစည်းအဝေးကို ပြန်စတဲ့အခါ (၁) ပမညတ၊ (၂) ဖဆပလ၊ (၃) ရပလဖ၊ (၄) ပထစ အဖွဲ့တွေကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်တစ်ဦးစီက အခုဖော်ပြထားတဲ့ အစီအစဉ်အတိုင်း ဖက်ဒရယ်မူနှင့် ပတ်သက်ပြီးထားရှိတဲ့ အဖွဲ့ရဲ့သဘောထားများကို တင်ပြပါလိမ့်မယ်။

ဒီနိုင်ငံရေးအဖွဲ့များရဲ့ ကိုယ်စားလှယ်များ ပြောကြားပြီးတဲ့နောက် အစိုးရအတိုင်ပင်ခံအဖွဲ့ရဲ့ ကိုယ်စား အဂ္ဂမဟာသီရိသုဓမ္မ ဒေါက်တာဘဦးက အတိုင်ပင်ခံအဖွဲ့ရဲ့ သဘောထားကို တင်ပြပါလိမ့်မယ်။

လူကြီးမင်းများခင်ဗျား… ဒီကိုယ်စားလှယ်ကြီးများ ပြောလို့ပြီးတဲ့အခါ (၁) ပြည်နယ်များ ညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ် ခြောက်ဦး၊ (၂) ပမညတ ကိုယ်စားလှယ် သုံးဦး၊ (၃) ဖဆပလ ကိုယ်စားလှယ် သုံးဦး၊ (၄) ရပလဖ ကိုယ်စားလှယ် သုံးဦး၊ (၅) ပထစ ကိုယ်စားလှယ် သုံးဦးနဲ့ (၆) အတိုင်ပင်ခံအဖွဲ့ဝင် လူကြီးများပါဝင်တဲ့ ကော်မတီတစ်ခုကို ဖွဲ့ပေးပါမယ်။

ဒီကော်မတီမှာ ကျွန်တော်က နာယက လုပ်ပါမယ်။ လူကြီးမင်းများခင်ဗျား… အဲဒီကော်မတီက ဖက်ဒရယ်မူနဲ့ ပတ်သက်လို့ ဆွေးနွေးစရာ

ရှိတဲ့အချက်တွေကို ဆွေးနွေးပြီးတဲ့အခါ ရရှိတဲ့ သဘောတူညီချက်တွေကို ဒီဆွေးနွေးပွဲမှာ အစီရင်ခံပါလိမ့်မယ်။ စေ့စပ်လို့မရနိုင်တဲ့ သဘောကွဲလွဲချက်များရှိရင်လည်း ဒီဆွေးနွေးပွဲမှာပဲ အစီရင်ခံပါ့မယ်။

လူကြီးမင်းများခင်ဗျား... ဒီအစီအရင်ခံစာကို ကြည့်ပြီးမှပဲ၊ နောက်ထပ် ဘာတွေဆက်ပြီး လုပ်သွားကြမယ်ဆိုတာကို ဒီဆွေးနွေးပွဲမှာ ဆက်လက်ပြီး တိုင်ပင်ဆွေးနွေးကြပါမယ်" ဟု ပဏာမပြောကြားခဲ့သည်။ ထို့နောက် ဦးနုက ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် အရေးကြီးပုံကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။


"ဒီနေ့ကစပြီး ဒီဆွေးနွေးပွဲမှာ ဆွေးနွေးမယ့် ပြဿနာဟာ တခြားမဟုတ်ပါဘူး။

ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးပဲ ဖြစ်ပါတယ်။ ဒီပြဿနာကြီးကို ပြည်ထောင်စုကြီး စတင်တည်ထောင်ခဲ့တဲ့ ကျွန်တော်တို့တစ်တွေရဲ့ လက်ထက်မှာမှ ကျေကျေလည်လည် ဖြေရှင်းသွားအောင် ကျွန်တော်တို့ မဖြေရှင်းနိုင်ဘူးဆိုရင် နောက်လက်ထက်တွေမှာတော့ ဘယ်နည်းနဲ့မှ ဖြေရှင်းနိုင်မှာ မဟုတ်ဘူးလို့ ကျွန်တော် ထထစ်ချ ယူဆထားသလို လူကြီးမင်းများလည်း ယူဆထားပြီးပြီဆိုတာ ကျွန်တော် ယုံကြည်ပါတယ်။ ဒီပြည်ထောင်စုကြီးသာ ပြိုကွဲသွားမယ်ဆိုရင် ပြည်နယ်သားတွေအတွက်ရော၊ ပြည်မသားတွေ အတွက်ရော၊ ဘယ်သူ့အတွက်မှ အမြတ်ထွက်မှာ မဟုတ်ဘူး။ အရှုံးသာ ထွက်မယ်လို့ ကျွန်တော် တထစ်ချ ယူဆထားသလို လူကြီးမင်းများလည်း ယူဆထားပြီးပြီဆိုတာ ကျွန်တော်ယုံကြည်ပါတယ်။ ဒီလောက် အရေးကြီးတဲ့ ပြဿနာများကို ဖြေရှင်းတဲ့အခါမှာ ပြည်ထောင်စုကြီးကို စတင်ထူထောင်ခဲ့တဲ့ ကျွန်တော်တို့တစ်တွေဟာ ကျွန်တော်တို့ အပေါ်မှာ ကျရောက်နေတဲ့ တာဝန်ကြီးတွေကို အမြဲတမ်း မျက်ခြည်မပြတ်ဖို့ ကျွန်တော် သတိထားလိုပါတယ်ဟု သတိပေးစကား ပြောကြားခဲ့သည်။ ယင်းနောက် ဆွေးနွေးမည့်ပုံစံနှင့် ပတ်သက်၍လည်း...

ဆွေးနွေးပွဲဆိုတာ အကြမ်းအားဖြင့် နှစ်မျိုးနှစ်စား ရှိပါတယ်။ တစ်မျိုးကတော့ ရန်သူအချင်းချင်း ဆွေးနွေးပွဲဖြစ်ပြီး၊ တခြားတစ်မျိုးကတော့ မိသားစုချင်း ဆွေးနွေးပွဲဖြစ်ပါတယ်။ မိသားစု ဆွေးနွေးပွဲဆိုတာ ရန်သူ

အချင်းချင်း စားပွဲခုံမှာ ထိုင်ပြီး ဆွေးနွေးပွဲမျိုးနဲ့ မတူပါဘူး၊ မိသားစု အချင်းချင်း ဆွေးနွေးကြတဲ့ ဆွေးနွေးပွဲမျိုးက၊ ဒီမိသားစုထဲမှာ ပါကြတဲ့ ညီအစ်ကို မောင်နှမတစ်တွေဟာ ကိုယ်လိုတာတွေ ကိုယ်တင်ပြကြတယ်။ အဲဒီလိုတင်ပြတဲ့အခါမှာ သဘောကွဲလွဲချက်တွေ ရှိနေရင် တစ်ယောက်နဲ့ တစ်ယောက် အပေးအယူလုပ်ပြီး သဘောကွဲလွဲချက်တွေကို ညှိနှိုင်းကြတယ်။

အခု ဆွေးနွေးပွဲဟာ မိသားစုဆွေးနွေးပွဲ ဖြစ်ရမယ်။ ပြည်ထောင်စု မိသားစုထဲမှာ ပါနေကြတဲ့ လူကြီးမင်းတို့၊ ကျွန်တော်တို့ အသီးသီးဟာ ကိုယ့်ရဲ့ ထင်မြင်ယူဆချက်တွေကို အကုန်လုံးထုတ်ပြီး တင်ပြကြတာပေါ့။ အဲဒီလိုတင်ပြတဲ့အခါမှာ သဘောကွဲလွဲချက်တွေကို ကျွန်တော်တို့ရဲ့ အကျိုး၊ ကျွန်တော်တို့ နောင်လာနောက်သား ကလေးတွေရဲ့အကျိုး၊ ပြည်ထောင်စု ကြီးရဲ့ အကျိုးကို မျှော်ကိုးပြီး သဘောတူညီချက် မရရအောင် ညှိနှိုင်းကြ ရမှာပဲ။



ဗိုလ်ချုပ်ကြီးနေဝင်းနှင့် မြန်မာနိုင်ငံခရီးစာအုပ် ရေးသားခဲ့သော ဒေါက်တာမောင်မောင် (နောင် သမ္မတ)

လူကြီးမင်းများနဲ့လက်တွဲပြီး ပြည်ထောင်စု တည်တံ့ခိုင်မြဲရေး၊ လွတ်လပ်ရေးတည်တံ့ ခိုင်မြဲရေး၊ ဒီမိုကရေစီတည်တံ့ခိုင်မြဲရေးတွေကို အမှန်တကယ် အကျိုးဖြစ်စေနိုင်တဲ့ နည်းကောင်းလမ်းကောင်းတွေကို ကျွန်တော်တို့ ရှာချင်ပါတယ်။

ဒီနည်းကောင်းလမ်းကောင်းတွေကို ရှာတဲ့အခါမှာ ပြည်မသားတွေရော၊ ပြည်နယ်သားတွေပါ မျက်ခြည်မပြတ်သင့်တဲ့ အချက်ကြီးတစ်ချက်ကို ကျွန်တော် ပြလိုပါတယ်။ ဒီအချက်ကတော့ တခြားဟာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ရှာဖွေတဲ့ နည်းလမ်းတွေဟာ တရားမျှတရေး၊ လွတ်လပ်ရေး၊ ညီမျှရေးဆိုတဲ့ လောကပါလ တရားသုံးပါးနဲ့ ပြည့်စုံနေတဲ့ နည်းလမ်းတွေ ဖြစ်ရမယ်ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်" ဟု ပြောကြားခဲ့ပြီးနောက် အောက်ပါစကားဖြင့် ဦးနုသည် ၎င်း၏ မိန့်ခွန်းကို နိဂုံးချုပ်လိုက်သည်။

"အချုပ်အခြာအာဏာပိုင်နေတဲ့ ကျွန်တော်တို့ပြည်ထောင်စုကြီးဟာ ကျွန်တော်တို့အားလုံးရဲ့ မိုက်မဲမှုကြောင့် အင်မတန်အရုပ်ဆိုးလှတဲ့ ကျွန်ဘဝကို ပြန်ရောက်မသွားရလေအောင် ကျွန်တော်တို့အားလုံး ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်းရှိသရွေ့ ကြိုးစားကြပါစို့"

ဝန်ကြီးချုပ်ဦးနုက မိန့်ခွန်းပြောကြားပြီးသောအခါ ဝန်ကြီးစဝ်ခွန်ချိုက ပြည်နယ်များ ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌအနေဖြင့်...

ဖက်ဒရယ်မူတင်သွင်းသည့် မိန့်ခွန်းကို ပြောကြားခဲ့သည်။ စဝ်ခွန်ချိုက ဖက်ဒရယ်မူ တင်သွင်းရာတွင် လက်ရှိပြည်ထောင်စုကြီး ဖြစ်ပေါ်လာပုံကို ၁၉၄၇ တွင် ပင်လုံညီလာခံမှစ၍ ဇာတ်ကြောင်းပြန်ကာ ပြောကြားခဲ့သည်။ ပြည်ထောင်စု တည်ဆောက်ရေးနှင့် ပတ်သက်၍ (၁) တန်းတူညီမျှ အခွင့်အရေးရှိခြင်း၊ (၂) တောင်တန်းဒေသများတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိခြင်း၊ (၃) လွတ်လပ်ရေးရရှိပြီးနောက် ပြည်ထောင်စုက ခွဲထွက်လိုက ခွဲထွက်နိုင်ခြင်း ဆိုသည့် အချက်သုံးချက်အပေါ် အဓိကထား၍ ပြည်ထောင်စုကြီး တည်ဆောက်ရေးကို ပင်လုံညီလာခံ၍ သဘောတူခဲ့ခြင်းဖြစ်ကြောင်း၊ ပင်လုံစာချုပ်ချုပ်ဆိုပြီးနောက် တောင်တန်းဒေသစုံစမ်းရေးအဖွဲ့က စုံစမ်းမှုများ ပြုလုပ်စဉ်ကလည်း အထက် အချက် သုံးချက်အပေါ် အခြေခံ၍ ပြည်ထောင်စုကြီး တည်ဆောက်ရန် ထွက်ဆိုခဲ့ကြောင်း၊ ၁၉၄၇

မေလတွင် ကျင်းပသော ဖဆပလ ပဏာမ ပြင်ဆင်မှု ညီလာခံတွင်လည်း လူမျိုးစုများ တန်းတူရရှိရေးမူနှင့် ထိုတန်းတူရေးအပေါ် အခြေခံသည့် ပြည်ထောင်စုစစ်စစ် တည်ဆောက်ရေးလမ်းစဉ်ကို ချမှတ်ခဲ့ကြောင်းနှင့် တိုင်းပြည်ပြုလွှတ်တော်တွင် အခြေခံဥပဒေကိစ္စ စဉ်းစားကြစဉ်က ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် လမ်းညွှန်ချက် ခုနစ်ချက်ကို အကျဉ်းချုပ်၍ ဝန်ကြီးစပ်ခွန်ချိုက ပဏာမပြောကြားခဲ့သည်။

ထို့နောက် ၁၉၄၇ အခြေခံဥပဒေကို လက်ခံ အတည်ပြုခဲ့ရသည့် အခြေအနေကို ဝန်ကြီးစဝ်ခွန်ချိုက...



**အိန္ဒိယသမ္မတကြီးနှင့်အတူ**

"ဒီအချိန်အခါမှာ နိုင်ငံရေးအခြေအနေတွေကလည်း ရှုပ်ထွေးပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်များဟာ လုပ်ကြံသတ်ဖြတ်ခြင်း ခံရတဲ့အတွက် တစ်ပြည်လုံး ယူကျုံးမရ ဝမ်းနည်းကြေကွဲဖြစ်နေရတဲ့အချိန် ဖြစ်တော့ လွတ်လပ်ရေးအတွက် ကြိုးပမ်းမှုမှာ စိတ်မချမ်းမသာစရာ

လေးတွေ ဖြစ်လာတာကြောင့်မို့ ကိုယ့်တိုင်းပြည်ရဲ့အခြေကို တိုင်းတစ်ပါးက ဝင်ရောက်မစွက်ဖက်နိုင်အောင် ကာကွယ်ကြရမှာပဲဆိုပြီး ခပ်မြန်မြန်နဲ့ တိုင်းပြည်ပြုလွှတ်တော်မှာ အခြေခံဥပဒေကို အငြင်းပွားမှုမထားဘဲ အလျင်စလို လက်ခံလိုက်ခြင်း ဖြစ်ပါတယ်။

ပြည်နယ်တွေအားလုံး ယုံကြည်ကိုးစားခဲ့တဲ့ မြန်မာပြည်လွတ်လပ်ရေး ရတော့မယ်၊ လွတ်လပ်ရေးရပြီးရင်ဖြင့် တို့တစ်တွေဟာ မိမိကံကြမ္မာ မိမိဖန်တီးပြီး တိုးတက်တဲ့ပြည်နယ်တွေ ပေါင်းထားတဲ့ ပြည်ထောင်စု ဖြစ်လာတော့မယ် ဆိုတာတွေဟာ ကျွန်တော်တို့ ပြည်နယ်သားတွေ၊ လူမျိုးစုများ အားလုံးတွေရဲ့ ဝမ်းထဲ ကိန်းအောင်းပြီး အမျှော်လင့်ကြီး မျှော်လင့်ခဲ့ပါတယ်။

ဒါပေမဲ့ လွတ်လပ်ရေးခေတ် ၁၄ နှစ်ခရီး၊ ပြည်မက နောင်တော်တွေနဲ့ လက်တွေ့လျှောက်လာတဲ့အခါ ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်တွေ ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေဟာ အပြည့်အဝ မရှိမှန်း သိလာခဲ့ရပါတယ်။

ကျွန်တော်တို့ တိုးတက်ဖွံ့ဖြိုးရေးကို အစွမ်းကုန် ကျွန်တော်တို့ မလုပ်ဆောင်နိုင်ကြောင်း သိသာခံစားနေရပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုကြီးဟာ ကျွန်တော်တို့ ပြည်နယ်များ အပေါ် ကိုယ်စားပြုတာ မဟုတ်တော့ဘဲ ပြည်မလို့ခေါ်တဲ့ ဗမာပြည်ဒေသတွေကိုပဲ အဓိက ကိုယ်စားပြုလာတာ တွေ့မြင်လာကြရပါတယ်။

ပြည်နယ်များကတော့ ပြည်မနဲ့ ညီမျှမှု မရှိခဲ့တဲ့အတွက် စွမ်းအားရှိသလောက် လုပ်ကိုင်နိုင်ခွင့် မရှိခဲ့လို့ တိုးတက်သင့်သလောက် မတိုးတက်ခဲ့ပါဘူး။ ဒီလို ဘာကြောင့် ဖြစ်ခဲ့သလဲဆိုရင် ပြည်ထောင်စုရယ်လို့ စုပေါင်းဖွဲ့စည်းကြတဲ့အခါ ပြည်နယ် ရသင့်ရထိုက်တဲ့ လူမျိုးစုများကို ပြည်နယ်အင်္ဂါနဲ့အညီ ဖွဲ့စည်းပြီး ရှမ်းပြည်နယ်လူထုအတွက် ရှမ်းပြည်နယ်၊ ကယားပြည်နယ်လူထုအတွက် ကယားပြည်နယ်ရှိကြသလို ပြည်မ လူထုအတွက်လည်း ပြည်နယ်တစ်နယ် ဖွဲ့စည်းပြီးတော့ တန်းတူညီတူ အခြေခံအပေါ် ဖွဲ့စည်းထားခြင်း မရှိလို့ဘဲလို့ဆိုတာ သက်သေပြနေပါတယ်။



ဦးနေဝင်းဇနီး
ဒေါ်နီနီမြင့်

ပင်လုံညီလာခံရဲ့ အနှစ်သာရ၊ ဗိုလ်ချုပ်အောင်ဆန်းရဲ့ လမ်းညွှန်ချက်များကို အဓိကထားပြီး တန်းတူညီတူ ဖွဲ့စည်းစုပေါင်းရန် အကောင်အထည်ဖော်လာကြရင် ပြည်ထောင်စုအစိုးရဟာ ပြည်နယ်များအားလုံးကို ကိုယ်စားပြုတဲ့ အစိုးရပဲ ဖြစ်ရမှာပါပဲ။

အခုတော့ ပြည်မလူထုအတွက် ပြည်နယ်တစ်နယ် ဖွဲ့စည်းရေးမကြိုးစားဘဲ ပြည်မအဖြစ် ဆိုပြီးထားလေတော့ ပြည်မရဲ့ အခွင့်အာဏာနဲ့ ပြည်ထောင်စုရဲ့ အခွင့်အာဏာ ရောထွေးစုပေါင်းပြီး စိုးမိုးအုပ်ချုပ်လာတော့ကာ ပြည်ထောင်စုအဖြစ်က လျှော့ကျလာပြီး တစ်ပြည်ထောင်စိုးမိုးမှုစနစ်ကို တရွေ့ရွေ့ ကူးပြောင်းလာတာ တွေ့ရှိရပါတယ်။ သည်အကြောင်းအရာကြောင့်လည်း ကျွန်တော်တို့ ပြည်နယ်များဟာ တစ်နေ့တခြား တာဝန်ရှိတဲ့ ပြည်မက ပြည်မအစိုးအပေါ်မှာ သံသယရှိရှိလာပါတယ်။ ဒီသံသယတွေဟာ ထုနဲ့ထည်နဲ့ ဝင်ဝင်လာလို့ ကနေ့ ပြည်နယ်များဟာ ပြည်မအပေါ် မကျေမနပ်ဖြစ်တဲ့အကြောင်း ထုတ်ဖော်လာကြရပါတယ်။ ကနေ့ ဖွဲ့စည်းတည်ထောင်ထားတဲ့ ပြည်ထောင်စု ပုံသဏ္ဌာန်ဟာ ပြည်နယ်များရဲ့ အမျိုးသား ညီညွတ်ရေး တည်ဆောက်နိုင်မယ့် ပုံစံမျိုး၊ ညီမျှသော ပြည်ထောင်စုစနစ်မျိုး မဟုတ်ကြောင်းကိုလည်း တွေ့မြင်လာခဲ့ကြရပါတယ်။

လက်ရှိပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနိဒါန်းနှင့် အဲဒီနိဒါန်းကို အခြေပြုပြီး ရေးဆွဲပြဋ္ဌာန်းထားတဲ့ နောက်ပိုင်းတွေ နှိုင်းယှဉ်ကြည့်ပြီး စိစစ်လိုက်ပါရင် ရှေ့နဲ့နောက် မကိုက်ညီ

တာတွေ တော်တော်များများ တွေ့ရပါလိမ့်မယ်။ အခြေခံ ဥပဒေထဲက အကြောင်းပြချက်တစ်ချက်အနေနဲ့ ဖော်ပြရမယ်ဆိုရင် အခြေခံဥပဒေ ပုဒ်မ ၂၂၂ အရ ပြည်မက အခြားပြည်နယ်များနည်းတူ ပြည်ထောင်စုအဖွဲ့ဝင် တစ်ခုဖြစ်ပေမဲ့ အခြေခံဥပဒေပုဒ်မ ၈ အရ အခြားသော ပြည်နယ်များ အပေါ်မှာ ပြည်ထောင်စုအနေနဲ့ စိုးမိုးအာဏာလွှမ်းလာလို့ ပြည်နယ်များဟာ တကယ်ပဲ မကျေမနပ်ဖြစ်ခဲ့ရပါတယ်။ အမှန်မှာ ဒီပုဒ်မရဲ့ အတွင်း အနှစ် သာရဟာ ပြည်မဟာ နယ်တစ်နယ်အဖြစ် ပြည်ထောင်စုအဖွဲ့ဝင် တစ်ဦး ဖြစ်သင့်ပေမဲ့ ပြည်မဟာ ပြည်ထောင်စု အာဏာများ လက်ဝယ်ရရှိပြီး အဲဒီအာဏာတွေနဲ့ ပြည်နယ်များအပေါ်မှာ စိုးမိုးလွှမ်းခြုံလာတယ်လို့ ပြည်နယ်များက ယုံကြည်ကြပါတယ်ဟု လည်းကောင်း ဝန်ကြီးစဝ်ခွန်ချို က တင်ပြခဲ့သည်။ ဝန်ကြီးစဝ်ခွန်ချို တင်ပြသည့် နောက်ဆုံးအချက်မှာ...



ပီကင်းမြို့ရှိ တပ်မတော်ပြတိုက် လေ့လာနေစဉ်။

ပြည်နယ်များ ညီညွတ်ရေးအဖွဲ့ကိုယ်စား ကျွန်တော်တို့ လိုလားသော ပြည်ထောင်စုစနစ် ဖွဲ့စည်းပုံ ပုံသဏ္ဍာန်ကို တင်ပြအစီရင်ခံရပါလျှင်...

(၁) ပြည်မကို ပြည်နယ်တစ်နယ် ဖွဲ့စည်းရေး၊

(၂) လွှတ်တော်နှစ်ရပ် အာဏာအတူပေးရေး၊

(၃) လူမျိုးစုလွှတ်တော်သို့ ပြည်နယ်တိုင်းပြည်နယ်တိုင်း တူညီသော ကိုယ်စားလှယ်ပေးရေး၊

(၄) ပြည်နယ်များက မိမိဆန္ဒအလျောက် လွှဲအပ်သော အာဏာများကို ပြည်ထောင်စု ဗဟိုအစိုးရသို့ ကန့်သတ်ပေး၍ ကျန်အာဏာများကို ပြည်နယ်များတွင် ထားရှိရေးဖြစ်သည်ဟု တင်ပြသွားသည်။ ဝန်ကြီး စဝ်ခွန်ချို တင်သွင်းသည့် ဖက်ဒရယ်မူကို ပထမဆုံးထောက်ခံ ဆွေးနွေးသွားသော ကချင်ပြည်နယ်ကိုယ်စားလှယ် ဒူးဝါးဇော်လွန်း က...

"လွတ်လပ်ရေး မရမီအချိန်နဲ့ လွတ်လပ်ရေး အရယူပြီးသော စပ်ကူး မတ်ကူးအချိန်တွင် တောင်တန်းဒေသ လူနည်းစုများဖြစ်သော ရှမ်း၊ ကချင်၊ ချင်း အစရှိတဲ့ လူနည်းစုများက လွတ်လပ်ရေးရတဲ့အခါ ဘယ်လိုပြည် ထောင်စုမျိုးကို ဖွဲ့စည်း၍ နေထိုင်လိုကြောင်း ဗမာခေါင်းဆောင်များကို မိမိတို့ ဆန္ဒအကြိမ်ကြိမ် ထုတ်ဖော်ခဲ့သော ပြည်ထောင်စုဖွဲ့စည်းပုံနဲ့ အမှန် ဖွဲ့စည်းခဲ့သော ပြည်ထောင်စုဖွဲ့စည်းပုံမှာ အတော်ကွဲလွဲနေခြင်းကြောင့် တစ်ကြောင်း ဝမ်းနည်းဖွယ် မကျေနပ်မှု အမျိုးမျိုး ပေါ်လာခဲ့ပါတယ်။ ၁၉၄၇ ဖေဖော်ဝါရီလ၊ တောင်ပိုင်းရှမ်းပြည်၊ ပင်လုံမြို့၌ ကျင်းပတဲ့ အမျိုးသားညီလာခံ၌ ဗိုလ်ချုပ်ခေါင်းဆောင်သော အမျိုးသားခေါင်းဆောင် များနဲ့ လူနည်းစုခေါင်းဆောင်များတွေ့ဆုံ၍ လွတ်လပ်ရေး ရလာတဲ့အခါ တန်းတူ ညီမျှရေးကို အဓိကအခြေခံထား၍ ပြည်ထောင်စုဖွဲ့စည်းရေး ဆွေးနွေးနားလည်မှု ရရှိခဲ့ကြပါတယ်။ ၎င်းအပြင် ၁၉၄၇ ခုနှစ်၊ ဧပြီလ မေမြို့မှာ မစ္စတာရီး(စ်) ဝီလျံ (Lt. Col.D.R.Rees Williams) ခေါင်း ဆောင်သော နယ်စပ်ဒေသ စုံစမ်းရေးကော်မတီရှေ့မှောက်တွင်လည်း ရှမ်း၊ ကချင်ကိုယ်စားလှယ်များက ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်ပါဝင်သော ပြည်ထောင်စုအတွင်း၌ မိမိတို့ ပြည်နယ်များအတွက် ကိုယ်ပိုင်အုပ်ချုပ်ရေး ရှိရန် ဆန္ဒရှိကြောင်း၊ သို့သော် အများနှင့် သက်ဆိုင်သော ဌာနအချို့ကို ပြည်ထောင်စု ဗဟိုအစိုးရသို့ လွှဲအပ်ရန် သဘောတူကြောင်း စသည်ဖြင့် ရှမ်း၊ ကချင်များ၏ လိုအင်ဆန္ဒကို ပြခဲ့ကြပါတယ်။ တောင်တန်းသား လူနည်းစုများရဲ့ လိုအင်ဆန္ဒအရဆိုလျှင် ပြည်ထောင်စုစစ်စစ် ဖွဲ့စည်းရန်ပင် ဖြစ်ပါတယ်" ဟူ၍ တင်ပြခဲ့သည်။

ထို့နောက် ဒူဝါဇော်လွန်းက ၎င်း၏ မိန့်ခွန်းကို အောက်ပါအတိုင်း နိဂုံးချုပ်စကားဖြင့် အဆုံးသတ်လိုက်သည်။

"ကျွန်တော်များ ဖက်ဒရယ် ခေါ်တဲ့ ပြည်ထောင်စုစစ်စစ်ပြန်လည်ဖွဲ့စည်းရန် အဆိုပြုခြင်းဟာ လူမျိုးရေးကို နှိုးဆွပေးနေခြင်း မဟုတ်ပါ။ confederation ခေါ်တဲ့ အလွန်မြင့်မားတဲ့ ပြည်ထောင်စုဖွဲ့ရန် အရေးဆိုခြင်းလည်း မဟုတ်ပါ။ အမျိုးသား စည်းလုံးညီညွတ်မှုကို တကယ် ရယူနိုင်သော ပြည်ထောင်စုစစ်စစ်ကို ဖွဲ့စည်းခြင်းဟာ မှန်ကန်သည်ဟု ယုံကြည်ကြခြင်းဖြစ်သည့်အတွက် တင်ပြရခြင်း ဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ် စက်တင်ဘာမှာ ကျင်းပတဲ့ တိုင်းပြုပြည်ပြုလွှတ်တော်မှာ ပြည်ထောင်စုသဘောသက်ရောက်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို တင်ပြစဉ်က ကျွန်တော်တို့အားလုံး လွယ်လွယ်ကူကူနဲ့ ဝိုင်းဝန်းထောက်ခံခဲ့ကြပါတယ်။ ဒီဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဟာ ပြည်ထောင်စုစိတ်ဓာတ်၊ ပြည်ထောင်စုသဘောထားများနဲ့အညီ လက်ခံကျင့်သုံးသွားနိုင်လိမ့်မယ်လို့ ကျွန်တော်



နေဝင်း ဒေါ်ခင်မေသန်းနှင့်အတူ အိန္ဒိယနိုင်ငံ တပ်ချ်မဟာ ဗိမာန်၌ အမှတ်တရဓာတ်ပုံရိုက်ခဲ့စဉ်

တို့ ယုံကြည်မျှော်လင့်ထားခဲ့ကြပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ယုံကြည်မျှော်လင့်ထားသလို ဖြစ်မလာဘူးလို့ ဆိုချင်ပါတယ်။

လွတ်လပ်ပြီးစအခါ ရပြီးလို့ ၁၄ နှစ် အတောအတွင်း၌ ကျွန်တော်တို့ ဆန်းစစ်ကြည့်လိုက်တော့ ပြည်နယ်တောင်တန်းဒေသတွေရဲ့ မူလကိုယ်ပိုင် ပြဋ္ဌာန်းခွင့်တွေဟာ ပျောက်ကွယ်ရတော့မလို ဖြစ်နေတာ တွေ့ရပါတယ်။

ကျွန်တော့်အနေနဲ့ မြင်တာကတော့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲကြတဲ့အခါမှာ ပြည်ထောင်စုစနစ်ကြီး ပီပီသသဖြစ်အောင် ပြင်ဆင်ရေးဆွဲကြစေလိုပါတယ်။ ဒီလိုမှ မပြင်ဆင်ရင် ထပ်တလဲလဲ ပြဿနာတွေ ဖြစ်လာဦးမှာလဲ။ အခု ကျွန်တော် တင်ပြသလိုပြည်နယ်အချင်းချင်း စုပေါင်းတဲ့မူကို လက်ခံမှ အုပ်ချုပ်မှုအာဏာ၊ တရားစီရင်မှုအာဏာ၊ ဥပဒေပြုမှုအာဏာဆိုတဲ့ အဓိကမဏ္ဍိုင်ဖြစ်တဲ့ အာဏာသုံးရပ်ကို တန်းတူမျှတမှုရှိအောင် ခွဲဝေပြီး ဗဟိုပြည်ထောင်စုကို သင့်လျော်တဲ့ အာဏာတွေ သတ်မှတ်ပေးထားခြင်းဖြင့် စစ်မှန်တဲ့ ပြည်ထောင်စုကြီး တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်" ဟူ၍ ထောက်ခံတင်ပြသွားသည်။

ဖက်ဒရယ်မူကို တတိယမြောက် ထောက်ခံဆွေးနွေးသူ ရှမ်းပြည်နယ်ကိုယ်စားလှယ် ဦးထွန်းမြင့် (တောင်ကြီး)ကလည်း... "ကျွန်တော်တို့



ထိုင်းမိဖုရားကြီး သီရိခေတ်နှင့်အတူ

တင်ပြတဲ့ ပြည်ထောင်စုစစ်စစ်မှုရဲ့ အနှစ်သာရဟာ ဘာလဲဆိုရင်... တန်းတူ ရေးပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ လိုလားချက်ကို အရှင်းဆုံးစကားလုံးနဲ့ ဖော်ပြရရင်... ကျွန်တော်တို့ ဗမာ၊ ရှမ်း၊ ကချင်၊ ချင်း၊ ကရင်၊ ကယား၊ မွန်၊ ရခိုင်၊ ညီအစ်ကို မိသားစုတွေဟာ တန်းတူညီတူ ဆက်ဆံကြပါစို့၊ တန်းတူညီတူ ခံစားကြပါစို့လို့ ဆိုလိုက်ခြင်းပင် ဖြစ်ပါတယ်။

ဗိုလ်ချုပ်တို့ ကျဆုံးသွားပြီးတဲ့နောက် ဆက်လက်ရေးဆွဲကြတဲ့အခါ အခြေခံဥပဒေဟာ ဗိုလ်ချုပ်လိုလားတဲ့ အခြေခံဥပဒေမျိုး မဟုတ်တော့ဘူး။ ဗိုလ်ချုပ်မူနဲ့ ကွဲလာတယ်ဆိုတာကတော့ ထင်ရှားပါတယ်။ ဖဆပလ ပဏာမညီလာခံက ရေးဆွဲတဲ့ အခြေခံဥပဒေမူကြမ်းနဲ့ ယှဉ်တွဲဖတ်ကြည့်ရင် ကွဲပြားမှုတွေ တစ်ပြုံတစ်ခေါင်းကြီး တွေ့ရပါမယ်။

ဗိုလ်ချုပ်အောင်ဆန်း မရှိတဲ့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု အမှူးပြုတဲ့ ဗမာခေါင်းဆောင်တွေအပေါ် ကျွန်တော်တို့ဟာ ဆက်လက်ပြီး ယုံကြည်ကိုးစားခဲ့ပါတယ်။ အခြေခံဥပဒေမှာ ပါရှိတဲ့ ပြဋ္ဌာန်းချက်တွေ အပေါ် ကျွန်တော်တို့ အလွန်အမင်း အလေးအနက် မထားခဲ့ပါဘူး။ ကောင်းကောင်းလည်း နားမလည်ခဲ့ကြပါဘူး။ အခုအထိ အခြေခံဥပဒေမှာ ချွတ်ယွင်းချက်တွေ ရှိသည့်တိုင်အောင် ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့သကဲ့သို့ Letter and Spirit of the constitution ဥပဒေစကားလုံးနဲ့ စိတ်စေတနာ ခွဲခြားနားလည်ပြီး ကျင့်သုံးသွားရင်ဖြင့် အောင်နိုင်မှာပဲလို့ ယုံကြည်စိတ်ချ နေခဲ့ကြပါတယ်။ ကျွန်တော်တို့ဟာ အဲဒီလို စိတ်ထား၊ အဲဒီလို ယုံကြည် စိတ်နဲ့ ဒီအခြေခံဥပဒေကြီးကို သဘောတူလက်ခံကြခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ ရပိုင်ခွင့်ရှိတဲ့ အခွန်တော်ငွေကိုပဲ ထောက်ပံ့ကြေး ဆိုပြီး နှစ်စဉ်လက်ဖြန့်ခံတောင်းနေရတာလည်း အမောပဲ။ အချိန်မီ မရလို့ ပြည်နယ်များ အုပ်ချုပ်ရေးမှာ အခက်အခဲကြုံရပေါင်းလည်း မရေမတွက် နိုင်တော့ပါဘူး။ အဲဒီထောက်ပံ့ကြေးပေးရတာနဲ့ ပတ်သက်ပြီး ပုဂ္ဂိုလ်အချို့ က ကျွန်တော်တို့ ပြည်နယ်တွေကို မီးရထားကုန်တွဲကြီးတွေလို သဘောထား ကြတယ်။ ဗမာပြည်မက အလွန်တရာ အနစ်နာခံပြီး ပင်ပန်းကြီးစွာနဲ့ ကျွန်တော်တို့ကို တရွတ်တိုက်ဆွဲနေသလို ယူဆကြတယ်။ အဲဒီပုဂ္ဂိုလ်တွေ ကို ကျွန်တော် အစီရင်ခံလိုပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုစစ်စစ်

မှုဟာ ခင်ဗျားတို့၊ ကျွန်တော်တို့ကို ဒီလောက်ပင်ပန်းကြီးစွာနဲ့ တရှုတ်တိုက်ဆွဲ မနေစေဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ကို ဖြုတ်ပစ်ခဲ့ပါ။ ခင်ဗျားတို့ ၁၃ နှစ်လုံးလုံး ဆွဲခဲ့တဲ့ ကျွန်တော်တို့မှာ ခရီးထင်သလောက် မပေါက်ပါဘူး။ ကိုယ့်စွမ်းအင် ကိုယ့်လုံ့လနဲ့ပဲ သွားပါရစေ။



**အိန္ဒိယဝန်ကြီးချုပ်နှင့်အတူ**

တစ်ခါသေဖူး ပျဉ်ဖိုးနားလည် ဆိုတဲ့ စကားပုံလို ခေါင်းဆောင်တစ်ဦး (သို့မဟုတ်) ပါတီတစ်ခုရဲ့ စိတ်စေတနာအပေါ် ယုံကြည်ကိုးစားနေလို့ မရတော့ပါဘူး။ လူဆိုတာ သခ်ါရပါ။ ပါတီအဖွဲ့ကြီးလည်း မတည်မြဲပါဘူး။ ဒါကြောင့် ကျွန်တော်တို့ အခွင့်အရေးတွေကို အမြဲအမည်းခွဲခြားပြီး ရေပက်မဝင်အောင် ရေးဆွဲထားဖို့ လိုအပ်တယ်လို့ ကျွန်တော်နားလည်ပါတယ်"ဟူ၍ ဦးထွန်းမြင့်က တင်ပြခဲ့သည်။ ထို့နောက် အာဏာခွဲဝေရေးနှင့် ပတ်သက်၍လည်း ၎င်းက "ကျွန်တော်တို့ရဲ့ လက်ရှိ ပြည်ထောင်စုဟာ ပြည်ထောင်စုစစ်မဟုတ်ဘဲ ကနေဒါလို အပျော့စားဖြစ်နေပါတယ်။ အဲဒီ ကနေဒါ နည်းဖြစ်တဲ့ အာဏာခွဲဝေရေးပုံစံကို ကျွန်တော်တို့ စမ်းသပ်ခဲ့တာ ၁၃ နှစ် ရှိလာပါပြီ။ ဒီပုံစံမျိုးကို ကျွန်တော်တို့ မလိုလား

တော့ပါဘူး။ ဒါကြောင့် ဆွစ်ဇာလန်၊ ဩစတြေးလျ၊ ဆိုဗီယက် ယူနီယံပြည်ထောင်စုများမှာကဲ့သို့ ဗဟိုကို အာဏာ သတ်မှတ်ပေးပြီး ကျန်အာဏာများကို ပြည်နယ်များသို့ လွှဲအပ်ရန် တင်ပြလိုက်ခြင်း ဖြစ်ပါ တယ်။

လွှတ်တော်နှစ်ရပ်ထားရတဲ့ မူလအကြောင်းအရင်းက ဘာလဲဆိုရင်၊ လွှတ်တော်တစ်ရပ်က တစ်ရပ်ကို ထိန်းကွပ်ဖို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် သဘောတရားအရ အာဏာတူပေးဖို့ လိုလာပါတယ်။

ပြည်ထောင်စု နိုင်ငံမှာတော့ လွှတ်တော်နှစ်ရပ် မထားလို့ မဖြစ်ပါ ဘူး။ လူဦးရေနဲ့ နယ် အကျယ်အဝန်းချင်း မတူညီတဲ့ ပြည်နယ်တွေ ပေါင်းစည်းထားတဲ့အတွက် လွှတ်တော်နှစ်ရပ်ဟာ လိုအပ်နေပါတယ်။ ပြည်ထောင်စုမှာ ထားရှိတဲ့ လွှတ်တော်နှစ်ရပ်ကျတော့ တစ်ရပ်နှင့်တစ်ရပ် ထိန်းကွပ်ရုံမကတော့ဘူး၊ ပြည်နယ်တွေရဲ့ အခွင့်အရေးကို ကာကွယ် စောင့်ရှောက်ရမယ့် တာဝန်တွေလည်း ပါလာပါတယ်။ ပြည်ထောင်စုထဲမှာ လူဦးရေ အင်မတန်များတဲ့ ပြည်နယ်၊ လူဦးရေနည်းတဲ့ ပြည်နယ်တွေ ပါဝင်နေတဲ့အတွက် လူဦးရေအပေါ် အခြေတည်တဲ့ ဒီမိုကရေစီ သဘော တရားတစ်ခုတည်း ထားလျှင်...၊ လူဦးရေ များတဲ့ ပြည်နယ်ကြီးက ခေါင်းဆောင်တွေ စိတ်ထားမကောင်းလျှင်... ပြည်နယ်ငယ်တွေအပေါ် အစဉ်အမြဲ အနိုင်ကျင့် လက်ဝါးကြီးအုပ်နေမှာ မလွဲဘူး။ ဒါကြောင့် နောက် လွှတ်တော်တစ်ရပ် ဖွဲ့စည်းတဲ့အခါမှာ လူဦးရေ အချိုးအစားအလိုက် ဖွဲ့စည်းလို့ မဖြစ်ပါဘူး။ လူဦးရေ နည်းသည်ဖြစ်စေ များသည်ဖြစ်စေ၊ ကိုယ်စားလှယ်အရေအတွက် အညီအမျှနဲ့ ဖွဲ့စည်းရပါမယ်" ဟူ၍ တင်ပြ သွားသည်။

ဦးထွန်းမြင့်က ဖက်ဒရယ်မူကို ထောက်ခံဆွေးနွေးပြီးနောက် ဖက် ဒရယ်မူကို နောက်ဆုံး ထောက်ခံဆွေးနွေးသူမှာ ကယားဦးစိန်ဖြစ်သည်။ ၎င်းက–

"ဗိုလ်ချုပ်အောင်ဆန်း၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ သခင်မြ၊ မန်းဘခိုင်၊ ဆရာကြီး ဦးရာဇတ်၊ ဒီးဒုတ်ဦးဘချို၊ ဦးဘဝင်းတို့ရဲ့ သွေးနဲ့ ချွေးနဲ့ မလျော့သောလုံ့လနဲ့ အမျိုးသားညီညွတ်ရေး၊ တရားမျှတရေး၊ လွတ်လပ်ရေး အခြေခံအုတ်မြစ်ချပြီး တည်ဆောက်ခဲ့တဲ့ ပြည်ထောင်စုကြီး



**အစ္စရေးဝန်ကြီးချုပ်နှင့်အတူ**

ဟာဖြင့် စစ်မှန်ခြင်းမရှိတော့တဲ့ မစစ်မမှန်တဲ့ ပုံပန်းသဏ္ဍာန်မျိုးသို့ ပြောင်းလဲလာနေပြီဆိုတာကို ဉာဏ်မျက်စိဖြင့် ကြည့်ဖို့ပင် မလိုတော့ပါဘူး။ သာမန်မျက်စိနဲ့ပဲ ကွင်းကွင်းကွက်ကွက် မြင်နေကြရလို့ ဝန်ကြီးချုပ် အမိန့်ရှိသလို ပြည်ထောင်စုကြီး ပြိုကွဲတော့မလား၊ ပျက်စီးတော့မလားဆိုတာ ကျွန်တော်တို့နဲ့တကွ၊ ပြည်ထောင်စုသားတိုင်းက ယူကျုံးမရ စိုးရိမ်ကြောင့်ကြ ပူပင်သောက ဖြစ်နေကြရပါတယ်" ဟု ပြောကြားခဲ့ပြီးနောက် ကယားဦးစိန်က ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် မြတ်စွာဘုရား၏ သာသနာတော်ကြီး ပျက်စီးမည့်အခြေအနေများ ပေါ်ပေါက်လာသည့်အတွက် မြတ်စွာဘုရားပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် သုံးလအတွင်းမှာပင် ပထမသင်္ဂါယနာ တင်ခဲ့ပုံ၊ ထို့နောက်လည်း ချွတ်ယွင်းချက်ရှိတိုင်း၊ မူရင်းကို ထိခိုက်လာတိုင်း သာသနာ့ ဒါယကာအမည်ခံ မင်းများက ဦးစီး၍ သင်္ဂါယနာတင်ခဲ့ကြသည်မှာ မင်းတုန်းမင်း တရားကြီးလက်ထက်အထိ ငါးကြိမ်ရှိခဲ့ပြီး ဝန်ကြီးချုပ်ဦးနုလက်ထက်တွင်လည်း ဆဋ္ဌသင်္ဂါယနာ တင်ခဲ့သည့် သာဓကများရှိပုံကို ကယားဦးစိန်က ရှင်းလင်းတင်ပြပြီးနောက်...

"မြတ်စွာဘုရားရဲ့ အဆုံးအမကို ပိဋကတ်တော်ကို ဆေးကြောသုတ်သင် သင်္ဂါယနာ တင်ခဲ့သလို ကျွန်တော်များရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုလည်း ခေါင်းဆောင်ကြီးများ ချမှတ်ထားတဲ့ ပြည်ထောင်စု

စစ်စစ်မှုအတိုင်း တိကျမှန်ကန်အောင် စိစစ်လျက် ပြည်မ ပြည်နယ် အသီးသီးမှ ခေါင်းဆောင်များနဲ့ ညှိနှိုင်းတိုင်ပင်ပြီး ဆက်လက် ဆောင်ရွက် သွားပေးပါလို့ ပန်ကြားလိုပါတယ်" ဟူ၍ တင်ပြသွားသည်။ ကယားဦးစိန် က ဖက်ဒရယ်မူကို ထောက်ခံဆွေးနွေးပြီးသောအခါ ထိုနေ့ ဆွေးနွေးပွဲ နောက်ဆုံးအစီအစဉ်အရ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စား လှယ်တော်ကြီးများသည် ခေါက်ဆွဲနှင့် ကော်ဖီတို့ကို သုံးဆောင်ခဲ့ကြလေ သည်။

ဖက်ဒရယ်မူ ဆွေးနွေးပွဲကို ဒုတိယနေ့အဖြစ် ၁၉၆၂ ခုနှစ်၊ မတ်လ၊ ၁ ရက်နေ့၊ ည ၆ နာရီတွင် ပြန်လည် ကျင်းပခဲ့သည်။ ဒုတိယနေ့ ဆွေးနွေးပွဲ၌ သဘာပတိ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု က ပြောကြားရာတွင် ယခုနီးနှောဖလှယ်ပွဲတွင် ပြောကြားမည့်စကားများသည် အလွန်အရေး ကြီးသည် စကားများဖြစ်၍ တစ်နေ့တည်းနှင့် အပြီးပြောလိုက်လျှင် အကျိုး ရှိမည် မထင်ကြောင်း၊ ကိုယ်စားလှယ်တော်များပြောမည့် စကားများကို နားထောင်နေကြသည့် အခြားကိုယ်စားလှယ်တော်ကြီးများနှင့် တိုင်းပြည် ကပါ အချိန်ယူ၍ လေ့လာရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ယနေ့တွင် ပမညတ နှင့် ဖဆပလ မှ ကိုယ်စားလှယ် တစ်ဦးစီသာ ပြောကြားရန်နှင့် လာမည့် မတ်လ (၇) ရက်နေ့တွင် နီးနှောဖလှယ်ပွဲကို ပြန်လည်ကျင်းပ မည် ဖြစ်ကြောင်း ရှင်းလင်းတင်ပြသွားသည်။ ထို့နောက် အစီအစဉ်အရ ပထမဆုံးအလှည့်ကျသည့် ပမညတ ကိုယ်စားလှယ် ဝိဓူရသခင်ချစ်မောင်က ၎င်း၏ တစ်နာရီကြာမိန့်ခွန်းကို…

ပြည်ထောင်စုဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင် ဆန်း တည်ဆောက်ခဲ့သည့် လူမျိုးပေါင်းစုံ ချစ်ကြည်သွေးစည်းရေး ဗိမာန် ကြီး၏ လက်ရှိအခြေအနေသည် အတော်ပင် ယိုင်နဲ့လျက် ရှိနေပြီ။ လူသား တို့ရဲ့ ခေတ်တစ်ခေတ်ဆိုတဲ့ နှစ်ပေါင်း နှစ်ဆယ်အစိတ်မျှပင် ဆက်လက် မထိန်းနိုင်တဲ့အတွက် မိဘအမွေကို မရိုသေတတ်တဲ့ သားဆိုး သမီးဆိုးများ အဖြစ်နဲ့ ကျွန်တော်တို့အားလုံးဟာ ရာဇဝင်မှာ တာဝန်မကင်းဖြစ်နေကြ ရပါပြီ။ ထိုတာဝန်ကို အချိန်မီ ပြန်လည်ထမ်းဆောင်နိုင်ကြရန်အတွက် ယခုလို လူမျိုးပေါင်းစုံ နီးနှောဖလှယ်ပွဲကြီးကို ကြီးစွာသော နောင်တ၊ နက်နဲသော မိသားစုစိတ်ဓာတ်နှင့် ကျင်းပရခြင်းဖြစ်တယ်လို့ ကျွန်တော်



ဗိုလ်ချုပ်ကြီးနေဝင်း ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိခဲ့စဉ်က

တို့ လိုက်လုံခဲ့စွာ ခံယူပါတယ်။ ပြည်ထောင်စု ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ လူမျိုးပေါင်းစုံ ချစ်ကြည်သွေးစည်းရေးကို ကျွန်ခေတ်မှာ နယ်ချဲ့ကို ရန်သူထားပြီး ရှာဖွေတည်ဆောက်ခဲ့ပါတယ်။ ဂျပန်ဖက်ဆစ်တို့ခေတ်မှာ ဖက်ဆစ်ဝါဒကို ရန်သူထားပြီး တည်ဆောက်ခဲ့ပါတယ်။ စစ်ကြီးပြီးသည့်နောက် အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲကြီးမှာ ဗြိတိသျှနယ်ချဲ့သမားကို ရန်သူထားပြီး အပြင်းအထန် ကြိုးပမ်း တည်ဆောက်ခဲ့ပါတယ်။ ရန်သူကို ရန်သူလို အခြေခံပြီး အဖြေမှန်ရှာဖွေခဲ့ကြခြင်းရဲ့ အောင်ပွဲအထွတ်ထိပ်ဟာ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ချုပ်ဆိုခဲ့ကြတဲ့ ရာဇဝင်ကျော် ပင်လုံစာချုပ်ကြီးပဲ ဖြစ်ပါတယ်။ ရန်သူမှန်းသိတဲ့ အချိန်မှာ အဖြေမှန်ထွက်တယ် ဆိုတဲ့ ရာဇဝင်သင်ခန်းစာကြီးတစ်ရပ်ပါပဲ။

ရန်သူကို ရန်သူလိုသိတဲ့ ယနေ့ နိုင်ငံတကာမှာရှိတဲ့ အမျိုးသားခေါင်းဆောင်ကြီးတွေကို နယ်ချဲ့သမားဟာ ခဏခဏ လုပ်ကြံသတ်ဖြတ်နေကြသကဲ့သို့ နယ်ချဲ့သမားနဲ့ နယ်ချဲ့လက်ပါးစေများဟာလည်း လူမျိုးပေါင်းစုံ သွေးစည်းညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်ကြီးများကို ဦးဦးဖျားဖျား လုပ်ကြံသတ်ဖြတ်ခဲ့ကြခြင်းပဲ ဖြစ်ပါတယ်။



**အိန္ဒိယဝန်ကြီးချုပ် အင်ဒီယာ ဂန္ဒီနှင့် အတူတွေ့ရစဉ်**

လေဘာအစိုးရက ဗမာပြည်လွတ်လပ်ရေး ဥပဒေကြမ်းကို ဘိလပ်ပါလီမန်မှာ တင်စဉ်က ကမ္ဘာ့နယ်ချဲ့ခေါင်းဆောင်ကြီး ဗြိတိသျှ ဝန်ကြီးချုပ်ဟောင်း ဆာ ဝင်စတန် ချာချီ က ဗမာပြည်ကို လွတ်လပ်ရေးပေးခြင်းဟာ ဗမာပြည်သူပြည်သားများအား သွေးချောင်းစီးစေခြင်းပဲ ဖြစ်လိမ့်မယ်လို့ အတိအလင်းပဲ နိမိတ်ဖတ်ကြိမ်းဝါးခဲ့တာကို ကျွန်တော်တို့ ယခုတိုင် ကြားယောင်နေကြပါလိမ့်ဦးမယ်။ နယ်ချဲ့သမားတို့ရဲ့ စီမံကိန်းအတိုင်း ဗိုလ်ချုပ်အောင်ဆန်း တည်ဆောက်ခဲ့တဲ့ လူမျိုးပေါင်းစုံ သွေးစည်းညီညွတ်ပွဲဟာ လူမျိုးပေါင်းစုံ ခုတ်ထစ်သတ်ဖြတ်နေရတဲ့ ပြည်တွင်းစစ်ပွဲကြီးအဖြစ်နဲ့ ဒီကနေ့တိုင်အောင် သွေးချောင်းစီးနေကြရခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ အဲဒီအချိန်ကစပြီး ရန်သူပျောက်ခဲ့ကြပါပြီ။ အချင်းချင်းကို ရန်သူလို့ ထင်ခဲ့ကြပါပြီ။ ရန်သူပျောက်လေ အချင်းချင်းရဲ့ သွေးကို သောက်လို့ မဝနိုင်ကြလေဖြစ်ပြီး၊ နောက်ဆုံး ဇာတ်တူသားစစ်ခင်းသတ်ဖြတ် ဟသ်ာကိုးသောင်းဇာတ်ကို ခင်းနေကြတဲ့ဘဝကို ကျွန်တော်တို့ လုံးဝရောက်နေကြရပါပြီ။ ခေတ်သစ်နိုင်ငံရေး ကျမ်းဂန်များအရလည်း ဒီမိုကရေစီအစိုးရတိုင်း တိုင်းပြည်ကို တာဝန်ခံရမယ်ဆိုတဲ့ ကျင့်ထုံး

အတိုင်း အစိုးရဟာ တာဝန်အရှိဆုံး ဖဆပလအစိုးရအတွက် ပြည်တွင်းစစ် ဗလောင်ဆူနေတဲ့ကာလမှာ ရန်သူကို မိတ်ဆွေထင်၊ မိတ်ဆွေကို ရန်သူထင်ပြီး တစ်ပါတီအာဏာရှင်နည်းရော၊ စစ်ဝါဒနည်းရော နည်းမျိုးစုံ အထွေထွေ ဖိနှိပ်ရေး လုပ်ငန်းကြီးတွေကို ခပ်ကြမ်းကြမ်းကြီးပင် ဆောင်ရွက်ခဲ့ပါတယ်။

စီးပွားရေး၊ လူမှုရေးတွေမှာလည်း ငါနဲ့မတူ၊ ငါ့ရန်သူတွေလို့ ဘေးချိတ်ပြီး ငါနဲ့တူတဲ့ ငါ့လူတွေသာ ပြည်နယ်ပြည်မ မရွေး အခွင့်ထူးခံ လူတန်းစားတစ်ရပ်အဖြစ်နဲ့ ပြောင်ပြောင်ကြီးဖန်တီးခဲ့ကြပါတယ်။

ထို့နောက် ဝိရူရသခင်ချစ်မောင်သည် အမေရိကန်ပြည်ထောင်စုနှင့် ဆွစ်ဇာလန်နိုင်ငံ၏ သမိုင်းကြောင်းကိုလည်း အကျဉ်းချုပ်၍ ရှင်းပြခဲ့သေးသည်။

(အမေရိကန်ပြည်ထောင်စုသည်) မူလကတည်းက အချုပ်အခြာအာဏာပိုင် ပြည်နယ်များအဖြစ် စတင်ခဲ့တယ်။ ထို့နောက် confederation ဖွဲ့ခဲ့တယ်။ သို့သော်လည်း ထိုဘဝနဲ့ မလုံလောက် မကိုက်ညီတဲ့ အခါမှာ တစ်ဆင့်လျှော့ပြီး federation ဆိုတာ ဖွဲ့ခဲ့ရတယ်။ ရာဇဝင်ဖြစ်စဉ်အတွင်းမှာပဲ decentralization က centralization ကို (လျော့ရဲသော ဗဟိုချုပ်ကိုင်မှုမှ တင်းကျပ်သော ဗဟိုချုပ်ကိုင်မှုသို့) တဖြည်းဖြည်း ဦးတည်လာတာကို တွေ့ရမယ်။ အာဏာပိုင် သမ္မတစနစ်ဟာ အမေရိကန်



နိုင်ငံခြားသံတမန်တစ်ဦးအား လက်ဆွဲနှုတ်ဆက်နေစဉ်

ပြည်ထောင်စုရဲ့ ဗဟိုခေါင်းဆောင်မှုနဲ့ ညီညွတ်ရေးစည်းချက် ဖြစ်လာတယ်။ ပြည်ထောင်စုတိုင်းမှာ ဗဟိုခေါင်းဆောင်မှုနဲ့ ညီညွတ်ရေးစည်းချက်အတွက် တစ်စုံတစ်ခုသော အမာခံအနှစ်သာရဟာ တပ်ဆင်ပါရှိရစမြဲဆိုတာ အလေးအနက်လက်ခံယုံကြည်ဖို့ လိုပါတယ်။

(ဆွစ်ဇာလန်ပြည်ထောင်စုသည်) သီးသီးခြားခြား အချုပ်အခြာအာဏာပိုင် ပြည်နယ်လေးများအဖြစ်နဲ့ အစပြုခဲ့ကြတယ်။ ဘုံရန်သူများကို စုပေါင်းခုခံရေးအတွက်သာ confederation ခေါ် ပြည်နယ်ပေါင်းချုပ်တစ်ခုကို စတင်မွေးဖွားစေခဲ့ကြတယ်။ သို့သော်လည်း ဆွစ်ဇာလန်နိုင်ငံရဲ့ မိမိတို့ရဲ့ မူလဘူတ အချုပ်အခြာအာဏာပိုင် ပြည်နယ်ခွဲခြားစိတ်ဟာ ရာဇဝင်နဲ့ ချီပြီး ပြင်းထန်လေတော့ မအောင်မြင်ခဲ့ပါဘူး။ အလွန် လျော့လျော့ရဲရဲ ဖွဲ့စည်းထားတဲ့ confederation တစ်ခုပါပဲ။ ၁၈၄၈ ခုနှစ်မှာ ဒိုင်းယက်ဟာ ယနေ့အခြေခံဥပဒေကြီးကို စတင်ရေးဆွဲစေခဲ့တာပဲ။ အဲဒီအခြေခံဥပဒေဟာလည်း ရှေးမှုနဲ့ ခေတ်သစ်စုစည်းရေး မူ နှစ်ခုကို ဈေးစပ်ဖျန်ဖြေထားတဲ့ ဥပဒေပါပဲ... confederation နဲ့ federation ကို ဈေးစပ်ရောမွှေပြီး သူတို့ရဲ့ ရာဇဝင်ဘာဝဖြစ်စဉ်နဲ့ ကိုက်ညီအောင် လုပ်ဆောင်ထားတာကို တွေ့ရှိရပါလိမ့်မယ်။ အဲဒီမှာလည်း Swiss Confederation ဟာ အစကတည်းက အချုပ်အခြာ အာဏာပိုင်ပြည်နယ်တွေအဖြစ်နဲ့ စတင်ဖွဲ့စည်းခဲ့ရာမှ တဖြည်းဖြည်း centralization ဆိုတဲ့ ဗဟိုခေါင်းဆောင်မှုနဲ့ ညီညွတ်ရေးစည်းချက်ဆီသို့ ရွေ့လျောလာတာကို ကောင်းစွာ တွေ့ရပါလိမ့်မယ်။

ထို့နောက် နိဂုံးချုပ်စကားမပြောမီ ပြည်ထောင်စုစစ်စစ်မှုနှင့် အညီပြည်ထောင်စုကြီးကို ပြင်ဆင်ဖွဲ့စည်းရေးနှင့် ပတ်သက်၍ ပမညတ၏ သဘောထားအနှစ်ချုပ်ကို ဝိဓူရသခင်ချစ်မောင်က အောက်ပါအတိုင်း ပြောကြားခဲ့သည်။

(၁) ယနေ့ ပြည်တွင်းပြည်ပ အခြေအနေအရ ပြည်ထောင်စုစစ်စစ်ဆိုသည့်မှုကို ထုထောင်လျှင် confederation ဆန်ဆန် ဖြစ်လာပြီး ပြည်ထောင်စုညီညွတ်ရေးထက် တစ်စတစ်စအားဖြင့် ပြည်ထောင်စုပြိုကွဲရေးကိုသာ အားပေးရာ ရောက်ပါလိမ့်မည်။ ဒါကြောင့် ကျွန်တော်တို့ သဘောမတူနိုင်ပါ။

(၂) ယနေ့ ပြည်ထောင်စုဖွဲ့စည်းခဲ့တဲ့ ၁၄ နှစ် သက်တမ်းအတွင်းမှာ နယ်ချဲ့သမားများ၏ ပယောဂ၊ အုပ်စိုးသူများရဲ့ သဘောထားမှား၊ လုပ်ဆောင်ချက်မှားတွေကြောင့် ပြည်နယ်လူမျိုးစုများအတွင်း ပြည်သူများအားလုံးနဲ့အတူ များစွာနစ်နာနေရသည်ကို ကျွန်တော်တို့ အထူးလိုက်လှဲစွာ အသိအမှတ်ပြုပါသည်။ အလေးအနက်နာကြည်းပါသည်။ ၎င်းအတွက် ယခုပြည်ထောင်စု ဖွဲ့စည်းပုံပုံစံအတွင်းမှာပဲ အစွမ်းကုန် လိုက်လျော ညှိနှိုင်း ပြင်ဆင်ပေးရန် ကျွန်တော်တို့ လုံးဝ သဘောတူညီပါသည်။

(၃) အရင်းရှင်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစစ်စစ်ဆိုသည်မှာ ပုံစံအားဖြင့်သာရှိ၍ အနှစ်သာရမှာ အတုသာဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုစစ်စစ်ကို ပုံစံရော အနှစ်သာရပါ အမှန်တကယ် အလိုရှိပါလျှင် မြန်မာပြည်ထောင်စု ဆိုရှယ်လစ်သမ္မတနိုင်ငံတော် ထူထောင်ရေးသို့ ဦးတည်ချီတက်ကြရန် အလေးအနက် တိုက်တွန်းပါသည်။

(၄) ယခုကျင်းပလျက်ရှိနေသည့် လူမျိုးစုံပေါင်းစုံ ညှိနှိုင်းဖလှယ်ရေးပွဲကြီးကို လွတ်လပ်စွာ အပြန်အလှန် ညှိနှိုင်းဖလှယ်ပွဲ အဖြစ်သာ အသိအမှတ်ပြုပါရစေ၊ တစ်ဦးနှင့်တစ်ဦး အကျပ်ကိုင်ပြီး တစ်စုံတစ်ခုသော အဆုံးအဖြတ်ကို ဆုံးဖြတ်သည့်ပွဲအဖြစ် လက်မခံနိုင်ပါ။

(၅) ယခုဆွေးနွေးညှိနှိုင်းချက်များကို ဆိုင်ရာတို့က ပြန်လှန်သုံးသပ်ကြပြီး အစုံအညီတက်ရောက်မည့် ပြည်ထောင်စုညီညွတ်ရေး ညီလာခံသဘင်ကြီးကို ၁၉၆၃ ခုနှစ် နှစ်ဦး၌ ခေါ်ယူကာ ထပ်မံညှိနှိုင်းပြီးမှသာ ဆုံးဖြတ်ချက်များ ချမှတ်သင့်ပါသည်။

ဝိဓူရသခင်ချစ်မောင်က ဖက်ဒရယ်မူနှင့်ပတ်သက်၍ ပမညတအဖွဲ့၏ သဘောထားကို တင်ပြပြီးနောက် ဖဆပလ၏သဘောထားကို ဦးဗဆွေက ဆက်လက်ပြောကြားခဲ့သည်။

ပြည်ထောင်စု စနစ်မှာလည်း ယေဘုယျအားဖြင့် မူနှစ်မူရှိပါတယ်။ ပြည်ထောင်စုဗဟိုအစိုးရရဲ့ အာဏာကို ကန့်သတ်ချုပ်ချယ်ထားပြီး ပြည်နယ်တွေကို ကြွင်းကျန်တဲ့ အာဏာတွေ အတောမသတ် ပေးထားတဲ့ မူက

တစ်မှု၊ ပြည်နယ်အာဏာတွေကို အကန့်အသတ်နဲ့ ပြဋ္ဌာန်းထားပြီးတော့ ပြည်ထောင်စုဗဟိုအစိုးရကို အတောမသတ်ကြွင်းကျန်တဲ့ အာဏာတွေ ပေးထားတဲ့မှုက တစ်မှု... ပထမမှုအရဆိုရင် ဗဟိုအစိုးရ အားနည်းပြီး ပြည်နယ် အစိုးရတွေက အာဏာ ပိုရှိတယ်။ ဒုတိယမှုအရဆိုရင် ပြည်နယ် အစိုးရတွေက အားနည်းပြီး ပြည်ထောင်စုတစ်ခုလုံးနဲ့ သက်ဆိုင်တဲ့ ဗဟိုအစိုးရက အင်အားတောင့်တင်းခြင်းရှိပါတယ်။ ယနေ့ကမ္ဘာပေါ်မှာ ရှိရှိသမျှ ပြည်ထောင်စုစနစ် နိုင်ငံတွေကို လေ့လာကြည့်တဲ့အခါမှာ ပထမ ပြည်ထောင်စုအမျိုးအစားက ဒုတိယပြည်ထောင်စု အမျိုးအစားဘက်ကို အခြေခံဥပဒေပြင်တဲ့နည်း၊ တရားလွှတ်တော်ချုပ်များရဲ့ စီရင်ဆုံးဖြတ်ပေးတဲ့ နည်း၊ လုပ်ထုံးလုပ်နည်း အစဉ်အလာနည်းတွေနဲ့ သိသိသာသာကြီး ပြောင်းလဲလာတာကို တွေ့ရပါတယ်။ တစ်နည်းအားဖြင့် ပြည်ထောင်စု ကြီးတစ်ခုလုံး အင်အားတောင့်တင်းအောင် ပြည်ထောင်စု ဗဟိုအစိုးရကိုသာ အင်အားဖြည့်တင်းပေးနေတဲ့ အချိန်အခါဖြစ်တယ်ဆိုတဲ့ဟာကို တွေ့ရပါ လိမ့်မယ်။ အဲဒါဟာ လူတွေ အမြင်မှန်ရလာပြီး၊ တစ်ကမ္ဘာလုံးက လက်ခံ ပြောင်းလဲလာတဲ့ မှန်ကန်တဲ့ ပြည်ထောင်စုလမ်းစဉ်ဖြစ်ပါတယ်။ ခုခေတ် ဟာ နိုင်ငံတိုင်းက တစ်မျိုးသားလုံး စီးပွားဥစ္စာတိုးတက်ရေးနဲ့၊ တစ်မျိုးသား လုံးရဲ့ လုံခြုံရေးကို အဓိကဦးစားပေးနေရတဲ့ ခေတ်ဖြစ်ပါတယ်။ အဲဒါ ကြောင့် တစ်ပြည်ထောင် စနစ်ဖြစ်ရင်လည်းဖြစ်ရမယ်။ ပြည်ထောင်စု စနစ်ဖြစ်ရင်လည်း ပြည်ထောင်စု ဗဟိုအစိုးရက ထိထိရောက်ရောက် အလုပ်လုပ်ဖြစ်အောင် ပြည်နယ်များက လိုလိုချင်ချင်နဲ့ ဗဟိုအစိုးရကို အင်အားဖြည့်တင်းပေးနေရတဲ့ခေတ် ဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စုကို အစပျိုးခဲ့တဲ့ ကိုလိုနီပြည်နယ် ၁၃ ပြည်နယ်ဟာ ငါ့ဟာမှ ငါ့ဟာ၊ ငါ့ဒေသသာ အချုပ်အခြာဖြစ်ရမယ်။ ငါ့ဒေသလုပ်ချင်တိုင်း လွတ်လွတ်လပ်လပ် လုပ်ရမှကောင်းမယ် ဆိုတဲ့ သဘောနဲ့ အမေရိကန်ပြည်ထောင်စုကြီးကို စထူထောင်ခဲ့ပါတယ်။ ဒါပေမဲ့ ယခုအခါ အမေရိကန်ပြည်ထောင်စုနိုင်ငံမှာ အခြေအနေအရ အမေရိကန် သမ္မတကြီးကို သူ့သက်တမ်း လေးနှစ်အတွင်းမှာ အမေရိကန်ပြည်ထောင်စု ရဲ့ အာဏာရှင်ဆန်ဆန်ဖြစ်အောင် အပြောင်းအလဲ ဖြစ်လာပါတယ်။



**လင်းပင်မင်းသားကြီးနှင့် ကြင်ရာတော် ရေနံ့သာခင်ခင်ကြီး**

တစ်နည်းအားဖြင့် လျှောရီလျှော့ရဲ့ ပြည်ထောင်စုစနစ်ဘဝမှ လက်တွေ့မှာ ဗဟိုက တင်းတင်းကျပ်ကျပ် ချုပ်ကိုင်နိုင်တဲ့ တစ်ပြည်ထောင်စုစနစ်ဆန်ဆန် ဖြစ်လာတာ တွေ့ရပါတယ်။ ကမ္ဘာပေါ်ရှိ ပြည်ထောင်စုနိုင်ငံအသီးသီးက သိသိသာသာကြီး ယခုအခါ ပြောင်းလဲနေပါတယ်။ ခေတ်ကို ကျွန်တော်တို့ ဆန့်ကျင်ပြီး၊ ခေတ်ကို နောက်ပြန် မဆွဲသင့်တော့ပါဘူး။

ထို့နောက် ၎င်း၏ မိန့်ခွန်းကို နိဂုံးမချုပ်မီ ဦးဗဆွေက ခွဲထွက်ခွင့် ကိစ္စနှင့်ပတ်သက်၍...

ညီတော်နောင်တော်များခင်ဗျား... ပြည်ထောင်စုမှ ခွဲထွက်နိုင်တဲ့ အခွင့်အကြောင်းကိုလည်း ကျွန်တော် အနည်းငယ်ပြောလိုပါတယ်။ အဲဒီ အခွင့်အရေးကို အမေရိကန်ပြည်ထောင်စုကြီး တည်ထောင်စဉ်က လက်ခံခဲ့ ပေမဲ့ အခုအခါ ခေတ်မမီတော့ပါဘူး။ အဲဒီမူမမှန်တဲ့ သဘောတရားကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ ကျော်လောက်တည်းက အမေရိကန်သမ္မတကြီး အေဘရာဟင်လင်ကွန်းဟာ ခွဲထွက်ရေးဝါဒကို ဖောက်ဖျက်သူဖြစ်ပါတယ်။ စစ်အကြီးအကျယ်တိုက်ပြီး တိုက်ဖျက်ခဲ့ပါတယ်။ အဲဒီလို မူမမှန်တဲ့ ခွဲထွက် ရေးဝါဒကို တိုက်ဖျက်ခဲ့တာကြောင့် အေဘရာဟင်လင်ကွန်းဟာ ရာဇဝင်

ကျော် ပုဂ္ဂိုလ်ကြီးအဖြစ်ဖြင့် ကမ္ဘာက အသိအမှတ်ပြုခြင်း ခံနေရပါတယ်။ ကျွန်တော် ခုလို တင်ပြနေခြင်းဟာ အခြေခံဥပဒေရေးဆွဲကာ အတည်ပြုခဲ့တဲ့ မူတစ်ခုကို ဖျက်ပစ်ရမယ်လို့ တောင်းဆိုနေခြင်း မဟုတ်ပါဘူး။ ပြည်တည်ခါစက ပေးပြီးသား အခွင့်အရေးတွေကို မူအားဖြင့် ဘယ်အခွင့်အရေးကိုမှ မရုပ်သိမ်းထိုက်ဘူးလို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။

ကျွန်တော်တို့ဟာ မိသားစုများအနေနဲ့ ပြန်လည် လက်တွဲပြီး လုပ်ကိုင်ခွင့် ရခဲ့တာဟာ ၁၄ နှစ်ခန့် ရှိခဲ့ပါတယ်။ အဲဒီလို ပေါင်းသင်း လုပ်ကိုင်ခဲ့တဲ့ နေရာမှာ အထင်အမြင် အယူအဆလွဲမှားမှုတွေလည်း ရှိသင့်သလောက် ရှိခဲ့ပါတယ်။ အဲဒီထင်မြင်လွဲမှားမှုတွေကို ကျွန်တော် တင်ပြခဲ့တဲ့အတိုင်းပဲ… ကျွန်တော်တို့တစ်တွေဟာ မိသားစုနည်းနဲ့သာ ဖြေရှင်းရင် မပြေလည်နိုင်တဲ့ ပြဿနာဆိုလို့ ရှိမယ်လို့ ကျွန်တော် မထင်ပါဘူး။ အလုပ်လုပ်ခဲ့ကြတဲ့အခါမှာ အမှားတွေလည်း ရှိနိုင်ပါတယ်။ အချင်းချင်း ဆက်ဆံပုံ ဆက်ဆံနည်းတွေ မမှန်ကန်တာ၊ ညံ့ဖျင်းတာ၊ မယဉ်ပါး မလိမ္မာတာတွေလည်း ရှိသလောက် ရှိမှာပါပဲ။ ဒါပေမဲ့ အဲဒီလို လိမ္မာရေးခြား မရှိတဲ့ တိုင်းရင်းသားညီရင်းအစ်ကိုလို မဆက်ဆံတတ်တဲ့ ငါးခုံးမတွေကြောင့် ကျွန်တော်တို့ ပြည်ထောင်စုကြီးဟာ မမှောက်သင့်ပါဘူး။ ကျွန်တော်တို့တစ်တွေ မိသားစုစိတ်ဓာတ်တွေနဲ့ နည်းလမ်းရှာဖွေပြီး ခြေမမကောင်း ခြေမ ဆိုသလို မကောင်းသူတွေကို သွန်သင်သင့်တာ သွန်သင်၊ ဆုံးမသင့်တာ ဆုံးမ၊ အရေးယူသင့်တာ အရေးယူသွားရင် ပြည်ထောင်စုအတွင်းမှာ အထင်အမြင်လွဲမှားမှုတွေဟာလည်း ပပျောက်သွားမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ညီတော် နောင်တော်များ ခင်ဗျား… ကျွန်တော်တို့ ပြည်နယ်ခပ်များများဟာ မတိုးတက် မဖွံ့ဖြိုးဘဲ၊ အောက်တန်းနောက်တန်းကျနေပါသေးတယ်။ အဲဒီအောက်တန်း နောက်တန်းကျပြီး မဖွံ့ဖြိုးသေးတဲ့ နေရာဒေသ အားလုံးနဲ့ ညီတူ တိုးတက်လာအောင် ကျွန်တော်တို့ လက်တွဲပြီး ကြိုးစားကြရင် မအောင်မြင်နိုင်စရာအကြောင်း ဘာမှ မရှိပါဘူး" ဟု ပြောကြားသွားသည်။

ဆွေးနွေးပွဲတွင် ဦးဇဆွေ ပြောကြားပြီးသောအခါ သဘာပတိ ဝန်ကြီးချုပ် ဦးနု က ဝမ်းသာအားရစွာ နိဂုံးချုပ်စကား ပြောကြားသည်။

ဆွေးနွေးပွဲကိုလည်း မတ်လ ၇ ရက်နေ့သို့ ရွှေ့ဆိုင်းလိုက်ပါကြောင်းလည်း ကြေညာခဲ့သည်။

ထို့နောက် တရားရေးဝန်ကြီး ဒေါက်တာဦးမောင်၊ ရှေ့နေချုပ် ဦးဘဆွေ၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ သခင်သာခင်၊ ဗိုလ်ခင်မောင်ကလေး တို့က ဝိဇ္ဇာရသခင်ချစ်မောင် အနီးဝိုင်းလာကြပြီး ချီးကျူးစကားပြောကြားကြ သည်။ ထိုသို့ ချီးကျူးစကားပြောကြရာတွင် ဦးကျော်ငြိမ်းက "ခင်ဗျား တို့ ကွန်မြူနစ်တွေမှာလည်း လူမျိုးကြီးဝါဒရှိသကိုးဗျ" ဟူ၍လည်းကောင်း၊ ဗိုလ်ခင်မောင်ကလေးနှင့် ဦးကျော်ငြိမ်းတို့က "မိန့်ခွန်းကတော့ ကောင်းပါ တယ်ဗျာ၊ ဒါပေမဲ့ ထုံးစံအတိုင်း ကျွန်တော်တို့ကို ဆော်တာနက်တာ ပါ သေးတာပဲဗျ" ဟူ၍ လည်းကောင်း ရယ်စရာမောစရာများ ပြောခဲ့ကြ သည်။ ထိုအခါ သခင်ချစ်မောင်က "ဩော်... ဒါကတော့ဗျာ၊ ဒီလို ဖြစ်ကြရတာ ကျွန်တော်တို့ပြည်မဘက်က ခြောက်ပြစ်ကင်းလုပ်လို့ ဘယ် ဖြစ်မလဲ၊ အမှားရှိရင် ဝန်ခံလိုက်တာ အကောင်းဆုံးပေါ့ဗျာ" ဟု ပြန်လည် ချေပရာ သခင်ချစ်မောင်၏ ချေပချက်ကို ဦးဗဆွေက ဝင်ရောက်ထောက်ခံ လေသည်။ ယင်းနောက် ကိုယ်စားလှယ်တော်ကြီးများ ညှိခံဆောင်သို့ ကူးကာ ခေါက်ဆွဲနှင့် ကော်ဖီများ သုံးဆောင်ကြသည်။ ည ၈ နာရီခွဲခန့်တွင် ကိုယ်စားလှယ်တော်ကြီးများ အသံလွှင့်ရုံကြီးမှ ထွက်ခွာခဲ့ကြလေသည်။

ဖက်ဒရယ်မူနှင့်ပတ်သက်သော လူမျိုးပေါင်းစုံနှီးနှောဖလှယ်ပွဲ ဒုတိယနေ့ကို ၁၉၆၂ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ကျင်းပပြီးနောက် နာရီပိုင်းမျှအကြာ ည (၁၂) နာရီတွင် မင်္ဂလာဒုံ တပ်နယ်မှ စစ်တပ် အဖွဲ့ဝင်များသည် ရန်ကုန်မြို့တွင်းသို့ တိတ်တဆိတ် ဝင်ရောက်လာခဲ့ လေသည်။ ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့ နံနက်တွင် နိုင်ငံတော်အာဏာ သိမ်းယူရေးအတွက် ပထစ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ တရားဝန်ကြီးချုပ်နှင့် ပြည်နယ်အကြီးအကဲများ၊ စော်ဘွားများကို ဖမ်းဆီးရန်နှင့် အချက်အချာဌာနများကို ထိန်းသိမ်းထား ရန် ရန်ကုန်မြို့တွင်းသို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။ ရန်ကုန်မြို့တွင်း သို့ စစ်တပ်အဖွဲ့များ ဝင်ရောက်ခြင်းမပြုမီ ရက်အနည်းငယ်ကပင် တပ် မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် စစ်တပ်အကြီးအကဲ အချို့သည် နိုင်ငံတော်အာဏာကို သိမ်းပိုက်ရေးအတွက် ကြိုတင်ကြံစည်

ခဲ့ကြသည်။ ကြိုတင်စီစဉ်နေသော စစ်တပ်အကြီးအကဲများအနက် တစ်ဦးသည် နိုင်ငံတော်အာဏာ သိမ်းပိုက်ရေးအတွက် အဆင်ပြေချောမွေ့စေရန်အတွက် ပြည်စောင့်ရဲတပ်ရင်း၏ အခြေအနေကိုပင် ကြိုတင်၍ စူးစမ်းလေ့လာထားခဲ့ကြသည်။ ထိုစဉ်က ပြည်စောင့်ရဲတပ်ဌာန၏ ဒုတိယ ရဲတပ်ချုပ်မှာ ဗိုလ်မှူးကြီး တန်ယုဆိုင် ဖြစ်သည်။

ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော စစ်တပ်အကြီးအကဲအချို့သည် လူမျိုးပေါင်းစုံ နှီးနှောဖလှယ်ပွဲ စတင် ကျင်းပသည့် ၁၉၆၂ ဖေဖော်ဝါရီ ၂၄ ရက်နေ့မှစ၍ နိုင်ငံတော်အာဏာ သိမ်းယူရေးကို အဆောတလျင် ဆောင်ရွက်လာခဲ့သည်။ ၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်နေဝင်း အမိန့်ဖြင့် စစ်တပ်အကြီးအကဲတို့က နိုင်ငံတော်အာဏာ သိမ်းယူရေးအတွက် ပထစအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော်သမ္မတ၊ ဝန်ကြီးချုပ်၊ တရားဝန်ကြီးချုပ်၊ ပြည်နယ်အကြီးအကဲများနှင့် စော်ဘွားများကို ဖမ်းဆီးရေးနှင့် အရေးပါသော နေရာဌာနများကို ထိန်းသိမ်းထားရေးအတွက် သက်ဆိုင်ရာတပ်မှူးများအား တာဝန်ပေးအပ်ခဲ့သည်။ တာဝန်ပေးအပ်ခဲ့စဉ်က အာဏာသိမ်းယူသည့် နေ့ရက်နှင့် အာဏာသိမ်းယူရေးအစီအစဉ် စတင်မည့် အချိန်နာရီတို့ကို လျှို့ဝှက်ထားသဖြင့် မသိခဲ့ရဟုဆိုသည်။

၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင်မူ အာဏာသိမ်းရန် စစ်ဆေးရေးကို ဆင်နွှဲကြရမည်။ တာဝန်ခံတပ်မှူးများသည် စစ်ဆင်ရေးဆင်နွှဲရန် အမိန့်ရရှိသဖြင့် မိမိတို့၏ တပ်များကို အသင့်ပြင်ဆင်ထားခဲ့သည်။ ထိုညတွင်ပင် စစ်ဆင်ရေးအတွက် အားလုံးအဆင်သင့်ဖြစ်လျှင် ဆင်နွှဲရန် အထက်အကြီးအကဲထံမှ နှုတ်မိန့်ထွက်လာသည်။ ထိုအခါ စစ်ဆင်ရေး တာဝန်ခံ တပ်မှူးများသည် အချင်းချင်းတိုင်ပင် ဆွေးနွေးကြပြီး စစ်ဆင်ရေး ဆင်နွှဲရမည့်နေ့ကို မတ်လ ၂ ရက်နေ့ဟုလည်းကောင်း၊ စတင်မည့်အချိန်ကို မတ်လ ၁ ရက်နေ့၊ ည ၁၂ နာရီတိတိဟု လည်းကောင်း သတ်မှတ်ခဲ့ကြသည်။ ဤအစီအစဉ်ကို တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဗိုလ်မှူးတင်ဦးနှင့် အချက်ပြဆက်သွယ်ရေး တပ်မှူး၊ ညွှန်ကြားရေးမှူး၊ ဒုတိယ ဗိုလ်မှူးကြီးဘနီတို့လည်း သိရှိခဲ့ကြသည်။

သို့သော် ထိုစစ်ဆင်ရေးအစီအစဉ်ကို သိပြီးဖြစ်သော တပ်မတော် တပ်မှူးများသည် အခြားအရာရှိများ၊ မိမိတို့ လက်အောက်အရာရှိများနှင့် စစ်သည်များကို ပြောကြားခြင်း မပြုခဲ့ချေ။ စစ်ဆင်ရေးတစ်ရပ်ကို ဆင်နွှဲရန်သာ တပ်လှန့်ထားခဲ့သည်။

၁၉၆၂ ခုနှစ်၊ မတ်လ ၁ ရက်နေ့၊ ည ၁၁ နာရီခန့်တွင် ရန်ကုန်မြို့တွင်းသို့ ချီတက်ရမည့် တပ်ဖွဲ့များကို စစ်ဆင်ရေးတာဝန်ခံများက စစ်ဆင်ရေးအကြောင်း ရှင်းလင်းပြောကြားပြီး အသင့်ပြင်စေသည်။ ထို့နောက် လက်အောက်အရာရှိများအား တာဝန်အသီးသီး ခွဲဝေပေးအပ်ပြီး ည ၁၂ နာရီတွင် ရန်ကုန်မြို့တွင်းသို့ စစ်ချီခဲ့ခြင်းဖြစ်သည်။

စစ်တပ်သည် မင်္ဂလာဒုံလေယာဉ်ကွင်းရှိ ဆက်သွယ်ရေးစခန်း၊ အသံလွှင့်ရုံ၊ ကြေးနန်းဌာန၊ ပါလီမန်အဆောက်အအုံ၊ ရဲမင်းကြီးရုံး၊ စစ်ရဲတပ်၊ ပြည်ထောင်စုဘဏ်၊ ဘူတာရုံ၊ ဆိပ်ကမ်း၊ ရဲဌာနများ၊ ဝန်ကြီးများ နေထိုင်သော ဝင်ဒါမီယာ၊ ဝင်ဒါမီယာကုတ် (ယခု ရွှေလီလမ်း) ရှိ ရှမ်းဂေဟာ၊ ရွှေတောင်ကြားလမ်း၊ ပြည်ထောင်စုလမ်းသွယ်ရှိ ဝန်ကြီးချုပ်နေအိမ်၊ ကုက္ကိုင်းလမ်းနှင့် ဗုဒ္ဓလစ်လမ်း (ယခု ဆရာစံလမ်း) ထောင့်ရှိ စဝ်ရွှေသိုက်နေအိမ်၊ ကမ္ဘာအေးဘုရားလမ်းရှိ တရားဝန်ကြီးချုပ် ဦးမြင့်သိန်းနေအိမ်၊ ဖရေဇာလမ်း (ယခုဒဂုံမြို့နယ်ရှိ တော်ဝင်လမ်း) ရှိ ကယားဂေဟာတို့ကို သွားဝိုင်းရံထားလိုက်ကြသည်။ နံနက် ၂ နာရီခန့်တွင် တပ်မတော်တပ်ဖွဲ့များသည် ဗုဒ္ဓလစ်လမ်း၊ ပြည်ထောင်စုလမ်းသွယ်အမှတ် ( ၄၂ ) တွင် နေထိုင်သော ဝန်ကြီးချုပ်ဦးနု၊ ဝန်ကြီး ဒေါက်တာဦးမောင်နှင့် ပြည်လမ်း ခုနစ်မိုင်ခွဲတွင် နေထိုင်သော မိုးနဲစော်ဘွား စဝ်ပြည့်၊ မိုင်းနောင်စော်ဘွား စဝ်အုန်းမောင်တို့ကို ဖမ်းဆီးခဲ့တော့သည်။ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုကို စစ်ထောက်လှမ်းရေးမှ ဖမ်းဆီးပြီးနောက် ကားပေါ်သို့ တင်အပြီး၌ စကားဝှက်ဖြင့် "လောက်ကောင်" မိပြီဟု ဌာနချုပ်သို့ သတင်းပို့ခဲ့သည်။ နောင်တွင် ဦးနု၏သမီးကြီးဖြစ်သူ ဒေါ်စန်းစန်းနု က ကျွန်မ ကြားတာက "ဓာတ်ကောင်"ပါပဲ။ ဖေဖေ နားကြားလွဲသွားတယ်နဲ့ တူပါတယ် ဟူ၍ ပြောပြခဲ့ဖူးသည်။ သို့သော် ရန်ကုန်ဘဆွေ၏ ပြည်သူ့အရေးတော်ပုံသမိုင်း (လက်နှိပ်စက်စာမူ) ၌ ဦးနုအား ဖမ်းစဉ်က စကားဝှက် "လောက်ကောင်"



ရုတနာနတ်မယ်အား
မိခင်
လင်းပင်ထိပ်တင်မလတ်နှင့်
အတူတွေ့ရစဉ်

သည်သာ အမှန်ဖြစ်ပါကြောင်း သိရှိရသည်။ ယင်းစာမူ၌ အခြားဝန်ကြီးများ၏ နာမည်ကိုလည်း စကားဝှက်ဖြင့် "ဖာသယ်"၊ "မိန်းမရှင်"၊ "ဆိတ်လစေ့"၊ "နစ်ဖက်ချွန်" ဟူ၍ သုံးနှုန်းထားရာ ရန်ကုန်ဘဆွေနှင့် အာဏာသိမ်းခေါင်းဆောင် ဗိုလ်ချုပ်ကြီးနေဝင်တို့ ဆက်နွယ် ပတ်သက်နေမည်လားဟု တွေးထင်စရာပင်ဖြစ်သည်။ ထို့နောက် နံနက် ၃ နာရီခန့်တွင် အခြားဝန်ကြီးများ ဖြစ်ကြသော ဦးရာရှစ်၊ သခင်တင်၊ သခင်တင်မောင်၊ ဦးသွင်၊ ဦးဘစော၊ ဒေါက်တာစောလှထွန်း၊ စဝ်ခွန်ချို၊ စဝ်ဝဏ္ဏ၊ နိုင်အောင်ထွန်း၊ ဦးဘမြင့်၊ ပါလီမန်အတွင်းဝန် ကယားဦးစိန်တို့ကိုလည်းကောင်း၊ အင်းလျားလမ်းနေအိမ်သစ်တွင် နေထိုင်သော သမ္မတ မန်းဝင်းမောင်တို့ကိုလည်းကောင်း၊ တရားဝန်ကြီးချုပ် ဦးမြင့်သိန်းကိုလည်းကောင်း၊ ကယားဂေဟာတွင် တည်းခိုနေသော ဦးကြာပု၊ ဦးစိုးမောင်၊ ဦးလွန်း၊

ဦးချစ်ဦး၊ ဦးထွန်းမြင့် (တောင်ကြီး) တို့ကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော် ဥက္ကဋ္ဌများကိုလည်းကောင်း ဖမ်းဆီးခဲ့သည်။

အစိုးရအဖွဲ့ဝင် ပုဂ္ဂိုလ်တို့ကို ဖမ်းဆီးရာတွင် တပ်မတော်က နိုင်ငံတော်အာဏာကို သိမ်းယူလိုက်ပြီဖြစ်ကြောင်း ရှင်းပြ၍ ၎င်းတို့အိမ်တွင်ထားရှိသော လက်နက်များကိုလည်း အပ်နှံစေခဲ့သည်။ တရားဝန်ကြီးချုပ်ဦးမြင့်သိန်းကို ဖမ်းဆီးစဉ်က ဖမ်းဝရမ်းတောင်းသဖြင့် ဖမ်းဆီးသည့်တပ်မတော်အရာရှိလည်း တွေဝေသွားပြီး တပ်ဖွဲ့များကို အုပ်ချုပ်၍ လိုက်ပါလာခဲ့သော တပ်မှူးထံ သတင်းပို့ခဲ့သည်။ တပ်မှူးလည်း ဦးမြင့်သိန်း၏အိမ်သို့လိုက်သွားပြီး တပ်မတော်ကအာဏာသိမ်းခြင်းဖြစ်ကြောင်း ပြောကြား၍ ဖမ်းဆီးခဲ့ရသည်ဟု ဆိုသည်။

ဝန်ကြီးများ၏ နေအိမ်တွင် လုံခြုံရေးတာဝန်ယူနေကြရသော ရဲအဖွဲ့ဝင်များအား စစ်တပ်တပ်ဖွဲ့ဝင်များ ရောက်ရှိလာလျှင် ခုခံပစ်ခတ်ခြင်းမပြုရန် ကြိုတင်ညွှန်ကြားထားသောကြောင့် ဝန်ကြီးများကို ဖမ်းဆီးရာတွင်



ရတနာနတ်မယ်နှင့် လက်ထပ်ပြီး တွေ့ရစဉ်။



ရတနာနတ်မယ်အား
ဖခင် **Mr.Herbert Bellamy**
နှင့်အတူ တွေ့ရစဉ်

အဆင်ပြေလွယ်ကူစေခဲ့သည်။ သို့သော် ရန်ကုန်မြို့ ကုက္ကိုင်းလမ်းနှင့် ဗွတ္တလစ်လမ်း (ယခု ဆရာစံလမ်း) ထောင့်ရှိ စဝ်ရွှေသိုက်နေအိမ်သို့ ရောက်ရှိစဉ်က လုံခြုံရေးအစောင့်များအား ရှမ်းဘာသာဖြင့် ခုခံခြင်း မပြုရန် အော်၍ ပြောသေးသည်။ သို့သော် အစောင့်များက ပစ်ခတ်သဖြင့် စစ်တပ်မှလည်း ပြန်လည်ပစ်ခတ်ရာတွင် စဝ်ရွှေသိုက်၏သားငယ် အသက် (၁၇) နှစ်အရွယ်ရှိ စဝ်မိမိသိုက် ခေါ် စဝ်စေးဟုမ်ဖ မှာ ဦးခေါင်းနှင့် ခြေထောက်တွင် ကျည်ဆန်ထိမှန်၍ သေဆုံးသွားခဲ့ရသည်။ စဝ်မိမိသိုက် သေဆုံးမှုနှင့် ပတ်သက်၍ စဝ်မိမိသိုက်၏ အစ်ကို (ယူဂျင်းသိုက် **(Eugene Taike)** က ရန်ကင်းရဲဌာနတွင် အမှုဖွင့် တိုင်ကြားခဲ့သည်။ ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့၊ နံနက် ၂ နာရီခန့်တွင် အမျိုးအမည်မသိသော ယူနီဖောင်းဝတ်ထားသူများက အိမ်အတွင်းသို့ ဝင်ရောက်လာကာ သေနတ်ဖြင့် ပစ်ခတ်သောကြောင့် မိမိ၏ညီ စဝ်မိမိသိုကကို ထိမှန် သေဆုံးသွားကြောင်း တိုင်ကြားခဲ့ခြင်းဖြစ်သည်။ ရန်ကင်းရဲဌာနမှ လူသတ်မှု ပုဒ်မ ၃၀၂ အရ အမှုဖွင့်ပေးခဲ့သည်။ တပ်မတော်ကမူ စဝ်မိမိသိုက် သေခဲ့ရခြင်းအတွက်

စာနာထောက်ထားမှုရှိကြောင်းပြသပြီး တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းကလည်း စဝ်မီမီသိုက် ကွယ်လွန်အနိစ္စရောက်ခြင်းကို တော်လှန်ရေးကောင်စီဝင်များက အထူးဝမ်းနည်းကြေကွဲမိကြောင်း ဖော်ပြထားသည့် သဝဏ်လွှာကို ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်နှင့် မဟာဒေဝီတို့ထံ ပေးပို့ခဲ့သည်။ ထိုစဉ်က မဟာဒေဝီ စဝ်ဟိန်ခမ်း မှာ အင်္ဂလန်သို့ ရောက်နေသဖြင့် ဗိုလ်မှူးကြီးစောမြင့်သည် ဝမ်းနည်းသဝဏ်လွှာကို စဝ်ရွှေသိုက်၏ သားအကြီးဆုံးဖြစ်သူ စဝ်ဆိုင်အုံ၏ လက်သို့ ပေးအပ်ခဲ့ရသည်။ ၁၉၆၂ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် ကျင်းပသည့် ရှာပနအခမ်းအနားသို့လည်း တော်လှန်ရေးကောင်စီက လွမ်းသူ့ပန်းခွေ ပေးပို့ခဲ့သည်။ အာဏာသိမ်းပိုက်သည့်နေ့မှ အဖြစ်အပျက်နောင်တွင် ဦးနုက နောင်တွင် သူ၏ **'တာတေ စနေသား'** စာအုပ်၌ ဤသို့ ဖော်ပြထားသည်။

"၁၉၆၂ ခုနှစ် မေလ ၁ ရက်နေ့တွင် အသံလွှင့်ရုံ၌ ပြည်နယ်များ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို လိုအပ်သလို ပြင်ဆင်ဖို့အတွက် ဖက်ဒရယ်မူ ရေးဆွဲရေး နီးနှောဖလှယ်ပွဲ စတင်ကျင်းပခွင့်ပြုခဲ့သည်။

ည ၉ နာရီလောက်တွင် အစည်းအဝေးကိုအဆုံးသတ်၍ နောက်ရက်သို့ ရွှေ့လိုက်သည်။ အစည်းအဝေးပြီးသောအခါ ရှမ်းပြည်နယ်ဥက္ကဋ္ဌစောခွန်ချို့နှင့် ကယားပြည်နယ်ဥက္ကဋ္ဌ စောဝဏ္ဏတို့သည် ဝန်ကြီးချုပ်ဦးနုနှင့်အတူ ဝင်ဒါမီယာဝင်းအတွင်းရှိ ဝန်ကြီးချုပ်၏နေအိမ်သို့ လိုက်လာကြသည်။

ဝန်ကြီးချုပ်ဦးနုက "အဆိုတွေ တင်ဖို့ ကျွန်တော်က ဖိတ်လို့ ချိုတို့က အဆိုတွေကို တင်သွင်းရမှာ၊ ကောလာဟလလွှင့်နေကြတဲ့ လူတွေဟာ ဒီအချက်ကို မသိကြဘူးထင်တယ်" ဟု ပြောရာ စောခွန်ချို့က

"ဟုတ်ပါတယ်၊ ဝန်ကြီးချုပ်က ဖိတ်လို့ ကျွန်တော်တို့က အဆိုတင်ပြရမှာပါ။ တင်ပြပြန်တော့လည်း ဒီတင်ပြတဲ့ အဆိုအတိုင်း လုပ်ပေးရမယ်ဆိုတဲ့ သဘောမျိုး ကျွန်တော်တို့မှာ မရှိပါဘူး။ အဆိုကို ဆွေးနွေးပြီး လုပ်ပေးနိုင်တာတွေကို လုပ်ပေးပါ။ မလုပ်ပေးနိုင်တာတွေကျတော့ ပစ်ပယ်လိုက်ပေါ့၊ ကျွန်တော်တို့ နာခံပါ့မယ်" ဟု ပြန်ပြောသည်။

ထိုစဉ်က စောခွန်ချို့၊ စောဝဏ္ဏနှင့် ဦးနုတို့ စကားထိုင်ပြောနေကြသည်မှာ ည ၁၁ နာရီလောက်မှ ပြီးသည်။

ဦးနုသည် ဝင်ဒါမီယာထဲမှာ မနေပေ။ ဗွတ္တလစ်ပြည်ထောင်စု လမ်းကြားထဲမှ သူ့အိမ်၏တောင်ဘက်မှာ တစ်ထပ်အိမ်ငှားနေသည်။ သူ့ အိမ်အပြန်မှာ သူ့အကြံပေးအရာရှိ ဦးအုံးနှင့်အတူ လိုက်ပါလာပြီး၊ ဦးအုံးက ဦးနုကို သူ့အိမ်ရောက်သဖြင့် ကားပေါ်က ဆင်းခါနီးမှာ ပြောသွားသည်။



ကနောင်မင်းသားကြီး၏ မြစ်တော်စပ်သော ရတနာနတ်မယ်

"လာမယ့်ရွေးကောက်ပွဲကြီးပြီးရင် နိုင်ငံရေးက ထွက်တော့မယ်လို့ ကိုကြီးနုက ပြောနေပေမဲ့ တပ်မတော်ကတော့ ကိုကြီးနု ထွက်တာကို သဘောတူမယ် မထင်ဘူး။ ဆက်လုပ်ဖို့ ဗိုင်းပြီး တောင်းပန်ကြလိမ့်မယ်လို့ ကျွန်တော် ထင်တယ်"

ဦးနုသည် သူ့အိမ်ခန်းထဲရောက်သောအခါ နောက်ညမှာ ဒီမိုကရေစီ တရား သူပြောသည့် မိန့်ခွန်းကို တစ်ခေါက်ပြန်ဖတ်ကြည့်သည်။ ထို့နောက် သူ့အစဉ်အလာအတိုင်း ဘုရားဝတ်ပြုပြီး ၁၂ နာရီကျော်လောက်တွင် အိပ်ရာဝင်ခဲ့သည်။

သန်းခေါင်ကျော်ချိန်လောက်ရှိသောအခါ သူ့အိမ်ဝင်းထဲ၌ လူသံ ကြားရသဖြင့် အိပ်ပျော်နေရာမှ နိုးလာသည့်အခါ သူ့အခန်းထဲ၌ စစ်ဗိုလ် တစ်ယောက်ကို ခြောက်လုံးပြူးကိုင်လျက် ဦးနု တွေ့လိုက်ရသည်။

ဦးနုက "မင်းက ဘာလဲ"

ထိုစဉ် စစ်ဗိုလ်က "ကျွန်တော်တို့ တပ်မတော်က အာဏာသိမ်းလိုက်ပြီ"

ဦးနု "အဲဒီလိုဆိုတော့ ငါက ဘာလုပ်ပေးရမှာလဲ"

စစ်ဗိုလ်က "ကျွန်တော်နဲ့လိုက်ခဲ့ပါ"

ဦးနုလည်း ဘာမှမပြောဘဲ သူ့အပေါ်အင်္ကျီကို ဝတ်လိုက်ပြီးဆီးသွားရန် ရေချိုးခန်း၊ တံခါးကို ဖွင့်လိုက်ရာ၊ စစ်ဗိုလ်က "ဦး... ဘာလုပ်မလို့လဲ"

ဦးနုက စိတ်မရှည်စွာဖြင့် "ဆီးသွားမလို့ဟ" ခပ်ကျယ်ကျယ် ပြောလိုက်သည်။ စစ်ဗိုလ်က "ရေချိုးခန်းထဲ မဝင်ပါနဲ့၊ ကျွန်တော်နဲ့ လိုက်ခဲ့ပါ"ဟု ပြောပြီး စစ်ဗိုလ်ကလေးသည် ဦးနုအား အတင်းခေါ် ဆောင်သွားလေသည်။

အိမ်ဝသို့ ရောက်လာသောအခါ ကားမလာသေးသဖြင့် ခဏစောင့် နေရသည်။ အနားရှိ စစ်သားတစ်ယောက်က "လောက်ကောင် မိပြီ၊ လောက်ကောင် မိပြီ" ဆိုပြီး ဝေါကီတော်ကီ စကားပြောစက်ဖြင့် သူ့ဌာန ချုပ်ကို လှမ်း၍ သတင်းပို့သံ ကြားသောအခါ အဓိပ္ပာယ်ကို ဦးနု နားမလည်။ နောက်မှ စကားဝှက်ဖြင့် သူ့ကို 'လောက်ကောင်' ဟု ခေါ်မှန်း သူသိသွားသည်။


ဝန်ကြီးချုပ်ဘဝမှ အရှင်လတ်လတ် လောက်ကောင်ဘဝသို့ ရောက်သွားရသည့်အဖြစ် တွေးရင်း လောကဓံတရားဟာ တယ်မှန်ပါကလားဟု သူ့ဟာသူ ပြုံးမိသွားလေသည်။

ဦးနုကို စစ်သားများက မင်္ဂလာဒုံသို့ ခေါ်သွားကြ၏။

မနက် ၄ နာရီလောက်တွင် နှစ်ထပ်တိုက်ကလေးသို့ ရောက်သွားကြ၏။

သူ့ကို ဖမ်းတာ အောက်က စစ်ဗိုလ်ကလေးတွေ ဖမ်းတာပဲ ဖြစ်မှာပဲ၊ ဗိုလ်ချုပ်ကြီးနေဝင်းဟာ ဦးနုအဖမ်းခံရတယ် ဆိုတာသိလျှင် ဦးနုထံသို့ ချက်ချင်း ရောက်လာမှာပဲဟု တွေးပြီး ဦးနု စိတ်သိပ်မပူပေ။ အိပ်ပျက် ပျက်နှင့် တစ်ရေးအိပ်လိုက်သည်။ မနက် ၈ နာရီလောက် ရှိတော့မှ တစ်ရေး နိုး၏။ မနက် ၁၀ နာရီလောက်တွင် သူ့အဝတ်အစားတွေ ထည့်ထားသည့် သေတ္တာတစ်လုံး သူ့အခန်းထဲသို့ ရောက်လာ၏။ သေတ္တာကို ကြည့်ပြီး အိမ်က ဘာကြောင့် ပို့လိုက်တာလဲ။ မကြာခင် ဗိုလ်ချုပ်နေဝင်း သူ့ကို လာခေါ်မှာပဲဟု သူ့စိတ်ထဲက ပြောလိုက်ပြန်၏။

ညနေ ၅ နာရီလောက်ကျတော့ စစ်ဗိုလ်တစ်ယောက် လာခေါ်သည်။ သမ္မတကြီးဦးဝင်းမောင် ရောက်နေကြောင်းပြောလျှင် သူ့ကို ဖမ်းတာ ဗိုလ်ချုပ်နေဝင်း သိသွားပြီး၊ ဗိုလ်ချုပ်ကိုယ်တိုင် မလာနိုင်လို့ သမ္မတကြီးဟာ သူ့ကို ခေါ်ရအောင် လိုက်တာပဲဟု တွေးပြီး အောက်သို့ ဆင်းလိုက်သွားသည်။



ဦးနေဝင်းနှင့် သမီး ဒေါက်တာ ခင်စန္ဒာဝင်း

သမ္မတဦးဝင်းမောင်က "ဝန်ကြီးချုပ်၊ မနက်က ဗိုလ်ချုပ်နေဝင်း အသံလွှင့်တာကို ကြားလိုက်ရလား" ဟု မေး၏။ ဦးနုက "မကြားမိပါဘူး၊ သမ္မတကြီး... ဗိုလ်ချုပ်နေဝင်း ဘာတွေ လွှင့်သွားသလဲ"

ဦးဝင်းမောင်က "သူလွှင့်တာကတော့ ခပ်တိုတိုပါပဲ၊ ပြည်တွင်းမှာ ပျက်စီးယိုယွင်းနေတဲ့ အခြေအနေကို ထိန်းသိမ်းရအောင် တပ်မတော်က အာဏာသိမ်းလိုက်ရပါတယ်" လို့ လွှင့်သွားတယ်။

ထိုစကားကို ကြားရသောအခါ ဦးနုသည် ဤကမ္ဘာလောကခြံနေနှင့်လ ကွယ်ပျောက်သွားခဲ့ရင်တောင် အံ့ဩမိမည် မဟုတ်ဘဲ အံ့ဩစွာဖြင့် ဦးနုပါးစပ်မှ...

"ဩော်... ဒီလိုကိုး" လှစ်ခနဲ ထွက်သွားပြီး တစ်မိနစ်ခန့် စကားမပြောနိုင်ဘဲ မတုန်လှုပ် ကျောက်ရုပ်ပမာ တစ်ခုခုကို စဉ်းစားနေသည့် အနေမျိုးဖြင့် သူ့ရှေ့တည့်တည့်တည့် ကြမ်းပြင်ကို အဓိပ္ပာယ်မရှိ စိုက်ကြည့်နေမိပါတော့သည်" ဟူ၍ ရေးသားထားလေသည်။

၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့၊ နံနက်တွင် တော်လှန်ရေးကောင်စီက ဖမ်းဆီးခဲ့သော ပုဂ္ဂိုလ်တို့မှာ သမ္မတမန်းဝင်းမောင်၊ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၊ ဝန်ကြီးများဖြစ်ကြသော သခင်တင်၊ ဒေါက်တာဦးမောင်၊ ဦးရာရှစ်၊ ဦးဘစော၊ သခင်တင်မောင်၊ ဦးသွင်၊ စဝ်ခွန်ချို၊ စဝ်ဝဏ္ဏ၊ ဒေါက်တာစောလှထွန်း၊ ဦးဇာရဲလျန်၊ ဦးဘမြင့်၊ နိုင်အောင်ထွန်း၊ တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ မန်းဘဆိုင်၊ လူမျိုးစုလွှတ်တော်ဥက္ကဋ္ဌ စဝ်ခွန်ကြည်၊ ညောင်ရွှေစော်ဘွား သမ္မတဟောင်း စဝ်ရွှေသိုက်၊ မိုးနဲစော်ဘွား စဝ်ပြည့်၊ လဲချားစော်ဘွား စဝ်နွံ၊ သာမိုင်းခမ်းစော်ဘွား စဝ်မန်လစ်၊ စဝ်ခွန်ထီး၊ စဝ်မန်ဖ (သိန္နီမြောက်ပိုင်းအမတ်)၊ စဝ်အောင်ဖုး (လွိုင်လင်အလယ်ပိုင်း အမတ်)၊ ဦးချစ် (လွိုင်လင် တောင်ပိုင်းအမတ်)၊ ဦးရီရောင်း (ကျိုင်းတုံမြောက်ပိုင်းအမတ်)၊ ဦးခွန်နော် (ကျိုင်းတုံအနောက်ပိုင်းအမတ်)၊ ဦးဖြူ (မိုင်းပွန်အမတ်)၊ ဦးကျော်စိန် (သာမိုင်းခမ်းအမတ်)၊ ဦးလွန်း (စကားအမတ်)၊ ဦးအမ်ဖော်လ (ကွတ်ခိုင်အမတ်)၊ ဦးစိန် (ကယား)၊ ဦးထွန်းမြင့် (တောင်ကြီး)၊ ဦးကြာပု၊ ဦးမြတ်ဖုး၊ ဦးစိုးမောင်၊ ဦးချစ်ဦး၊ ဦးသန်းတင်၊ ဦးတင်အောင် တို့ ဖြစ်ကြသည်။

၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့ နံနက်တွင် အဖမ်း မခံရသော ပုဂ္ဂိုလ်နှစ်ဦးမှာ ပေလီသို့ ရောက်နေသော ဗိုလ်မှူးအောင်နှင့် သမ္မတအဖြစ် ရွေးချယ်ရန် လျာထားပြီးဖြစ်သော ဆမားဒူးဝါဆင်ဝါးနော် တို့ ဖြစ်ကြသည်။ ဆမားဒူဝါးဆင်ဝါးနော်မှာ မြစ်ကြီးနားခရိုင်အတွင်းရှိ ၎င်း၏ ဘိုးဘွားမိဘများ အစဉ်အဆက်နေထိုင်ခဲ့သော ဆမားရွာသို့ ရောက်ရှိနေသည်ဟု ဆိုသည်။

အဖမ်းခံရသူတို့တွင် ဒေါက်တာစောလှထွန်းနှင့် ဦးဇာရဲလျန်တို့မှ အပ ကရင်ပြည်နယ်၊ ချင်းဝိသေသတိုင်းနှင့် ကချင်ပြည်နယ်တို့မှ အခြား ပုဂ္ဂိုလ်များပါဝင်ခြင်း မရှိပေ။

မတ်လ ၂ ရက်နေ့ နံနက်က အဖမ်းခံရသူ ပုဂ္ဂိုလ်များစွာကို ပထမတွင် ဝင်ဒါမီယာအနီးရှိ အသံလွှင့်ရုံသို့ ပို့ထားခဲ့သည်။ စစ်တပ် တပ်ဖွဲ့ဝင်များသည် ဖမ်းဆီးလာခဲ့သူများကို အသံလွှင့်ရုံအတွင်းရှိ ယမန်



ဦးနေဝင်းအား မြေး (၃) ဦးနှင့်အတူ တွေ့ရစဉ်

နေ့ညက ဖက်ဒရယ်မှု ဆွေးနွေးပွဲကျင်းပခဲ့သော ခန်းမဆောင်ကြီးအတွင်း တွင် ထားရှိသည်။ နံနက် ၆ နာရီခန့်တွင်မူ ဖမ်းထားသော ပုဂ္ဂိုလ်များကို လော်ရီကားများပေါ်တင်၍ လက်နက်ကိုင် အစောင့်အကြပ်များ စီးနင်းသော ကားများ လိုက်ပါလျက် မင်္ဂလာဒုံသို့ ပို့ခဲ့သည်။ ထိုနေ့နံနက်က ရာသီဥတု မှာ အုံ့မှိုင်း၍ မိုးတဖွဲဖွဲရွာလျက်ရှိသည်။ မင်္ဂလာဒုံသို့သွားရာ လမ်းတစ် လျှောက်တွင် တင့်ကားများနှင့် စစ်သားများ စောင့်ကြပ်လျက်ရှိသည်။ ဖမ်းဆီးလာသော ပုဂ္ဂိုလ်တို့ကို မင်္ဂလာဒုံရှိ ရန်ကြီးအောင် တပ်မတော်ရပ်ရှင် ရုံတွင် စုရုံးထားသည်။ စစ်သားများသည် ဖမ်းဆီးလာသောပုဂ္ဂိုလ်တို့ကို လက်ဖက်ရည်၊ နံပြားတို့ဖြင့် ညှော်ခံကျွေးမွေးသည်ဟူ၍ ကယားဦးစိန် ရေးသားခဲ့သော **"အာဏာသိမ်း မှတ်တမ်း"**(လက်ရေးမူ) ၌ ဖော်ပြထား သည်။

မကြာမီတွင်ပင် အဖမ်းခံရသူတို့အနက် မန်းဘဆိုင်၊ စဝ်ခွန်ကြည်၊ ဦးဘစော၊ ဒေါက်တာစောလှထွန်း၊ ဦးဇာရဲလျန်၊ ဦးဘမြင့်နှင့် စဝ်မန်ဖ တို့ကို ရန်ကုန်မြို့သို့ ပြန်ခေါ်၍ စစ်ရုံးချုပ် (ယခုနိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ်) အတွင်းရှိ ဒဂုံရိပ်သာတွင် ဗိုလ်ချုပ်ကြီးနေဝင်းက ခေတ္တတွေ့ဆုံ ကာ မှားယွင်း ဖမ်းဆီးမိကြောင်း ပြောကြား၍ ပြန်လွှတ်ပေးခဲ့သည်။

မင်္ဂလာဒုံတွင် ဖမ်းဆီးထားသော ပုဂ္ဂိုလ်များအနက် သမ္မတမန်းဝင်း မောင်၊ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၊ တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ သခင် တင်၊ စဝ်ခွန်ချို၊ ဦးရာရှစ်နှင့် စဝ်ဝဏ္ဏတို့ကို သီးခြားစီခွဲ၍ အစောင့် အကြပ် ထူထပ်စွာ ချထားခဲ့သည်။ ကျန်ပုဂ္ဂိုလ်များကို နှစ်စုခွဲ၍ မင်္ဂလာဒုံ ရန်ကြီးအောင် ရုပ်ရှင်ရုံအနီးရှိ လေ့ကျင့်ရေးတပ် (၁၉၈၈ ခုနှစ်အထိ ဗဟို နိုင်ငံရေးတက္ကသိုလ်အဖြစ် အသုံးပြုခဲ့သည့် အဆောက်အအုံဖြစ်ပြီး ယခု အခါ တပ်မတော်ဆေးရုံကြီး၏ တိုးချဲ့အဆောက်အအုံ) တွင် ထိန်းသိမ်း ထားခဲ့သည်။

သို့သော် ပထစအစိုးရအဖွဲ့ခေါင်းဆောင် ဝန်ကြီးချုပ်ဦးနုနှင့်တကွ ထိန်းသိမ်းထားသူများအား မင်္ဂလာဒုံတွင် ထားရှိရာ၌ အလေသုံးဆယ်စီစဉ် ဆောင်ရွက်ခဲ့ရသဖြင့် လုံခြုံရေးအတွက် အလွန် အန္တရာယ်ရှိသည်ဟု တပ်မတော်အရာရှိဟောင်း စကြာကြည်ဆွေ ရေးသားခဲ့သော စာတမ်း

(လက်နှိပ်စက်မူ) ၌ ဖော်ပြထားသည်။ အကြောင်းမှာ ဖမ်းဆီးခံရသော ပုဂ္ဂိုလ်အများစုသည် လွတ်လပ်ရေး ကြိုးပမ်းမှု အတွေ့အကြုံများ ရှိကြခြင်း၊ နယ်ချဲ့ကိုလိုနီများ၏ အချုပ်ထောင်မှ ထွက်ပြေးလွတ်မြောက်ခဲ့ဖူးသူများ ရှိခဲ့ကြခြင်းများကြောင့် ဖြစ်သည်။ ထိုစဉ်က ထောက်လှမ်းရေး ညွှန်ကြား ရေးမှူး တာဝန်ယူထားသော ဗိုလ်မှူးတင်ဦး (နောင်တပ်မတော် ထောက် လှမ်းရေး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ်တင်ဦး) သည် လုံခြုံရေး သဘောတရားကို နားလည်ထားသောကြောင့် အထူးဦးနှောက်ခြောက်စရာ ဖြစ်ခဲ့ရသည်။ ရန်ကုန်နယ်နိမိတ်အတွင်းရှိ သေနတ်ကိုင်တပ်ရင်း (၄) နှင့်တကွ အခြားသေနတ်ကိုင်တပ်ရင်းများမှ ရသမျှအင်အားကို ရယူခြင်း၊ လက်နက်ကြီးများမှ စ၍ လက်နက်ခဲယမ်းမီးကျောက်များ ဖြည့်ဆည်းခြင်း၊ သံချပ်ကာတပ်မှ ဘရင်းကယ်ရီယာကားများ တွဲဖက်ထားရှိခြင်း စသည် များကို ပြုလုပ်ခဲ့သည်။ တပ်တွင်းလုံခြုံရေးနှင့်တကွ တပ်ပြင်တစ်ဝိုက် လုံခြုံရေးအတွက်ပါ အထူးစီစဉ်ဆောင်ရွက်ခဲ့ကြသည်။ ထိန်းသိမ်းထားသူ များအား အခြားနိုင်ငံတစ်ခုခုမှ စစ်သင်္ဘောဖြင့် ပင်လယ်ဝအထိ လာရောက် ပြီး ရုတ်တရက် "ဟယ်လီဘွန်း" စစ်ဆင်ရေးမျိုး ပြုလုပ်ပြီး ကယ်တင်ရန် ကြိုးစားမှုများရှိနိုင်သောကြောင့် အရေးပေါ် တန်ပြန်တိုက်ခိုက်မှုများကိုပါ စစ်ထောက်လှမ်းရေးမှူးရုံးမှ လေ့ကျင့်ပြင်ဆင်ထားခဲ့သည်။ လုံခြုံရေးကို အတွင်းစည်းလုံးခြုံရေး၊ အပြင်စည်းလုံခြုံရေးအဖြစ် ခွဲခြားပြီး ဆောင်ရွက် စေခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် အတွင်းအပြင်အားလုံး၌ အင့်ကာဘာ ခေါ် ထောက်လှမ်းရေးစနစ်အရ ထောက်လှမ်းရေးအမှုထမ်းများ ပစ္စည်း ကိရိယာများသုံးလျက် လည်းကောင်း၊ လက်နက်ကိုင် တပ်ဖွဲ့များ တည်ငြိမ် ကင်းများ၊ လှုပ်ရှားကင်းများအဖြစ် ထားရှိ၍ လည်းကောင်း၊ အသေးစိတ် ဆောင်ရွက်ခဲ့ပါသည်။ ဤသို့လုံခြုံရေးစနစ်ကို တိကျစွာ အကောင်အထည် ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ဗိုလ်မှူးတင်ဦးသည် နောင်တွင် အထွတ် အထိပ် ရာထူးကြီးများရရှိကာ သမ္မတဦးနေဝင်း၏ စစ်ဘက်လက်ထောက် အဖြစ် ခန့်ထားခြင်းခံရသည်ဟု ၎င်း၏စာတမ်း၌ ဖော်ပြထားပါသည်။

## တော်လှန်ရေးကောင်စီ၏ ကြေညာချက်

စစ်တပ်မှ ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် အာဏာသိမ်းပိုက်ခဲ့ပြီးနောက် ယင်းသို့ အာဏာသိမ်းရာတွင် မတော်တဆ ထိခိုက်သေဆုံးမှု တစ်ခုမှအပ ချောမောအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်ဟု ဝါဒဖြန့်ခဲ့သည်။ မတ်လ ၂ ရက်၊ နံနက် ၀၇း၁၅ နာရီခန့်တွင် လုံခြုံရေးနှင့် စစ်ဆင်ရေး တာဝန်ယူရသော တာဝန်ခံအားလုံးက ညွှန်ကြားချက်အတိုင်း ချောမောအောင်မြင်စွာ အာဏာသိမ်းပြီးကြောင်း ကာကွယ်ရေးဦးစီးချုပ်ရုံးတွင် အစီရင်ခံခြင်း၊ ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း အိမ်သို့ သွားရောက်အစီရင်ခံခြင်း ကိစ္စများ ပြုလုပ်ကြသည်။



ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ဦးသန့်နှင့်အတူ

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်က တိုင်းပြည်သို့ စစ်တပ်က အာဏာသိမ်းလိုက်သည့်အကြောင်း ကြေညာရန်ကိစ္စ၊ နိုင်ငံခြားရေးဝါဒ ထုတ်ပြန်ရန်ကိစ္စ၊ တော်လှန်ရေးကောင်စီနှင့် အစိုးရသစ် ဖွဲ့စည်းရန်ကိစ္စ၊

ပြည်နယ်များကိစ္စ၊ ပါလီမန်ဖျက်သိမ်းရန် ကိစ္စအဝဝကို ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ရန် မတ်လ ၂ ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး အစည်းအဝေးခန်းမသို့ အောက်ပါပုဂ္ဂိုလ်များကို ပထမဆုံးအကြိမ် ခေါ်ယူခဲ့သည်။

(၁) ဗိုလ်မှူးချုပ် အောင်ကြီး၊ ဒုတိယကာကွယ်ရေးဦးစီးချုပ် (ကြည်း)

(၂) ဗိုလ်မှူးချုပ် သန်းဖေ၊ ဒုတိယကာကွယ်ရေးဦးစီးချုပ် (ရေ)

(၃) ဗိုလ်မှူးချုပ် တီကလစ်၊ ဒုတိယကာကွယ်ရေးဦးစီးချုပ် (လေ)

(၄) ဗိုလ်မှူးချုပ် တင်ဖေ၊ စစ်ထောက်ချုပ်

(၅) ဗိုလ်မှူးကြီး သန်းစိန်၊ စစ်ဦးစီး ဗိုလ်မှူးကြီး

(၆) ဗိုလ်မှူးကြီး ကျော်စိုး၊ စစ်ရာထူးခန့်အတွင်းဝန်

(၇) ဗိုလ်မှူးကြီး စောမြင့်၊ နယ်ခြားဒေသအုပ်ချုပ်ရေးမှူးချုပ်

(၈) ဦးသီဟန်၊ စစ်ပစ္စည်းဝယ်ယူရေးညွှန်ကြားရေးမှူးချုပ်

(၉) ဒုတိယဗိုလ်မှူးကြီးဘနီ၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူး

အစည်းအဝေးတွင် တိုင်းပြည်သို့ ကြေညာချက်တစ်ရပ် ထုတ်ပြန်ရန်ကိစ္စ ဆွေးနွေးရာ၌ ဗိုလ်မှူးကြီးသန်းစိန် (စစ်ဦးစီး ဗိုလ်မှူးကြီး) ယူဆောင်လာသော စာမူကြမ်းကို ဆွေးနွေးကြရာ လိုရင်းသို့ မရောက်သေးဟု ယူဆသဖြင့် တပ်ချုပ်ကြီး ဗိုလ်ချုပ်ကြီးနေဝင်းက ပယ်ချခဲ့သည်။ ထိုသို့ အာဏာသိမ်းပိုက်ပြီးနောက် ပြည်တွင်းပြည်ပသို့ ထုတ်ပြန်ရန် အချက်အလက် ရှာမရ၍ အကြံအိုက်နေစဉ်အတွင်း ဗိုလ်မှူးချုပ်အောင်ကြီးက ဖက်ဒရယ်မူကြောင့် ပြည်ထောင်စုကြီး ပြိုကွဲရတော့မည့် အန္တရာယ်ရှိလာမည့်အတွက် အာဏာသိမ်းပိုက်လိုက်ရကြောင်း ပြန်လည်ရေးသား၍ တင်ပြခဲ့ရာ ယင်းကို ဗိုလ်ချုပ်ကြီးနေဝင်းက ဖတ်ကြည့်ကာ သဘောကျပြီး "အေး... ကောင်းတယ်၊ အဲဒီအတိုင်း အသံလွှင့်ကြေညာမယ်" ဟု ဆိုသောကြောင့် ချက်ချင်း အသံသွင်းခဲ့ကြသည်။ ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် တိုင်းပြည်သို့ ကြေညာချက် ထုတ်ပြန်မည့်အကြောင်းကိုလည်း တိုင်းပြည်သို့ ကြိုတင်အသိပေးလိုက်သည်။ ဤသို့ဖြင့် ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့၊ နံနက် ၈ နာရီ ၂၅ မိနစ် အချိန်တွင် ကရင်ပိုင်းအစီအစဉ် ထုတ်လွှင့်နေစဉ် ရုတ်တရက်ရပ်ဆိုင်း၍ ဗိုလ်ချုပ်ကြီးနေဝင်းကိုယ်တိုင် အသံလွှင့်ရုံမှတစ်ဆင့် တိုင်းပြည်သို့ အောက်ပါအတိုင်း ကြေညာခဲ့သည်။

"ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အထူး ယိုယွင်းလာသော အခြေအနေဆိုးကို ထိန်းသိမ်းစေသောငှာ ဗမာ့တပ်မတော်မှ တာဝန်ယူ စောင့်ရှောက်လိုက်ပြီဖြစ်ကြောင်း အရပ်ရပ်ရှိ တိုင်းသူပြည်သား ရဟန်း၊ ရှင်၊ လူအများသည် ကြောင့်ကြစိုးရိမ်ပူပန်ခြင်းမဖြစ်ကြဘဲ ခါတိုင်း သာမန်အချိန်ကဲ့သို့ စိတ်လက်အေးချမ်းစွာ မိမိတို့ လုပ်ငန်းဆောင်တာများကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း၊ အစိုးရအမှုထမ်း၊ အရာထမ်းများသည်လည်း မိမိတို့တာဝန်ဝတ္တရားများကို မပျက်မကွက် ဆက်လက်ဆောင်ရွက်ကြစေလိုကြောင်း၊ အထူးသဖြင့် ပညာရေးဆိုင်ရာ တာဝန်ခံများနှင့် ကျောင်းသူကျောင်းသားများသည် မိမိတို့ ဖြေဆိုနေဆဲ စာမေးပွဲကိစ္စများကို မပျက်မပျက် ဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်း ပါကြောင်း" ထုတ်ပြန်ကြေညာခဲ့လေသည်။

ထိုနေ့ နံနက်ပိုင်းမှာပင် ပြည်ထောင်စုမြန်မာနိုင်ငံတော် တော်လှန် ရေးကောင်စီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်။

(၁) ဗိုလ်ချုပ်ကြီး နေဝင်း (ကာကွယ်ရေးဦးစီးချုပ်)
တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ

(၂) ဗိုလ်မှူးချုပ်အောင်ကြီး
(ဒုတိယကာကွယ်ရေးဦးစီးဌာနချုပ်-ကြည်း) အဖွဲ့ဝင်



ဦးနေဝင်း၏အမွေကို ဆက်ခံခဲ့သော အာဏာရှင် ဗိုလ်မှူးချုပ်စိန်လွင် (နောင် မဆလပါတီဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတ)

(၃) ဗိုလ်မှူးချုပ် သန်းဖေ
(ဒုတိယကာကွယ်ရေးဦးစီးချုပ်–ရေ) အဖွဲ့ဝင်
(၄) ဗိုလ်မှူးချုပ် တီကလစ်
(ဒုတိယကာကွယ်ရေးဦးစီးချုပ်–လေ) အဖွဲ့ဝင်
(၅) ဗိုလ်မှူးချုပ် တင်ဖေ (စစ်ထောက်ချုပ်) အဖွဲ့ဝင်
(၆) ဗိုလ်မှူးချုပ် စန်းယု အဖွဲ့ဝင်
(တိုင်းမှူး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်)
(၇) ဗိုလ်မှူးချုပ် စိန်ဝင်း အဖွဲ့ဝင်
(တိုင်းမှူး၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်)
(၈) ဗိုလ်မှူးကြီး သောင်းကြည် အဖွဲ့ဝင်
(တိုင်းမှူး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်)
(၉) ဗိုလ်မှူးကြီးကြည်မောင် အဖွဲ့ဝင်
(တိုင်းမှူး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်)
(၁၀) ဗိုလ်မှူးကြီး မောင်ရွှေ အဖွဲ့ဝင်
(တိုင်းမှူး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်)
(၁၁) ဗိုလ်မှူးကြီး သန်းစိန် (စစ်ဦးစီးဗိုလ်မှူးကြီး) အဖွဲ့ဝင်
(၁၂) ဗိုလ်မှူးကြီး ကျော်စိုး (စစ်ရာထူးခန့်အတွင်းဝန်) အဖွဲ့ဝင်
(၁၃) ဗိုလ်မှူးကြီး စောမြင့် အဖွဲ့ဝင်
(နယ်ခြားဒေသအုပ်ချုပ်ရေးမှူးချုပ်)
(၁၄) ဗိုလ်မှူးချုပ် ချစ်မြိုင် (တွဲဖက်စစ်ထောက်ချုပ်) အဖွဲ့ဝင်
(၁၅) ဗိုလ်မှူးကြီး ခင်ညို (လေ့ကျင့်ရေးညွှန်ကြားရေးမှူး) အဖွဲ့ဝင်
(၁၆) ဗိုလ်မှူးကြီး လှဟန် (ဆေးဝန်ထမ်းညွှန်ကြားရေးမှူး) အဖွဲ့ဝင်
(၁၇) ဗိုလ်မှူးကြီး တန်ယုဆိုင်
(ဒုတိယရဲတပ်ချုပ်၊ ပြည်စောင့်ရဲတပ်ဌာန) အဖွဲ့ဝင်

တို့ ဖြစ်ကြသည်။ တစ်ဆက်တည်း ထိုနေ့မှာပင် တော်လှန်ရေးကောင်စီသည် အုပ်ချုပ်ရေးအစိုးရအဖွဲ့ကို ဖွဲ့စည်းလိုက်ကြောင်း ကြေညာခဲ့သည်။ အစိုးရအဖွဲ့တွင်...

၁။ ဗိုလ်မှူးကြီးနေဝင်း–တော်လှန်ရေးကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာန။

၂။ ဗိုလ်မှူးချုပ် အောင်ကြီး–ကုန်သွယ်မှုနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စက်မှုလက်မှုဝန်ကြီးဌာန။
၃။ ဗိုလ်မှူးချုပ် တင်ဖေ–လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ သမဝါယမနှင့် ကုန်စည်ဖြန့်ဖြူးရေးဝန်ကြီးဌာန။
၄။ ဗိုလ်မှူးချုပ် သန်းဖေ–ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီး ဌာန။
၅။ ဦးသီဟန်–နိုင်ငံခြားရေး ဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ အိမ်ရာဆောက်လုပ်ရေး ဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။
၆။ ဗိုလ်မှူးကြီး ကျော်စိုး–ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ် ရေးဝန်ကြီးဌာန။
၇။ ဗိုလ်မှူးကြီး စောမြင့်–ပြန်ကြားရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီး ဌာန။
၈။ ဒုတိယဗိုလ်မှူးကြီး ဘနီ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာနတို့ ပါဝင်သည်။ ကြေညာချက်တွင် ဖော်ပြမထားသော ဝန်ကြီးဌာနများ နှင့် ပတ်သက်၍ မည်သည့်ဝန်ကြီးဌာနက ပူးပေါင်း တာဝန်ယူ ဆောင်ရွက်သွားမည်ကို ဆက်လက်ကြေညာမည်ဟုလည်း ဆိုသည်။ တော်လှန်ရေးကောင်စီ၏ တာဝန်ပေးချက်အရ ဝန်ကြီးဌာနများကို တာဝန်ယူကြသည်။ ပုဂ္ဂိုလ်များသည် ကြေညာချက်ထုတ်ပြန်သည့် ၁၉၆၂ ခုနှစ်၊ မတ်လ၊ ၂ ရက်နေ့ မွန်းလွဲပိုင်းအချိန်တွင် သက်ဆိုင် ရာ ဝန်ကြီးဌာန အသီးသီးသို့ သွားရောက် လက်ခံတာဝန်ယူ ဆောင်ရွက်ရမည်ဟုလည်း ဆိုသည်။ ၁၉၆၂ ခုနှစ်၊ မတ်လ၊ ၅ ရက်နေ့တွင် တော်လှန်ရေးကောင်စီသည် ကြေညာထားသည့်အတိုင်း ကျန်ရှိနေသေးသော ဝန်ကြီးဌာနများကို ထပ်မံ တာဝန်ခွဲဝေ သတ်မှတ်ပေးခဲ့သည်။

မူလတာဝန်တွင် ထပ်မံတာဝန်ပေးခဲ့သော ဝန်ကြီးဌာနများမှာ–
၁။ ဗိုလ်ချုပ်ကြီးနေဝင်း–ဝန်ကြီးချုပ်ရုံး၊ အမျိုးသားစီမံကိန်းဝန်ကြီး ဌာန
၂။ ဗိုလ်မှူးချုပ် အောင်ကြီး–ပစ္စည်းထောက်ပံ့ရေးဝန်ကြီးဌာန

၃။ ဗိုလ်မှူးချုပ် တင်ဖေ–လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးဝန်ကြီးဌာန

၄။ ဦးသီဟန်–ပြည်သူ့လုပ်ငန်းဌာနနှင့် ပြန်လည်ထူထောင်ရေးဌာနများကို အိမ်ရာဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းအုပ်ချုပ်သွားရန်

၅။ ဗိုလ်မှူးကြီးကျော်စိုး

(က) ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေးနှင့် ဒေသန္တရအဖွဲ့များ ဝန်ကြီးဌာန။

(ခ) သာသနာရေးနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာန သာသနာရေးဌာနများကို အုပ်ချုပ်ဆောင်ရွက်သွားရန်

(ဂ) အမျိုးသားမှတ်ပုံတင်ရေးဌာနကို လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းအုပ်ချုပ်သွားရန်

၆။ ဗိုလ်မှူးကြီး စောမြင့်

(က) ကယ်ဆယ်ရေး၊ ပြန်လည်နေရာထားရေးနှင့် အမျိုးသား စည်းလုံး ညီညွတ်ရေးဝန်ကြီးဌာန၊

(ခ) လူမှုဝန်ထမ်းနှင့် သာသနာရေးဝန်ကြီးဌာနမှ လူမှုဝန်ထမ်းဌာနများကို အုပ်ချုပ်သွားရန်၊

၇။ ဒုတိယဗိုလ်မှူးကြီး ဘနီ–သယ်ယူပို့ဆောင်ရေးဌာနများကို လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းအုပ်ချုပ်သွားရန်တို့ ဖြစ်သည်။

**အာဏာသိမ်းပြီးနောက်အခြေအနေ**

မတ်လ ၂ ရက်နေ့ နံနက်ပိုင်းတွင်ကျင်းပရန် စီစဉ်ထားသည့် ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားများ အစည်းအရုံး (ဗတလစ) ညီလာခံ၌ ဖဆပလအဖွဲ့ချုပ် ဥက္ကဋ္ဌဦးကျော်ငြိမ်းက သွင်းကုန်ကိစ္စကို မိန့်ခွန်းပြောရန် စီစဉ်ထားသော်လည်း နိုင်ငံရေးအခြေအနေ ရုတ်တရက်ပြောင်းလဲသွားသဖြင့် မူလအစီအစဉ်ကို ဖျက်သိမ်းခဲ့ရသည်။



**တော်လှန်ရေးကောင်စီဝင် ဗိုလ်မှူးကြီးကျော်စိုး**

ရန်ကုန်မြို့ ပြည်လမ်းရှိ ပထစဌာနချုပ်တွင်လည်း ပထစအစိုးရအဖွဲ့ဝန်ကြီးများ အဖမ်းခံရခြင်းကိစ္စနှင့်ပတ်သက်၍ လာရောက် သတင်းမေးကြ၍ ပထစခေါင်းဆောင်ငယ်များဖြင့် ပြည့်ကျပ်လျက်ရှိသည်။ ထိုနေ့၌ပင် ပထစအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး သခင်ကျော်ထွန်း၊ ဦးသန်းစိန်၊ ဗိုလ်ခင်မောင်လေး၊ ဗိုလ်တင်မောင်ကြီးနှင့် ဦးစောလူးလူတို့ ခေါင်းချင်းဆိုင် တိုင်ပင်ကြပြီး အရေးပေါ်အစည်းအဝေး ကျင်းပခဲ့ကြသည်။ အစည်းအဝေးတွင် ဦးသန်းစိန်က ပါလီမန်အတွင်းသို့ အမတ်များ လုံးဝဝင်ခွင့်မပြုသည်ကို မိမိအနေဖြင့် သံသယဖြစ်မိကြောင်း၊ ယခုကဲ့သို့ နိုင်ငံရေးအခြေအနေ ရုတ်တရက် ပြောင်းလဲသွားခြင်းကို မိမိတို့ ပထစအမတ်များက အံ့အားသင့်ရကြောင်း ပြောကြားသည်။ အထွေထွေအတွင်းရေးမှူး သခင်ကျော်ထွန်းမှာမူ စိတ်မကောင်းသည့်အသွင်ဖြင့် မည်သို့မျှ ဝင်ရောက်ပြောဆိုခြင်း မပြုဟု ဆိုသည်။

တော်လှန်ရေးကောင်စီဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ကြီးနေဝင်းသည် ပထစ၊ ဖဆပလနှင့် ပမညတအဖွဲ့သုံးဖွဲ့မှ ကိုယ်စားလှယ်ငါးဦးစီတို့အား ၁၉၆၂ ခုနှစ်၊ မတ်လ ၄ ရက်နေ့၊ နံနက် ၁၀ နာရီတွင် စစ်ရုံးချုပ်အတွင်းရှိ ဒဂုံရိပ်သာ၌ တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲသို့ ပထစအဖွဲ့ချုပ်မှ သခင်ကျော်ထွန်း၊ ဗိုလ်တင်မောင်ကြီး၊ စောလူးလူ၊ ဗိုလ်အေး၊ ဖဆပလအဖွဲ့ချုပ်မှ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ ဗိုလ်ခင်မောင်ကလေး၊ ဦးခင်မောင်လတ်၊ ဦးထွန်းတင်၊ ပမညတအဖွဲ့မှဝိစူရသခင်ချစ်မောင်၊ ဗိုလ်ဖိုးကွန်း၊ ဗိုလ်မြသွေး၊ ဗိုလ်အောင်နိုင်နှင့် ဦးအောင်မြင့်တို့အား တွေ့ဆုံ၍ လက်ရှိဖြစ်ပေါ်နေသော အထွေထွေအခြေအနေကို ဆွေးနွေးသည်။ ဆွေးနွေးပွဲတွင် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းက တိုင်းပြည်တွင် ကုန်ဈေးနှုန်း အဆမတန် တက်နေသော ကိစ္စနှင့် တရားဥပဒေ စိုးမိုးမှု ပျက်ပြားနေသော ကိစ္စတို့ကို ဆွေးနွေးပြောကြား၍၊ ဖက်ဒရယ်ကိစ္စတွင် အလွန် တင်းမာလာသောကြောင့် မလွှဲမရှောင်သာ၍ တိုင်းပြည်တာဝန်ကို ထိန်းသိမ်းခဲ့ရခြင်းဖြစ်ကြောင်း ရှင်းပြသည်။

တော်လှန်ရေးကောင်စီသည် ဆိုရှယ်လစ်ပန်းတိုင်သို့ ချီတက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ချီတက်ရာတွင် နိုင်ငံရေးပါတီများနှင့် တိုင်ပင်၍ ညီညွတ်စွာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လက်ရှိအခြေခံ ဥပဒေမှာ လိုသလို ဆွဲယူနိုင်သော ဥပဒေဖြစ်သဖြင့် အသစ်ပြန်လည် ရေးဆွဲရန် လိုအပ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ရေးဆွဲရာတွင် ပထစအဖွဲ့ချုပ်၊ ဖဆပလအဖွဲ့ချုပ်၊ ပမညတတို့နှင့် ညှိနှိုင်းမည်ဖြစ်ကြောင်းလည်း ပြောကြားသည်။

ဗိုလ်ချုပ်ကြီးနေဝင်း ရှင်းပြသည့် တော်လှန်ရေးကောင်စီ၏ သဘောထားနှင့် လုပ်ငန်းစဉ်များကို ပမညတအဖွဲ့ချုပ်က ကြိုက်နှစ်သက် သဘောကျသောကြောင့် ပါဝင်ပူးပေါင်းမည်ဖြစ်ကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့သည်။

## ဗိုလ်မှူးချုပ်အောင်ကြီး၏ သတင်းစာ ရှင်းလင်းပွဲ

၁၉၆၂ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင်ပင် တော်လှန်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသော ဗိုလ်မှူးချုပ်အောင်ကြီးနှင့် ပြန်ကြားရေးဌာန

ဝန်ကြီးဗိုလ်မှူးကြီးစောမြင့် (မှူးသမိန်) တို့သည် ဒဂုံရိပ်သာ၌ပင် သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပခဲ့ပြန်သည်။ ၎င်းက...

"အာဏာသိမ်းတဲ့ကိစ္စမှာ သာမန်အားဖြင့် နိုင်ငံရေး၊ စီးပွားရေးအကြောင်းတို့မှ ဖြစ်ပေါ်လာတဲ့အပေါ် မူတည်ပြီး သိမ်းခြင်းဖြစ်ပါတယ်။ ဒီဗမာပြည်မှာတော့ အာဏာသိမ်းရခြင်းအကြောင်းကတော့ စီးပွားရေး၊ နိုင်ငံရေး၊ ဘာသာရေး၊ နောက်ဆုံး ဖက်ဒရယ်မူ အရေးကိစ္စတို့ကြောင့် သိမ်းရပါတယ်။ ကျွန်တော်တို့ တော်လှန်ရေးကောင်စီက အာဏာကိုလိုချင်လို့ အမွေယူခြင်း မဟုတ်ပါ။ ဘယ်လိုသိနိုင်သလဲဆိုရင် လွန်ခဲ့တဲ့ ၂ နှစ်လောက်က လူထုအစိုးရအား အာဏာကို လွှဲပြောင်းပေးခဲ့ခြင်းဟာ ထင်ရှားပါတယ်။ ခု ဒုတိယအကြိမ် သိမ်းခြင်းဟာ ဖက်ဒရယ်မူ၏ အရေးတကြီးဖြစ်ပေါ်နေသော အကြောင်းကြောင်းများကြောင့် ယခုလို မလွှဲမရှောင်သာဘဲနှင့် တိုင်းပြည်ကို ထိန်းသိမ်းဖို့ အာဏာသိမ်းယူရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဗမာပြည်ဟာ တိုင်းပြည်ငယ်ငယ်ကလေးပါ။ အဲဒီလို ငယ်တဲ့တိုင်းပြည်ကလေးဟာ အစိတ်စိတ်အမြွှာမြွှာ ကွဲပြီးတော့ သူတစ်လူငါတစ်မင်းနဲ့ တိုင်းပြည်ငယ်ကလေးများ ဖွဲ့စည်း၍ မဖြစ်ပါ။ ကျွန်တော်တို့ရဲ့ တိုင်းပြည်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ လွတ်လပ်ရေးရပြီးသည့်နောက် ဆယ်နှစ်စေ့တဲ့အခါမှာ ပြည်ထောင်စုကြီးမှ ခွဲထွက်နိုင်တယ်ဆိုတာမှန်ပါတယ်။ ဆိုပါတော့ စကော့တလန်ပြည်ဟာ အင်္ဂလန်ပြည်မကြီးမှ ခွဲထွက်ဖို့ဟာ ခုလို ဆယ်နှစ် မဟုတ်ပါ။ လွန်ခဲ့တဲ့ နှစ် ၁၀၀ ကတည်းက ကြံရွယ်နေပါတယ်။ ဒါပေမဲ့ သူတို့ ခုထက်ထိ စည်းစည်းလုံးလုံး ရှိနေတာကို တွေ့ရပါတယ်။

ဗမာပြည်မှာတော့ လွတ်လပ်ရေးရပြီးသည့်နောက် ၁၅ နှစ်မှာပဲ ဗမာပြည်ပတ်ဝန်းကျင်မှာ ဖြစ်ပေါ်နေတဲ့ အခြေအနေမျိုးကြောင့် ခုလို ခွဲထုတ်ဖို့ စကားတွေဟာ တစ်နေ့တခြား ကျယ်လောင်လာပါတယ်။ အဲဒီတော့ ဥပမာ ဆိုကြပါစို့... ကျွန်တော်တို့ အိမ်နီးချင်းဖြစ်လာတဲ့ လောပြည်တို့၊ ဗီယက်နမ်တို့ကို ကြည့်ပါ။ သူတို့ ဒီလိုဖြစ်နေတဲ့အတွက် သူတို့ တိုင်းပြည်မှာ ဘာတွေဖြစ်နေတယ်ဆိုတာ ခင်ဗျားတို့ အသိသားပဲ။ အဲဒီလို လောပြည်၊ ဗီယက်နမ်ပြည်တို့မှာ ဖြစ်နေသလို ကျွန်တော်တို့ တိုင်းပြည်မှာ အဖြစ် မခံနိုင်ဘူး။ နိုင်ငံရေးအရ မကျေနပ်မှု ရှိပါတယ်။

ဒါပေမဲ့ ဒီမကျေနပ်မှုဟာ အုပ်မနိုင် ထိန်းမရ ဖြစ်လာတဲ့အခြေအနေမှာ ဒီကိစ္စကို အေးချမ်းအောင် ဘယ်သူမှ မလုပ်နိုင်ပါ။ ရှမ်း၊ ကယားတို့က တစ်သီးပုဂ္ဂလပြည်နယ်အဖြစ် တောင်းပါတယ်။ ကယားပြည်လို လူဦးရေ (၈၇,၀၀၀) သာရှိတဲ့ ပြည်နယ် အငယ်ဆုံးကလေးက တစ်သီးပုဂ္ဂလ ပြည်နယ် တောင်းလာတယ်" ဟူ၍ ပြောကြားခဲ့သည်။ ထို့အပြင် ဗိုလ်မှူးချုပ် အောင်ကြီးက ဦးနုသည် နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေးပြဿနာများကို ထိန်းမနိုင် သိမ်းမရ အခြေအနေသို့ ရောက်အောင် ကြီးထွားစေခဲ့ကြောင်း၊ ဦးနုသည် မိမိ၏ပါတီကိုပင် မထိန်းသိမ်းနိုင်ခဲ့ကြောင်း ပြောကြား၍ ဦးနုအား ပြင်းပြင်းထန်ထန် ဝေဖန်သွားခဲ့သည်။

ဗိုလ်မှူးချုပ်အောင်ကြီးသည် မတ်လ၊ ၉ ရက်နေ့တွင်လည်း ရန်ကုန်မြို့၊ အလံပြဘုရားလမ်းရှိ အမျိုးသား ကာကွယ်ရေးတက္ကသိုလ် (ယခု ယုဇနဟိုတယ်) တွင် သတင်းစာဆရာများနှင့် ထပ်မံတွေ့ဆုံကာ နိုင်ငံတော်အာဏာ သိမ်းယူရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြန်သည်။ အဆိုပါရှင်းလင်းပွဲသို့ ပြန်ကြားရေးဌာနဝန်ကြီး ဗိုလ်မှူးကြီး စောမြင့်၊



ဒုတိယဝန်ကြီးချုပ် ချူအင်လိုင်းနှင့်အတူ

ဒုတိယ ဗိုလ်မှူးကြီး လွင်၊ ဒုတိယ ဗိုလ်မှူးကြီး မောင်ဘိုနှင့် ပညာရေး စိတ်ဓာတ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစောဦး တို့ တက်ရောက်ကြသည်။ ရှင်းလင်းပွဲ၌ ဗိုလ်မှူးချုပ် အောင်ကြီးက…

"ဒီမိုကရေစီအောင်တာ မအောင်တာ ပြဿနာ မဟုတ်ပါဘူး။ တိုင်းပြည်ပြိုကွဲမယ့် အခြေအနေရောက်လာလို့ ထိန်းသိမ်းရတာပဲ။ ကြိုကြိုတင်တင်နဲ့ ခပ်စောစောက ပြတ်ပြတ်သားသားကိုင်ရင် ဆူပူမှုဟာ ဒီလောက်ဆိုးစရာ မရှိပါဘူး။ အစိုးရက သဘောထားကြီးကြောင်း ပြတာနဲ့ ကျဉ်းမြောင်းတဲ့ အမျိုးသားစိတ်တွေ ရှိလာကြတာပဲ။ ပလိပ်ရောဂါ၊ ဝမ်းရောဂါဖြစ်ခါမှ ရေကို ကျက်သောက်မယ်လို့ တရားဟောနေရင် အဲဒီအချိန်မှာပဲ လူဦးရေတစ်ဝက်ကုန်သလောက် ဖြစ်နေမှာပဲ။ အသံလွှင့်ရုံမှာ ကျင်းပတဲ့ အမျိုးသားနိုးနှောဖလှယ်ပွဲသာပြီးရင် ဖြစ်ချင်တာ ဖြစ်ကုန်ကြမှာပဲ။ ပြည်နယ်တွေကပဲ သူတို့လိုချင်တာ ပေးရင် ပေး၊ မပေးရင် ခွဲမယ်၊ တိုက်ရမယ် ဖြစ်ကုန်ကြပြီး ၁၉၄၈ခုနှစ်က အခြေအနေကို ဦးတည်လာကြမှာမို့ သဘောထားကြီးပြနေလို့ မရတော့ဘူး" ဟု ပြောကြားခဲ့သည်။

ထို့နောက် ဗိုလ်မှူးချုပ် အောင်ကြီးက ဆက်၍…

"ရှမ်းကိစ္စက ပဒေသရာဇ်တွေရဲ့ နောက်ဆုံးဖောက်ပြန်မှုပဲ။ ဖက်ဒရယ် ဆိုတာက အမျိုးသားရေးဝါဒ၊ ပြည်နယ်စိတ်ဝါဒတွေကို အရေခြုံထားတာပဲ။ အတွင်းသဘောက ပဒေသရာဇ်ရဲ့ နောက်ဆုံးဖောက်ပြန်မှုလို့ပဲ ယူဆတယ်။ လွတ်လပ်ရေးရတာ ၁၅ နှစ်လောက် ရှိပြီ။ တကယ်သာ ရိုးဖြောင့်တယ်ဆိုရင် ကစားဝိုင်းတွေ လုပ်ကြမှာ မဟုတ်ဘူး။ လယ်ယာကိုင်းကျွန်း၊ ကျန်းမာရေး၊ ပညာရေးဘက်တွေမှာ တိုးတက်အောင် လုပ်ကြမှာပေါ့။

ခုတော့ ဒီလူတွေက ဘာလုပ်တယ် ထင်သလဲ။ လူထုဆီက အခွန်တော် ကောက်တယ်။ ရတဲ့ငွေနဲ့ ကားဝယ်စီးတယ်။ မယားငယ် ထားတယ်။ ကျောင်းတစ်ကျောင်းများ ဆောက်ပေးသလား။ အစိုးရက လျော်ကြေးပေးသည့် ငွေတွေကို စော်ဘွားတွေက နင့်အောင် ယူခဲ့ကြတယ်။ ဒါပေမဲ့ လူထုအတွက်တော့ တစ်ပြားမှ မသုံးဘူး။ ရှမ်းပြည်နယ်မှာရှိသည့် ကိုးကန့်နယ်ဆိုရင် နိုင်ငံခြားလို သဘောထားတယ်။ "ဝ"



**သမ္မတ ဦးနေဝင်းနေရာကို ဆက်ခံခဲ့သော သမ္မတကြီး ဦးစန်းယု**

နယ်ဆိုရင် အရိုင်းတွေလို သဘောထားတယ်။ ဝန်ကြီးတွေကတော့ တစ်ခေါက်မှ မရောက်ကြဘူး။ ပအိုဝ်ဆိုရင် သူပုန်ထကြတာ ၇ နှစ်လောက်ရှိနေပြီ။ ပအိုဝ်တွေ သူပုန်ထတာ ပဒေသရာဇ်ကို မလိုချင်လို့ တိုက်တာပဲ။ စော်ဘွားတွေက ပြည်မက ခွဲထွက်ပြီး သူတို့နယ်မှာ ပဒေသရာဇ်လွှမ်းမိုးဖို့ လုပ်တာပဲ။ ဒီလိုအလုပ်မျိုးက ကမ္ဘာမှာ မကြီးကောင်းတာ ကြီးတာပဲ"
ဟု ပြောကြားခဲ့သည်။

ထို့အပြင် ဗိုလ်မှူးချုပ်အောင်ကြီးက စော်ဘွားများ ဤကဲ့သို့ ဖောက်ပြန်ခဲ့ရသည်မှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ ပျော့ကွက်ကြောင့် ဖြစ်ကြောင်း၊ ဖက်ဒရယ်မူမှာ ပဒေသရာဇ်များ ဆက်၍ လွှမ်းမိုးနိုင်ခွင့် ရရှိစေရန် အကာအကွယ်ယူခြင်းဖြစ်ကြောင်း၊ စော်ဘွားများအတွက် အမတ် ၂၅ နေရာ သတ်မှတ်ပေးထားခြင်းမှာ ပဒေသရာဇ်စနစ်ကို ကာကွယ်ရန် အခွင့်အရေးရခြင်းဖြစ်ကြောင်းလည်း ပြောကြားသည်။

## အာဏာသိမ်းခြင်းနှင့် ပတ်သက်၍ သဘောထားများ

သို့သော် ဝန်ကြီးချုပ် ဦးနုကမူ ဖက်ဒရယ်မူကြောင့် ပြည်ထောင်စုကြီး ပြိုကွဲမည့် အန္တရာယ်ပေါ်ပေါက်လာသည်ဟူသော အချက်ကိုလည်းကောင်း၊ နိုင်ငံရေးအခြေအနေမှာ ထိန်းမနိုင်သိမ်းမရ ဖြစ်နေသည်ဟူသော အချက်ကိုလည်းကောင်း လက်မခံခဲ့ပေ။ ထိုစဉ်က နိုင်ငံရေးအခြေအနေမှာ ထိန်းမနိုင် သိမ်းမရ အခြေအနေမျိုးမဟုတ် သည်လို လူအများစုက သိရှိကြောင်း၊ ဖက်ဒရယ်မူ တောင်းဆိုသည့် ကိစ္စမှာလည်း စိုးရိမ်ဖွယ်ရာ ကိစ္စမဟုတ်ကြောင်း၊ အသံလွှင့်ရုံတွင် ကျင်းပသည့် လူမျိုးပေါင်းစုံနှီးနှောဖလှယ်ပွဲမှာ မိမိကိုယ်တိုင်က စီစဉ်ဆောင်ရွက်ပေးခဲ့သည့် နှီးနှောဖလှယ်ပွဲဖြစ်ကြောင်း ဦးနုက ပြောကြားခဲ့သည်။

လူမျိုးပေါင်းစုံ နှီးနှောဖလှယ်ပွဲတွင် ဖက်ဒရယ်မူနှင့် ပတ်သက်သော အဆိုကို ရှမ်းပြည်နယ် ဥက္ကဋ္ဌစဝ်ခွန်ချို က တင်သွင်း၍ ကချင်ပြည်နယ် ကိုယ်စားလှယ် ဒူးဝါးဇော်လွန်း၊ ချင်းဝိသေသတိုင်း ကိုယ်စားလှယ် ကပွတိန်မန်းတုံးနုံး၊ ရှမ်းပြည်နယ် ကိုယ်စားလှယ် ဦးထွန်းမြင့် (တောင်ကြီး) နှင့် ကယားပြည်နယ်ကိုယ်စားလှယ် ဦးစိန် တို့က ထောက်ခံဆွေးနွေးကြရန်၊ ထိုအဆိုပြုချက်နှင့် ထောက်ခံဆွေးနွေးချက်များကို ပမညတ၊ ဖဆပလ၊ ရပလဖ၊ ပထစ ကိုယ်စားလှယ်များနှင့် နိုင်ငံတော်အစိုးရ အတိုင်ပင်ခံ အဖွဲ့ဝင်တို့က သေချာစွာ လေ့လာရန်၊ ပမညတ၊ ဖဆပလ၊ ရပလဖ၊ ပထစနှင့် နိုင်ငံတော်အစိုးရအတိုင်ပင်ခံ အဖွဲ့ဝင်တို့မှကိုယ်စားလှယ် တစ်ဦးစီက ဖက်ဒရယ်မူနှင့် ပတ်သက်သော သဘောထားများကို တင်ပြရန်၊ ထို့နောက် ပြည်နယ်များ ညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ် ခြောက်ဦး၊ ပမညတ၊ ဖဆပလ၊ ရပလဖနှင့် အဖွဲ့ချုပ်တို့မှ ကိုယ်စားလှယ်သုံးဦး

စီနှင့် အတိုင်ပင်ခံ အဖွဲ့ဝင်လူကြီးများ ပါဝင်သော ကော်မတီတစ်ရပ်ကို ဖွဲ့စည်းပေးရန်၊ ထိုကော်မတီတွင် ဦးနုက နာယကအဖြစ် ဆောင်ရွက်ရန်၊ ထိုကော်မတီက ဖက်ဒရယ်မူနှင့် ပတ်သက်၍ ဆွေးနွေးပြီးနောက် ရရှိသည့် သဘောတူညီချက်ကို အစီရင်ခံရန် ဦးနုက စီစဉ်ထားသည်။

ကိုယ်စားလှယ်ပေါင်းစုံပါဝင်သော ကော်မတီက ဆွေးနွေးညှိနှိုင်းနေစဉ်မှာပင် သင့်လျော်သောအချိန်တွင် ဦးနုသည် ဖက်ဒရယ်မူနှင့် ပတ်သက်၍ မိမိ၏ သဘောထားကို ထုတ်ဖော်ပြောကြားမည်ဟုလည်း ဆိုသည်။ သို့သော် နီးနှောဖလှယ်ပွဲကြီး မပြီးဆုံးမီမှာပင် တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာကို သိမ်းယူခဲ့ပေသည်။ ထို့ကြောင့် ဦးနုသည် ဖက်ဒရယ်မူနှင့် ပတ်သက်၍ ပြောကြားရန် ရည်ရွယ်ထားသော သဘောထားများကို မပြောကြားခဲ့ရပေ။

ထို့အတူ အသံလွှင့်ရုံ၌ ပြုလုပ်သည့် ဆွေးနွေးပွဲ အစီအစဉ်အရ ဖက်ဒရယ်မူနှင့် ပတ်သက်၍ ပထစ၏ သဘောထားကို ဝန်ကြီး ဒေါက်တာ ဦးဧမောင် က ၁၉၆၂ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် ပြောကြားရန် ဖြစ်သော်လည်း မတ်လ ၂ ရက်နေ့တွင် စစ်တပ်က ရုတ်တရက် အာဏာသိမ်းပိုက်လိုက်သောကြောင့် ဝန်ကြီး ဒေါက်တာဦးဧမောင် ပြောကြားမည့် မိန့်ခွန်းကို ထိုစဉ်က စာအုပ်အဖြစ် အသင့်ရိုက်နှိပ်ထားပြီးဖြစ်၍ ဖက်ဒရယ်မူနှင့် ပတ်သက်၍ ထိုစဉ်က ပထစ၏ သဘောထားကို စာဖတ်သူ သိရှိနားလည်နိုင်ရေးအတွက် ထည့်သွင်းဖော်ပြလိုက်ပါသည်။

ဝန်ကြီးဒေါက်တာ ဦးဧမောင် ပြောကြားမည့် မိန့်ခွန်းတွင်–

ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးသည် ပြည်ထောင်စုတိုင်းရင်းသား အားလုံးအတွက် သေရေးရှင်ရေးတမျှ အလွန်အရေးကြီးပြီး ပြည်ထောင်စုကြီး တစ်ရပ်လုံးနှင့် ဆိုင်သည့် ပြဿနာဖြစ်ကြောင်း၊ ထိုပြဿနာကို မှန်မှန်ကန်ကန် မဖြေရှင်းနိုင်လျှင် မည်သည့်တိုင်းရင်းသားမျှ သက်သာခွင့်ရမည် မဟုတ်ဘဲ၊ ပြည်ထောင်စုသားအားလုံး ကျွန်သပေါက်ဘဝကို ပြန်ရောက်နိုင်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုကြီး အခွန့်ရှည်ရေးအတွက် ပြဿနာကို မှန်မှန်ကန်ကန် ဖြေရှင်းသင့်ကြောင်း ပထမ တင်ပြထားသည်။

ထို့နောက် လက်ရှိဖွဲ့စည်းအခြေခံဥပဒေ၏ နောက်ခံသမိုင်းကို ပင်လုံညီလာခံမှစ၍ အခြေခံဥပဒေရေးဆွဲပြီးသည်အထိ အကျဉ်းချုပ်၍ တင်ပြသည်။ ထိုသို့ တင်ပြရာတွင် ဖဆပလ ပဏာမ ပြင်ဆင်မှု ညီလာခံတွင် တင်သွင်းခဲ့သည့် အဆိုပေါင်း ၁၄ ခုရှိကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်ချက် (၇) ချက် ဆိုသည်မှာလည်း ဖဆပလ ပဏာမညီလာခံတွင် တင်သွင်းသော အဆို (၁၄) ခု အနက်မှ ပထမ (၇) ခုသာ ဖြစ်ကြောင်း၊ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း၏လမ်းညွှန် (၇) ချက်ကိုသာ ကွက်၍ ကြည့်မည်ဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်းချပေးသည့် လမ်းညွှန်ချက်နှင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဟာ မကိုက်ညီသကဲ့သို့ ထင်ယောင်ထင်မှား ဖြစ်နိုင်ကြောင်း၊ သို့သော် ဖဆပလ ပဏာမညီလာခံတွင် တင်သွင်းခဲ့သော အဆို (၁၄) ခုစလုံးကို ဖတ်ရှု လေ့လာကြည့်လျှင် ဖဆပလ ပဏာမ ပြင်ဆင်မှု ညီလာခံတွင် တင်သွင်းသော ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်ချက်နှင့် လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေ ကိုက်ညီသည်ကို တွေ့ရကြောင်း ဖော်ပြထားသည်။

ဖဆပလ ပဏာမညီလာခံတွင် တင်သွင်းခဲ့သော အဆိုပြုချက် (၁၄) ခုမှာ...

၁။ မြန်မာနိုင်ငံတော်ကို လွတ်လပ်သော အချုပ်အခြာ အာဏာပိုင် သမ္မတနိုင်ငံအဖြစ်ဖြင့် ကြေညာရန် ဤပဏာမပြင်ဆင်မှု ညီလာခံသဘင်က လေးနက်ခိုင်မာစွာ ပြဋ္ဌာန်းလိုက်သည်။

၂။ တိုင်းပြုပြည်ပြုလွှတ်တော်က ရေးဆွဲအပ်သော နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် အဆိုပါ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် သမ္မတ မြန်မာနိုင်ငံတော်သည်...

(က) ယခုအထိ ဗြိတိသျှမြန်မာပြည်အတွင်းတွင် ပါဝင်နေသော

(၁) မြန်မာပြည်ဝန်ကြီးအဖွဲ့က အုပ်ချုပ်သော မြန်မာပြည်မ

(၂) ဟုမ္မလင်းခရိုင်ခွဲ

(၃) ဆင်ကလိုက်ခမ်းတီး (ဆင်ကလိန်ခန္တီး)

(၄) သောင်ဒွတ် (သောင်သွတ်)

(၅) ဆောမရနယ်ပယ် (ဆွမ္မရာ)

(၆) နာဂတောင်တန်းများ

(၇) သံလွင်ခရိုင်

(၈) ကံပက်လက်ခရိုင်ခွဲ

(၉) ရခိုင်တောင်တန်း နယ်ပယ်များဟူ၍ ခေါ်ဝေါ်သော ဒေသများ

(ခ) ကိုးခမ်း (ကိုးကန့်) နှင့် မောင်းပိုင် (မိုးဗြဲ) တို့ အပါအဝင် ဖြစ်သော ရှမ်းပြည်ထောင်စု (Federated Shan States)

(ဂ) ကရင်နီပြည်နယ်များ

(ဃ) ကချင်တောင်တန်းများ

(င) ကံပက်လက်ခရိုင်ခွဲ မပါသော ချင်းတောင်တန်းခရိုင်တို့ ပါဝင်သော ပြည်ထောင်စုနိုင်ငံတော် ဖြစ်ရမည်။

၃။(၁) အောက်ပါ ဂုဏ်အင်္ဂါအားလုံးနှင့်သော်လည်းကောင်း၊ အချို့နှင့် သော်လည်းကောင်း ပြည့်စုံ၍ (ခ)၊ (ဂ)၊ (ဃ)၊ (င) တို့၌ ဖော်ပြသော ဒေသများသည် ဤတိုင်းပြုပြည်ပြုလွှတ်တော်က ဆုံးဖြတ်ပြဋ္ဌာန်း၍ နောင်အခါ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် "ပြည်ထောင်စုပြည်နယ်" (Union State) အဆင့်အတန်းကိုဖြစ်စေ၊ "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်" (Autonomous State) အဆင့်အတန်းကိုဖြစ်စေ "လူမျိုးစု ပြည်နယ်" (National Area) အဆင့်တန်းကို ဖြစ်စေ ရရှိရမည်။ ထိုဒေသများသည် မိမိတို့အား အပ်နှင်း၍သော်လည်းကောင်း၊ လွှဲပြောင်း၍သော်လည်းကောင်း ရရှိသော အာဏာနှင့်တာဝန်များကို သုံးစွဲဆောင်ရွက်ရမည်။ ဂုဏ်အင်္ဂါများကား–

(၁) ပထဝီအနေအထားအရ နယ်နိမိတ်အထင်အရှားရှိခြင်း၊

(၂) မြန်မာစကားနှင့်မတူသော ဘာသာစကားတစ်မျိုးတည်းရှိခြင်း၊

(၃) ယဉ်ကျေးမှုတစ်မျိုးတည်း ရှိခြင်း၊

(၄) ရာဇဝင်အစဉ်အလာတစ်မျိုးတည်းရှိသော လူစုရှိခြင်း၊

(၅) စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးနှင့် စီးပွားရေး လုံလောက်မှုတို့ရှိသော လူစုရှိခြင်း

(၆) လူဦးရေ အတော်အတန်ရှိခြင်း၊

(၇) ပြည်ထောင်စုအဖွဲ့ဝင် သီးခြားဒေသတစ်ခုအဖြစ်ဖြင့် မိမိ၏ ကိုယ်ပိုင် ထင်ရှားချက်အတိုင်း နေထိုင်သော ဆန္ဒရှိခြင်းတို့ ဖြစ်လေသည်။

(၂) ထိုအာဏာများနှင့် တာဝန်များသည် ပဏာမပြင်ဆင်မှု ညီလာခံ သဘာင်က ခန့်သော ကော်မတီအဖွဲ့၏ စေ့စပ်ချက်ဖြင့် နှစ်ဦးနှစ်ဖက် သဘောတူညီချက်ကို ရပြီးမှ စဉ်းစားဆုံးဖြတ်ရမည့် အာဏာနှင့်တာဝန်များ ဖြစ်သည်။ ဆိုခဲ့ပြီးသော ကော်မတီအဖွဲ့၏ စေ့စပ်ချက်ဖြင့် ရရှိသော တူညီချက်သည် (ဖဆပလ) အမှုဆောင်အဖွဲ့၏ အတည်ပြုချက်ကို ရရှိမည်။

၄။ (ဤနေရာမှစ၍ လာမည့်အပိုဒ်များတွင် "ပြည်ထောင်စုဥပဒေပြုအဖွဲ့" ဟု ခေါ်ဆိုအပ်သော)ဗဟိုဥပဒေပြုအဖွဲ့၏ အာဏာပိုင်နက်သည် ပြည်ထောင်စု နိုင်ငံတစ်ဝန်လုံး ဖြစ်ရမည်။ "ပြည်ထောင်စုပြည်နယ်" (သို့မဟုတ်) "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်" (သို့မဟုတ်) "လူမျိုးစုပြည်နယ်" တို့၏ ဥပဒေပြုအဖွဲ့များသို့ သီးခြားလွှဲပြောင်းပေးသည့် ကိစ္စအမျိုးအစားထဲတွင် မပါဝင်သော ကိစ္စခပ်သိမ်းတို့နှင့် စပ်လျဉ်း၍ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၌ မည်သို့ပင်ဆိုထားသည်ဖြစ်စေ၊ ပြည်ထောင်စုဥပဒေအဖွဲ့သည် အောက်၌ စီစဉ်ဖော်ပြထားသော ကိစ္စအမျိုးအစားတွင် ပါဝင်သည့် ကိစ္စအားလုံးတို့အပေါ်၌ ဥပဒေပြုအာဏာရှိရမည်။

(၁) ပြည်ထောင်စုအစိုးရဌာနများ၊
(၂) ပြည်နယ်အချင်းချင်းကိစ္စများ၊
(၃) (ထိုလုပ်ငန်း–၂ မျိုးမှအပ) ကျန်ကိစ္စများ
(၄) ပြည်ထောင်စုတစ်ခုလုံးနှင့် သက်ဆိုင်သော စီးပွားရေးတိုးတက်မှုကိစ္စများ၊
(၅) "ပြည်နယ်စုနယ်" "ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်" "လူမျိုးစုပြည်နယ်" တို့မှ လွဲ၍ ကျန်ဒေသများနှင့် စပ်လျဉ်းသော ကိစ္စများ။



**အင်ဒိုနီးရှားခရီးစဉ်အတွင်း အင်ဒိုနီးရှားသမ္မတ ဆူဟာတိုနှင့်
အတူတွေ့မြင်ရသော ဦးနေဝင်း**

မှတ်ချက်။ ။ (အထက်ပါအပိုဒ်ကြီး-၄၊ အပိုဒ်အခွဲ (၅) တွင် ဆိုထားသော ကျန်ဒေသများအတွက် ဥပဒေပြုဖွဲ့များ သတ်သတ်ထားရှိမည် မဟုတ်ချေ။)

၅။ ဤ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်သမ္မတမြန်မာနိုင်ငံသည် လည်းကောင်း၊ ထိုနိုင်ငံအဖွဲ့ဝင် ပြည်နယ်ဒေသများသည်လည်းကောင်း၊ ထိုနိုင်ငံ၏ အစိုးရဌာနများသည်လည်းကောင်း အသီးသီးတို့သည် မိမိတို့၏ တန်ခိုးတောဇာနှင့် အာဏာတို့ကို တိုင်းသူပြည်သားတို့ထံမှ ထုတ်ယူသုံးစွဲရမည်။

၆။ လူမှုဆက်ဆံရေးတရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ နိုင်ငံရေး တရားမျှတမှု၊ အဆင့်အတန်းတူညီမှု၊ အခွင့်လမ်းတူညီ

မှု၊ တရားဥပဒေအရ တူညီမှုတို့အပြင် တရားဥပဒေနှင့်လည်းကောင်း၊ လောကဝတ္တရားတို့နှင့်လည်းကောင်း၊ သင့်မြတ်လျော်ကန်စေရမည်ဖြစ်သော လွတ်လပ်စွာ တွေးကြံနိုင်မှု၊ လွတ်လပ်စွာ ဖွင့်ဟ ရေးသားဖော်ပြနိုင်မှု၊ လွတ်လပ်စွာယုံကြည်နိုင်မှု၊ လွတ်လပ်စွာ ပရိယေသနရှာမှီးနိုင်မှု၊ လွတ်လပ်စွာစည်းရုံးနိုင်မှု၊ လွတ်လပ်စွာ ဆောင်ရွက်နိုင်မှုတို့ကို ပြည်သူပြည်သားအားလုံးကို ရရှိခံစားနိုင်အောင် ဝန်ခံချက်ရှိရမည်။

၇။ (၁) "တိုင်းရင်းသားလူနည်းစုများ" ၏ အခွင့်အရေးများဖြစ်သော –

(က) လူတို့၏အခွင့်အရေး

(ခ) လူမျိုးနှင့်ယဉ်ကျေးမှုအခွင့်အရေး

(ဂ) ယဉ်ကျေးမှုတွင် မိမိတို့စရိုက်အရ ပြဋ္ဌာန်းနိုင်ခွင့်နှင့်အတူ လွတ်လပ်စွာ ပေါင်းသင်းဆက်ဆံနိုင်သော အခွင့်အရေး။

(ဃ) ဥပဒေပြုအဖွဲ့တွင် ထိုက်သင့်သော ကိုယ်စားလှယ်ဦးရေ ပါဝင်နိုင်ရေး၊

ထိုအခွင့်အရေးတို့ကို လူမျိုးစုနှင့် လူမျိုးအားဖြင့်လည်းကောင်း၊ ဘာသာစကားအားဖြင့်လည်းကောင်း၊ ယဉ်ကျေးမှုအားဖြင့်လည်းကောင်း၊ ရာဇဝင်အစဉ်အလာအားဖြင့်လည်းကောင်း ကွဲပြားသောသူများလည်းဖြစ်၍ သက်ဆိုင်ရာအဖွဲ့ဝင်ဒေသတွင် လူဦးရေ (၁၀) ပုံ (၁) ပုံ ထက်မနည်း ရှိသည့် သူများလည်းဖြစ်သော ပြည်သူတစ်စုသည် ခံစားနိုင်ပါသည်ဟု ခံဝန်ချက်ရှိရမည်။

(၂) ကရင်အမျိုးသားတို့နှင့် သက်ဆိုင်သော ကိစ္စများတွင် ပြည်ထောင်စု အစိုးရအား ကူညီအကြံပေးရန် "ကရင်ရေးရာအဖွဲ့" တစ်ခုကို ဖွဲ့စည်းရမည်။

၈။ "ပြည်ထောင်စုပြည်နယ်" "ကိုယ်ပိုင်အုပ်ချုပ်ရပြည်နယ်" "လူမျိုးစုပြည်နယ်" တို့အား ပိုင်းခြားသတ်မှတ် အပ်နှင်းလွှဲပြောင်းပေးထားသော အာဏာများမှတစ်ပါး၊ လွတ်လပ်သော အချုပ်အခြာ အာဏာများမှတစ်ပါး လွတ်လပ်သော အချုပ်အခြာအာဏာပိုင် သမ္မတ မြန်မာနိုင်ငံတော်၏ ဥပဒေအာဏာ၊ အုပ်ချုပ်မှုအာဏာ၊ တရား

စီရင်မှုအာဏာတို့သည် ပြည်ထောင်စု မြန်မာနိုင်ငံ၌ရှိ၍ ထိုအာဏာတို့ကို နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက တည်ထောင်ထားသော ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရဌာနများကသော်လည်းကောင်း၊ ထိုဌာနများ၏ အမိန့်အရသော်လည်းကောင်း သုံးစွဲနိုင်ရမည်။

၉။ ပြည်ထောင်စုနိုင်ငံတော်အတွင်းရှိ ပြည်သူအားလုံး၏ အထွတ်အမြတ်ဖြစ်ထိုက်သော နိုင်ငံတော် အကြီးအမှူး ဖြစ်သည့် သမ္မတနှင့်တကွ ပြည်သူ့လွှတ်တော်၊ လူမျိုးစုလွှတ်တော် နှစ်ရပ်ပါဝင်သော ပြည်ထောင်စု မဟာလွှတ်တော် (Union Assembly) တို့တွင် ပြည်ထောင်စု ဥပဒေပြုအာဏာကို အပ်နှင်းထားရှိစေရမည်။ သမ္မတအား ပြည်ထောင်စု မဟာ လွှတ်တော်က ရွေးကောက်တင်မြှောက်ရမည်။ ပြည်သူ့လွှတ်တော် အမတ်များကို လျှို့ဝှက်မဲဆန္ဒပေးစနစ်အရ အရွယ်ရောက်သူတိုင်းက ရွေးကောက်တင်မြှောက်ရမည်။ လူမျိုးစုလွှတ်တော် "ပြည်ထောင်စုပြည်နယ်" မှလည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ "ပြည်နယ်" မှ လည်းကောင်း၊ "လူမျိုးစုပြည်နယ်" မှ လည်းကောင်း၊ "တိုင်းရင်းသားလူနည်းစု" မှ လည်းကောင်း၊ အဖွဲ့ဝင်ဒေသတစ်ခုအဖြစ်ဖြင့် စုရုံးဖွဲ့စည်းအပ်သော ကျန်ဒေသများမှလည်းကောင်း ကိုယ်စားလှယ်အမတ်များ ပါဝင်ရမည်။

၁၀။ တရားဥပဒေနှင့် ဤနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတို့က ပြဋ္ဌာန်းမည့် စည်းကမ်းချက်များကိုထောက်၍ ပြည်သူတို့တွင် မိမိတို့ ရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ်အမတ်ကို နုတ်ပယ်ခေါ်ယူနိုင်သော အခွင့်အရေးရှိစေရမည်။

၁၁။ ပြည်ထောင်စုအစိုးရဟူ၍ ခေါ်ဆိုအပ်သည့် ပြည်ထောင်စုနိုင်ငံ၏ အချုပ်အခြာအုပ်ချုပ်မှု အာဏာတည်ရှိရာဖြစ်သော အစိုးရအဖွဲ့သည် ပြည်သူ့လွှတ်တော်အား တာဝန်ခံရမည်။

၁၂။ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကသော်လည်းကောင်း၊ တရားဥပဒေကသော်လည်းကောင်း၊ တည်ထောင်ထားသော တရားရုံးတော်များသည် တရားစီရင်ခြင်းကို ပြုရမည်။ ထိုတရားရုံးများက မဟာတရားရုံးတော်နှင့်တကွ ထိုတရားရုံးတော်၏ လက်အောက်ခံတရားရုံးများဖြစ်သည်။ တရားသူကြီးများသည် နိုင်ငံဖွဲ့စည်း

အုပ်ချုပ်ပုံအခြေခံဥပဒေနှင့် တရားဥပဒေတို့ကိုသာ ထောက်၍ လွတ်လပ်စွာ တရားစီရင်ရမည်။ မဟာတရားရုံးတော်၏ တရားဝန်ကြီးများကို "ပြည်ထောင်စု မဟာလွှတ်တော်" က ရွေးကောက်တင်မြှောက်ရမည်။

၁၃။ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်သမ္မတ မြန်မာနိုင်ငံ၏ နယ်မြေတို့ တပေါင်းတစည်းတည်း တည်ရှိနေသည်ဟူသော ဂုဏ်သိက္ခာသည်လည်းကောင်း၊ နိုင်ငံတော်၏ ကြည်း၊ ရေ၊ လေ တို့ကို အချုပ်အခြာ စိုးမိုးအုပ်ချုပ်နိုင်သော အခွင့်အရေးများသည်လည်းကောင်း၊ ထိုဂုဏ်သိက္ခာ၊ ထိုအခွင့်အရေးများသည် တရားမျှတမှုနှင့် လည်းကောင်း၊ တိုင်းကြီး၊ ပြည်ကြီးတို့၏ ဥပဒေနှင့်လည်းကောင်း လျော်ညီစွာ တည်တံ့ခိုင်မြဲနေရမည်။

၁၄။ ကျွန်ုပ်တို့ ချစ်မြတ်နိုးသော နိုင်ငံတော်သည် ကမ္ဘာပေါ်တွင် တရားသဖြင့် ရသင့်ရထိုက်သည်လည်းဖြစ်၍ ဂုဏ်ကျက်သရေနှင့်လည်း ပြည့်စုံသော အဆင့်အတန်းကိုရရှိ၍ လူသတ္တဝါခပ်သိမ်းတို့၏ အကျိုးစီးပွားကို တိုးတက်စေရန် မိမိ၌ တာဝန်ရှိသည့်အလျောက် အစွမ်းကုန် အားထုတ်ဆောင်ရွက်ပြီးလျှင် ပြည်ထောင်အချင်းချင်း တရားမျှတမှုနှင့် လောကဝတ္တရားတို့ကို ထောက်ကာ၊ နိုင်ငံတို့နှင့် ချစ်ကြည်ငြိမ်းချမ်းစွာ ပူးပေါင်းဆောင်ရွက်မည်ဟု ခိုင်မြဲသော အဓိဋ္ဌာန်ကို ပြုထားလေသည်။ စသည်တို့ဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးဒေါက်တာဦးမောင်က အခြေခံဥပဒေ ရေးဆွဲပုံနှင့် ပတ်သက်၍–

ပြည်ထောင်စုနှင့် ပြည်နယ်များဆိုင်ရာ ဆပ်ကော်မတီအစည်းအဝေးကို ၁၉၄၇ ခုနှစ်၊ ဇွန်လ၊ ၂၃ ရက်နေ့က တစ်ကြိမ် ကျင်းပခဲ့ပါတယ်။ ဒုတိယအကြိမ်ဖြစ်သော ၁၉၄၇ ခုနှစ်၊ ဇွန်လ၊ ၂၄ ရက်နေ့တွင် ဦးအောင်ဆန်း ကိုယ်တိုင် သဘာပတိအဖြစ် ကြီးမှူး၍ ဆပ်ကော်မတီ အစည်းအဝေးကို ကျင်းပခဲ့ပါတယ်။

အစည်းအဝေးမှတ်တမ်းများအရ အောက်ပါအတိုင်း ဆုံးဖြတ်ထားသည်ကို တွေ့ရှိရပါတယ်။ အဲဒီအစည်းအဝေးမှတ်တမ်းကို နောက်တစ်နေ့ (၂၅–၆–၁၉၄၇) ရက်နေ့ အစည်းအဝေးက အတည်ပြုထားတာ တွေ့ရှိ

ရပါတယ်ဟု ဖော်ပြထားပြီး ၎င်းပြည်ထောင်စုနှင့် ပြည်နယ်များဆိုင်ရာ ဆပ်ကော်မတီမှ–

ညောင်ရွှေစော်ဘွားကြီး၊ မိုင်းပွန်စော်ဘွားကြီးနှင့် ဆမားဒူးဝါးဆင်ဝါး နောင်တို့ မေးမြန်းသော မရှင်းလင်းသည့် အချက်အလက်တို့ကို ဦးအောင်ဆန်း၊ သခင်မြ၊ ဦးဘချိုနှင့် ဦးချန်ထွန်းတို့က အကျယ်တဝင့် ရှင်းလင်း ပြောကြားပြီးနောက် ဖွဲ့စည်းလတ္တံ့သော မြန်မာပြည်ထောင်စုတွင် မြန်မာပြည်မှအပ အခြားအခြားသော ပါဝင်ပတ်သက်သည့် နယ်များတွင် သီးသန့် အုပ်ချုပ်ရေးနှင့် အစိုးရရှိရမည်ဖြစ်သော်လည်း မြန်မာပြည်မနှင့် အခြား ပြည်နယ်များမှာ နိုင်ငံအကျယ်အဝန်း၌ လည်းကောင်း၊ လူဦးရေ၌လည်း ကောင်း၊ စီးပွားရေးအခြေအနေ၌လည်းကောင်း၊ လွန်စွာခြားနားသည့်အပြင် ငွေကြေးနှင့် လူအင်အားစသော အခက်အခဲတို့ကြောင့် မြန်မာပြည်အတွက် သီးခြားသော လွှတ်တော်နှင့် အစိုးရ မထားရှိဘဲ ပြည်ထောင်စုလွှတ်တော် အစိုးရကပင်လျှင် မြန်မာပြည်မ အတွက်ကိုပါ ဆောင်ရွက်ရန် ဖဆပလ ပဏာမညီလာခံမှ ရေးဆွဲထားသော မူကို အကြမ်းအားဖြင့် အားလုံး သဘောတူ ပြဋ္ဌာန်းကြသည်။ မြန်မာနိုင်ငံတွင် ပါဝင်လျက်ရှိသော ပြည်နယ် များအခြေအနေအရ ရှိပြီးဖြစ်သော မည်သည့်ပြည်ထောင်စုမူမျိုးနှင့်မှ မြန်မာ နိုင်ငံနှင့် တစ်သဝေမတိမ်း လုံးဝ မကိုက်ညီနိုင်သဖြင့် ကမ္ဘာပေါ်ရှိ အမေ ရိကန်၊ ဆွစ်ဇာလန်၊ ရုရှားနိုင်ငံ အစရှိသော ပြည်ထောင်စုမူမျိုးစုံမှ မြန်မာ နိုင်ငံအတွက် သင့်လျော်မည့် ကောင်းနိုးရာရာ အချက်တို့ကိုသာ စိစစ် ပေါင်းစပ်ရေးဆွဲခြင်းကို နှစ်မြို့က်ပါကြောင်း ဆိုသည့် အပိုဒ်ကို ထုတ်နုတ် ကိုးကား၍ ဝန်ကြီး ဒေါက်တာဦးမောင်၏ မိန့်ခွန်းတွင် ဖော်ပြထားသည်။ ထို့အပြင် ပြည်ထောင်စု ဗဟိုအစိုးရနှင့် ပြည်နယ်များ အာဏာအခွဲဝေရေး နှင့် ပတ်သက်၍လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ ရှိစဉ်ကပင် ထိုကိစ္စကို စဉ်းစားဆွေးနွေးဆုံးဖြတ်ခဲ့ပြီးဖြစ်ကြောင်း အောက်ပါ အတိုင်း တင်ပြထားသည်။

အာဏာများခွဲဝေ သတ်မှတ်ရာတွင် ပြည်နယ်များ၏ အာဏာများကို သတ်မှတ်ပြီးနောက် သတ်မှတ်ရာတွင် မပါဝင်သည့် အာဏာတို့ကို ဗဟို အစိုးရသို့ ပေးရန် သဘောတူညီကြောင်းကို တွေ့ခဲ့ရပါတယ်။ ဒီအချက်ကို



**မဆလပါတီဥက္ကဋ္ဌနှင့် သမ္မတဦးစိန်လွင်**
**(သမ္မတသက်တမ်း ၁၇ ရက်ကြာ ခံခဲ့သည်။)**

ကြည့်မယ်ဆိုရင်လည်း ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ ပြည်မပြည်နယ် ခေါင်းဆောင်ကြီးများဟာ ပြည်ထောင်စု အစိုးရအား အများနှင့် သက်ဆိုင်သော ကိစ္စအတွက်သာ အာဏာခွဲဝေပေးပြီး ကျန်အာဏာများကို ပြည်နယ်များကို အုပ်ချုပ်ရန် ဆိုတဲ့အပိုင်းကို လက်မခံကြောင်း ထင်ရှားပါတယ်။

လွှတ်တော်နှစ်ရပ်ကို အာဏာတူပေးရေးနှင့် ပတ်သက်၍လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများရှိစဉ်ကပင် လွှတ်တော်နှစ်ရပ်ကို အာဏာတူပေးရေးမှုကို လက်မခံခဲ့ကြောင်း အောက်ပါအတိုင်း တင်ပြထားသည်။

"ပြည်နယ်ခေါင်းဆောင်များရဲ့ "ပြည်ထောင်စုစစ်စစ်ဆိုတဲ့မှု" ရဲ့ တတိယပိုင်းဖြစ်တဲ့ လွှတ်တော်နှစ်ရပ် အခွင့်အာဏာတူပေးရေးဆိုတဲ့ အပိုင်းဖြစ်ပါတယ်။ ဒီအပိုင်းကိုလည်း ကိုယ်စားလှယ်တော်လူကြီးမင်းများ သိရှိ

တော်မူပြီးတဲ့အတိုင်း ဗိုလ်ချုပ်အောင်ဆန်းနဲ့ ပြည်မပြည်နယ်ခေါင်းဆောင်များပါ အလေးအနက် စဉ်းစားခဲ့ပြီး အောက်ပါ အချက်အလက်များအရ အောက်ပါအတိုင်း ဆုံးဖြတ်ချက်ချခဲ့တာကို တွေ့ရှိရပါတယ်။ ဒီဆုံးဖြတ်ချက်ကို ကျွန်တော်စောစောပိုင်းက တင်ပြပြီးပါပြီ။ ဒီအစီရင်ခံစာရဲ့ ကောက်နုတ်ချက်ကို သဘာပတိကြီးမှတစ်ဆင့် အနည်းငယ်ပြန်လည်တင်ပြပါရစေ။ ဒီအစီရင်ခံစာမှာ ပထမအချက်အနေနဲ့ "ဗဟိုအစိုးရအဖွဲ့ကို ပြည်သူ့လွှတ်တော်က တာဝန်ခံယူရမည်" ဟု ဖော်ပြထားပါတယ်။ ဒီသဘောဟာ လွှတ်တော်နှစ်ရပ်စလုံး အခွင့်အာဏာတူ ပေးမထားကြောင်း ထင်ရှားလှပါတယ်။ ဒီလိုအခွင့်အာဏာတူ မပေးခြင်းကို အကြောင်းပြထားတာကတော့ လွှတ်တော်နှစ်ရပ်စလုံးအပေါ် တာဝန်ခံယူရမည်ဟု ဖော်ပြထားပါက နိုင်ငံရေးဂိုဏ်းဂဏ၊ ပါတီ၊ လူမျိုးစုအမျိုးမျိုးအစားစားရှိတဲ့အတွက် ခိုင်မြဲသော အစိုးရကို ဖွဲ့စည်းနိုင်မှာ မဟုတ်ဘူးဆိုတဲ့ အချက်ရယ်၊ ပြည်သူ့လွှတ်တော်မှာ လူဦးရေအလိုက် ရွေးကောက်တင်မြှောက်ထားသည့် အမတ်များပါဝင်ပြီး လူမျိုးစုလွှတ်တော်မှာ လူဦးရေအလိုက် ရွေးကောက်တင်မြှောက်ခြင်း မဟုတ်ဘဲ၊ လူဦးရေနည်းသည့် ပြည်နယ်များနှင့် လူနည်းစုတို့အား သက်ညှာသောအားဖြင့် ကိုယ်စားလှယ်များကို လူဦးရေအလိုက်ရှိသင့်သည်ထက် အဆပေါင်းများစွာ ပိုမိုပေးအပ်ထားရသဖြင့် ဒီမိုကရေစီဝါဒအရ ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်သည့် ပြည်သူ့လွှတ်တော်ကိုသာ တာဝန်ခံယူရန် ပြဋ္ဌာန်းထားသည်ဟု ဖော်ပြထားပါတယ်။ ဒီအချက်ဟာ ဒီမိုကရေစီစနစ်အရ ပြည်သူ့လွှတ်တော်ကိုသာ အခွင့်အာဏာပေးထားတာတွေ့ရပါတယ်။ လွှတ်တော်နှစ်ရပ်ကို အခွင့်အာဏာတူ ပေးထားတာကို မတွေ့ရပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ခေါင်းဆောင်ကြီးများဟာ ဒီမိုကရေစီထွန်းကားရေးနဲ့ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် လွှတ်တော်နှစ်ရပ် အခွင့်အာဏာတူပေးတဲ့မူကို ထိုအချိန်အခါကပင် လက်မခံခဲ့ပါဘူး။

ပြည်နယ်များ ညှိနှိုင်းရေးအဖွဲ့က တင်သွင်းသော ပြည်ထောင်စုစစ်စစ်မူအပေါ် ပထမ ၏ သဘောထားမှုကိုလည်း ဝန်ကြီးဒေါက်တာဦးမောင်က–

(၁) ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ပြည်မ၊ ပြည်နယ်ခေါင်းဆောင်ကြီးများ အမြော်အမြင်ကြီးမားစွာ ချမှတ်ခဲ့သော ပြည်ထောင်စု အခြေခံဥပဒေရည်ညွှန်းချက်ပါ သဘောထားများနှင့် လုံးဝ ကွဲပြားခြားနားနေသည့် အချက်များကြောင့်လည်းကောင်း

(၂) ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ပြည်မ၊ ပြည်နယ်ခေါင်းဆောင်ကြီးများ အမြော်အမြင်ကြီးမားစွာဖြင့် ချမှတ်ခဲ့သော ဒီမိုကရေစီတည်တံ့ခိုင်မြဲရေးနှင့် ဆန့်ကျင်လျက်ရှိသည့် သဘောများပါဝင်နေသည့် အချက်များကြောင့်လည်းကောင်း

(၃) ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ပြည်မ၊ ပြည်နယ်ခေါင်းဆောင်ကြီးများ အမြော်အမြင်ကြီးမားစွာ ချမှတ်ခဲ့သော ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးနှင့်ဆန့်ကျင်ကာ ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးစေမည့် အချက်အလက်များ ပါရှိနေခြင်းကြောင့်လည်းကောင်း

(၄) ပြည်ထောင်စုအဖွဲ့ အစိုးရက ပြည်နယ်များအတွက် ဖြစ်နိုင်သည့် ကိစ္စဟူသမျှကို မိသားစုစိတ်ဓာတ်ဖြင့် အစွမ်းကုန်ဆောင်ရွက်နေသည်ကို ထောက်ရှု၍လည်းကောင်း၊ ဒီမိုကရေစီ စနစ်ဖွံ့ဖြိုးရေး၊ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ ပြည်နယ်များအဖွဲ့ချုပ် ဥက္ကဋ္ဌကြီးတင်ပြသော ပြည်ထောင်စုစစ်စစ် ဆိုတဲ့မူကို ပြည်ထောင်စု အဖွဲ့ချုပ်အနေဖြင့် လက်မခံနိုင်ပါ။ (သို့ရာတွင် နိုင်ငံတော် အကြံပေးအဖွဲ့မှ အလေးအနက် ဝေဖန်ဆွေးနွေးပြီး တင်ပြထားသော ထောက်ခံချက်များမှာ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေး၊ တရားမျှတရေး၊ ညီမျှရေးနှင့် လွတ်လပ်ရေးတည်း ဟူသော အခြေခံမူကြီးများနှင့် ကိုက်ညီသည်ဟု ပထစအဖွဲ့ချုပ်က ယုံကြည်ပါကြောင်း) လေးနက်စွာ တင်ပြအပ်ပါသည်ဟူ၍ တင်ပြသွားသည်။

တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာ သိမ်းပိုက်ခဲ့ရခြင်းနှင့်ပတ်သက်၍ ၁၉၇၄ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ထုတ်ဝေခဲ့သော **"တော်လှန်ရေးကောင်စီ၏ လုပ်ဆောင်ချက်သမိုင်းအကျဉ်းချုပ်"** စာအုပ်စာမျက်နှာ ၅ ၌လည်း "နိုင်ငံရေးတည်ငြိမ်မှုမရှိခြင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်ယိမ်းယိုင်လာခြင်း၊ စီးပွားရေး ပိုမိုသောင်းကျန်းလာခြင်း၊ လူမျိုးရေးပဋိပက္ခ

ပိုမိုကြီးမားလာခြင်း၊ သောင်းကျန်းသူများ ပိုမိုထကြွလာခြင်း၊ ပြည်ပအားကိုးသော ပဒေသရာဇ်တို့က ပြည်ထောင်စုကြီးကို ဖြိုခွဲရန် ပြင်ဆင်လာခြင်း စသည့် အဘက်ဘက်မှ အခြေအနေ ယိုယွင်းပျက်ပြားလာသဖြင့် တပ်မတော်သည် လက်ပိုက်၍ ကြည့်မနေနိုင်တော့ဘဲ သမိုင်းက ပေးအပ်လာသော တာဝန်အရ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းစောင့်ရှောက်ရန် ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီကို အဖွဲ့ဝင် (၁၇) ဦးဖြင့် ဖွဲ့စည်းကာ နိုင်ငံတော်၏အခြေအနေကို ထိန်းသိမ်းခဲ့ရပါသည်" ဟူ၍ ဖော်ပြထားလေသည်။ သို့သော် တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာကို သိမ်းယူခဲ့ပြီးနောက် ၂၈ နှစ်အကြာ ၁၉၉၀ ပြည့်နှစ် ဇွန်လတွင် ဖက်ဒရယ်မူနှင့် ပတ်သက်၍ ဦးနု၏သဘောထားကို ရန်ကုန်တက္ကသိုလ် သမိုင်းသုတေသနဌာနက မေးမြန်းခဲ့ရာ ဖက်ဒရယ်မူကြောင့် အာဏာသိမ်းပိုက်ခဲ့ရပါသည်ဟူသော အကြောင်းပြချက်ကို လုံးဝ လက်မခံခဲ့ပေ။ ဝန်ကြီးချုပ်ဟောင်း ဦးနုက–

"ခွဲထွက်နိုင်ခွင့် ဆိုတဲ့ ဟိုဥစ္စာကြီးကို ဖြုတ်ပစ်လိုက်ပါ။ မထားနဲ့တော့။ ခင်ဗျားတို့ လိုချင်တဲ့ အာဏာတွေကို နောက်ထပ်ပြီးတော့ တောင်းမယ်။ နည်းနေတယ်လို့ သူတို့က ပြောတယ်။ အင်္ဂလိပ်တွေရှိတုန်းက ၉၁ ဌာနဆိုတာ။ ဌာနတွေ ပေးထားတာက ဗမာပြည်က ၉၁ ဌာနဆိုတာကတော့… ကြားလိုက်တော့ ၁၀၀ မှာ ကိုးဆယ်နဲ့တစ်ဌာနဆိုတော့ များနေတယ်။ ကိုးဆယ်နဲ့တစ်ဌာနက သုညတွေ။ ခုနစ်ဌာနက တကယ့်အဆီအနှစ်တွေ၊ ဒါ အင်္ဂလိပ်က ကိုင်ထားတယ်။ အဲသလိုဟာမျိုး ဖြစ်ချင်ရင် ဖြစ်နေမလား။ အဲဒါတွေ လိုချင်ရှိရင်ဖြင့် ပြော။ ကျွန်တော်တို့နောက်ထပ် ပြီးတော့၊ ဘယ်၊ ဘယ်ဟာကို လိုချင်သေးတယ်။ နောက်ထပ်ပြီးတော့ ဘယ်အာဏာ ပေးပါဦး၊ ဘယ်ဌာန ပေးပါဦး၊ ဘယ်ဌာနပေးပါဦး ပြော၊ discuss လုပ်မယ်။ discuss လုပ်ပြီးတော့ ကျွန်တော်တို့ ညီအစ်ကိုအချင်းချင်းပဲ။ သူတို့ကို ပေးလိုက်ရလို့ ပိုသွားတယ်။ ကျွန်တော်တို့ဗမာက ရှုံးကျန်ရစ်ခဲ့တယ်… ဒီလို မဟုတ်ဘူး။ အကုန်ပေးမယ်။ ခွဲထွက်ပိုင်ခွင့်ဆိုတဲ့ ဥစ္စာကြီးကို ဖြုတ်ပစ်လိုက်တော့။ ခင်ဗျားတို့ လိုချင်နေတယ်ဆိုတဲ့




ဦးနေဝင်း၏ အချစ်ဆုံးသမီး ဒေါက်တာခင်စန္ဒာဝင်း

Schedule ဆိုတဲ့အထဲမှာ၊ List တွေထဲမှာ နောက်ထပ်ပြီးတော့ ကျွန်တော် အာဏာတိုးပေးမယ်" ဟူသော မိမိ၏ သဘောထားကို ပြည်နယ်ကိုယ်စားလှယ်များအား ပြောကြားရန် အစီအစဉ်ရှိခဲ့ခြင်းပင်ဖြစ်သည်ဟု ဆိုသည်။ အကယ်၍သာ ဦးနု က နီးနှောဖလှယ်ပွဲအတွင်း ဤသဘောထားကို ပြောကြားမည်ဆိုလျှင် ပြည်နယ်ကိုယ်စားလှယ်များကလည်း လက်ခံကြဖွယ်ရှိသည်ဟု ဆိုသည်။ ရှမ်းပြည်နယ်ဥက္ကဋ္ဌနှင့်ပြည်နယ်များ ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌ စဝ်ခွန်ချို ကိုယ်တိုင်ကလည်း လူမျိုးပေါင်းစုံ နီးနှောဖလှယ်ပွဲတွင် အဆိုတင်သွင်း တောင်းဆိုမှုများမှာ စိုးရိမ်ဖွယ်ရာ မရှိကြောင်း၊ ဤကိစ္စနှင့်

ပတ်သက်၍ ဦးနုနှင့် ညှိနှိုင်းစီစဉ်ထားပြီးဖြစ်ကြောင်း၊ ဖက်ဒရယ်မူ တောင်းဆိုခြင်းမှာ မိမိတို့အာဏာ ပိုမိုရရှိလာအောင် ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု ဆိုသည်။

ဝန်ကြီးချုပ်ဦးနုကိုယ်တိုင်ကလည်း နှီးနှောဖလှယ်ပွဲမှာ စိုးရိမ်စရာ မရှိကြောင်း၊ ဤကိစ္စအတွက် အဖြေရှိပြီးဖြစ်ကြောင်းတို့ကို ထိုစဉ်ကပင် ပြောကြားခဲ့ဖူးသည်ဟု ဆိုသည်။

လူမျိုးပေါင်းစုံ နှီးနှောဖလှယ်ပွဲတွင် ရှမ်းပြည်နယ် ဥက္ကဋ္ဌ စဝ်ခွန်ချို တင်သွင်းသည့် ဖက်ဒရယ်မူ အဆိုကို ထောက်ခံဆွေးနွေးခဲ့သည့် ကယားပြည်နယ်ကိုယ်စားလှယ် ဦးစိန်ကလည်း ထိုစဉ်က မိမိတို့တောင်းဆိုခဲ့သော ဖက်ဒရယ်မူသည် ပြည်ထောင်စုကြီးကို ပြိုကွဲစေမည် မဟုတ်ဟုလည်းကောင်း၊ မိမိတို့သည် ထိုစဉ်က ခွဲထွက်ခွင့် ဟူသည်ကို လုံးဝ သတိမရကြပါဟုလည်းကောင်း၊ မြန်မာနိုင်ငံတည်းဟူသော ခြံကြီးတစ်ခုတည်းတွင် ကိုယ့်အိုးကိုယ့်အိမ်ဖြင့် နေထိုင်နိုင်ရန် တောင်းဆိုခြင်းမျိုးသာ ဖြစ်သည်ဟုလည်းကောင်း ပြောကြားခဲ့သည်။



**ကျော်နေဝင်း၊ ဇွဲနေဝင်း၊ အေးနေဝင်း**

ထို့နောက် ဝန်ကြီးချုပ် ဦးနုက–

"တိုင်းပြည်ချောက်ထဲကျဖို့ လက်နှစ်လုံးသာလိုကြောင်း အမှန်တကယ်ဖြစ်ခဲ့ရင် တာဝန်အရှိဆုံးပုဂ္ဂိုလ်ဖြစ်တဲ့ ကျွန်တော့်ကို တင်ပြရမယ်။ ဒါမှမဟုတ် ကျွန်တော့်ကို အကြောင်းအကျိုးတင်ပြဖို့ အခြေအနေ မပေးခဲ့ရင် ကျွန်တော့် အစိုးရအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဖြစ်သူကို တင်ပြရမယ်။ သို့သော် ဗိုလ်နေဝင်ဟာ ဘယ်သူ့ကိုမှ အသိမပေးဘဲ ၎င်းတစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့်၊ ၎င်းကိုယ်ကျိုးအတွက် အာဏာသိမ်းခဲ့ခြင်းသာ ဖြစ်တယ်။ အကယ်၍များ သူပြောသလို တိုင်းပြည်ချောက်ထဲကျဖို့ လက်နှစ်လုံးသာ လိုခဲ့ရင်၊ ကျွန်တော်ကို့ကို ၂ မိနစ်သာ ကြိုတင် အသိပေးပါ။ ကျွန်တော် ချက်ချင်း အာဏာသိမ်းလိုက်ပါမယ်" ဟူ၍ ပြောကြားခဲ့သည်။ ကာကွယ်ရေးဦးစီးချုပ်တာဝန် စတင် ထမ်းဆောင်စဉ်က ၁၉၄၇ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကိုကိုင်၍ ကျမ်းသစ္စာပြုခဲ့သော ဗိုလ်ချုပ်ကြီးနေဝင်းသည် နိုင်ငံတော်နှင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအပေါ်တွင် သစ္စာရှိပါမည်ဟူ၍ ကျိန်ဆိုခဲ့သူ ဖြစ်သည်။ စာရေးသူကိုယ်တိုင် ဗိုလ်မှူးချုပ်တင်ဖေ (ငြိမ်း)၏ ဇနီး ဒေါ်သိန်းဆိုင် (စာရေးဆရာမ မမြတ်လေး) မိတ်ဆက်ပေးမှုကြောင့် အာဏာသိမ်းရာတွင် ပါဝင်ခဲ့သော တော်လှန်ရေးကောင်စီဝင် ဗိုလ်မှူးကြီး တန်ယုဆိုင် (ငြိမ်း) ကိုယ်တိုင်ရေးသားခဲ့သော ကိုယ်ရေးမှတ်တမ်း လက်နှိပ်စက်မူကို ၎င်းဇနီးထံမှ တောင်းယူဖတ်ရှုခွင့်ရရှိခဲ့ပါသည်။ ဒေါ်သိန်းဆိုင်နှင့် ဗိုလ်မှူးကြီး တန်ယုဆိုင်သည် မောင်နှမတော်စပ်ပါသည်။ ဗိုလ်မှူးကြီး တန်ယုဆိုင် ရေးသားခဲ့သော ယင်းမှတ်တမ်း၌ ဗိုလ်မှူးကြီး တန်ယုဆိုင်က ဗိုလ်ချုပ်ကြီးနေဝင်းသည် နိုင်ငံတော်အာဏာသိမ်းပိုက်ရန် သုံးကြိမ်တိုင်တိုင် ကြိုးပမ်းခဲ့ရာ ပထမအကြိမ်တွင် နောက်လိုက်အင်အား မရှိ၍ အစီအစဉ် မအောင်မြင်ခဲ့ချေ။ တစ်ဖန် ၁၉၅၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း၏ သူရဲကောင်း သုံးယောက်ဟု အပြောများသည့် ဗိုလ်မှူးချုပ်မောင်မောင်၊ ဗိုလ်မှူးချုပ်အောင်ကြီးနှင့် ဗိုလ်မှူးချုပ်တင်ဖေတို့သည် ဝန်ကြီးချုပ်ဦးနု နေအိမ်အတွင်းသို့ ဝင်ရောက်ကာ စစ်တပ်မှ အာဏာသိမ်းပိုက်ပြီဖြစ်ကြောင်း လာရောက်ပြောကြားရာ ဦးနုက ...

"အဲသလို စိတ်နောက်ကိုယ်ပါ မလုပ်ကြနဲ့လေ။ အာဏာသိမ်းဖို့ စိတ်နဲ့တောင် မပြစ်မှားကြပါနဲ့။ အာဏာသိမ်းတယ်ဆိုတာနဲ့ တပ်မတော်ရော တိုင်းပြည်ပါ နာမည်လည်း ပျက်မယ်၊ သိက္ခာလည်း ကျပါလိမ့်မယ်။ လက်ရှိအစိုးရကို လက်မခံနိုင်ရင် တရားမျှတတဲ့ ရွေးကောက်ပွဲ ကျင်းပပေးပါမယ်လို့သာ တပ်မတော်က ကတိပေးပါ။ တပ်မတော်ကို အာဏာလွှဲပေးလိုက်ပါ့မယ်။ ဒီလိုအာဏာလွှဲပေးဖို့အတွက် ထုံးတမ်းစဉ်လာနဲ့အညီ လွှတ်တော်ခေါ်လိုက်မယ်။ လွှတ်တော်မှာ ကျွန်တော်ဝန်ကြီးချုပ်ရာထူးက ထွက်ပြီး ဗိုလ်ချုပ်ကြီးနေဝင်းအား ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်နိုင်အောင် အဆိုတင်ပေးပါမယ်ဟူ၍ ပြောဆိုကြောင်း၊ သွေးထွက်သံယိုမှုမရှိဘဲ အာဏာလွှဲပြောင်းပေးခြင်းဖြင့် ဗိုလ်ချုပ်ကြီးနေဝင်းသည် သိက္ခာရှိရှိ အိမ်စောင့်အစိုးရအသွင်ဖြင့် အာဏာရရှိသွားခဲ့သည်"ဟူ၍ ဖော်ပြထားသည်။ စင်စစ်ဗိုလ်ချုပ်ကြီးနေဝင်းအား အာဏာ သိမ်းပိုက်ရန် အစဉ်တစိုက် တိုက်တွန်းခဲ့သူမှာ ဗိုလ်မှူးချုပ်ဟောင်း မောင်မောင် ဖြစ်ပြီး၊ စစ်တပ်အား စီးပွားရေးလုပ်ကိုင်ရန် အဓိက ကြိုးကိုင်ခဲ့သူမှာ ဗိုလ်မှူးချုပ်အောင်ကြီးတို့ပင် ဖြစ်သည်။

ထို့နောက် ၁၉၆၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပါလီမန်ပြည်သူ့လွှတ်တော် အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်ပေးသော ရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရရှိသော ဦးနု ခေါင်းဆောင်သည့် သန့်ရှင်း ဖဆပလပါတီ (နောင် ပထစပါတီ) အား ၁၉၆၀၊ ဧပြီလ ၅ ရက်နေ့တွင် အာဏာပြန်လည် လွှဲပြောင်းပေးခဲ့ရသည်။ ထို့နောက် ပထမအစိုးရအာဏာရရှိပြီး (၁) နှစ်၊ (၁၀) လ၊ (၂၇) ရက်တွင် ဖက်ဒရယ်မူကို အကြောင်းပြ၍ တတိယအကြိမ်မြောက် အာဏာသိမ်းခဲ့ခြင်းဖြစ်သည်ဟူ၍ ရေးသားထားလေသည်။

ထို့ကြောင့် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းသည် ၎င်း၏ ကိုယ်ကျိုးစီးပွားအတွက် ဖက်ဒရယ်မူကို အကြောင်းပြ၍ အာဏာသိမ်းခဲ့ခြင်းမှာ လယ်ပြင်တွင် ဆင်သွားသကဲ့သို့ ကွင်းကွင်းကွက်ကွက် ထင်ရှားပေသည်။

## အဘယ်ကြောင့် အာဏာသိမ်းပိုက်ခဲ့သနည်း

၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာ သိမ်းယူခဲ့ခြင်းမှာ ပထစ ခေါင်းဆောင်အချို့သည် တပ်မတော်အကြီးအကဲများ၏ ဩဇာအာဏာကို လျှော့နည်းသွားအောင် ဆောင်ရွက်ရန် ဆွေးနွေးခဲ့သောကြောင့် ဖြစ်နိုင်သည်ဟု ပထစအစိုးရအဖွဲ့တွင် ကာကွယ်ရေးဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သော ဗိုလ်မှူးအောင် (ရဲဘော်သုံးကျိပ်ဝင်) က ပြောဆိုခဲ့သည်။

လွတ်လပ်ပြီးစ နိုင်ငံငယ်များနှင့် တိုးတက်ဖွံ့ဖြိုးစနိုင်ငံငယ်များတွင် စစ်တပ် အင်အားကြီးမားခဲ့ကြောင်း၊ ထို့ကြောင့် ထိုနိုင်ငံငယ်များတွင် စစ်တပ်အာဏာသိမ်းမှုများ ပေါ်ပေါက်ခဲ့ကြောင်း၊ ဗမာ့ တပ်မတော်ကိုလည်း မည်သို့ပြုပြင်လျှင် သင့်မည်ဟု ပထစခေါင်းဆောင်များ နည်းလမ်းရှာဖွေခဲ့ကြကြောင်း၊ တပ်မတော်အရာရှိကြီးများအား သုံးနှစ်တစ်ကြိမ်ပြောင်းလဲပေးလျှင် ကောင်းမည်၊ သို့မဟုတ် အငြိမ်းစားပေးလျှင် သင့်လျော်မည်။ သို့မဟုတ် အမြဲတမ်းစစ်တပ် မထားဘဲ အရွယ်ရောက်သူတိုင်းအား စစ်ပညာများ သင်စေ၍ အလှည့်ကျ အမှုထမ်းစေလျှင် အဆင်ပြေမည်တို့ကို ဆွေးနွေးခဲ့ကြကြောင်း၊ ထိုသို့ ဆွေးနွေးသောသတင်းသည် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း ထံ သတင်းပေါက်သွားသောကြောင့် တော်လှန်ရေးကောင်စီက အာဏာသိမ်းခဲ့ခြင်းဖြစ်မည်ဟု ထင်ကြောင်း ကာကွယ်ရေးဝန်ကြီးဟောင်း ဗိုလ်မှူးအောင်က ဆွေးနွေးပြောကြားခဲ့သည်။ ယင်းပြောဆိုချက်မှတ်တမ်းကို ရန်ကုန်တက္ကသိုလ် သမိုင်းသုတေသနဌာနက ကိုယ်တွေ့ပြောကြားချက်များ (၀၁၂၂) ဖြင့် သိမ်းဆည်းထားသည်။

၁၉၉၀ ပြည့်နှစ်၊ ဩဂုတ်လအတွင်း ကာကွယ်ရေးဝန်ကြီးဟောင်း ဗိုလ်မှူးအောင်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာတွင်မူ ၎င်းက...

"ကျွန်တော် ကာကွယ်ရေးဝန်ကြီး လုပ်တဲ့အခါ National Service Act ဆိုတာ စစ်မှုမထမ်း မနေရ ဆိုတဲ့ ဥပဒေတစ်ရပ် ပါလီမန်မှာ တင်ဖို့ ကျွန်တော်တို့ လုပ်တယ်။ အဲဒီတင်ဖို့ လုပ်တဲ့အခါကျတော့ ဗိုလ်မှူးချုပ် တင်ဖေက နယ်တွေမှာ သွားပြီးတော့ တပ်တွေကို ပြောတယ်။ ဒီ

ကာကွယ်ရေးဝန်ကြီး လုပ်တဲ့အချိန်မှာ ငါတို့ တပ်မတော်ကို ဖျက်ဖို့ လုပ်နေပြီ။ ဘယ်လိုလဲဆိုရင် National Service Act အရ လူတိုင်း လူတိုင်း ၁၈ နှစ်ပြည့်တဲ့ ကျား မ ၄၅ နှစ်အတွင်းမှာရှိတဲ့ ကျားမ အားလုံး၊ စစ်ပညာ မသင်မနေရ ဆိုတာ လုပ်မယ်။ ဒီတော့ တပ်က ဘယ်လောက်ထားမလဲ။ လေ့ကျင့်ရေးအတွက်ပေါ့လေ။ ငါးသောင်းထား မယ်။ တော်ပြီ။ ပိုတဲ့ အရာရှိ၊ အကြပ်တပ်သားတွေကို ဘယ်လိုလုပ်မလဲ။ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေးမှာ ဒီပုဂ္ဂိုလ်တွေကို ကျွန်တော်တို့က အစားသွင်းမယ်။ အကြပ်တပ်သားဆိုလည်း ကျေးရွာကာကွယ်ရေးတို့ ဘာတို့ပေါ့လေ။ ကျေးရွာအုပ်ချုပ်ရေးတို့ဘာတို့၊ အဲဒီမှာ ကျွန်တော်တို့က ဟိုဒင်းဖြစ်တယ်။ တပ်မတော်က ပိုလာတဲ့အရာရှိတွေထဲက တချို့က အုပ်ချုပ်ရေးမှာ ပြန်ထည့်မယ်။ ပညာအရည်အချင်းပြည့်ဝတဲ့ ဒီတပ်ဗိုလ် တွေကို နိုင်ငံခြားမှာ ကျွန်တော်တို့က ပညာထပ်သင်မယ်။ တိုင်းပြည် ထူထောင်ရေးအတွက် လိုတဲ့ ပညာတွေကိုပေါ့လေ။ အဲသလို ပညာသင် ပြီးတော့ ဒီတိုင်းပြည်ထူထောင်ရေးအတွက် သုံးမယ် ဆိုတဲ့ဟာ၊ အဲဒီ National Service Act စစ်မှုမထမ်း မနေရ ဆိုတဲ့ ဥပဒေလုပ်ဖို့ ဆိုပြီး တော့၊ အဲဒီဟာ လုပ်တဲ့အခါကျတော့ ဗိုလ်မှူးချုပ်တင်ဖေက ပထမဆုံး သူက တပ်က အရာရှိတွေခေါ်ပြီးတော့ သူ ရှင်းတယ်။ တို့တပ်မတော်တော့ အဖျက် မခံဘူး။ ငါတို့က တစ်ခုခုတော့ လုပ်ရမယ်ဆိုတာကို သူပြောတယ်။ ဝနယ်ကို ကျွန်တော်တို့သွားတော့ ဗိုလ်မှူးကြီးမောင်ရွှေက သူက တိုင်း တပ်မှူး၊ အစ်ကိုကြီးတဲ့ ဒီက အရာရှိတွေက အစ်ကိုကြီးနဲ့ Interview တောင်းတယ်။ အဲဒီအရာရှိ ၂၀၀ နဲ့ ကျွန်တော် တွေ့တယ်။ တွေ့တော့ အဲဒီ National Service Act အကြောင်း သူတို့က မေးကြတယ်။ မေးတော့ အဲဒါ ရှင်းပြတယ်။ ဟာ… ဒါဆို ကောင်းသားပဲတဲ့။ ဒီသူပုန် ရန်ကလည်း အဲဒီအချိန်က အေးသွားပြီ။ ပေါင်းလိုက်လို့မှဆိုရင် ၃၀၀၀ ကျော် ၄၀၀၀ လောက်ပဲ ရှိတယ်။ အဲဒီ ၃၀၀၀ ကျော် ၄၀၀၀ ကျော် တွေကလည်း သူတို့အနေနဲ့ ပြန်ပြီးတော့ အလင်းဝင်ချင်တဲ့ ဆန္ဒရှိတယ်။ အမျိုးသားစစ်ဝန်ထမ်းဥပဒေနဲ့ ပတ်သက်ပြီး အဆင့်ဆင့် ကျွန်တော် ရှင်းပြ တော့ အဲဒီအရာရှိတွေက ဟာ… ဒါ ကောင်းသားပဲ။ ဒါ တပ်မတော်

ဖျက်တာမှ မဟုတ်ဘဲ။ ပြည်ထောင်စုကြီးတစ်ခုလုံး တပ်မတော်ဖြစ်အောင် လုပ်တာတဲ့။ ဒါ လက်ခံစရာအကြောင်းရှိတယ်။ ဒီဥစ္စာဟာ အိုစီ (O.C - Officer Commanding တပ်မှူး) ကွန်ဖရင့်က စီအို (C.O - Commanding Officer) ကွန်ဖရင့်က နှစ်ကြိမ် တပ်မတော်အရာရှိက နှစ်ကြိမ် သူတို့သဘောတူပြီးသား။ ဗိုလ်မှူးချုပ်တင်ဖေက ဟိုတုန်းက ပုသိမ် သွားပြီးတော့၊ ရင်ဘတ်ထုပြီးတော့ (ကာကွယ်ရေးဝန်ကြီး)က တပ်မတော်ဖျက်ပြီ၊ ဟုတ်လား၊ လားရှိုးမှာလည်း တပ်မတော်ဖျက်ပြီ။ တောင်ကြီးမှာလည်း တပ်မတော်ဖျက်ပြီ။ သူက ရှေ့ကလျှောက်၊ ကျွန်တော်က နောက်ကလိုက်ရင်း ဒီလိုဖြစ်ကြတာ။ ဗိုလ်မှူးချုပ်တင်ဖေ ဒီလို လျှောက်ပြောတဲ့ဟာ ဆိုလို့ရှိရင် ဒီစိုးရိမ်စိတ် ရှိချင်လည်းရှိ၊ ခွန်ထီးနဲ့တော့ ကျွန်တော် စကားပြောတာပဲ။ အဲဒီခွန်ထီးတို့ ဘာတို့ကတော့ အဲဒါတွေ လျှောက်ပြောတာပဲ။ အဲဒီဆွေးနွေးပွဲမှာပဲ ဒါ ပြောတယ်။ ဆွေးနွေးကြတယ်။ အဲဒါတွေ ပြောတာပေါ့။ ဒါ၊ ဒီ ဖက်ဒရယ်ကြောင့်တော့ မဟုတ်ဘူး။ တပ်မတော်က သူတို့ တပ်မတော်ကို ဖျက်တဲ့အတွက် ဒါ စိုးရိမ်လို့ သိမ်းတာလည်း ဖြစ်ချင်ဖြစ်နိုင်တယ်။ ကျွန်တော်တို့က ဒီလိုပဲ ယူဆတယ်လေ" ဟူ၍ ရှင်းလင်း ပြောကြားခဲ့သည်။

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး နေဝင်း ဦးဆောင်သည့်စစ်တပ်မှ ပြည်သူ့ အချုပ်အခြာ အာဏာကို လက်နက်အားကိုးဖြင့် အတင်းအဓမ္မ သိမ်းယူလိုက်ချိန်မှစ၍ ကျောင်းသားသမဂ္ဂအဖွဲ့မှ ဦးဆောင်၍ ကျောင်းသားများ ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။ ကျောင်းသားသမဂ္ဂများသည် စစ်အာဏာသိမ်းပြီးစ မတ်လတွင် တစ်ကြိမ်၊ ဇူလိုင်လတွင် တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်တိုင်တိုင် ကန့်ကွက်ခဲ့သည်။ ပထမအကြိမ် ငြိမ်းချမ်းစွာ ဆန့်ကျင်ကန့်ကွက်သည့် ကျောင်းသားသမဂ္ဂများ၏ ခေါင်းဆောင်များကို မတရား ဖမ်းဆီး နှိပ်စက်၍ တစ်ကျွန်းပို့ပြစ်ဒဏ်များ ချမှတ်၍ ကိုကိုးကျွန်းသို့ ပို့ဆောင်ခဲ့ပြီး အချို့ကျောင်းသားများကို ကျောင်းမှ ထုတ်ပယ်လိုက်ပြီး တချို့မှာ ဝရမ်းပြေးဘဝသို့ ရောက်ရှိသွားခဲ့ရသည်။ စစ်အာဏာရှင်များသည် ထိုသို့ပြုလုပ်ရုံမျှမကဘဲ ငြိမ်းချမ်းစွာ ပညာဆက်သင်ကြားနေသော ကျောင်းသားများ၏ နေရေး၊ စားရေး၊ ပညာသင်ကြားရေး စသည့်ကျောင်းသားများ၏ အခြေခံ အခွင့်အရေးများကို

ကန့်သတ်ချုပ်ချယ်သည့် အချက် ၂၂ ချက်ပါ အမိန့်၊ ဥပဒေ၊ ညွှန်ကြား ချက် စသည်တို့ကို မေလ ၉ ရက်နေ့၌ ပြင်းထန်စွာ ထုတ်ပြန်လာခဲ့သည်။ တဖန် မေလ ၁၀ ရက် တက္ကသိုလ်ကောင်စီကိုပါ ဖျက်သိမ်း၍ မေလ ၁၇ ရက်နေ့တွင် တော်လှန်ရေးကောင်စီ၏ ကြေညာချက် အမိန့်အမှတ် ၃၀ ဖြင့် တက္ကသိုလ်ကျောင်းသားများ မပါဘဲ ဗိုလ်မှူးချုပ်များသာ ပါဝင် သည့် တက္ကသိုလ်ကောင်စီကို ပြန်လည်ဖွဲ့စည်းပေးခဲ့သည်။

ထိုသို့ အထွေထွေ ဖိနှိပ် ချုပ်ချယ်မှုများကို နည်းပေါင်းစုံဖြင့် ပြုလုပ်၍ အားမရသေးဘဲ ဇူလိုင်လ ၆ ရက်က ည ၂၀း၀၀ နာရီတွင် စစ်အစိုးရမှ တက္ကသိုလ်နယ်မြေကို ပုဒ်မ ၁၄၄ အမိန့် ထုတ်ပြန်ခဲ့သည်။ ထိုသို့ ဖိနှိပ်ချုပ်ချယ်လာသောကြောင့် နောက်ထပ် (၄)လ ကျော်ခန့် အကြာတွင် ကြီးမားပြင်းထန်သော ဆဲဗင်းဂျူလိုင် ကျောင်းသားသမဂ္ဂ လှုပ်ရှားမှု အထွေထွေသပိတ်ကြီး ပေါ်ပေါက်လာခဲ့ရခြင်းဖြစ်သည်။ သပိတ် မှောက်ရသည့် ရည်ရွယ်ချက်မှာ–

(၁) ၁၉၆၂ မတ်လ ၂ ရက် စစ်တပ်မှ မတရား အာဏာသိမ်းယူမှု

(၂) ကျောင်းသားများ၏ လွတ်လပ်စွာ ပညာ သင်ကြားနိုင်ခွင့်များကို ဖိနှိပ်ချုပ်ချယ်သည့် အမိန့်များ၊ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြား ချက်များ၊ ဥပဒေကြေညာချက်များကို ရုပ်သိမ်းရန်ဖြစ်ပြီး ငြိမ်း ချမ်းစွာ ကန့်ကွက် ဆန္ဒပြသပိတ်မှောက်ခြင်းသာ ဖြစ်သည်။

ယင်းသပိတ်ကြီးသည် တစ်နိုင်ငံလုံးရှိ ကျောင်းသားထုများအကြား လျင်မြန်စွာ ပျံ့နှံ့ကူးစက်ကာ ဇူလိုင်ဆန်းတွင် တဖြည်းဖြည်းနှင့် ကြီးမား ပြင်းထန်လာခဲ့သည်။ ကျောင်းသားသမဂ္ဂများမှ ဦးဆောင်လှုပ်ရှားခဲ့ပြီး စစ်အာဏာရှင်စနစ်နှင့် တရားမျှတမှုမရှိသော ဥပဒေများအား ဆန့်ကျင် ခဲ့သည်။ သမိုင်းတွင်ရစ်မည့် ဆဲဗင်းဂျူလိုင် ကျောင်းသားလှုပ်ရှားမှု အထွေ ထွေသပိတ်ကြီး ပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည်။ ယင်းကျောင်းသားသပိတ် ကြီးအား ၁၉၆၂ ခုနှစ် ဇူလိုင် ၇ ရက်နေ့ ညနေ ၆း၃၀ နာရီခန့်တွင် စစ်အာဏာရှင် ဗိုလ်ချုပ်နေဝင်း၏ ခါးပိုက်ဆောင်စစ်တပ်မှ မောင်းပြန် ရိုင်ဖယ်၊ ဂျီဖိုး စက်သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ဖြိုခွင်းခဲ့ရာ ကျောင်း

သားများ သွေးမြေကျခဲ့ရသည်။ မသေဘဲ ကျန်နေခဲ့သူ ကျောင်းသား မြောက်မြားစွာလည်း ဖမ်းဆီးခြင်းခံရ၍ ထောင်ချနှိပ်စက်ခံရခြင်း၊ ကိုကိုးကျွန်းသို့ ပို့ဆောင်၍ နှိပ်စက်ခံရခြင်း၊ အချို့ကျောင်းသားပေါင်းများစွာသည် ကျောင်းထုတ်ခံရခြင်း၊ အချို့မှာ ထွက်ပြေးတိမ်းရှောင်ကြခြင်းအားဖြင့် အနာဂတ် ဘဝများ ပျောက်ဆုံးသွားခဲ့သည်။

ထို့အပြင် ကျောင်းသားများ၏ နိုင်ငံရေး လုပ်ဆောင်မှုသမိုင်းကို ဖျောက်ဖျက်ပစ်လိုသော အကြံဖြင့် သပိတ်မှောက် ကျောင်းသားသမဂ္ဂများ အဓိကစုရုံးစည်းဝေးရာ သမိုင်းဝင် ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ အဆောက်အအုံကို ဇူလိုင်လ ၈ ရက်နေ့ မနက် ၄း၃၀ နာရီတွင် ဒိုင်းနမိုက်များဖြင့် ဖြိုခွဲဖျက်ဆီး၍ အစဖျောက်ခဲ့သည်။

ဤသို့ ငြိမ်းချမ်းစွာ ဆန္ဒပြကျောင်းသားများ၏ ဆန္ဒကို မလိုက်လျောသည့်ပြင် ပြင်းထန်စွာ ပစ်ခတ်သတ်ဖြတ်မှုသည် ဥပဒေ ရှုထောင့်မှကြည့်ပါက စစ်အာဏာသိမ်းစဉ်က လက်ခံကျင့်သုံးနေဆဲဖြစ်သော ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပါ အခန်း (၂) မူလ အခွင့်အရေးများပါ လွတ်လပ်မှုအခွင့်အရေးများ၏ အပိုဒ် (၁၇) တွင်... တရားဥပဒေနှင့်လည်းကောင်း၊ ငြိမ်ဝပ်ပိပြားရေးနှင့်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်လည်းကောင်း မဆန့်ကျင်လျှင် နိုင်ငံသားများသည် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲနိုင်ရမည်။

(က) မိမိယုံကြည်ချက်၊ ထင်မြင်ချက်တို့ကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်သော အခွင့်အရေး။

(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးနိုင်သော အခွင့်အရေး ရှိသည်ဟူ၍ ဖော်ပြပါရှိသည်။

သို့သော် ငြိမ်းချမ်းစွာ ဆန္ဒပြသည့် ကျောင်းသားလှုပ်ရှားမှု သပိတ်ကြီးများတွင် စစ်အာဏာရှင်များသည် လိုက်လျောဆောင်ရွက်ပေးခဲ့ခြင်းများ တစ်စုံတစ်ရာမျှ မရှိခဲ့သည့်အပြင် အကြမ်းဖက်ကာ ရက်စက်စွာ ပစ်ခတ်၍တစ်မျိုး၊ တရားမျှတမှု မရှိသော အမိန့်များ၊ ဥပဒေများ၊ စည်းကမ်းချက်များ၊ ညွှန်ကြားချက်များ ထုတ်ပြန်၍ တစ်ဖုံ... စသည့် လူမဆန်သည့် လုပ်ရပ်တို့ဖြင့်သာ ဖြေရှင်းပေးခဲ့ကြသည်။ ထိုသို့ အထက်

မှ ခိုင်းသည့်အတိုင်း သတ်ဖြတ်မှုကို ကျူးလွန်ခဲ့သည့်သူများကို တည်ဆဲ ပြဋ္ဌာန်းထားသည့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ခ) ဖြင့် အရေး ယူနိုင်ပေသည်။

ပုဒ်မ ၃၀၂ (၁) (ခ) တွင် မည်သူမဆို တင်ကူးရည်ရွယ်ချက်ဖြင့် လူသတ်မှုကို ကျူးလွန်လျှင် ထိုသူကို သေဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ် ကိုလည်း ချမှတ်နိုင်သည် ဟူ၍ ဖော်ပြထားသည်။

ထို့အပြင် သမိုင်းဝင်ကျောင်းသားသမဂ္ဂ အဆောက်အအုံကို ဒိုင်း နမိုက်ဖြင့် ဖျက်ဆီးဖြိုချလိုက်သည့် လုပ်ရပ်သည်လည်း ယင်းသို့ ပြုလုပ် သူများအနေဖြင့် ပြဋ္ဌာန်းထားဆဲ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၃၆ ကို ကျူးလွန်ရာ ရောက်သည်။

ပုဒ်မ ၄၃၆ တွင် မည်သူမဆို ကိုးကွယ်ဝတ်ပြုသော နေရာ အဖြစ်သော်လည်းကောင်း၊ နေအိမ်အဖြစ်ဖြင့် လည်းကောင်း၊ ပစ္စည်းများ သိုလှောင်ထိန်းသိမ်းသော နေရာအဖြစ်ဖြင့်လည်းကောင်း၊ သာမန်အားဖြင့် အသုံးပြုသော အဆောက်အအုံကို ဖျက်ဆီးရန် အကြံဖြင့်ဖြစ်စေ၊ မိမိက ထိုသို့ ပျက်စီးစေမည် ဖြစ်တန်ရာသည်ကို သိလျက်နှင့်ဖြစ်စေ၊ မီးဖြင့် သို့မဟုတ်ပေါက်ကွဲတတ်သော အရာဖြင့် အကျိုးဖျက်ဆီးမှုကို ကျူးလွန်လျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ၁၀ နှစ်အထိ ထောင်ဒဏ် တစ်မျိုးကို ဖြစ်စေ၊ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် ဟူ၍ ပြဋ္ဌာန်းထားသည်။

ထိုသို့ ကျူးလွန်စေရန် အမိန့်ပေး ညွှန်ကြားခဲ့သည့်သူများကို အားပေးကူညီမှု ပုဒ်မများ (ကျူးလွန်ခဲ့သည့်မူရင်းပြစ်မှုများအတိုင်း ပြစ်ဒဏ် ခံစားရသည့် ပုဒ်မများ) ဖြင့် အရေးယူပေးရမည်ဖြစ်ပေသည်။ ယင်းသို့ တရားစီရင်မှု ပြုလုပ်မှသာ တရားမျှတမည် ဖြစ်ပေသည်။ သို့သော် ယင်းသို့ ပြစ်မှုကျူးလွန်ခဲ့သည့်သူများ အမိန့်ပေးခဲ့သည့်သူများကို အရေးယူ အပြစ်ပေးခြင်း တစ်စုံတစ်ရာကိုမျှ စစ်အစိုးရ အဆက်ဆက်သည် ပြုလုပ် ပေးခဲ့ခြင်း မရှိပေ။

❒

## အခန်း (၄)

### တော်လှန်ရေးကောင်စီ အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသောအကျိုးဆက်များ

တော်လှန်ရေးကောင်စီခေတ် ၁၂ နှစ်၊ လမ်းစဉ်ပါတီအစိုးရခေတ် ၁၄ နှစ်၊ ၂၆ နှစ် ကာလအတွင်း ဗိုလ်ချုပ်ကြီးနေဝင်းသည် ထိုစဉ်က ကမ္ဘာတွင် ခေတ်စားနေသော "ဆိုရှယ်လစ်" ဆိုင်းဘုတ်ကို ကောက်ချိတ်ပြီး ရာဇပလ္လင်ပေါ် တက်ထိုင်ကာ အာဏာ သုံးရပ်ကို အပြည့်အဝ ချုပ်ကိုင်၍ မစားရ ဝခမန်း စိတ်ကူးယဉ် အိပ်မက်များကို အကောင်အထည်ဖော်ကာ ဆိုဗီယက်ပုံစံ တစ်ပါတီ ဆိုရှယ်လစ်အာဏာရှင်စနစ် တည်ထောင်ခဲ့သောကြောင့် သယံဇာတ ပေါကြွယ်လှသော မြန်မာနိုင်ငံသည် ၄၂ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ ၁၉၈၇ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သော (၉၆) ကြိမ် အစည်းအဝေး ဆုံးဖြတ်ချက် (၄၂/ ၄၂၈) အရ ကမ္ဘာ့ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (အဆင်းရဲဆုံးနိုင်ငံ) စာရင်းသို့ သွတ်သွင်းခံလိုက်ရလေသည်။

သို့ကလို ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော စစ်တပ်မှ ပြည်သူ့အချုပ်အခြာအာဏာများကို လက်နက်အားကိုးဖြင့် အတင်းအဓမ္မ သိမ်းယူလိုက်သောကြောင့် ကျောင်းသားသမဂ္ဂမှ ဦးဆောင်၍ မတ်လတွင် တစ်ကြိမ်နှင့် ဇူလိုင်လတွင် တစ်ကြိမ် စုစုပေါင်းနှစ်ကြိမ်တိုင်တိုင် ဆန့်ကျင်ကန့်ကွက်



သမ္မတကြီး ဦးနေဝင်း

ဆန္ဒပြခဲ့ကြသည်။ ပထမအကြိမ် ငြိမ်းချမ်းစွာ ဆန္ဒကျင်ကန့်ကွက်ခဲ့သည့် ကျောင်းသားသမဂ္ဂများ၏ ခေါင်းဆောင်များကို မတရား ဖမ်းဆီးနှိပ်စက်၍ တစ်ကျွန်းပို့ ပြစ်ဒဏ်များ ချမှတ်၍ ကိုကိုးကျွန်း သို့ ပို့ဆောင်ခဲ့ပြီး အချို့ကျောင်းသားများကို ကျောင်းမှ ရာသက်ပန် ထုတ်ပယ်လိုက်သည်။ တချို့မှာမူ ဝရမ်းပြေးဘဝသို့ရောက်ရှိသွားရတော့သည်။ ဗိုလ်ချုပ်ကြီးနေဝင်းသည် ထိုသို့ ပြုလုပ်ရုံမျှ အားမရသေးဘဲ ငြိမ်းချမ်းစွာ ပညာ ဆက်လက် သင်ကြားနေသော ကျောင်းသားများ၏ စားရေး နေရေး ပညာသင်ကြားရေး စသည့် ကျောင်းသားများ၏ အခြေခံ အခွင့်အရေးများကို ကန့်သတ်ချုပ်ချယ်သည့် စည်းကမ်းချက် ၂၂ ချက်ပါ ညွှန်ကြားချက်တို့ကို ထုတ်ပြန်ခဲ့သည်။ ထို့အပြင် မေလ ၁၀ ရက်နေ့တွင် တက္ကသိုလ်ကောင်စီကိုပါ ဖျက်သိမ်းပစ်လိုက်သည်။

ထိုသို့ အထွေထွေဖိနှိပ်ချုပ်ချယ်မှုများကို နည်းပေါင်းစုံဖြင့် ပြုလုပ်သောကြောင့် ကျောင်းသားသပိတ်သည် တစ်နိုင်ငံလုံးရှိ ကျောင်းသားထုများအတွင်းသို့ လျင်မြန်စွာ ပျံ့နှံ့ကူးစက်လာကာ သမိုင်းတွင်ရစ်ခဲ့သည့် ဆဲဗင်းဂျူလိုင် ကျောင်းသားလှုပ်ရှားမှု အထွေထွေ သပိတ်ကြီး ပေါ်ပေါက်လာခဲ့သည်။

ထို့နောက် စစ်အစိုးရသည် ဇူလိုင်လ ၆ ရက်နေ့၊ ည ၈ နာရီတွင် တက္ကသိုလ်နယ်မြေကို ပုဒ်မ ၁၄၄ ထုတ်ပြန်ခဲ့သည်။ ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ၊ ၇ ရက်နေ့၊ ည ၆း၃၀ နာရီခန့်တွင် စစ်အာဏာရှင်များ၏ ခါးပိုက်ဆောင် တပ်ဖွဲ့ဝင်များသည် မောင်းပြန်သေနတ်များဖြင့် ရက်စက်စွာ ပစ်ခတ်နှိမ်နင်းဖြိုခွင်းမှုကြောင့် ကျောင်းသားများ အမြောက်အမြား သေကျေဒဏ်ရာ ရရှိခဲ့သည်။ မသေဘဲ ကျန်ရစ်ခဲ့သော ကျောင်းသားအများအပြားလည်း ဖမ်းဆီးထောင်ချခံခဲ့ရသည်။

ထို့အပြင် ကျောင်းသားများ၏ နိုင်ငံရေးလုပ်ဆောင်ခဲ့မှုသမိုင်းကို ဖျောက်ဖျက်ပစ်လိုသောအကြံဖြင့် သပိတ်မှောက်ကျောင်းသား သမဂ္ဂအဖွဲ့ဝင်များ အဓိကစုရုံးရာ သမိုင်းဝင် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ အဆောက်အအုံကို ဇူလိုင်လ ၈ ရက်နေ့၊ မနက် ၀၃း၃၀ နာရီတွင် ဒိုင်းနမိုက်များဖြင့် ဖောက်ခွဲဖြိုချဖျက်ဆီး၍ အစဖျောက်ခဲ့သည်။ ကျောင်းသားသမဂ္ဂ အဆောက်အအုံကို လက်ဝါးချင်း ရိုက်ပြီး ဗုံးဖောက်ခွဲခဲ့သည့် တရားခံမှာ ဗိုလ်နေဝင်း နှင့် ဗိုလ်မှူးချုပ်အောင်ကြီးတို့သာ ဖြစ်လေသည်။ ယင်းနောက် တော်လှန်ရေးကောင်စီသည် ၁၉၆၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ၁၉၆၄ အမျိုးသားစည်းလုံးညီညွတ်ရေးကို ကာကွယ်သည့် ဥပဒေကို ပြဋ္ဌာန်း၍ အသင်းအဖွဲ့ ပါတီအားလုံးကို ဖျက်သိမ်းလိုက်လေသည်။

၁၉၆၄ ခုနှစ်၊ မေလ၊ ၁၇ ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်မှ ထုတ်ဝေထားသည့် ကျပ် ၁၀၀ တန်နှင့် ကျပ် ၅၀ တန် ငွေစက္ကူများကို တရားဝင် ငွေစက္ကူအဖြစ်မှ ရုပ်သိမ်းလိုက်သည်။ ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလတွင် ကြေးမုံ၊ ဂါးဒီးယန်း၊ ဗိုလ်တထောင် ပုဂ္ဂလိကပိုင် သတင်းစာများကို ပြည်သူပိုင် သိမ်းပိုက်၍ သတင်းစာလွတ်လပ်ခွင့်ကို ကန့်သတ်လိုက်သည်။

ထို့နောက် ၁၉၇၃ ခုနှစ်၊ ဩဂုတ်လတွင် တော်လှန်ရေးကောင်စီမှ ရေးဆွဲခဲ့သော မဆလ တစ်ပါတီ အာဏာရှင်စနစ်ကို ကိုယ်စားပြုထားသော ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုသည့် အတုအယောင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။

၁၉၇၄ ခုနှစ်၊ မေ၊ ဇွန်လများတွင် မြန်မာနိုင်ငံအရပ်ရပ်တွင် အလုပ်သမားဆန္ဒပြမှုများနှင့် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူး ဦးသန့်၏ ရုပ်ကလာပ်သင်္ဂြိုဟ်မည့်ကိစ္စကို အကြောင်းပြု၍ ဦးသန့် အရေးအခင်း၊ ၁၉၇၆ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် သခင်ကိုယ်တော်မှိုင်း ရာပြည့် အရေးအခင်း ဆက်တိုက် ပေါ်ပေါက်လာခဲ့သည်။

၁၉၇၇ ခုနှစ်၊ စက်တင်ဘာလတွင် မဆလပါတီ အာဏာရှင်ခေါင်းဆောင်များကို လုပ်ကြံသတ်ဖြတ်ရန် ကြံစည်မှုနှင့် သီးခြားရခိုင်ပြည်နယ် သီးခြားအစိုးရဖွဲ့ရန် ကိစ္စရပ်များ ပေါ်ပေါက်လာခဲ့သည်။ တိုင်းပြည်၏ စီးပွားရေး အခြေအနေများသည်လည်း တဖြည်းဖြည်း ယိုယွင်း ပျက်စီးလာစဉ်အတွင်း ၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလ၊ ၃ ရက်တွင် နိုင်ငံတော်အတွင်း လှည့်လည်သုံးစွဲလျက်ရှိသော ငွေစက္ကူကျပ် ၁၀၀ တန်၊ ကျပ် ၅၀ တန်နှင့် ကျပ် ၂၀ တန်တို့ကိုလည်းကောင်း၊ ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလ၊ ၅ ရက်နေ့တွင် ၂၅ ကျပ်တန်၊ ၃၅ ကျပ်တန်နှင့် ၇၅ ကျပ်တန် ငွေစက္ကူများကိုလည်းကောင်း တရားဝင်ငွေအဖြစ်မှ ရုပ်သိမ်းလိုက်သောကြောင့် လူထုတစ်ရပ်လုံး အထွေထွေမကျေနပ်မှုများ ဖြစ်ပွားလာခဲ့သည်။ ၃၅ ကျပ်တန်နှင့် ၇၅ ကျပ်တန်တို့ကို ထုတ်ဝေထားသည်မှာ ၂ နှစ်သာ ရှိသေးသည်။ ထိုစဉ်အတွင်း ၁၉၈၈ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားအချို့နှင့် ကြို့ကုန်းအနောက်ရပ်ကွက်မှ လူငယ်အချို့ ခိုက်ရန်ဖြစ်ပွားခဲ့ရာ အစိုးရက အကြမ်းဖက်ဖြိုခွင်းမှုကြောင့် ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ၊ ၈ ရက်နေ့တွင် "ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီး" တစ်ပြည်လုံးတွင် အုံကြွပေါက်ကွဲ ပေါ်ထွက်လာခဲ့သည်။

ဤသို့ ရှစ်ဆယ့်ရှစ် ဒီမိုကရေစီအရေးတော်ပုံကြီး ဖြစ်ပွားနေစဉ် ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီးသည် ၁၉၈၈ ဇွန်လ ၈ ရက်နေ့စွဲ တပ်ထား

သော အိပ်ဖွင့်ပေးစာကို ဦးနေဝင်းနှင့် သက်ဆိုင်ရာ အစိုးရအရာရှိများထံ ပေးပို့ခဲ့သည်။ ယင်းပေးစာ၌–

**ဗိုလ်ချုပ်ခင်ဗျား**

*ဗိုလ်ချုပ်လည်း အသက်ကြီးပါပြီ။ ကျွန်တော်တောင်မှ အသက် (၇၀) ရှိပြီပဲ။ ဗိုလ်ချုပ်အနေနဲ့ ကောင်းမယ်ထင်လို့ လုပ်ခဲ့တာပဲဟာ။ ကောင်းတာတွေလည်း ရှိမှာပဲ။ မကောင်းတာတွေ၊ မှားတာတွေလည်း ရှိမှာပဲ။ ဒါဟာ နိုင်ငံတော်ကို ဦးဆောင်ကြတဲ့သူတွေအဖို့ တွေ့ကြုံရတာ ဓမ္မတာပါပဲ။*

*ဒါပေမဲ့ ကျွန်တော်တစ်ခုတော့ ပြောချင်ပါတယ်။ ဗိုလ်ချုပ် ဖြစ်ချင်တာတွေ ဖြစ်မလာတာတို့၊ တိုင်းပြည်ဆင်းရဲသွားတာတို့၊ စီမံကိန်း တွေ မအောင်မြင်ဘဲ အောင်မြင်တယ်ဆိုပြီး စာရင်းလိမ် အပြစ်ခံရတာတို့၊ အမှန်ကို မပြောကြဘဲ ဗိုလ်ချုပ်ကြီး စိတ်မချမ်းသာစရာတွေ မကြားရ အောင် ဖုံးဖိထားကြတာ၊ နောက်ဆုံး မိမိတို့ဘာသာ မိမိတို့ ကျူးလွန်တာ တွေ၊ မှားတာတွေကိုတောင် ဗိုလ်ချုပ်ကြီးခိုင်းလို့ လုပ်တာပါချည်း ဖြစ်ကုန် တာတွေ အပြင်မှာ ဖြစ်နေတယ်လေ။*

*အရင် ကျောင်းသား သမဂ္ဂဖြိုတဲ့ကိစ္စတောင် ယခုထိ တိုင်းပြည်က မသိကြသေးဘူး မဟုတ်လား။ သမဂ္ဂကို ကျွန်တော်ဖြိုတယ်လိုလို ဗိုလ်ချုပ် ကိုပြောတဲ့အတွက် ဗိုလ်ချုပ်က ကျွန်တော် ဖြိုတယ်လို့ စွပ်စွဲ၊ ကျွန်တော်က ကျွန်တော် မဟုတ်ရပါလို့ (၁၉၇၇) ခုနှစ်မှာ စာတမ်းဝေပြီး ဖြေရှင်းတော့ တာဝန်ဟာ ဗိုလ်ချုပ်ပေါ်ပြန်ကျပြီး ဗိုလ်ချုပ်ပဲလို့ နားလည်သွားကြပြန် ပါတယ်။ အဲ့ဒါကြောင့် ဗိုလ်ချုပ်ဟာ သမဂ္ဂဆိုတဲ့ လွတ်လပ်ရေးသမိုင်းဝင် အဓိက အဆောက်အဦကြီးကို ဖြိုတဲ့လူအဖြစ် ရာဇဝင် အမည်းကွက်ကြီးနဲ့ စခန်းသိမ်းမလို ဖြစ်ခဲ့ရပါတယ်။*

*အခု ကျွန်တော် (၄၁) မျက်နှာစာတမ်းထွက်လာတာမှ လူတွေဟာ "ဟာ" ခနဲဖြစ်ပြီး ဒိုင်းနမိုက်ခွဲခိုင်းတာ ဗိုလ်ချုပ်မဟုတ်ကြောင်း အကြောင်း စုံ သိသွားကြတာပါ။ တကယ် ဟိုလွန်ခဲ့တဲ့ (၂၆) နှစ်ကတည်းက မွေးကြီး (ဗိုလ်လှမြင့်)၊ ဗိုလ်မျိုးဝင်း၊ ဗိုလ်ထွန်းရီ (Burma Engr) တို့ကို မေးရင် အားလုံး အမှန်ပေါ်မှာပါ။ မြန်မာပြည် ဗုဒ္ဓဘာသာ ဘယ်လောက်*

ထွန်းကားတယ်ဆိုတာ ရွှေတိဂုံစေတီတော်ကြီးကို သက်သေထူရသလို၊ မြန်မာပြည်လွတ်လပ်ရေးသမိုင်း ရေးသားဖော်ပြရရင် "ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ" အဆောက်အဦဟာ ရွှေတိဂုံစေတီတော်အလား အထင်အရှားကျောက်တိုင်ကြီးအဖြစ် ပြရမယ့်အဆောက်အဦကြီး ဖြစ်ပါတယ်။

အဲ့ဒီကျောင်းသားသမဂ္ဂအဆောက်အဦ ဖြိုတဲ့ကိစ္စဟာ ကျွန်တော်တို့ မြန်မာပြည်သူပြည်သားများအတွက်သာ သိကြနားလည်ကြတဲ့ ကိစ္စတစ်ရပ်သာ ဖြစ်ပါတယ်။ မြန်မာတွေနဲ့သာ ဆိုင်ပါတယ်။ ကမ္ဘာတစ်ခုလုံးက "ရန်ကုန်တက္ကသိုလ် ကျောင်းသားများ သမဂ္ဂ"ကို သိလည်း မသိ၊ စိတ်လည်း မဝင်စား၊ ကြားလည်း ကြားဖူးကြမည် မဟုတ်ပါ။

ယခု (၁၉၈၈) ခုနှစ်၊ မတ်လ အရေးအခင်း၊ *March Affair* လို့ နိုင်ငံခြားသံတမန်ရပ်ကွက်က ခေါ်တဲ့ ကျောင်းသားများ အရေးအခင်း ကိစ္စမှာတော့ ဗိုလ်ချုပ် ခေါင်းဝင်ပြီး မခံစေချင်ဘူး။ ဒီကိစ္စမှာ ဗိုလ်ချုပ် တကယ် မပါဘူးလို့ ကျွန်တော်တို့အားလုံး သိကြပါတယ်။ ဒါပေမဲ့ နိုင်ငံခြားသတင်းစာအားလုံးက ဗိုလ်ချုပ်လို့ပဲ ခေါင်းတပ်ရေးကြပါတယ်။

ယခင် (၁၉၆၂) ခုနှစ် ကျောင်းသားများ အရေးအခင်းဟာ သာမန် ကျောင်းသားများ အရေးအခင်းမျှသာ ဖြစ်ပါတယ်။ ယခုအရေးအခင်းဟာ သာမန်ကျောင်းသားများ အရေးအခင်း၊ ကျောင်းသားဆူပူတာတွေ နှိမ်နင်းတဲ့ ကိစ္စမဟုတ်ပါဘူး။ ကမ္ဘာမှာ ကျောင်းသားဆူပူတာတွေ၊ နှိမ်နင်းတာတွေဟာ ထမင်းစားရေသောက်ကိစ္စပါ။ တိုင်းပြည်တိုင်းလိုလိုမှာ ဖြစ်နေတာမို့ ရိုးနေတဲ့ ကိစ္စဖြစ်ပါတယ်။ ယခုကိစ္စကတော့ *Human Right* ကိစ္စဖြစ်နေပါတယ်။ ***Human Right*** ကိစ္စကို ရုရှားနဲ့ အမေရိကန် ထိပ်သီးဆွေးနွေးပွဲမှာတောင် ရေးကြီးခွင်ကျယ်ဆွေးနွေးကြရတဲ့ ကိစ္စဖြစ်ကြောင်း ဗိုလ်ချုပ်ကြီးအသိဆုံးဖြစ်ပါတယ်။ တောင်အာဖရိက အစိုးရကို ကုလသမဂ္ဂမှာ *Human Right* ကိစ္စနဲ့ ပတ်သက်ပြီး တစ်ကမ္ဘာလုံးအစိုးရတွေဟာ သပိတ်မှောက်ဖို့ ဆုံးဖြတ်ကြတယ် မဟုတ်လား။ ယခု ကျွန်တော်တို့တိုင်းပြည်မှာ ဖြစ်သွားတဲ့ မတ်လကျောင်းသားကိစ္စဟာ သာမန် *RIT* ကျောင်းသားကိစ္စလေးကို ကမ္ဘာသိ ကမ္ဘာကျော် *Human Right* ကိစ္စဖြစ်သွားအောင်

လုပ်နေမိတယ်ဆိုတာ ဗိုလ်ချုပ်ရဲ့ "မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီ ဌာနချုပ်" သိပ်ပုံ မပေါ်။ "နိုင်ငံတော်ကောင်စီ" ကလည်း ယခုထိ ရိပ်မိပုံ မပေါ်ပါ။ "အထွေထွေတွဲဖက်ကြီး" ဦးစီးသည့် ကိစ္စမို့၊ ကိစ္စ မရှိဟု ထင်နေကြပါတယ်။ ပြောလည်း မပြောဝံ့ကြပါ။ *Human Right* ဖြစ်နေပြီဆိုတာ သိတဲ့ နားလည်တဲ့ကောင်စီဝင်တွေကလည်း နှုတ်ပိတ် နေကြသည်ကို ကျွန်တော် နားမလည်နိုင်ဖြစ်ရပါတယ်။ "တွဲဖက်ကြီး" အနေနှင့် ကာကွယ်ရေးဝန်ကြီးကို မပြောဘဲ၊ ဦးစီးချုပ်ကို တိုက်ရိုက် အမိန့်ပေးပြီး တပ်မ (၂၂) ကို ဘားအံ မှ ဆွဲချလာသည်ဟု သိရ၍ အံ့သြမိပါသည်။

ဒီကိစ္စဟာ မကြာသောကာလမှာ မြန်မာပြည်ကို **"နာမည်အဆိုးဆုံး ပုဒ်မ"** ဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးက ကမ္ဘာ့သတင်းစာ အသီးသီးက ရှုတ်ချ ခံရတော့မယ့်ကိစ္စမို့ ဗိုလ်ချုပ် ခေါင်းမခံရန် တောင်းပန်ပါရစေခင်ဗျား။ ဗိုလ်ချုပ်သားစဉ်မြေးဆက်တွေအထိ ခေါင်းမဖော်ရဲအောင် ဖြစ်ရမယ့်ကိစ္စ ဖြစ်ပါတယ်။ ဒါကြောင့် ဗိုလ်ချုပ် ဝင်မပါပါနဲ့။ သူ့ထိုက်နဲ့သူ့ကံ ရှိပါစေလို့ လေးလေးနက်နက် တောင်းပန်တာပါ။ သေသည့်တိုင် မြန်မာ့ သမိုင်းမှာ ထာဝစဉ် **"မှတ်တမ်းမည်း"**ကြီး ထင်ကျန်ရစ်တော့မှာမို့ ယခုလို သတိပေးရတာပါ။

RIT ကိစ္စဟာ ရိုးရိုးကိစ္စလေးပါ။ ပထမဆုံး အဖမ်းခံရပြီး အင်းစိန် ထောင်မှာ (၃) ည အိပ်ပြီး လွှတ်လိုက်တဲ့ အထဲက RIT ကျောင်းသား တစ်ယောက်ဟာ ပေါင်းတည်ကပါ။ ကျောင်းသားတွေ ဆူတော့ သူတို့ လည်း အဆောင်မှာနေကြတာမို့ ပါသွားပါတယ်။ ခဲနဲ့ပစ်တဲ့အထဲမှာလည်း သူတို့ ပါ ပါတယ်။ အဲဒါ ပတ်ဝန်းကျင်မှာ ခဲတွေ မရှိလို့ မနည်းရှာပြီး ပေါက်ရတယ်လို့ ဆိုပါတယ်။ နောက်တော့မှာ အပြင်ဘက်က ပစ်တဲ့ ခဲတွေ ကောက်ပေါက်ရတယ်လို့ ဆိုပါတယ်။ ပထမဆုံး သေနတ်သံဟာ မိုးပေါ်ထောင်ပစ်တဲ့ အသံပါ။ အဲဒီလိုပဲ သူတို့နားလည်ပါတယ်တဲ့။ နောက်တော့ သေနတ်သံနဲ့ ပစ်တယ်ဟေ့ ပြေးကြ ပြေးကြဆိုတော့ သူက နောက်ဆုံး အတန်းလောက်မှာရှိတာမို့ ပြေးတော့ ရှေ့ဆုံးကဖြစ်ပြီး အဆောင်ထဲ ပြန်ငြိမ်နေတယ်လို့ ဆိုပါတယ်။ သေနတ်နဲ့ နောက်ကနေ ပစ်တာမို့ သေနတ်ဒဏ်ရာဟာ နောက်ကျောကနေဝင်ပြီး ရှေ့ ထွက်သွား

တာပါတဲ့။ သူတို့ ပြန်လှည့်ကြည့်တော့ လေးငါးခြောက်ယောက်လောက်လဲ ကျန်ရစ်တယ်။ ဒဏ်ရာရတာ နှစ်ယောက်ဆိုတာ မဟုတ်ဘူးတဲ့။ နောက် ပြန်မြင်ပြီး စဉ်းစား ပြောတာက (၇) ယောက်ပါတဲ့။ အင်းစိန်မှာ သူတို့ (၃) ရက်ပဲ နေခဲ့ရပြီး စစ်ဆေးပြီး ပြန်လွှတ်လိုက်တယ်တဲ့။ (၁၃) ရက်နေ့ ညနေဘက်မှာ ဖြစ်တယ်။ (၁၄) ရက်နေ့ အဆောင်မှာပဲ ငြိမ်နေ၊ (၁၅) ရက်နေ့ နေ့လယ် (၁၂) နာရီခွဲလောက် လာဖမ်းတယ်ဆိုပါတယ်။ (၁၄) ရက်နေ့မှာ ဘတ်စ်ကားကြီးတွေ အင်းစိန်လမ်းမှာပြေးလျက်လို့ ပြောပါတယ်။

*RUSU* ဘက် (၁၈) ရက်နေ့မှာ ဖြစ်တာကတော့ ရင်နင့်စရာကြီးပါ။ အသံလွှင့်ရုံက အသံလွှင့်တာဟာ တစ်ဖက်သတ်ကြီး *RIT* ကိုချည်း အပြစ်ပုံချလို့ ကျောင်းသားတွေ နာကြည်းရာက စတာပါ။ သမဝါယမမီးရှို့တာ ကျောင်းသားတွေ မဟုတ်ပါတဲ့။ သမဝါယမ စာရင်းပိတ်ခါနီးလို့ စာရင်းတွေ ကွာနေတာကို ဖျောက်ချင်လို့ ရောင်တော်ပြန် သူတို့ဘာသာ ရှို့တာပါ။ ကောင်စီရုံးရိုက်ချိုးတာတော့ ကျောင်းသားတွေပါတဲ့။ (၁၃) ရက်၊ (၁၄) ရက်၊ (၁၅) ရက် *RIT* စက်မှုတက္ကသိုလ်ဘက် ရုတ်ရုတ် ရုတ်ရုတ်ဖြစ်တော့ နိုင်ငံခြားသံရုံးတွေဟာ အားလုံး တပ်လှန့်ပေးလိုက်သလို ရှိလို့ ပြင်ဆင်ချိန်တွေ ရလိုက်ကြတယ်လို့ သိရပါတယ်။ သူတို့ရဲ့ *Political* အရာရှိတွေဟာ သူတို့လူတွေကို ထောက်လှမ်းဖို့ နေရာတကာကို လွှတ်ပါတယ်။ သူတို့တစ်တွေဟာ *Well trained professional* တွေ ဖြစ်ကြပါတယ်။ ကျွန်တော်တို့ *MI* ထက်ရော၊ *SB* ထက်ရော သတင်းစုဆောင်းရာမှာတော့ မယှဉ်နိုင်ပါ။ မတ်လ (၁၈) ရက်နေ့ကိစ္စမှာ သူတို့ *TV* သမား၊ ဓာတ်ပုံသမားတွေ လွှတ်ရိုက်ထားတာတွေ၊ အင်မတန်အားကြီးတဲ့ အသံဖမ်းစက်ကြီးတွေနဲ့ ဒီဘက်က အမိန့်ပေးတာ အားလုံးလိုလို ဖမ်းထားကြပါတယ်။ ဒီဘက်က လက်လွတ်စပယ် ဝါယာလက်နဲ့ ပြောထားတာ သူတို့ အားလုံးရကြပါတယ်။ သူတို့သာ မဟုတ်၊ မြို့နယ်ကောင်စီရုံးတွေ ရှိတဲ့တပ်နဲ့ တပ်ယာယီစခန်းချတဲ့နေရာက စက်တွေအားလုံး ဖွင့်ထားကြရပြီး အဲဒီအမိန့် ညွှန်ကြားတာတွေအတိုင်း လိုက်လုပ်ကြရပါတယ်။

အဲဒီအမိန့်တွေက "ခြသေ့်" က အမိန့်ပေးပြီး "အာဏာ" ဆိုတာကို သတင်းပို့တယ်လို့ ဆိုပါတယ်။ "စည်သူ" ကို အများဆုံး ခိုင်းတယ်လို့

ဆိုပါတယ်။ တစ်ခါတစ်ခါ "ခြသေ့်" က မင်းတို့ RI နဲ့ မပြောနဲ့။ မရှင်းမလင်းဖြစ်နေတယ်။ လူကိုယ်တိုင်ဖြတ်ပြီး အမိန့်ပေးတာမျိုးလည်း ရှိပါတယ်တဲ့။ R.I.T နေ့က ဆိုရင် ဂုန်လျှော်စက်လား၊ ချည်စက်လား မသိ၊ အဲဒီအချိန်မှာ အလုပ်ဆင်းလို့ အလုပ်သမားတွေ ပြန်တာကို မှားပြီး အလုပ်သမားတွေ စစ်ကူလာတယ် ထင်ပြီး "အဲဒီဘက်ကို လာရင် ပစ်သာ ပစ်ထည့်" ဆိုတာမျိုးတွေ ကောင်စီရုံးတွေ ကြားနေရတယ်တဲ့။ ကံကောင်းလို့ အလုပ်သမားတွေက ကမာရွတ်ဘက် ပြန်တာတွေများလို့ ဘာမှ မဖြစ်တာလို့ ဆိုပါတယ်။

"အင်းလျားကန်ပေါင်ပေါ် မြင်ကွင်း" နဲ့ ဂျပ်ဆင်နဲ့မရမ်းကုန်း ဂတ်ရှေ့မြင်ကွင်းဟာ အရုပ်ဆိုး အကျည်းတန်လွန်းလှပါတယ်။ အင်းလျား လမ်းတစ်လျှောက်နဲ့ ဘွဲ့နှင်းသဘင် ရှေ့နားမှာလည်း အလားတူလောက်ပါ။ ကျွန်တော် သိသလောက်တော့ အမိန့်ပေးအဖွဲ့ဟာ အသံလွှင့်ရုံမှာဖြစ်ပါတယ်။ အင်းလျားကန်ပေါင်ပေါ်မှာတော့ လုပ်နည်းလုပ်ဟန်ဟာ ဟိုဘက် ဒီဘက်ပိတ်ပြီး ရဲအဖွဲ့က လူစုခွဲနည်းမျိုး ရိုက်တဲ့သဏ္ဌာန်မဟုတ်ဘဲ ချောင်ပိတ်ပြီး "လိုက်ရိုက်သတ်တာမျိုး" ဖြစ်ခဲ့ပါတယ်။ တက္ကသိုလ်ကျောင်းဝင်း ထဲမှာ စခန်းဖွင့်ထားတဲ့ တပ်စခန်းနဲ့ကပ်လျက်မှာ ဆရာတွေ အခန်းထဲမှာ ရှိနေကြပါတယ်။ "ခေါင်းကို ရိုက်သာခွဲ၊ နာနာရိုက် များများရိုက်နိုင်တဲ့ ကောင် ဆုချမယ်" ဆိုတာတွေ ကြားနေရပါတယ်။ အဲဒါ တစ်စတစ်စ တိုးတိုးကျိတ်ပြောရာက တက္ကသိုလ်တစ်ကျောင်းလုံး ဆရာတွေဝိုင်း သိသွားကြပါတယ်။ အင်းလျားကန်ပေါင်ပေါ်မှာ အများဆုံး အရိုက်ခံရသူတွေဟာ မိန်းကလေးတွေပါ။ တချို့မိန်းကလေးတွေဆိုရင် ဆံပင်ဆွဲရိုက်၊ ရေထဲကန်ချ၊ ကူးပြီးပြန်တက်လာတဲ့ ကျောင်းသူလေးတွေဆိုရင် ထပ်ပြီးရိုက်၊ တချို့ မိန်းကလေးတွေ ထိုင်ရှိခိုးတာလည်း ရိုက်၊ ထမီကျွတ်ပြီး ထွက်ပြေးတဲ့ မိန်းကလေးတစ်ဦးလည်း ဆံပင်ဆွဲရိုက်၊ ရေထဲကန်ချတာမျိုး နေ့ခင်း ကြောင်တောင်ကြီးမှာ လုပ်ကြတာပါ။ နောက်ပိုင်းမှာ ရေထဲက မိန်းကလေး အလောင်းနှစ်လောင်း ပေါ်တယ်လို့ ဆိုပါတယ်။ စုံစမ်းကြည့်ပါ။ ဆရာ၊ ဆရာမ မြင်တဲ့သူတွေ ရှိကြပါတယ်။

အဲဒီနေ့က RASU ကျောင်းဖွင့်တယ် တက်ကြတယ်ဆိုလို့ ကျောင်း တက်သူတွေ အများကြီးပါ။ အင်းလျားကန်တစ်ဝိုက်မှာရော RASU ထဲမှာ

ရော တွေ့သမျှ ကျောင်းသားတွေကို ဖမ်း၊ ရိုက်၊ ကားပေါ်ဆွဲတင်၊ မိန်းကလေးတွေရဲ့ လက်ဝတ်လက်စား၊ ဆွဲကြိုး၊ နာရီအားလုံးချွတ်ယူ၊ ကားပေါ်မှာ မတော်မတရားတွေကိုင်၊ ရှဲပြည်လိုပါလို့ ပြောကြပါတယ်။ မိန်းကလေး တစ်ယောက်တလေမှ မကျန်၊ အားလုံးပစ္စည်းအလုခံရသူချည်းပါ။ အင်လျားကန်စောင်းမှာ ရိုက်တာ နှက်တာတွေ၊ ရေထဲကန်ချတာတွေ ဂျာမနီ ပရောဂျက်တစ်ခုမှာလုပ်နေတဲ့ နိုင်ငံခြားသားတစ်ယောက်က ဓာတ်ပုံရိုက်တယ်လို့ သိရပါတယ်။ သူတို့သံရုံးက သိမှာပါ။ တခြားမြင်သူတွေလည်း တစ်ပုံကြီးပါ။ ကန်တစ်ဖက်ခြံတွေထဲ ထွက်ပြေးတဲ့အခါ ခြံတွေအထိ လိုက်ရိုက်ကြပါတယ်။ အိမ်တွေက ဝှက်ထားကြပါတယ်။ အဲဒီညက အင်းစိန်ထောင်မှာ သေသူတွေ ရှိပါတယ်။ ညကိုးနာရီမှ မနက်သုံးနာရီအထိ မီးရှို့ကြပါတယ်။ ကြံတောသချိုင်းမှာပါ။ အဲ့ဒီလူဦးရေနဲ့ပတ်သက်ပြီး ပါတီတစ်ခုမှာ ဂါးဒီးယန်းဦးစိန်ဝင်းနဲ့ အင်္ဂလန်သံအမတ် စကားစပ်မိကြပါတယ်။ ဘယ်လောက်လို့ ထင်သလဲလို့ အင်္ဂလန်သံအမတ်က မေးတော့ ဦးစိန်ဝင်းက "ကြားတော့ ကြားတယ် ဘယ်လောက်လဲတော့ မသိဘူး" လို့ ပြောတဲ့အခါ သူက "မိန်းကလေး ခုနစ်ယောက်ပါပြီး အားလုံး (၄၂) ယောက်တဲ့။ သေတဲ့လူတွေထဲမှာ ဘာဒဏ်ရာမှ မရှိဘဲ အသက်ရှူမရ (choke) ဖြစ်ပြီး သေတဲ့လူတွေ ရှိတယ်" လို့ ဆိုပါတယ်။ နောက်နေ့တွေမှာလည်း ရှိပါတယ်။ အင်းစိန်ထောင် လူသေတွေကို မှုခင်းဆရာဝန်ကြီး ဒေါက်တာဘချွန်း (နာမည် အတိအကျမသိ) တစ်ဦးတည်း မနိုင်လို့ ရန်ကုန်ဆေးရုံကြီးခွဲစိတ်ကုသဘက်ကို အကူအညီတောင်းလို့ ဆရာဝန်နှစ်ဦး ပေးရတယ်လို့ ဆိုပါတယ်။ တစ်ယောက်စီအား လူသေ (၄၀) ကို *Postsmodem Exam* လုပ်ခဲ့ရတယ်လို့ဆိုပါတယ်။ (ဟုတ်မဟုတ် မေးကြည့်ပါ)

လူသေတွေကို မီးရှို့ရာမှာ ဘာမှ နာမည်တွေကို မစုစမ်း၊ မရေးခဲ့၊ မှတ်တမ်း မပြုစုခဲ့ဘဲ၊ သက်ဆိုင်ရာ အကြောင်းမကြားဘဲ တိတ်တဆိတ် ပျောက်ပစ်တဲ့သဘောမျိုး မီးရှို့တယ်လို့ သိရပါတယ်။ မီးရှို့တဲ့သူတွေကိုလည်း ဘယ်သူမှ မပြောရ၊ ပြောလျှင် သတ်မည်ဟု ကြိမ်းကြောင်း၊ မီးရှို့သူတွေက ပြောကြောင်း သိရပါတယ်။ ဒါဟာ *Human Right* ကမ္ဘာ့မှတ်တမ်းတင်ခံရမယ့် ကိစ္စဖြစ်ပါတယ်။ တစ်လလောက်ကြာမှ တချို့



**စစ်အာဏာရှင် ဗိုလ်နေဝင်း၏ မီးဖားကုန်ဆီစနီး တတိယအရွယ်က တွေ့မြင်ရစဉ်။**

ကျောင်းသားမိဘတွေကို စာရွက်ကလေး လာပေးတယ်လို့ ဆိုပါတယ်။ သေဆုံးသွားလို့ ကောင်းမွန်စွာ သဂြိုဟ်ပြီးစီးကြောင်းပါ။ တိုးတိုးတိတ်တိတ် နေပါ။ ရပ်ရွာသိအောင် မငိုရ။ သပိတ် မသွတ်ရဆိုလို့ ဘုန်းကြီးကျောင်း တစ်ခုခုမှာ တိတ်တိတ်သွားပြီး ဆွမ်းသွတ်ရပါတယ်။ ဒါဟာလည်း *Human Right* တွေပါ။ မှတ်ဆလင်ကလေးတစ်ဦးကိစ္စမှာ ပြဿနာပေါ်ပါတယ်။ ဗလီကို တိုင်တယ်ကြားပါတယ်။ ခွတ် မီးရှို့လို့ပါ။

မှန်းသေတဲ့အထဲမှာ (၁၀) နှစ်ကလေးပါ ပါတယ်။ တချို့ကတော့ ဒဏ်ရာရသူရော၊ မရသူပါ ကားတစ်စီးလည်း ပြွတ်သိပ်ထည့်ပိတ်ပြီး မွန်းသေတယ်လို့ ပြောပါတယ်။ တချို့ကတော့ အင်းစိန်ထောင်ထဲသွင်းတော့ ထောင်အပြင်ကလည်း မြို့သူမြို့သားတွေ ထောင်ဝိုင်းကြပြီး ဆူတော့ ထောင်ထဲကလည်း ကျောင်းသားတွေက ဆူလို့ ထောင်ထဲမှာ ဆိုးသွမ်း အကျဉ်းသားတွေ တိုက်ပိတ်တဲ့ တစ်ယောက်၊ နှစ်ယောက်တည်း ထည့်တဲ့ ပြတင်းပေါက်အမြင့်ကြီးနဲ့ အထဲကို လေးငါးဆယ် ထည့်ပိတ်လို့ အောက်ဆီဂျင် မရလို့ သေတယ်လို့ ဆိုပါတယ်။ နောက်ပြီး ထောင်ထဲရောက် နေတဲ့သူတွေကို ထောင်နဲ့မဆိုင်ဘဲ ပြင်ပရဲဖြစ်တဲ့ လုံထိန်းပုလိပ်တွေ ဝင်လာပြီး ရိုက်ကြပါတယ်။ ရိုက်တာမှ မီးမိုတ်ပြီး ရိုက်တယ်လို့ ဆိုပါ တယ်။ ဒါဟာ ဥပဒေအရတော့ သိရပါတယ်။ ထောင်ထဲဝင်ပြီး သတ်ကြ တာ ဖြစ်ပါတယ်။ ဘယ်နှကြိမ်၊ ဘယ်နှညတော့ အတိအကျ မသိရပါ။

ထောင်ထဲဝင်ပြီး သတ်ကြဖြတ်ကြပါတယ်။ အဲ့ဒီအချိန်မှာ ဆူရမလားဆိုပြီး ကျောင်းသူ တချို့ကိုရိုက်ပြီး လုံထိန်းတွေက မုဒိမ်းကျင့်တယ်လို့ ဆိုပါတယ်။ မိန်းကလေးတွေက မပြောရဲမဆိုရဲ၊ အချို့ လေးငါးဆယ်ရက်အထိ ကြောင်နေတာ၊ ငေးနေတာတွေ၊ အချို့ အိမ်က ဘာမှ မေးမရဘဲ သူ့ကို သီလရှင်ကျောင်းပို့ပြီး သီလရှင်ဝတ်ပါရစေတော့လို့ ငိုပြောတာတွေ ကြားရပါတယ်။ အဲ့ဒါနဲ့ ပတ်သက်ပြီး အပြင်ညှော်ခံပွဲတစ်ခုမှာ ကျွန်တော့်မိတ်ဆွေတစ်ဦးနဲ့ ဂျာမနီသံအမတ်ကြီးက တကယ်ဟုတ်မှန်ကြောင်း Postmordem ဆရာဝန်ထံမှ သိရှိဟန်တူပါတယ်။ (ဗိုလ်ချုပ် စုံစမ်းကြည့်ပါ)

ဒဏ်ရာရပြီး ဆေးရုံတင်ရတဲ့ လူနာတွေအားလုံး ခြေချင်းခတ်ခံရပါတယ်။ တချို့သေမယ့်လူနာတွေ ဖြစ်ပါတယ်။ ဦးနှောက်နဲ့အာရုံကြောဆေးရုံက ဆရာဝန်ကြီးတစ်ဦးကတော့ သူ့လူနာကို လက်ထိပ်ခြေထိပ်ခတ်ခွင့် လုံးဝ ခွင့်မပြုပါ။ ခေါင်းကိုရိုက်ထားရာ သတိမရသူများပါ။ ဒဏ်ရာရသူများကို အပြင်မှ ဘယ်သူ့ကိုမှ တွေ့ခွင့် မပေးပါ။ တာဝန်ကျနေသည့် ဒေါက်တာမလေးတွေက တိတ်တဆိတ် လူနာ့ထံမှ လိပ်စာမေးပြီး အိမ်သွားပြောမှ အိမ်ကလိုက်လာပြီး ဖွတ်တွေ့မှ လူနာရော၊ မိဘရော၊ သူနာပြုဆရာမတွေရော၊ ဆရာဝန်မတွေရော ရောနှောပြီး ငိုကြယိုကြကြောင်း ပါဝင်သူ ဆရာဝန်မ ကိုယ်တိုင်ပြောလို့ သိရပါတယ်။

ထောင်ထဲမှာ ရိုးရိုးရိုက်တာတွေ မကပါ။ တော်တော်ကြီးနှိပ်စက်တာ ညဉ်းပန်းတာမျိုးတွေ တော်တော်များများ ကျူးလွန်ကြပါတယ်။ အရိုးကု ဆေးရုံအုပ်ကြီးပါရဂူဒေါက်တာဘညွန့်ရဲ့သားကို မေးကြည့်ပါ။ သူကိုယ်တိုင် မသေရုံတမည်ပါ။ နေ့စဉ် အခန်းထဲက ထုတ်၊ ကျောက်စရစ်ခဲလေးတွေ ခင်းထားတဲ့ မြေကြီးပေါ် ဒူးထောက်နိုင်းထားပြီး ရိုက်ရိုက်နေတာပါ။ ပထမတော့ ရိုက်တဲ့သူကို မျက်နှာသေသေချာချာ မှတ်ထားပါတယ်တဲ့။ နောက်နေ့ကျတော့ ရိုက်တဲ့သူကို လှည့်ထားလေ့ရှိတာကြောင့် မမှတ်မိတော့ဘူးလို့ ဆိုပါတယ်။ တခြားနည်းတွေနဲ့လည်း ခံနေရသူတွေ ရှိပါတယ်။ နာမည် မဖော်ရဲကြပါ။ ကျွန်တော့်ဆိုင်ဟာ လက်ဖက်ရည်ဆိုင်ပါ။ လူပေါင်းစုံ လာကြပါတယ်။ အချို့ သူတို့ခံခဲ့ရပုံတွေကို လာပြီး ပြောပြပါတယ်။

လိပ်စာနဲ့အမည်တွေကိုပါ ပြောရဲတဲ့သူတွေ ရှိကြပါတယ်။ ကျွန်တော်က အားကိုးတကြီးနဲ့ လာပြောသူတွေ ဒုက္ခမရောက်စေချင်လို့ လိပ်စာကိုတော့ လက်မခံရဲပါ။

RASU မှာ ကျောင်းသား တစ်သောင်းကျော် ရှိပါတယ်။ ဆေး၊ သွားကောလိပ်မှာ ငါးထောင်လောက်၊ RIT မှာလည်း တစ်သောင်းလောက်တော့ ရှိကြပါတယ်။ March အရေးအခင်းဟာ သူတို့တစ်သက်မမေ့စရာပါ။ ကျွန်တော်တို့တစ်တွေ အားလုံး သေတောင် သူတို့ ကျန်နေကြဦးမှာပါ။ ဒီကိစ္စဟာ ရာဇဝင်ရဲ့ အမည်းစက်ဖြစ်တော့မှာပါ။ Human Right ကို မြန်မာပြည်မှာ ဘယ်သူတွေ ကျူးလွန်တယ်၊ ဘယ်လိုကျူးလွန်တယ် ဆိုတာ ပေါ်မှာပါ။ "အင်လျားကန်မှာ သွေးချောင်းစီးသော နေ့တစ်နေ့" ဆိုတဲ့ မှတ်တမ်းကို သားသမီးတွေ၊ မြေးမြစ်တွေ ဖတ်ရမှာ မုချပါ။

မြန်မာပြည်ရှိ နိုင်ငံခြားသံရုံးတွေမှာ သတင်းစုံရှိနေပါတယ်။ ဓာတ်ပုံတွေ၊ video တွေလည်း ရှိနေပါတယ်။ မြန်မာနိုင်ငံအစိုးရနဲ့ Embrass ဖြစ်မှာမို့ ဒီမှာ ဘာမှမပြောပေမဲ့ သူတို့နိုင်ငံကိုတော့ သတင်းစုံပို့မှာပါ။ သူတို့က ကျွန်တော်တို့ထက် ပိုပြီး သတင်းစုံပါတယ်။ သာယာဝတီထောင်မှာ ဘာဖြစ်တယ်… ကျွန်တော်တို့ မသိ၊ သူတို့ သိပါတယ်။ သူတို့ဘက်က နောက်ဆုံးကြားတာကတော့ သေဆုံးသူ (၂၈၃) ယောက်။ နောက်ပိုင်းမှာ ကုလားဒိန်တွေ အများဆုံးလို့ ဆိုပါတယ်။ အင်းစိန်ထောင်ပိုင်ကိုယ်တိုင် ရိုက်သတ်တာတောင် ရှိတယ်လို့ ဆိုပါတယ်။

ဂျနီဗာမှာ ကုလသမဂ္ဂ Human Right နဲ့ ပတ်သက်တဲ့ အဖွဲ့တွေ ရှိနေပါတယ်။ မြန်မာနိုင်ငံကလည်း သံအမတ်အဆင့်ရှိ ရုံးရှိနေတယ် ထင်ပါတယ်။ ကုလသမဂ္ဂအဖွဲ့အစည်းရဲ့ အဲ့ဒီ Amnesty International အဖွဲ့ရုံးမှာ တိုင်စာတွေ တစ်ခုပြီးတစ်ခု ရောက်နေပြီလို့ ကြားရပါတယ်။ ဦးအောင်သန်းလား ဘာလားမသိ။ ကျွန်တော်တို့ကိုယ်စားလှယ်တွေဟာ တစ်ချိန်ချိန်မှာ ဖြေရတော့မှာပါ။ အဲ့ဒီအပြင် ပြင်ပHuman Right အဖွဲ့အစည်းသုံးခုလောက် ရှိပါသေးတယ်။ မကြာခင် (ယခုတောင် စချင်စနေမှာပါ) တဖြည်းဖြည်း ကမ္ဘာကို သတင်းဖြန့်မှာ သေချာပါတယ်။

ဧပြီလဆန်း (၂) ရက်နေ့လောက်က သိမ်ကြီးဈေးကို သွားပါတယ်။ ကျွန်တော်တို့ သွားခါနီးလောက်မှာ ညွှန့်သည်ရောက်လာလို့ ကျွန်တော်



**ဗိုလ်မှူးချုပ်အောင်ကြီး (ငြိမ်း) အား ၁၉၈၈ ခုနှစ် ဒီမိုကရေစီ အရေးတော်ပုံအတွင်း လူထုအစည်းအဝေး၌ တွေ့မြင်ရစဉ်။**

မပါ ဇနီးနှင့်ကလေးများ သွားကြပါတယ်။ မကြာခင် ဇနီးနှင့်ကလေးများ မျက်စိ မျက်နှာပျက်ပျက်နှင့် ပြန်လာကြပါတယ်။ သူတို့ပြောပြတဲ့မြင်ကွင်း ကတော့ ဆေးရုံကြီးထောင့် သိမ်ကြီးဈေးဘက်အချိုး မီးပွိုင့်မှာ မီးနီပြ ထားလို့ ကားရပ်ထားစဉ် ရဲမော်တော်ဆိုင်ကယ်နောက်က *RTB* ခေါင်းပြာ ထရပ်ကားတစ်စီး ထူးဆန်းလို့ ကားပေါ်လှမ်းကြည့်တဲ့အခါ အလောင်း တော်တော်များများ ပုံထားတာကို တွေ့ရပါတယ်။ နောက် ဆေးရုံကြီးရဲ့ ရင်ခွဲရုံဘက် မောင်းချိုးဝင်သွားတယ်လို့ ဆိုပါတယ်။ အဲ့ဒီနေ့ဟာ ငြေ

(၂) ရက်နေ့ပါ။ နောက် စုံစမ်းကြည့်တော့ အားလုံးက လူသေ (၂၀) ဖြစ်ပါတယ်။ (၄) ယောက်က အသက်ရှူပိတ်ပြီး သေတာလို့ သိရပါတယ်။

ဗိုလ်ချုပ်ခင်ဗျား... ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် တောင်းပန်ပါရစေ။ ဗိုလ်ချုပ်ဝင်ပြီး လက်မလျှိုပါနဲ့၊ နောင် 'အရိုးတွေ တွန်မည် Human Right ကိစ္စဖြစ်ပါတယ်။ ရာဇဝင်ရိုင်းတော့မည့် ကိစ္စပါ။ ဗိုလ်ချုပ် တကာယ်တမ်းလည်း မပါ ပါ။

စုံစမ်းရေးကော်မရှင်က သတင်းပို့ဖို့ ဖိတ်ကြားတဲ့အခါ (၁) သတင်းပေးပို့သူက အရင် သူသိတာ ရေးတင်၊ အဲဒီထဲကမှ သင့်တော်သူကို ခေါ်ပေးမည်။ (၂) ဟိုက်ကုတ်ကို သတင်းပေးဖို့ သွားသူတွေဟာ ဂိတ်ဝမှာပဲ လက်မှတ်ရေးထိုးပြီးမှ ဝင်ရပါတယ်။ (၃) သာမန်ဝင်နေကျ ရှေ့နေ ရုံးတက်တဲ့ ရှေ့နေတွေပါ လက်မှတ်ရေးထိုးရပါတယ်။ (ဦးတင်အောင်ဟိန်း အသိပါ)

နောက် အကျဉ်းထောင်တွင် ဆရာဝန်တွေ ဝင်စစ်သည်ဟု ကြားသိရပါတယ်။ ပထမ သေနတ်မှန်သူတွေကို ဆူးအချွန်အတက်နဲ့ ထိုးမိသည်ဟု ဆရာဝန်ကို ရေးခိုင်းတယ်။ ဟုတ်မဟုတ် စုံစမ်းပါ။ နောက်ဆုံး ကော်မရှင် report တင်သည်။ ထိုအစီရင်ခံစာကို မထုတ်ပြန်သေး။ ကောင်စီမှ ဖုံးအုပ်တဲ့ လိမ်ထားတဲ့ ကြေညာစာတမ်း ထုတ်ပြန်သည်။ အမှန်ကို အမှန်အတိုင်း မကြေညာ၊ ဖမ်းထားသူတွေကို စာရင်းဖျောက်ထားသည်။ သေသူကို နှစ်ဦးပဲ ဆက်ပြထားပါတယ်။ အစထဲက ကော်မရှင် မဖွဲ့လျှင် ကိစ္စ မရှိပါ။ ယခုလို ဗလောင်းဗလဲလုပ်ပြီး ကြေညာတာကတော့ ရိုင်းလှပါတယ်။

ဗိုလ်ချုပ်ခင်ဗျား... ဒီကိစ္စဟာ သေးသေး မဟုတ်ပါ။ နိုင်ငံတကာက သိနေသည့် Human Right ကိစ္စကြီး တိုက်ရိုက်ပါနေပါသည်။ မှန်အောင် ပြန်ပြင်စေချင်ပါတယ်။

ရဲချုပ်၊ ဒုရဲချုပ်၊ ဗိုလ်မှူးကြီးဖေကြည်၊ ဆရာဝန်များ၊ ဦးတင်အောင်ဟိန်း၊ ပါမောက္ခချုပ် RASU လောက် မေးလျှင် အမှန်သိမည် ဖြစ်ပါတယ်။

*ဗိုလ်ချုပ်အနေနဲ့ လက်ဝဲရံ၊ လက်ယာရံတွေအတွက် လက်မလျှို လိုက်ပါနဲ့လို့ တကယ် လေးလေးနက်နက် တောင်းပန်ပါတယ်။*

**လေးစားစွာဖြင့်**
**(အောင်ကြီး) အငြိမ်းစား**

*ကျောင်းဆရာ၊ ပါမောက္ခများသည် လစား ကျောက်ရုပ်များ မဟုတ်၊ ကျောင်းသား၊ ကျောင်းသူများ၏ အပူဇော်ခံထိုက်သူများဖြစ်ရန် လိုပါသည်။ ရှေ့နေဝတ်လုံတရားသူကြီးများသည် တရားရုံးများတွင် အခကြေးငွေအတွက်သာ လုပ်နေသူများ မဟုတ်၊ တရားဥပဒေစိုးမိုးရေး အတွက် ကာကွယ်ရမည့်သူများ ဖြစ်ရန်လည်း လိုပါတယ်။*

*မိတ္တူကို–*

*တော်လှန်ရေးကောင်စီဝင်ဟောင်းများ*

*တပ်မတော်ရဲဘော်ဟောင်းများ*

*နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များ*

*မြန်မာနိုင်ငံရှေ့နေအသင်း*

*ပါမောက္ခနှင့်ဆရာ၊ ဆရာမကြီးများ*

*ကျောင်းသားများကို လွှဲဆော်ရာရောက်မည်စိုး၍ တက္ကသိုလ်ပိတ် သည်အထိ စောင့်ပြီးမှ အသိပေးခြင်းဖြစ်ပါတယ်။*

**ရန်ကုန်**
**၂၂၊ ၆၊ ၈၈**

**စာနံပါတ် (၄)**
**ဗိုလ်ချုပ်**

*မနေ့က မလိုလားအပ်ဘဲ မဖြစ်သင့်တာတွေ ထပ်ဖြစ်ပြန်ပါပြီ။ အဆိုးဆုံးကတော့ စင်ကာပူသံရုံးကို လုံထိန်းတွေက ဝိုင်းထားပြီး အထဲ ဝင်ပြေးတဲ့ နို့လှုံ့တဲ့ကလေးတွေကို ဝင်းတံခါးပိတ်ထားတာ ခဲတွေနဲ့ပေါက် ပြီး ဝင်းတံခါးဖွင့်ခိုင်းတာ၊ သံရုံးတစ်ခုလုံး မှန်တွေကွဲ၊ တံခါးတွေ၊ ပြတင်း တွေ ပျက်စီးသည်အထိ ဖြစ်ပွားသွားတာ အရုပ်အဆိုးဆုံးပါ။ ဒီသံရုံးဟာ သခင်တင် အိမ်နဲ့ ကပ်လျက်ပါ။*

နောက်တစ်ခု အရုပ်ဆိုးတာက ကလေးတွေကို ကားနဲ့တိုက်သတ်၊ အလောင်း၊ ဒဏ်ရာရသူကလေးတွေကို ကားပေါ်ဆွဲတင်၊ အဲ့ဒီကလေးတွေဟာ ကျောင်းစိမ်းလုံချည်ကလေးတွေနဲ့ စိန့်ဖလိုမီနာ (အထက (၂) စမ်းချောင်း)က ကလေးများ၊ ကြံတောဘက်က အထက်တန်းကျောင်း (စာပေဗိမာန် နောက်ကပ်လျက်) က ကလေးတွေ ဖြစ်ပါတယ်။ အဲ့ဒီကျောင်းသားတွေဟာ (၁၀/ ၁၁) နှစ် ပတ်ဝန်းကျင်ကလေးတွေ ဖြစ်ပါတယ်။ မိန်းကလေးနှစ်ယောက် ရှေ့ဆုံးက ပါပြီး တစ်ယောက် သေတယ်ထင်ပါတယ်။ ကားနဲ့တိုက်တဲ့ ကားဟာ နံပါတ်တော့ မမှတ်မိပါ၊ လုံထိန်းကားဖြစ်ပါတယ်။ မီးပွိုင့်နားမှာ ဖြစ်ပါတယ်။

မိန်းကလေးတစ်ယောက် (အလံကိုင်) ကို စမ်းချောင်းလမ်းဆုံမီးပွိုင့်နားက ဂါတ်တဲထဲ ဆွဲခေါ်သွားတာကို ကျောင်းသားတွေ လိုက် အတင်းလုတာကို ဂါတ်ထဲကို မီးရှို့တယ် ကြေညာတာ ဖြစ်ပါတယ်။

မီးရှို့ခံရတယ် ကြေညာတဲ့ ရုပ်ရှင်ရုံဟာ အကောင်းပါ၊ ဘာမှ မဖြစ်ပါဘူး။ ကြိုက်တဲ့သူ လွှတ်ကြည့်ပါ။ အစိုးရတန်းလျားတစ်ခု မီးရှို့တယ်ဆိုတာလည်း လိမ်တာဖြစ်ပါတယ်။ အဲ့ဒီအနားက အိမ်က တစ်အိမ်တည်း ကျောင်းသားတွေ ပြေးဝင်ပုန်းလို့ လုံထိန်းတွေလိုက်တာ နောက်ဘေးပေါက်က လစ်ကြပါတယ်။ အဲ့ဒီအိမ်မှာ မိန်းမကြီးနှစ်ယောက်လောက်ပဲရှိပါတယ်။ အဲ့ဒီအိမ်မှာ ကလေးတွေ မမိလို့ အဲ့ဒီအိမ်ကို ဖျက်ဆီးရိုက်ချိုးလုပ်ခံရတာကို လုံထိန်းတွေ အပြန်မှာ မိန်းမကြီးတွေက စုပြီး မီးရှို့ပစ်တာပါ။ လူတစ်ရပ်စာလောက် မီးတောက်တောင် မရှိပါဘူး။ အသံလွှင့်တာ အညာကြီးလိမ်ပြီး တိုင်းပြည်ကို ကြေညာတာပါ။

အဲ့ဒါနောက်ဆုံး အရပ်က မခံနိုင်လို့ လုံထိန်းတွေကို ဝင်ရိုက်ကြတာပါ။ မီးပွိုင့်နားက မြေနီကုန်းဈေးကလေး၊ ကြက်တန်း၊ စမ်းချောင်းနဲ့ လာကြည့်တဲ့ အရပ်သားတွေ ဝိုင်းရိုက်လို့ လုံထိန်း (၁၀) ယောက်လောက် သေပါတယ်။ မိုလ်ရဲထွန်း ဆိုင်ရှေ့ (ရတနာပုံ ရုပ်ရှင်ရုံဘေးလမ်း) မှာ အလောင်းနှစ်လောင်း၊ မီးပွိုင့်မှာ (ဖြစ်ဟန်တူ) နဲ့ လုံထိန်းကား ဆေးရုံကြီးရှေ့ သယ်လာရာ ဆေး (၁) ရှေ့လောက်မှာ လူအုပ်ကြီးက မီးရှို့လိုက်ကြပါတယ်။ သေနတ်ပစ်သံ ကြားပါတယ်။ အုတ်ခဲကျိုးတွေ

ဘာတွေက သခင်တင့်အိမ် ဓားလွယ်ခုတ်မှာ တိုက်ဆောက်ဆဲတစ်ခုက အုတ်ခဲကျိုးတွေပါ။

ကျွန်တော် နားမလည်တာက March 14 မှာသာ RIT ရယ်၊ RASU ရယ်၊ MCI ရယ်၊ II ရယ် ပိတ်လိုက်ရင် အားလုံး ဒီကိစ္စတွေ တစ်ခုမှ ဖြစ်စရာမလိုပါ။ ယခုပိတ်တာက RIT ရယ်၊ စီးပွားရေးတက္ကသိုလ် နှစ်ခုကို ပိတ်ပြီး MCI ကို ဖွင့်ပေးထားတာဟာ ကျောင်းသားတွေက သူတို့ကို ထောင်ဖမ်းချင်လို့ဆိုပြီး နားလည်ပြီး MCI ကို သပိတ်တား သွားတဲ့၊ အင်အားပြတဲ့ သဘောပါ။

တစ်ခါ ယခု အင်းစိန် GTI ကို မပိတ်ဘဲ တမင်ထားတာဟာ ကျောင်းသားတွေက သူတို့ကို တမင်ထောင်တာ၊ သတ်ချင်လို့ လုပ်တာ မို့ သွားကိုသွားမယ် သတ်ပါစေလို့ ဆိုပါတယ်။ ဒီတစ်ခါ တရားဟောရာမှာ ဒါတွေကို ဗိုလ်ချုပ်ကြီး မသိဘူး။ ဗိုလ်ချုပ်ကြီး မပါဘူးလို့ ဟောကြပါ တယ်။ ဟောတာက ဗိုလ်ရဲထွန်း (ကြက်တန်း) နားက လမ်းထောင့်မှာ ကုလားထိုင်လေးလား၊ ခုံကလေးလား မသိ၊ ဆိုက်ကားနဲ့ ယူလာပြီး တက်ဟောတာ... သေနတ်နဲ့ လှမ်းပစ်တာခံရပြီး ဒဏ်ရာတွေနဲ့ တွဲခေါ်ပြီး ဆိုက်ကားနဲ့ လစ်ပါတယ်။

ဗိုလ်ချုပ်... မြန်မာပြည်မှာ အလုပ်လက်မဲ့သူ အင်ဂျင်နီယာ တစ်သောင်းကျော် နှစ်သောင်းရှိပါတယ်။ ဘာကြောင့် ကျောင်း မပိတ်ဘဲ ထောင်ဖမ်းတာမျိုးဖြစ်အောင် လုပ်ကြတာလဲ။

အခု အရေးကြီးတာက ဆန်... ဆန်... ဆန် ဖြစ်ပါတယ်။ အာရုံလွှဲချင်လို့ ကျောင်းသားကိစ္စပေါ်အောင် လုပ်တာလားလို့ သံသယ ဖြစ်မိတယ်။ အခုမှ ဝန်ကြီးချုပ်က သိန်း (၂၀) ဖိုး ဆန် မဖြစ်ဖြစ်အောင် ဝယ်၊ အလုပ်သမားတွေ ဆူမှာစိုးလို့တဲ့၊ ရန်ကုန်က ဆင်းရဲသားတွေ ဆန်ဈေးကြီးအားကြီးလို့တဲ့။ (တစ်ပြည် (၁၀/ ၁၁) ပတ်ဝန်းကျင် ရောက်တော့မှာမို့ ဝယ်ဟန်တူပါတယ်။ ဆင့်ပါးစပ် နှမ်းပက်သလောက် ရှိမှာပါ)

ရှေ့တန်းက တပ်တွေနဲ့ အိမ်ထောင်စုတွေမှာ ဆန်ပြဿနာပေါ်ပြီ၊ ပေါ်စပြုပြီလို့ စပြီး ကြားရပါတယ်။ ခင်မောင်ကြီးနှင့် မင်္ဂလာဆောင်တစ်ခု မှာ တွေ့တော့... သတိပေးတော့... သူတို့စီစဉ်ထားတယ်လို့ ဆိုပါတယ်။

စာနဲ့ အမိန့်ပေးတာလောက်ကို ဝတ္တရားကျေပြီ ထင်နေပုံပေါ်တယ်။ ရှေ့တန်း တကယ်လောက်မလောက် ဗိုလ်ချုပ် ကျိုင်းတုံဘက်၊ မိုင်းတုံ မိုင်းဆတ်ဘက် လွှတ်ကြည့်ပါ။ တော်တော်ကြာ တပ်တွေက မတိုက်တော့ဘူးဆိုပြီး နောက်ပြန်ဆုတ်လာတာထိ ဖြစ်နိုင်တယ်။ "အထူး ဂရုစိုက်ပါဦး"။

## ဗိုလ်ချုပ်

(၁၃၀၁) ခုနှစ်တုန်းက မန္တလေးအာဇာနည် (၁၇) ဦး သေတာ သေနတ်ပစ်ခံရတာ တစ်ကြိမ်တည်း မဟုတ်ပါ။ (၃) ကြိမ်ပါ။ ပထမအကြိမ်က သံဃာတော် (၅) ပါး ပွဲချင်းပြီး ကျဆုံးပါတယ်။ (၄) ပါး ဒဏ်ရာရပါတယ်။ အလံကိုင်အဖွဲ့ပါ။ ဒုတိယအကြိမ် ပစ်တော့ ကျောင်းသားအဖွဲ့ပါ။ အလံကိုင်တာဟာ ဗိုလ်မှူးကြီးဘရွှေပါ၊ သံဃာတော် (၁) ပါးနဲ့ ကျောင်းသား (၄) ယောက် ကျပါတယ်။ ကျောင်းသား (၆) ယောက် ဒဏ်ရာရပါတယ်။ အဲဒီထဲမှာ မောင်သန်း (ကိုဇော်ဝင်း၊ မလှရွှေခင်ပွန်း) ပါ ပါတယ်။ တတိယအကြိမ် ပစ်ပါတယ်။ ကျောင်းသားအရပ်သား (၆) ယောက် ကျဆုံးပါတယ်။ (၄) ယောက် ဒဏ်ရာရပါတယ်။

အဲဒီအချိန်က မန္တလေး ကော်မရှင်က R.S Wilicy (I.C.S) ဝီလ်ကီ အိုင်စီအက်စ် ဖြစ်ပါတယ်။ အရေးပိုင်က H.W Latt ဖြစ်ပါတယ်။ D.S.P ရာဇဝတ်ဝန်ကြီးက H.C Raymes ဖြစ်ပါတယ်။ အဲဒီကိစ္စမှာ ကော်မရှင်နာ ဝီလ်ကီဟာ လုံးလုံး မပါဝင်ပါ။ အရေးပိုင်အနေနှင့် တာဝန်ယူရမည့်ကိစ္စ သက်သက်မို့ပါ။ အရေးပိုင်အနေနှင့် DM ခရိုင်တရားသူကြီးအဖြစ် အရပ် (ပုသိပ်) နှင့် မနိုင်တော့မှ စစ်တပ်လဲတာပါ။ မပစ်မီ အရေးပိုင်က ရပ်ကြဖို့ ပုလိပ်အရာရှိတစ်ယောက်ကို ကြွေကြော်ဆိုခိုင်းပါတယ်။ မရတော့ သံဆူးခွေတွေ ချပြီးတားပါတယ်။ ပုလိပ် (၃၀) လမ်းပိတ်ထားတာ ရပ်သိမ်းပါတယ်။ ကချင်စစ်သား (၈) ယောက်ကို ဝှက်ထားရာမှ မေဂျာက ခေါ်ထုတ်ပြီး (၄) ဦး ရပ်လျက် (၄) ဦး ဒူးထောက် သေနတ်တစ်တောင့်စီ (၃၀၃) ရိုင်ဖယ်တွေမှာ ထိုးခိုင်းပြီး ငါးမိနစ်တစ်ကြိမ်၊ ငါးမိနစ်တစ်ကြိမ်၊ သုံးကြိမ်သတိပေးပြီးမှ ပစ်ခိုင်းတာပါ။

*(၁၉၆၂) ခုနှစ် ကျောင်းသားများ ကိစ္စမှာ အသံလွှင့်ရုံမှာ ဗိုလ်ကျော်စိုး (ပြည်ထဲရေးဝန်ကြီး) ဥက္ကဋ္ဌ၊ ဗိုလ်မှူးကြီးမောင်ကျော် (ရန်ကုန်လ၊ အ၊ က ဥက္ကဋ္ဌ)၊ ဗိုလ်မှူးကြီးသိန်းစိန်၊ ဗိုလ်မှူးကြီးလှဟန် (ပညာရေး)၊ ရဲချုပ်ဦးဘအေး၊ ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးကြီးစောမြင့် Crisis Committee ဆိုပြီး HQ ဖွဲ့ထားတာပါ။ ဘာမှ သူတို့ ဗိုလ်ချုပ်ကြီးထံ အမိန့်တောင်းစရာ မလိုပါ။ သူတို့ ဆုံးဖြတ်ရမှာပါ။ မန္တလေးတုန်းက HQ အဆင့်အနေနဲ့ တာဝန်ယူရတဲ့သာဓက ကျွန်တော်ပဲ Aid to Civil Power (OSS) သင်တုန်းက အတန်တန်သင်ပြီးသားပါ။ အိမ်စောင့်အစိုးရ လက်ထက် ဗိုလ်ကျော်စိုးကိုယ်တိုင် စပါယ်ရှယ်သင်တန်းပေးရပါတယ်။ သက်သက်ဗိုလ်ချုပ် ခေါင်းစားခံရတာ ဖြစ်ပါတယ်။*

*နောက် သမဂ္ဂထဲ ကျောင်းသားတွေ ဆွဲသွင်းတယ်။ အပေါ်မှာ လက်နက်တွေနဲ့ ဘာတွေနဲ့ဆိုတာ သတင်းမှားပါ။ ဘာလက်နက်မှ ရှိတာ မဟုတ်ပါ။ ဒါကြောင့် ကျောင်းသားတွေက ဘာတစ်ချက်မှ ပြန်ပစ်တာ မကြားရတာ။*

*ဗိုလ်ချုပ်ကို အလကားကြောက်ချေးပါပြီး သတင်းလိမ်ပို့တာပါ။*

**ဗိုလ်ချုပ်**

*လှမြင့်ကြီး လွှတ်လိုက်တော့ ဟိုရောက်တော့ သမဂ္ဂထဲမှာ ကျောင်းသားတွေ မရှိတော့ဘူး ပြေးကုန်ကြပါပြီ။ အဲဒီမှာ မွှေးကြီး က ROC နဲ့ ပစ်ရရင် နောက်က ဆရာကာ အိမ်နဲ့ တခြားအိမ်တွေပါ ပြိုမယ်ဆိုလို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေတုန်း အရာရှိငယ်တစ်ဦးက ဒိုင်နမိုက်နဲ့ခွဲပါလား ဆိုလို့ ဒိုင်းနမိုက်နဲ့ခွဲဖို့ ဆုံးဖြတ်တာဖြစ်ပါတယ်။ ဗိုလ်ချုပ်* ***"ပစ်ဖြိုလိုက်"*** *ဆိုတုန်းက အခြေအနေက အလွန်ဆိုးချိန် (သတင်းကြီးပေးပုံက သူပုန်တွေက ပစ်မလို့ နေရာယူထားတာမျိုးမို့ ဗိုလ်ချုပ်က စိတ်လိုက်မာန်ပါ အမိန့်ပေးခဲ့တာပါ။ ကျောင်းသားအခြေအနေဟာ (၆း၃၀) နာရီလောက်မှာ ပြီးသွားပါပြီ။ ဒဏ်ရာရသူ၊ သေသူတွေ ဆေးရုံပို့၊ ကျန်တဲ့ကျောင်းသားတွေ လစ်ပြီ၊ ရန်သူကျောင်းသား ရှင်းလင်းပြီးသွားချိန်မှာ ဒိုင်းနမိုက်ခွဲဖို့ ဆုံးဖြတ်လိုက်ကြတာပါ။ (သမဂ္ဂထဲတပ်သားတွေ ဝင်သိမ်းပြီးတာတောင် ကြာပါပြီ) သမဂ္ဂကို ဖျက်စရာ မလိုတော့ပါ။ ဒါကို လိုအပ်သေးသလား*

*တောင် မဆုံးဖြတ်တတ်ဘဲ ဟိုပုံချ၊ သည်ပုံချ နောက်ဆုံး ဗိုလ်ချုပ်လိုလို ဖြစ်ရတာပါ။*

*ဒီတစ်ခါတော့ သံရုံး အားလုံးဟာ TV လိုက်ရိုက်ကြတာ တရုန်းရုန်းပါ။ စင်ကာပူသံရုံး အဖျက်ခံရတာပါမှာပါ။ သူတို့က ကန့်ကွက်လွှာ ဒီနေ့မနက် နိုင်ငံခြားရေးရုံးကို ပို့မှာ ဖြစ်ပါတယ်။ ဒါကို ဆူပူသောင်းကျန်းသူတွေကလို့ ကြေညာရင် မဟာအရှက်တော် ကွဲရမှာပါ။*

*ဒီကိစ္စဟာ UN နဲ့ ဂျနီဗာမှာရှိတဲ့ Human Right Organisation ကို သံရုံးတွေက ပို့တော့မှာ သေချာပါတယ်။ ကျောင်းသားတွေကတော့ ဒီတစ်ခါ ဗိုလ်ချုပ် မပါ ပါဘူးတဲ့။*

*အဲ့ဒါ RIT မှာ နောက်ထပ် စစ်ပုံ မပေါ်အောင် အမြန် လုပ်ပါ။ ဗိုလ်ချုပ် လက်မလျှော့ပါနဲ့လို့ တောင်းပန်ပါတယ်ခင်ဗျား။*

*သေသူတွေဟာ (၁၁-၁၂) နှစ် ကလေးတွေချည်း ဖြစ်ပါလိမ့်မယ်။*

လေးစားစွာဖြင့်

*****

**(အောင်ကြီး)**

စမ်းချောင်း (၂၂၊ ၆၊ ၈၈)

ထို့နောက် ၁၉၈၈ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် အရေးပေါ်ပါတီညီလာခံ ကျင်းပ၍ တစ်ပါတီစနစ်မှ ပါတီစုံစနစ်အဖြစ် ပြောင်းလဲရန် ကြေညာပြီး၊ ပါတီဥက္ကဋ္ဌရာထူးမှ နုတ်ထွက်ခဲ့သည်။ နုတ်ထွက်သည့်နေ့၌ ပါတီ ညီလာခံတွင် ဦးနေဝင်းက "နောက်ကို လူစုလူဝေးနဲ့ ဆူဆူပူပူ လုပ်လို့ ရှိရင်တော့ စစ်တပ်ဆိုတာ ပစ်ရင် မှန်အောင်ပစ်တယ်။ မိုးပေါ်ထောင်ပြီး ခြောက်တာ မပါဘူး၊ အဲဒီတော့ နောင်ကို ဆူဆူပူပူ လုပ်မယ် ဆိုရင်တော့ တပ်ကို သုံးလို့ရှိရင်တော့... အဲဒါ ဆူတဲ့လူတွေ မသက်သာဘူးသာ မှတ်ပေတော့လို့ ကျွန်တော် ဒီကနေ့ ပြောပါတယ်" ဟူ၍ ပြောကြားကာ တပ်နှင့် ပြည်သူကို သွေးခွဲခဲ့လေသည်။

ဦးနေဝင်း ဦးဆောင်သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ) သည် ၁၉၆၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် စတင် တည်ထောင်ခဲ့သောခဲ့ပြီး ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်အထိ နှစ်ပေါင်း ၂၆ နှစ် ကျော်တွင် လုံးဝချုပ်ငြိမ်းသွားခဲ့သည်။ မဆလပါတီကြီး ကျဆုံးခဲ့ရသည်မှာ

(က) ပြည်သူလူထုကို အနည်းဆုံး၊ အနိမ့်ဆုံး စားဝတ်နေရေးပြည့်စုံအောင် ပြုလုပ်ပေးနိုင်ခြင်း မရှိခြင်း၊ (ခ) နောက်တစ်ဆင့်တက်၍ ပြည်သူလူထု အား လူမှုဘဝအထွေထွေ ပြည့်ပြည့်စုံစုံဖြစ်အောင် မပြုလုပ်နိုင်ခြင်း၊ (ဂ) ပြည်သူလူထုအား ချမ်းသာအောင် လုပ်မပေးနိုင်ခြင်းကြောင့် မဆလပါတီ ကျဆုံးခဲ့ရလေသည်။



စင်ကာပူမှ ဆေးကုပြီးအပြန်

ပြည်သူလူထု၏ လူမှုဘဝကို တိုးတက်အောင် လုပ်ပေးနေသော အခြားကမ္ဘာ့ဆိုရှယ်လစ်နိုင်ငံများသည် တိုးတက်အောင်မြင်မှု ရရှိသွားသည် ကို တွေ့ရပေသည်။ ထိုကဲ့သို့ လူထုဆန္ဒကို မဖြည့်ဆည်းနိုင်သော မြန်မာ နိုင်ငံအပါအဝင် ဆိုရှယ်လစ်နိုင်ငံများသည် နိုင်ငံရေးရည်မှန်းချက် ကျဆုံးကာ ဆိုရှယ်လစ်စနစ်ကို စွန့်လွှတ်လိုက်ရသည်။

ကမ္ဘာပေါ်တွင် နိုင်ငံတစ်ခုသည် ဆိုရှယ်လစ်ဝါဒဖြစ်စေ၊ အရင်းရှင် စနစ် ဖြစ်စေ၊ မည်သည့်စနစ်ကို ကျင့်သုံးသည်ဖြစ်စေ၊ ပြည်သူလူထု၏ အခြေခံဖြစ်သော စား၊ ဝတ်၊ နေရေးကို မဖြည့်ဆည်းနိုင်လျှင် ပထမအဆင့် ၌ တစ်နိုင်ငံ ဆူပူအုံကြွလျက် အရေးတော်ပုံကြီး ပေါ်ပေါက်မည်ဖြစ်သည်။ ဒုတိယအဆင့်၌ မိမိနိုင်ငံသည် သူများထက် နိမ့်ကျလာပြီး အခြားနိုင်ငံ၌ စီးပွားရေး ကျွန်ဘဝ ရောက်ရှိလာ လူထုဘဝအခြေအနေသည် တဖြည်း ဖြည်း နိမ့်ကျလာမည်ဖြစ်သည်။ နောက်ဆုံး တတိယအဆင့်၌ တစ်နိုင်ငံလုံး

ဗုန်းဗုန်းလဲကျကာ အခြားနိုင်ငံကြီးများ၏ သိမ်းပိုက်ခြင်းကိုပင် ခံနိုင်ရစရာ ရှိလေသည်။ လက်ရှိအစိုးရသစ်အထိ မြန်မာနိုင်ငံသည် ဒုတိယအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

မဆလပါတီ ကျဆုံးရသည့် အခြားအကြောင်းရင်းတစ်ခုမှာ နိုင်ငံရေး စီမံကိန်း (ဝါ) နိုင်ငံရေး အချိန်ဇယား မရှိခဲ့ခြင်းဖြစ်သည်။ ပါတီခေါင်းဆောင်များသည် လူထုအား မစားရ ဝခမန်း မိန့်ခွန်းများ ခြွေ၍ အားလုံးသာတူညီမျှ ဖြစ်ရမည်။ ခေါင်းပုံဖြတ်တာ မရှိစေရ။ လူဆင်းရဲမရှိရဟူသော ကတိအမျိုးမျိုးပေးကာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို အကောင်အထည်ဖော်ရန် လုပ်ဆောင်ခဲ့သည်။ တကယ်တမ်း အကောင်အထည်ဖော်သောအခါ မည်သည့်စာရင်းဇယားမှ တိတိကျကျမရှိဘဲ မတိကျသော၊ မရေရာသော စာရင်းဇယားများကို အခြေခံ၍ စီမံကိန်းများကို အတင်းအဓမ္မ အကောင်အထည်ဖော်ခဲ့သည်။ မတိကျသော စာရင်းဇယားများကို အခြေခံ၍ ရေးဆွဲအကောင်အထည်ဖော်သော စီမံကိန်းသည် မည်သည့်နိုင်ငံမျှ အောင်မြင်မှု မရရှိခဲ့ပေ။ သို့သော် တိုင်းပြည်သို့ လေးနှစ် စီးပွားရေး စီမံကိန်းများ အောင်မြင်မှုရရှိသယောင် လိမ်ညာဝါဒဖြန့်ခဲ့ကြသည်။

ထို့ပြင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် မည်သည့်အခါမျှ ပွင့်လင်းမြင်သာမှု မရှိခဲ့ချေ။ ပွင့်လင်းမြင်သာမှု ကင်းမဲ့ရာမှ နောက်ဆုံးတွင် တရားမျှတမှု ကင်းမဲ့လာသည့်အခြေသို့ ရောက်ရှိသွားခဲ့သည်။ နေရာတိုင်း ဌာနတိုင်းတွင် ကိုယ်ကျိုးရှာသမားများ၊ လာဘ်ပေးလာဘ်ယူမှုများ၊ အချောင်သမား၊ ရေသာခိုသမား၊ မလုပ်မရှုပ်၊ လည်သလိုလုပ်စားသူများ ကြီးစိုးလာရာမှ နောက်ဆုံးတွင် စာရိတ္တမဏ္ဍိုင်နှင့် တရားရေးမဏ္ဍိုင်ပါ ယိမ်းယိုင်ပျက်စီးသွားခဲ့ရလေသည်။

မဆလ ကျဆုံးရသည် အခြားအကြောင်းရင်း တစ်ခုမှာ ခေါင်းဆောင်များ၏ နိုင်ငံရေးအရည်အသွေး နည်းပါးမှုပင်ဖြစ်သည်။ မဆလပါတီကို ဦးဆောင်နေသော ယူနစ်ကော်မတီမှ ဗဟိုကော်မတီအဆုံး နိုင်ငံရေးရင့်ကျက်မှု (Political Maturity) နှင့် ခေါင်းဆောင်မှု အရည်အသွေး အညံ့ဖျင်းဆုံးဖြစ်ရသည့်အထဲ ကိုယ်ကျိုးဆန္ဒ ရှေ့တန်းတင်သော အတ္တသမားများကြောင့် ကျဆုံးခဲ့ရခြင်းဖြစ်သည်။ တော်လှန်ရေးကောင်စီခေတ်မှ ယနေ့တိုင် မြန်မာနိုင်ငံတွင် သန်းခေါင်ယံကျော်အချိန်၌ အိမ်တံခါးကို

တဒုန်းဒုန်း လာထုပြီး ညှော်စာရင်းစစ်ရန် တံခါးအတင်းဖွင့်ခိုင်း၍ အိမ်ထဲအတင်းဝင်ကာ ရှိသမျှ ပစ္စည်းများကို မွှေနှောက်ရှာဖွေပြုလုပ်ပြီး အိမ်သားကို ခဏလေး လိုက်ခဲ့ဟု ခေါ်ဆောင်သွားသည့် ဖြစ်စဉ်ဖြစ်ရပ်များသည် မြန်မာလူထုအဖို့ သိပ်မဆန်းလှသော မြင်ကွင်းဖြစ်သည်။ ဖမ်းဝရမ်း မရှိ၊ အကြောင်းပြချက် မလို၊ ဘာမှမေး၍ မရ။ ဘယ်လောက် ကြာမည်ဆိုသည်ကို မသိ၊ ဘယ်ခေါ်သွားမှန်း မသိ၊ ဘာပြစ်မှုမှန်း မသိ၊ ဘာပုဒ်မနှင့် အရေးယူသည် မသိ။ တပ်ချင်သည့် ပုဒ်မ တပ်၍ ဖမ်းဆီးထောင်ချမှုများ ယနေ့တိုင် ရှိနေသည်။

ဗိုလ်နေဝင်း၏ စစ်အာဏာရှင်စနစ်ဆိုးကြီးလက်ထက်တွင် ထောက်လှမ်းရေးယန္တရားကို အဓိကထား သုံးစွဲပြီး၊ လူထုအား အကြောက်တရား မျိုးစုံဖြင့် ထိတ်လန့်နေအောင် ဖန်တီး အုပ်ချုပ်ခဲ့သည်မှာ ၂၆ နှစ်ကြာ ရှည်ခဲ့သည်။

စစ်ထောက်လှမ်းရေး၊ အမျိုးသားထောက်လှမ်းရေး၏ လွှမ်းမိုးထားနိုင်မှုက အံ့သြလောက်သည်။ လက်ဖျားခါလောက်သည်။ သြချလောက်သည်။ နောက်ဆုံး၌ လူထုသည် ကြောက်ရွံ့စိတ်၊ မခံချင်စိတ်၊ ရွံရှာစိတ်တို့ဖြင့် စိတ်ဒဏ်ရာများ ရရှိခံစားခဲ့ရသည်။ ဤမျှလောက်တောင်ပဲလားဟု မမေးနှင့်။ စာရေးသူကိုယ်တိုင် ထောက်လှမ်းရေး ၁၂၊ ထောက်လှမ်းရေး (၆) တို့တွင် နည်းမျိုးစုံဖြင့် စစ်ကြော မေးမြန်းခံရသောကြောင့် ယနေ့တိုင် အမှတ်ရနေဆဲဖြစ်သည်။ မြေလှန်လျှင် မြက်ပုပ်၊ ဖြစ်ကြောင်းကုန်စင် ဇာတ်လှန်လျှင် ကြားရသူအပေါင်း ကြက်သီးထသွားမည်ဖြစ်သည်။

ကာယကံရှင်ကို အသာထားဦး။ မဆီမဆိုင် လက်ပံသားစားနဲ့ချိုင်ဆိုသကဲ့သို့ နီးစပ်ရာလူ၊ မိသားစုဝင်များကိုပါ ခေါ်ဆောင် နှိပ်စက်ခဲ့မှုများသည် တစ်ထောင့်တစ်ည ပုံပြင်မဟုတ်။ စစ်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် (အငြိမ်းစား) ကိုသာ မေးကြည့်စေလိုပါသည်။

သို့ကလို တစ်နွယ်ငင် တစ်စင်ပါ ဆိုသလို ခေါ်ယူနှိပ်စက်ခဲ့သောကြောင့် လူထုကြား၌ ထောက်လှမ်းရေးဆိုလျှင် ရွံစရာ၊ ကြောက်စရာ ဖြစ်ခဲ့ရသည်။ ထိုအချိန်မှစ၍ တစ်ဦးအပေါ်တစ်ဦး မယုံကြည်မှုများ၊ သံသယများ ဝင်လာခဲ့သည်။ စကားဝိုင်းတစ်ခု၌ လူစိမ်းတစ်ယောက်

ရောက်လာသည်နှင့် အားလုံးက တိတ်ဆိတ်သွားကြသည်။ အရေးကြီးသည်ဖြစ်စေ၊ မကြီးသည်ဖြစ်စေ သူစိမ်းတစ်ရံဆံရှေ့၌ မည်သူမျှ ပွင့်ပွင့်လင်းလင်း မပြောရဲ၊ မဆိုရဲအောင် လူတိုင်းလူတိုင်းသည် အပိတ်အမှောင်လောက၌ နှစ်ရှည်လများ နေလာခဲ့ရပေသည်။

ဤသို့ဖြင့် အာဏာရှင်အစိုးရနှင့် ပြည်သူလူထုသည် ကွာဟမှုတဖြည်းဖြည်းကြီးသထက် ကြီးကာ၊ မီးဝေးချိပ်ပမာ အနေဝေး၍ စိမ်းသွားခဲ့ကြသည်။ အစိုးရ ဘာလုပ်လုပ် လူထုသည် စိတ်မဝင်စားရုံမျှမက၊ မယုံကြည်ကြချေ။ လူထုယုံကြည်မှု မရှိသော၊ ထောက်ခံမှု မရှိသော အစိုးရလုပ်ဆောင်ချက်တိုင်းသည် မည်မျှပင် ရည်ရွယ်ချက် ကောင်းစေကာမူ မအောင်မြင်ဖြစ်ကာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ နောက်ဆုံး မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ ၁၀ နိုင်ငံ၌ အောက်ဆုံး အဆင့်သို့ လျှောကျသွားခဲ့ရသည်မှာ မည်သူမျှ ငြင်းမရပေ။

ထို့ပြင် စီးပွားရေး၊ လူမှုရေး၊ ပညာရေး စီမံခန့်ခွဲ အမှားအယွင်းများကြောင့် တိုင်းပြည်နှင့် လူထုသည် ချွတ်ခြုံကျသွားခဲ့ရလေသည်။

အချုပ်အားဖြင့် ဆိုရလျှင် မဆလပါတီ ကျဆုံးသွားပါသည်။ နိုင်ငံ၏ နိုင်ငံရေးမူဝါဒသည် မိမိတိုင်းပြည်နှင့်ကိုက်ညီသည့် နည်းဗျူဟာကို မချမှတ် မဆောင်ရွက်နိုင်ခြင်း၊ ခေတ်အခြေအနေ၊ မိမိတိုင်းပြည်အခြေအနေ နားလည်သဘောပေါက်မှု မရှိဘဲ တရားသေဝါဒ ကျင့်သုံးခဲ့ခြင်း၊ တိုင်းပြည် ရေရှည်အကျိုးစီးပွားရေး အလေးမထားဘဲ ပါတီမူဝါဒကိုသာ ဦးစားပေးဆောင်ရွက်ခဲ့မှုကြောင့် ကျဆုံးခဲ့ရခြင်း ဖြစ်ပေသည်။

ဗိုလ်ချုပ်ကြီးနေဝင်းကိုယ်တိုင်၏ နိုင်ငံရေးယုံကြည်ချက်မှာ နိုင်ငံတော်၏ အကျိုးအတွက် အဓိကမဟုတ်ဘဲ သူ၏အာဏာတည်မြဲရေးကိုသာ အဓိကထား၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် သူယုံကြည်စိတ်ချရသူများကို အရည်အချင်း ရှိ/ မရှိ၊ အကျင့်စာရိတ္တကောင်း၊ မကောင်း မစိစစ်ဘဲ နိုင်ငံတော်၏ကြီးလေးသော တာဝန်များကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ဗိုလ်ချုပ်နေဝင်းသည် နိုင်ငံရေးကို အပေါ်ယံကြောသာ နားလည်သူဖြစ်ပြီး သက်ဝင်ယုံကြည်သူ မဟုတ်ဟု ဝါရင့်နိုင်ငံရေးသမားဟောင်းကြီးများက ကွယ်ရာ၌ ဖွင့်ဟကြသည်။

အာဏာကို အဓိကထားသည်နှင့်အမျှ 'မူ' ထက် 'လူ' က အဓိက ဖြစ်ခဲ့ပါတော့သည်။ ပုံစံအားဖြင့် ပါတီမှ အခြေခံ လူတန်းစားနှစ်ရပ်ဖြစ်သော အလုပ်သမားနှင့် လယ်သမားများ၏ ဘဝကို မြှင့်တင်ပေးရန် မူချဖွဲ့စည်းခဲ့သော အဖွဲ့အစည်းများမှ တာဝန်ခံလူကြီးများသည် လယ်သမားများ၏ ဘဝအမှန်ကို မသိကြရုံမျှမကဘဲ လယ်သမားများ၏ တင်ပြချက်များကိုလည်း လုံးဝ ဂရုမစိုက်ခဲ့ကြသဖြင့် လယ်ယာလုပ်ငန်းများ ကျဆင်းကာ အရှေ့တောင်အာရှ၏ စပါးကျီအဖြစ်မှ အဆင်းရဲဆုံး နိုင်ငံဘွဲ့ကို ရရှိသည်အထိ ဖြစ်ခဲ့ရတော့သည်။

ထို့အတူ အလုပ်သမားများ၏ အခွင့်အရေးများကို အသေးစိတ် လေ့လာခြင်းမပြုဘဲ အပေါ်ယံကြောဖြင့် "ဝန်ထမ်းအားလုံး ခံစားခွင့်အတူတူဖြစ်ရမည်" ဟု လေသံဖြင့်သာ လုပ်ဆောင်ခဲ့သောကြောင့် လစာ၊ ဆုကြေး၊ ပင်စင် စသည်များတွင် အခွင့်အရေးမညီမျှမှုများ ဖြစ်ပေါ်ခဲ့သည်။ အလုပ်သမားများကို အလေးမထားမှုတစ်ဆင့် မမျှမတဖြစ်လာမှုများကြောင့် လုပ်အားများ ကျဆင်းရပြီး၊ နိုင်ငံအတွက် ထိခိုက်နစ်နာစေခဲ့သည်။

ဝန်ထမ်းများ အခွင့်အရေး ခံစားရရှိမှုတွင်လည်း လူကြီးပိုင်းနှင့် နီးစပ်သည့်ဌာနများကသာ ခံစားခဲ့ရသည်။

ဥပမာအားဖြင့် ဗိုလ်ချုပ်ကြီးနေဝင်း၏ စိတ်ဝင်စားမှု ခံရသော ကျောက်မျက်ရတနာ ကော်ပိုရေးရှင်းမှ ဝန်ထမ်းများ၏ မမှန်မကန် လုပ်



ဦးနေဝင်း မြေး (၃) ဦး

ဆောင်မှုကို အခြားအဖွဲ့အစည်းများမှ ဝန်ထမ်းများသည် ငုံ့၍ ခံခဲ့ကြရသည်။ ရဲအဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဌာန၊ အကောက်ခွန် အစရှိသည့် ဌာနအဖွဲ့အစည်းများမှ ဝန်ထမ်းများ ဖမ်းဆီးရမိသော အဖိုးတန်ကျောက်မျက်ရတနာများကို ထိုက်တန်သော တန်ဖိုးမပေးဘဲ ဝယ်ယူခဲ့ပြီး ပြန်ရောင်းပြီးသောအခါတွင် မြတ်စွန်းသည့်အပေါ်တွင် မူတည်၍ ဆုကြေးငွေများကို ကျောက်မျက်ဝန်ထမ်းများက ခွဲဝေယူခဲ့ကြသော်လည်း ဖမ်းဆီးပေးခဲ့သော အဖွဲ့အစည်းများအတွက် ဘာမှ ထပ်မံ ခံစားခွင့် မပေးခဲ့ချေ။

ဝန်ထမ်းများခန့်ထားရေးတွင်လည်း အာဏာနှင့် အခွင့်အလမ်းကို သုံးကြသဖြင့် ထိုက်တန်သော၊ အရည်အချင်းရှိသော နိုင်ငံသားများအပြားပင် အခွင့်အရေးများ ဆုံးရှုံးခဲ့ရသည်။ နိုင်ငံတော်အတွက်လည်း လူတော်လူကောင်းများ ဆုံးရှုံးနစ်နာခဲ့ရသည်။ လူကြီးများ၏ နွယ်ငင်ဆက်စပ်သော အရည်အချင်း မရှိသည့် လူများသာ အရှက်ကင်းမဲ့စွာ အခွင့်အရေးယူခြင်းကို တရားသဖြင့် ရရှိသကဲ့သို့ ပြောင်ပြောင်တင်းတင်း ပြုလုပ်လာခဲ့ကြသည်။

အာဏာကို အမိကထားသည်နှင့်အမျှ အာဏာရှိသူများသည် အခွင့်အရေးရှိသမျှကို မရှက်မကြောက် ရယူကြသည်ကို လူထုသည် သိလျက်နှင့် မတတ်သာဘဲ ခေါင်းငုံလည်စင်းခံခဲ့ရသည်။

ဤသို့ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် ပြည်သူ့အသက်စည်းစိမ်ကာကွယ်ရန် တာဝန်ပေးခံခဲ့ရသော လက်နက်ကိုင်အဖွဲ့အစည်း အသီးသီးများကလည်း နိုင်ငံသားများကိုသာ ဖိနှိပ်ညှဉ်းပန်းသည့် ယန္တရားများ ဖြစ်လာပါတော့သည်။ လူထုအား နည်းမျိုးစုံဖြင့် အနိုင်ကျင့် ဗိုလ်ကျနှိပ်ကွပ်လာခဲ့သည်။ လာဘ်မပေးဘဲ ဘာကိုမှ လုပ်၍ မရတော့လောက်အောင် ပျက်စီးခဲ့ရသည်။ လူထုကို အနိုင်ကျင့်ရုံမျှမက အစိုးရဌာနအချင်းချင်းကိုပင် နိုင်ရာစားဝါဒ ကျင့်သုံးလာခဲ့ကြတော့သည်။

ယင်းကဲ့သို့ ဖြစ်ပေါ်နေသော အခြေအနေမျိုးကို ဗိုလ်ချုပ်ကြီးနေဝင်းသည် လုံးဝ မသိရှိခဲ့၍လော၊ သိလျက်နှင့်ခွင့်ပြုခဲ့ခြင်းပေလော... ဗိုလ်ချုပ်ကြီးနေဝင်းသာ အသိဆုံးဖြစ်ပေလိမ့်မည်။ သို့သော် "မင်းနား တစ်ထောင်၊ မင်းမြော်င တစ်သိန်း" ဟူသော ဆိုရိုးစကားအရ လုံးဝ မသိနိုင်သော

အခြေအနေမျိုး မဟုတ်ဘဲ မသိချင်ယောင် ဆောင်နေခြင်း (ဝါ) အိပ်ချင်ယောင် ဆောင်နေခြင်းသာ ဖြစ်ပေလိမ့်မည်။

ဗိုလ်ချုပ်ကြီးနေဝင်းသည် ယင်း၏ အာဏာ တည်မြဲရေးနှင့် ဘဝ တည်မြဲရေးအတွက် အလွန် သတိကြီးစွာထား၍ ဆောင်ရွက်ခဲ့သည်။ ၎င်းထက် လက်ဝါးစောင်းထက်သူများ၊ ၎င်းအား ခြေရာတိုင်းလာနိုင်သူများအား ဖြုတ်ခြင်းကို ရက်စက်စွာပင် ပြုလုပ်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ခြင်းကြောင့် ပြိုင်ဘက်ကင်းသလောက်ပင် ဖြစ်လာခဲ့သည်။ ၎င်းအား အတိအလင်း ခြေရာတိုင်းမည့်သူ၊ ဆန့်ကျင်မည့်သူများ မရှိသလောက် ဖြစ်နေချိန်၌ နောင်တွင် ဖြစ်ပေါ်လာနိုင်သူများအား ဖော်ထုတ်နိုင်ရန် ဆောင်ရွက်ခဲ့သည်။

တစ်ဖန် ဗိုလ်ချုပ်ကြီးနေဝင်းသည် အလွန် ကွက်ကျော် မြင်တတ်သူ ဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေးသမားဟောင်း အများစု ပြောလေ့ရှိသော စကားတစ်ခုမှာ "ကွက်ကျော်ရိုက်တဲ့နေရာမှာတော့ ဗိုလ်နေဝင်းဟာ အတော်ဆုံးပဲ" ဟူ၍ ဖြစ်သည်။

ဗိုလ်နေဝင်းသည် တိုးတက်ပြောင်းလဲနေသော ကမ္ဘာ့စီးပွားရေး အခြေအနေကို လိုက်နိုင်ရန် မဆိုထားဘိ၊ အခြေခံစီးပွားရေး သဘောတရားကိုပင် နားလည်သဘောပေါက်ခြင်း မရှိကြောင်း၊ အတတ်ပညာရှင်များ၏ အကြံဉာဏ်ကိုလည်း ခံယူခြင်း မပြုကြောင်း၊ မြန်မာပြည်၏ စီးပွားရေး အခြေအနေသည် အလွန်ပင် ဆိုးဝါးသွားနိုင်ကြောင်း စီးပွားရေးစီမံကိန်းများ စတင် အကောင်အထည်ဖော်ချိန်မှစ၍ အတိအလင်း ထုတ်ဖော်တင်ပြခဲ့ကြသည်။

သို့သော် ဗိုလ်နေဝင်း၏ ခေါင်းမာမှု၊ ငါတကော ကောမှု၊ ဒေါသ ခက်ထန်မှု၊ မာန်မာနထောင်လွှားမှု စသည်တို့ကြောင့် မည်သူ၏ စေတနာဖြင့် အကြံပေးမှုကို လက်မခံခဲ့ချေ။ ဤသို့ဖြင့် အကြံကောင်း ဉာဏ်ကောင်း လေး ပေးမည့်သူများနှင့် ကူညီ အားပေးလိုသူများ ကင်းဝေးခဲ့ရတော့သည်။ ပို၍ ဆိုးသည်မှာ စည်းကမ်း ကန့်သတ်ချက် မရှိဘဲ နိုင်ငံပိုင်ပစ္စည်းများ၊ ငွေကြေးများကို ကိုယ်ကျိုးအတွက် အလွဲသုံးစားမှုပြုမှုပင် ဖြစ်သည်။ နိုင်ငံခြားမှ ကူညီထောက်ပံ့သော ငွေများသည် မည်သည့်အကြောင်းကြောင့်

မဆို နိုင်ငံပိုင် ငွေစာရင်းထည့်ပြီးမှသာ ဥပဒေ၏ ခွင့်ပြုချက်ဖြင့် အသုံးပြုရန်ဖြစ်သည်။ နိုင်ငံပိုင်ငွေကြေးဥစ္စာတို့ကို သက်ဆိုင်ရာ ဌာနသို့ စာရင်းမသွင်းဘဲ သုံးခြင်းသည် နိုင်ငံပိုင် ပစ္စည်းဥစ္စာကို ခိုးယူသူပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံခြား စာနယ်ဇင်းများ၏ ထုတ်ဖော်ချက်များအရ ဗိုလ်ချုပ်ကြီး၏ နိုင်ငံခြားဘဏ်တွင် အပ်နှံထားသော ငွေကြေးများမှာ အများအပြားပင်ရှိကြောင်း ဘူးပေါ်သလို ပေါ်ခဲ့တော့သည်။

ဗိုလ်ချုပ်ကြီးနေဝင်းအား ဆန့်ကျင်ဝေဖန်ထောက်ပြကြသော ပုဂ္ဂိုလ်များကို ၎င်း၏ အာဏာတည်မြဲရေးအတွက် တတိယအကြိမ် ပါတီညီလာခံကို အကြောင်းပြု၍ အရည်အချင်းရှိသော်လည်း စိုးရိမ်ရသော ပုဂ္ဂိုလ်များအဖြစ် သတ်မှတ်ကာ စစ်ဘက်နယ်ဘက် ပုဂ္ဂိုလ်အများအပြားကို ထုတ်ပယ်ပစ်ခဲ့သည်။ အရည်အချင်း မရှိသော်လည်း မစိုးရိမ်ရသော အသိုင်းအဝိုင်းကို ထူထောင်နိုင်ခဲ့သဖြင့် ယာယီအားဖြင့် သူသည် တည်ငြိမ်သော အာဏာရှင်ဘဝကို ထူထောင်နိုင်ခဲ့သည်။ ယင်းသို့ ထူထောင်ခဲ့မိခြင်းကပင် အာဏာရှင်စနစ်ကို အခြေအမြစ်ပါမကျန် လူထုက တူးဖော်ချေဖျက်ပစ်ရန်အတွက် စတင်ဖန်တီးပေးသကဲ့သို့ ဖြစ်ခဲ့ရပေသည်။

ဤသို့ဖြင့် နိုင်ငံတော် သယံဇာတပစ္စည်းများ ပြောင်သလင်းခါကာ နိုင်ငံတော်သည် ကမ္ဘာ့အဆင်းရဲဆုံး စာရင်းအဖြစ် ဝင်ခဲ့ပြီးနောက် သူ၏ မဆလပါတီသည်လည်း နိဂုံးကမ္ပတ် ချုပ်ငြိမ်းသွားခဲ့ရလေသည်။

❐

## အခန်း (၅)

## ဗိုလ်နေဝင်း၏ ဆင်ကွက်ထဲ ဝင်ခဲ့မိသော ဂဠုန်ဦးစော



အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံတော် အကြီးအကဲများအား လုပ်ကြံသတ်ဖြတ်ခဲ့သော နိုင်ငံတော် လုပ်ကြံမှု တရားခံ ဂဠုန်ဦးစောနှင့် သူ့နောက်လိုက်များသည် လုပ်ကြံသည့်နေ့မှာပင် ဖမ်းဆီးခံရပြီး အထူး တရားရုံး၌ တရား ရင်ဆိုင်ခဲ့ရကာ ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် အပြီးသတ်စီရင်ချက် ချမှတ်ခြင်းခံခဲ့ရသည်။

ထို့နောက် ဂဠုန်ဦးစော၊ မောင်စိုး၊ သက်နှင်း၊ မှုန်ကြီး တို့သည် ၁၉၄၈ မေလ ၈ရက် စနေနေ့တွင် အင်းစိန်ထောင်၌ သေဒဏ်စီရင်ခြင်း ခံရသည်။ တစ်ဖန် ရန်ကြီးအောင်၊ မောင်စိန် (ခေါ်) စိန်ကြီးတို့ နှစ်ဦးသည် ယင်းနေ့၌ပင် ရန်ကုန်အကျဉ်းထောင်၌ သေဒဏ် အစီရင်ခံရသည်။ သုခ၊ ခင်မောင်ရင်၊ မောင်နီတို့သည် အလုပ်ကြမ်းနှင့် ထောင်ဒဏ် အနှစ် ၂၀ သို့ ကျခံခဲ့ရသည်။ လုပ်ကြံမှု တရားခံ ဘညွန့် တစ်ဦးသာ အစိုးရ သက်သေ (ဖော်ကောင်) အဖြစ် သတ်မှတ်ခံရသောကြောင့် အမှုမှ လွတ်ကင်းခွင့် ရရှိသွားသည်။

ဤသို့ ဂဠုန်ဦးစောနှင့် သူ့နောက်လိုက်များအား တရားရုံးတော်က ပြစ်ဒဏ်စီရင်ချက် ချမှတ်ခဲ့မှုသည် ဘက်ပေါင်းစုံက ကြည့်လျှင် တရားမျှတမှု ရှိသည်ဟု ဆိုနိုင်သော်လည်း ဦးစောသည် ဗိုလ်နေဝင်း၏ ဆင်ကွက်ထဲ ဝင်မိခဲ့ပြီး တရားဆိုင်မှုတစ်ရပ်လုံးသည် တရားပြယုဂ်သာ ဖြစ်သည်ဟု ယုံကြည်သူ အများအပြားရှိခဲ့သည်။

အထူးသဖြင့် ထိတ်လန့် တုန်လှုပ်ဖွယ် ကောင်းလှသော နိုင်ငံရေး လုပ်ကြံ သတ်ဖြတ်မှုကြီး ဖြစ်ပွားပြီး နှစ် ၄၀ နီးပါးရှိသည့် ၁၉၈၆ ခုနှစ် ဧပြီလတွင် ကရင်အမျိုးသားအစည်းအရုံး (KNU)မှ ထုတ်ဝေသည့် စာစောင်တစ်ခုတွင် ပါရှိသော ဆောင်းပါးတစ်ပုဒ်တွင် ဦးစောသည် အပြစ်ရှိသော်လည်း စနစ်တကျ အကွက်ချထားသော နိုင်ငံရေး ဆင်ကွက်ထဲသို့ ဝင်ခဲ့မိသည်ဟူ၍ ဖော်ပြထားသည်။ အဆိုပါဆောင်းပါး၏ ခေါင်းစဉ်မှာ 'အောင်ဆန်းကို တကယ် ဘယ်သူသတ်သလဲ' ဟူ၍ ဖြစ်ပြီး ဆောင်းပါးရှင်၏ အမည်ကို 'ကျွန်ုပ်တို့၏ ရန်ကုန်သတင်းထောက်' ဟု ဖော်ပြထားသည်။

အဆိုပါဆောင်းပါးတွင်...

"၁၉၄၇ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံ၏ ဝန်ကြီးချုပ် ဦးအောင်ဆန်း ကို လျှို့ဝှက်ဆန်းကြယ်စွာ လုပ်ကြံသတ်ဖြတ်ခဲ့မှုသည် ကရင်လွတ်မြောက်ရေး ကြိုးပမ်းမှုတွင် ကြီးမားသော အချိုးအကွေ့တစ်ခုကို ဖြစ်စေခဲ့သည်။ ၃၉ နှစ် ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ထိုလူသတ်မှုအား အစစ်အမှန် ကြံစည်ဖန်တီးခဲ့သူများကိုမူ ယနေ့တိုင် လူသိရှင်ကြား မဖော်ထုတ်

နိုင်သေးချေ။ အမှု၏ အချက်အလက်များကိုလည်း ယနေ့ထက်ဘိုင် မဖြေရှင်းနိုင်သေးချေ"

"အစစ်အမှန် ပူးပေါင်းကြံစည်သူများထဲမှ အာရုံလွဲပြောင်းသွားစေရန် အကွက်ချပြီး ဦးစောကို တရားရုံးတင်ကာ အပြစ်ဒဏ်ချခဲ့ခြင်းမှာ ဆင်ကွက်တစ်ခုသာ ဖြစ်ကြောင်း ခိုင်လုံသော သက်သေအထောက်အထားများ ရှိနေသည်။ အကယ်၍ ဦးစောသည် အကွက်ဆင်ခံခဲ့ရသည်ဟု ဆိုလျှင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးခေါင်းဆောင်များကို မည်သူတို့က အမှန်တကယ် သတ်ခဲ့ကြပါသနည်း။ ဗိုလ်ချုပ်ကြီးနေဝင်းနှင့် အခြားပုဂ္ဂိုလ်များ ပါဝင်ပတ်သက်နေသည်ဆိုသည့် ကြာရှည်စွာ စွဲမြဲနေသော ကောလာဟလများတွင် အမှန်တရား မည်မျှလောက် ရှိနေပါသနည်း" ဟူ၍ ရေးသားဖော်ပြထားလေသည်။

ထိုနည်းတူစွာ ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့တော်၌ နေထိုင်လျက်ရှိသော ဦးခင်အောင် ရေးသားသည့် 'ဗိုလ်ချုပ်အောင်ဆန်းကို ဘယ်သူသတ်သလဲ' အမည်ရှိ စာအုပ်ကို ၁၉၉၂ ခုနှစ်တွင် ခေတ်ပြိုင်ဂျာနယ်တိုက်မှ ထုတ်ဝေဖြန့်ချိခဲ့သည်။

အဆိုပါ စာအုပ် အခန်း (၅) စာမျက်နှာ ၁၆၇ ၌

"ဦးအောင်ဆန်း လုပ်ကြံခံရမှုနှင့် ပတ်သက်၍ ရန်ကုန်ဘုရင်ခံရုံးမှ လန်ဒန်သို့ ပထမဆုံး အသေးစိတ် ရေးသားပေးပို့လိုက်သော ကြေးနန်းတွင် သေနတ်သမားများကို ဗိုလ်နေဝင်း ၏ အမှတ် (၄) ဗမာ့လက်နက်ကိုင်တပ်မှ တပ်ဖွဲ့ဝင်များအဖြစ် ဖော်ပြထားသည်" ကို သတိချပ်သင့်သည်။

ထို့နောက်ပိုင်း ဘုရင်ခံရုံးမှ ပေးပို့သော ကြေးနန်းစာများတွင်မူ ပဟေဠိဆန်လှသော ယင်းသတင်းကို ချန်လှပ်ထားခဲ့တော့သည်။ ယင်းသည် မှားယွင်းသော ဖော်ပြမှုပေပဲလား။ သို့မဟုတ် နိုင်ငံရေးရာ ထောက်ထားစရာ အကြောင်းများကြောင့် အာဏာပိုင်များက ကနဦး သတင်းပေးပို့မှုကို ဆက်လက် စုံစမ်းစစ်ဆေးခြင်း မပြုဘဲ ရှောင်ရှားခဲ့ခြင်းပေပဲလား။ ကျွန်ုပ်တို့ မည်သည့်အခါမျှ သိနိုင်တော့မည် မဟုတ်ပေ။ သို့သော်လည်း ဥဏ်နီဥဏ်နက်များလှသော အမှတ် (၄) ဗမာ့လက်နက်ကိုင်တပ်၏ တပ်ရင်းမှူးသည် ထိုအချိန်မှစ၍ မြန်မာ့မြင်ကွင်းတွင် ခြောက်လှန့်လျက် ရှိနေပေတော့သည်။

၁၉၁၀ ပြည့်နှစ်တွင် ဖွားမြင်ခဲ့သည့် တရုတ်–ဗမာ ကပြားဖြစ်သူ ငယ်နာမည် ရှုမောင် (ခေါ်) ဦးနေဝင်းသည် ဦးနုထက် (၃) နှစ် ငယ်ပြီး၊ ဦးအောင်ဆန်းထက် (၅) နှစ်ကြီးသူ ဖြစ်သည်။ ရဲဘော်သုံးကျိပ် အဖွဲ့ဝင် ဖြစ်ပင် ဖြစ်သော်ငြားလည်း ဦးနေဝင်းသည် ၁၉၄၆ ခုနှစ် နောက်ပိုင်းကျမှသာ ယှဉ်ပြိုင်သူများကို ရက်ရက်စက်စက် ဖယ်ရှားပြီး ထိပ်ပိုင်းနေရာသို့ မရမနေ စတင်တက်လှမ်းလာနိုင်ခဲ့ခြင်း ဖြစ်သည်။ လွတ်လပ်ရေးရရှိပြီးနောက် ကွန်မြူနစ်များ၊ ပြည်သူ့ရဲဘော်များ တောခိုသွားကာ အမှတ် (၁) နှင့် အမှတ် (၃) ဗမာ့လက်နက်ကိုင်တပ်များက ပုန်ကန်ထကြွသည့် အချိန်တွင် ဗိုလ်နေဝင်း၏ အမှတ် (၄) ဗမာ့လက်နက်ကိုင်တပ်သည် အစိုးရအတွက် တစ်ခုတည်းသော မှီခိုအားထားရာ၊ အဓိကမဏ္ဍိုင်ကြီး ဖြစ်လာခဲ့သည်။ သို့သော်လည်း နိုင်ငံတော်ကာကွယ်ရေးကို တစ်ပြည်လုံး ဖြန့်ကျက်ထားနိုင်ရန်အတွက် ဦးတင်ထွဋ် ၏ ပြည်ထောင်စုအရန်တပ်ဖွဲ့များကဲ့သို့သော တပ်ဖွဲ့အသစ်များကို ထူထောင်ခဲ့ရသည်။

အမျိုးသားညီညွတ်ရေး ခိုင်မာစေရန် ရည်ရွယ်၍ တိုင်းရင်းသားကရင်အမျိုးသားတစ်ဦးဖြစ်သူ ဒုတိယ ဗိုလ်ချုပ်ကြီး စမစ်ဒွန်း(Lt. Gen Smith Dun)ကိုပင် တပ်မတော်၏ ကာကွယ်ရေးဦးစီးချုပ်အဖြစ် အစိုးရက ခန့်အပ်ခဲ့ရသည်။ သူ့လက်အောက်တွင်မှာ ဒုတိယ ဦးစီးချုပ် (၂)ဦး ရှိသည်။ တစ်ဦးမှာ ဗိုလ်ချုပ်ဖြစ်လာသော ဗိုလ်နေဝင်းနှင့် နောက်တစ်ဦးမှာ ရဲဗိုလ်ချုပ်ဖြစ်သူ ဦးထွန်းလှအောင် ဖြစ်သည်။ စစ်တပ်ရာထူးတွင် နံပါတ် (၄) နေရာ၌ ရှိနေသော ဦးတင်ထွဋ် သည် လက်သည် တရားခံလူသတ်သမား မပေါ်ဘဲ ၁၉၄၈ ခုနှစ် စက်တင်ဘာလ (၈) ရက်နေ့တွင် လုပ်ကြံခြင်းခံခဲ့ရသည်။

ထို့နောက် လ အနည်းငယ်အကြာတွင် ကရင်လက်နက်ကိုင်ပုန်ကန်မှု ပေါ်ပေါက်လာခဲ့သည်။ ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စမစ်ဒွန်းသည် လက်ရှိ အစိုးရအပေါ် ဆက်လက် သစ္စာစောင့်သိနေသော်လည်း ကရင် စစ်အရာရှိများအပေါ် သံသယ ရှိလာသဖြင့် သူသည် ရက်အကန့်အသတ်မရှိ ခွင့်ရက်ရှည် ယူခိုင်းခြင်းကို ခံခဲ့ရသည်။ သူ့ကို ၁၉၄၉ ဖေဖော်ဝါရီ ၁ ရက်နေ့တွင် အနားပေးလိုက်ပြီး၊ အလုပ် မလုပ်သူ



ဗိုလ်ချုပ်အောင်ဆန်း

များ စာရင်းတွင် ထည့်သွင်းခြင်းခံရကာ သူသည် ကချင်ပြည်နယ်အတွင်းတွင် မိမိသဘောနှင့်မိမိ အဝေးသို့ သွားရောက်နေထိုင်ခဲ့လေသည်။

ဗိုလ်ချုပ်ထွန်းလှအောင်သည် ဗြိတိန်နိုင်ငံရှိ ကမ္ဘာကျော် ဆင်းဟတ်စ် (Sanhurtst) ဘုရင်စစ်ကောလိပ်သို့ ဝင်ခွင့်ရခဲ့သော ပထမဆုံး မြန်မာအမျိုးသားဖြစ်ပြီး၊ ၁၉၂၂ ခုနှစ် သင်တန်းပြီးဆုံး၍ ဘွဲ့ရသည်နှင့် ဘုရင်၏ ရာထူးခန့်ထားခြင်းကို ခံခဲ့ရသူဖြစ်သည်။ သူသည်လည်း ၁၉၄၈ ခုနှစ်တွင် လန်ဒန်မြို့ရှိ မြန်မာသံရုံးသို့ မြန်မာစစ်သံမှူးအဖြစ် စေလွှတ်ခြင်းခံခဲ့ရသည်။ အဆိုပါရာထူးမှာ ယခင် သူကိုင်တွယ်ခဲ့ရသည့် ရာထူးထက် အဆင့်များစွာ နိမ့်သော ရာထူးဖြစ်လေသည်။ ၁၉၅၁ ခုနှစ်တွင် ဗြိတိန်နိုင်ငံရှိ မြန်မာသံရုံးတွင် သူ့တာဝန်သက်တမ်း ကုန်ဆုံးခဲ့ပြီးနောက် အမိမြန်မာနိုင်ငံသို့ ပြန်လာခဲ့ရာ သူစီးလာသော သင်္ဘောသည် သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ) ကိုလံဘိုဆိပ်ကမ်းသို့ ဆိုက်ကပ်ချိန်တွင် သူ့ကို မြန်မာထောက်လှမ်းရေး အရာရှိများ၍က လာရောက်တွေ့ဆုံပြီး သူကိုင်ဆောင်ထားသော နိုင်ငံကူးလက်မှတ်ကို ပယ်ဖျက်ပစ်လိုက်ကြသည်။ ဤသည်မှာ ရှင်းပြ၍ မရနိုင်လောက်သော ထူးဆန်းမှု ဖြစ်သည်။ သို့ဖြင့် သီဟိုဠ်

တွင် ၁၉၅၄ ခုနှစ်အထိ သောင်တင်နေခဲ့ရသည်။ မြန်မာနိုင်ငံ၏ ဗမာ့တပ်မတော်၌ အဆင့်မြင့်ဆုံး စစ်တပ် အရာရှိကြီး (၄) ဦး ရှိသည့်အနက် ၁၉၄၉ ခုနှစ်အရောက်တွင်မူ ဗိုလ်နေဝင်း တစ်ယောက်သာ ကျန်ရစ်ခဲ့လေတော့သည်။

ဗိုလ်နေဝင်းသည် 'မက်ခီယာဗယ်လီ' (Niccolo di Bernardo dei Machiavelli -1469-1577) အယူအဆသမား၊ အာဏာအရူးအမူးသမားဖြစ်သည်မှာ ယခင်ကလည်း မှန်ခဲ့သည်။ ယခုလည်း မှန်နေသေးသည်။ သံသယ ဖြစ်စရာမရှိပေ။ နိုင်ငံရေးလောကအတွင်း၌ ဖြစ်စေ၊ စစ်တပ်အတွင်း၌ ဖြစ်စေ၊ သူ့ပြိုင်ဘက်မှန်သမျှကို ၁၉၄၀ ပြည့်နှစ်မှ ယနေ့အထိ ဖယ်ရှားပစ်ခဲ့သည့် သူ့လက်သူ့ခြေရာများကို မြန်မာအများစု မြင်တွေ့နေရသည် မဟုတ်ပါလော။ ထို့နောက် သူ၏ လှုပ်ရှားမှုများ ပို၍ လက်သွက်လာခဲ့သည်။

၁၉၄၇ ခုနှစ်၌ အများမြင်ကွင်းမှ ဗိုလ်ချုပ်အောင်ဆန်း ပျောက်ကွယ်သွားခဲ့ရသည်ကို ဗိုလ်နေဝင်းအနေဖြင့် စိတ်သက်သာရရကာ ကျိတ်ပြီးဝမ်းအသာကြီး သာနေလိမ့်မည်ဟု ယူဆလျှင်ကား အကြောင်းအကျိုးဆီလျော်သည်ဟု ဆိုရပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် အမြင့်ဆုံးအာဏာအတွက် သူ့အမိက ယှဉ်ပြိုင်ဘက်ကြီး မရှိတော့၍ ဖြစ်သည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းနှင့် သူ့လုပ်ဖော်ကိုင်ဘက်များအား ဂဠုန်ဦးစောက သတ်ချင်လာအောင် သူ့အနေဖြင့် နောက်ကွယ်က ကြိုးကိုင်၍ အကွက်ဆင်နိုင်လောက်အောင် စွမ်းဆောင်နိုင်ပါမည်လော။ ယင်းသို့ဆိုလျှင် အလွန်အမင်း အထင်ကြီးရာ ရောက်ပြီး၊ မြှောက်ပင့်ရာ ကျနေမည်လော။ သို့သော်လည်း ယနေ့အခါတွင် ပြည်ပရောက် မြန်မာအချို့က ထိုအတိုင်းပင် ယုံကြည်လျက် ရှိနေကြပေသည်။

ဖလော်ရီဒါ၌ အလုပ်လုပ်နေသော မြန်မာဆရာဝန်တစ်ဦးဖြစ်သည့် ဒေါက်တာကြင်ဟိုး (ခေါ်) ဒေါက်တာနိုင်ဝင်း က 'ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာ့အာဇာနည်များ လုပ်ကြံမှုကြီးအတွင်းရေး' အမည်ရှိ စာအုပ်တစ်အုပ် ရေးသား၍ ၁၉၉၂ ခုနှစ် မေလတွင် အမေရိကန်ပြည်ထောင်စု ဖို့ဒ်လော့ဒ်ဒါဒေးလ် (Fort Lauderdale) တွင် ထုတ်ဝေခဲ့သည်။ အဆိုပါ စာအုပ်

ငယ်၌ ဗိုလ်လက်ျာ၏ ညီငယ်ဦးမြလှိုင် နှင့် သူတို့ ပြောဆို ဆွေးနွေးချက် အပေါ် အခြေခံ၍ ရေးသားထားခြင်းဖြစ်သည်။ ယင်းစာအုပ်၌ ဦးမြလှိုင် သည် တစ်ချိန်က ဗမာပြည် လက်နက်ကိုင် တိုက်ခိုက်ရေး ပုလိပ်တပ်ဖွဲ့ (Burma Armed Police Striking Force) တွင် အမှုထမ်းဆောင်ခဲ့သူ ဖြစ်ပြီး နောက်ပိုင်းတွင် ပေဖူးလွှာ မဂ္ဂဇင်းကို ဦးစီးထုတ်ဝေ၍ အယ်ဒီတာ ချုပ်အဖြစ် ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ သူသည် ၁၉၈၇ ခုနှစ် ဇူလိုင်လ တွင် အမေရိကန်ပြည်ထောင်စု အတ္တလန်တိတ် ပြည်နယ်များ၏ တောင် ပိုင်းအစွန်ဆုံး ဖလော်ရီဒါရှိ သူကိုယ်ပိုင် ဆေးကုခန်းဖွင့်ထားသော ဒေါက် တာ ကြင်ဟိုးနှင့် ဦးမြလှိုင် စတင်တွေ့ဆုံခဲ့ရပြီး ဒေါက်တာကြင်ဟိုး က သူ၏ စိတ်လှုပ်ရှားဖွယ် ပြန်ပြောင်းပြောပြချက်ကို စတင်ခဲ့သည်။ ထို့နောက်ပိုင်းတွင် သူတို့နှစ်ဦး ပိုမိုရင်းနှီးလာရာမှ အတူတကွ စားသောက် ရင်း ထွေရာလေးပါး ဆွေးနွေးပြောဆို ဖြစ်ကြသည်။ ဒေါက်တာကြင်ဟိုး



ဗိုလ်ချုပ် ရုပ်ကလာပ်အား နေအိမ်၌ တွေ့မြင်ရစဉ်။

အနေဖြင့် ၁၉၅၇ ခုနှစ်က ဖတ်မိခဲ့သော လူထုဦးလှ၏ စာအုပ်တစ်အုပ်ထဲမှ ရေးသားထားသည့် ဂဠုန်ဦးစော၏ အသက်အား ရန်ရှာရန်ကြိုးစားခြင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြားအာဇာနည်များအား လုပ်ကြံသတ်ဖြတ်ခြင်းစသည့် အကြောင်းခြင်းရာတို့သည် ထိုစဉ်မှပင် သူ့စိတ်ကို ရှုပ်ထွေးစေလျက် ပဟေဠိပုစ္ဆာတစ်ပုဒ်အလား အတွေးပွားစေခဲ့သည်။

သို့ဖြင့် ၁၉၈၈ စက်တင်ဘာလ ၁၀ တွင် ဦးမြလှိုင်၏ နေအိမ်၌ ၎င်းတို့နှစ်ဦးသည် ဤအကြောင်း စကားစပ်မိရာမှ ဦးမြလှိုင်က ဒေါက်တာကြင်ဟိုးအား အောက်ပါအတိုင်း အသေးစိတ် ဖွင့်ဟ ပြောပြခဲ့လေသည်။

ဦးမြလှိုင်သည် တစ်ချိန်က ရန်ကုန်ဘဆွေနှင့် အလွန် ရင်းနှီးခင်မင်ခဲ့သည်ဟု ဆိုသည်။ သူ (ဦးမြလှိုင်) နှင့် ရန်ကုန်ဘဆွေတို့ နှစ်ဦးမှာ ဂဠုန်ဦးစော၏ အသက်ကို ရန်ရှာသယောင် ကြံစည်နိုင်ရန်အတွက် (၂) လကြာ သင်တန်းပေးလေ့ကျင့်ခံရကြောင်း၊ ထိုသို့ကြံစည်ခြင်းဖြင့် ဦးအောင်ဆန်းက နောက်ကွယ်မှ ကြိုးကိုင်၍ သွေးထိုးမြှောက်ပင့်ပေးသူအဖြစ် ဦးစော အထင်မှား၊ အမြင်မှားစေရန် ဖြစ်ကြောင်း သူက အတိအလင်း ဖွင့်ဟခဲ့သည်။ ဤသို့သော သူရဲဘော ကြောင်လှသည့် လုပ်ရပ်အား စည်းရုံးစီမံသူများမှာ အခြားသူ မဟုတ်။ ဗိုလ်နေဝင်းနှင့် သူ၏ အနီးကပ်ဆုံး လုပ်ဖော်ကိုင်ဖက်ဖြစ်သူ ဗိုလ်မှူးချုပ်အောင်ကြီးတို့သာ ဖြစ်သည်ဟု ဦးမြလှိုင်က ပြောပြခဲ့သည်။

ဒေါက်တာကြင်ဟိုး ပြန်ပြောင်း ပြောပြသည့် ဦးမြလှိုင်၏ ပြောဆိုချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

"တစ်နေ့ ကျွန်တော် စစ်ရုံးမှာ အလုပ်ပြီးလို့ အိမ်ပြန်မယ်အလုပ်မှာ ကျွန်တော့်ဆရာ ဗိုလ်အောင်ကြီးက..."

"ကိုမြလှိုင်... ခင်ဗျား အိမ်မပြန်နဲ့ဦး၊ ကျွန်တော့်အိမ်ကို လိုက်ခဲ့။ အရေးကြီးတဲ့ ကိစ္စတစ်ခု ဆွေးနွေးစရာရှိတယ်" လို့ ကျွန်တော့်ကို ပြောပါတယ်။ ဒါနဲ့ပဲ ကျွန်တော်လည်း သူနဲ့ လိုက်သွားပါတယ်။ အဲ့ဒီရောက်တော့ သူက ကျွန်တော့်ကို မေးတယ်။ 'ခင်ဗျားမှာ ငွေဘယ်လောက်ရှိသလဲ' တဲ့၊ ကျွန်တော်က 'ကျွန်တော့်မှာ ငွေတစ်သိန်း၊ နှစ်သိန်းလောက်တော့ ရှိပါတယ်' လို့ ပြန်ဖြေတော့ သူက ' ကောင်းတယ်၊ ဒါဆို

ခင်ဗျားအိမ်အတွက် လုံလောက်တယ်။ ကျွန်တော်တို့မှာ အထူးတာဝန်တစ်ခု လုပ်စရာ ရှိတယ်။ ကျွန်တော့်အိမ်မှာ ခင်ဗျားနေ...၊ အားလုံး ကိစ္စဝိစ္စပြီးရင် ခင်ဗျား အိမ်ပြန်နိုင်တယ်'လို့ ပြောပါတယ်။ ဒီလိုနဲ့ ဗိုလ်အောင်ကြီး အိမ်မှာ ကျွန်တော် (၂) လလောက် နေခဲ့ရတယ်။ ရန်ကုန်ဘဆွေကတော့ ဗိုလ်နေဝင်းအိမ်မှာ နေပြီး သေနတ်တစ်လက်နဲ့ အပစ် လေ့ကျင့်နေရတယ်။ လုံးဝ သေချာဖို့ ကျွန်တော်တို့ကို ပို လေ့ကျင့်ပေးတာပါ။ (တကယ်တော့ ရန်ကုန်ဘဆွေဟာ လက်တည့်ပြီးသားပါ) ပြီးတော့ ဦးစောရဲ့ လှုပ်ရှားမှုကို ကျွန်တော်တို့ အသေးစိတ် လေ့လာရတယ်။ သူရုံးကို သွားဖို့ အိမ်ကနေ ဘယ်အချိန်ထွက်တယ်။ ဘယ်အချိန် ပြန်ရောက်တယ်... စသဖြင့်ပေါ့။ ဦးစော အသက်ကို ရန်ရှာဖို့ လုပ်တဲ့နေ့ သူက သူ့အနက်ရောင် ကားကြီးထဲမှာ ဒရိုင်ဘာဘေးက ထိုင်လိုက်လာတယ်။ ကျွန်တော်တို့က သူ့နောက်က ကပ်လိုက်သွားတယ်။ နေရာကောင်းလည်း ရောက်ရော၊ ကျွန်တော်တို့က သူ့ကားကို ကျော်တက်လိုက်တာပဲ။ ပထမပစ်ချက်က ဦးစော နဖူးကို ရှပ်မှန်သွားတယ်။ နောက်တစ်ချက် ထပ် ပစ်တယ်။ အဲဒါက ဦးစောကို မထိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဦးစောက သူ့ထိုင်ခုံအောက် လျှောချလိုက်လို့ပဲ။ တတိယအချက်ကတော့ မိုးပေါ်ထောင်ပစ်လိုက်တာပါ။ ရန်ကုန်ဘဆွေက... 'ဟေး၊ ကိုမြလှိုင်၊ မောင်းပြေးပေတော့'လို့ အော်ပြောလိုက်တယ်"

"ကျွန်တော် ဘယ်လောက် မြန်မြန်မောင်းလိုက်လည်း မသိဘူး။ အိမ်ကိုဘယ်လို ပြန်ရောက်လာမှန်းတောင် မသိတော့ဘူး။ သေနတ်ကတော့ ဗိုလ်နေဝင်းရဲ့ ကိုယ်ပိုင်သေနတ်ပါ။ ရန်ကုန်ဘဆွေနဲ့ ကျွန်တော်တို့ လုပ်ကြတာကို ဂဠုန်ဦးစော လုံးဝ မသိခဲ့ပါဘူး။ ဒါကတော့ ကျွန်တော်တို့ (၄) ယောက်၊ ဗိုလ်နေဝင်း၊ ဗိုလ်အောင်ကြီး၊ ရန်ကုန် ဘဆွေနဲ့ ကျွန်တော် (ကိုမြလှိုင်) တို့ပဲ သိတာပါ"

ဗိုလ်နေဝင်းသည် ဗိုလ်ချုပ်အောင်ဆန်းကို မနာလိုဖြစ်နေခဲ့ပြီး၊ အမြဲ ကြောက်နေခဲ့ရသည်ဟု ဒေါက်တာကြင်ဟိုးက ဖြည့်စွက်ပြောသည်။ ထို အချိန်က အပျော်ကြူး၍ လက်လွတ်စပယ် အသုံးအဖြုန်းကြီးသော ဗိုလ် နေဝင်းကို ဗိုလ်ချုပ်အောင်ဆန်းက ဆူပူကြိမ်းမောင်းခဲ့ဖူးသည်။ ဗိုလ်



**အာဇာနည် (၉) ဦး**

နေဝင်းက ဦးစော အသက် မဆုံးရှုံးစေဘဲ ရန်ရှာရုံသက်သက် 'မြင်းသမားဥာဏ်' နှင့် ကြံစည်စီစဉ်ခဲ့ခြင်း ဖြစ်သည်။ ထိုနေ့က ကားထဲပါသူ သေနတ်သမား နှစ်ယောက်ကိုလည်း ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်ပိုင်တပ်ဖြစ်သည့် ပြည်သူ့ရဲဘော်အဖွဲ့ (PVO) မှ ယူနီဖောင်းများကို ဝတ်ထားစေခြင်းဖြင့် သူ့အသက်ကို ရန်ရှာမှု နောက်ကွယ်တွင် ဗိုလ်ချုပ်ရှိနေသည်ဟု ဦးစော ထင်မြင်သွားစေရန် ဖြစ်သည်။ သို့မှသာ ဦးစောက ဗိုလ်ချုပ်အောင်ဆန်းကို ရန်တုံ့ပြန် လက်စားချေပေလိမ့်မည်ဟု တွက်ဆထားသည်။

သေနတ်သမားများ မည်သို့မည်ဝါဖြစ်သည်ဟူသော အချက်နှင့် သူတို့၏ ရည်ရွယ်ချက်၊ ဦးတည်ချက်များမှ လွဲ၍ ဤအဖြစ်အပျက်၏ အသေးစိတ်ကို ၁၉၄၀ ပြည့်နှစ်များ နောက်ပိုင်းတွင် မှတ်တမ်းတင်ထားနိုင်ခဲ့ပြီး ဖြစ်လေသည်။ ဗိုလ်ချုပ်အောင်ဆန်း အသက် မခံရမီ (၁၀)လ

အလို ၁၉၄၆၊ စက်တင်ဘာ ၂၁ တွင် ဦးစော အသက်ကို ရန်ရှာခြင်းတို့ ကို လုပ်ကြံမှုအတွက် စေ့ဆော်ချက်အဖြစ် တရားရင်ဆိုင်နေစဉ်အတွင်း တွင်ပင် ကိုးကားခြင်းခံခဲ့ရလေသည်။

သို့သော် ဦးမြလှိုင်၏ နောက်ကြောင်းပြန် ဖွင့်အန်ခြင်းများသည် ခိုင်လုံမှု မည်မျှရှိသည်ကိုမူ မည်သူမျှ သိနိုင်တော့မည်မဟုတ်ချေ။ ရန်ကုန် ဘဆွေသည် အတန်ကြာကပင် ဦးနောက်ကင်ဆာ ရောဂါဖြင့် ၁၉၈၆ စက်တင်ဘာလ ၁၇ ရက်နေ့တွင် သေဆုံးသွားခဲ့ပြီး ဦးမြလှိုင်မှာလည်း မြန်မာပြည်သို့ သွားရောက်လည်ပတ်ပြီး နှစ်အနည်းငယ်အကြာ ၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားခဲ့သောကြောင့် ဖြစ်လေသည်။

သူတို့ မကွယ်လွန်မီ ၁၉၈၉ ဇူလိုင်လ အာဇာနည်နေ့၊ အထူးထုတ် 'The Burma Review' စာစောင်၊ အမှတ်စဉ် (၆) တွင် မောင်ထူး (ဝိဇ္ဇာ–သိပ္ပံ တက္ကသိုလ်) ရေးသားခဲ့သော 'ဒီမိုကရေစီသို့ နောက်ဆုံးခရီး' ဆောင်းပါးတွင် ဦးအောင်ဆန်းအား လုပ်ကြံသတ်ဖြတ်ရန် ပူးပေါင်းကြံစည်မှုတွင် ဗိုလ်ချုပ်ကြီးနေဝင်းအနေဖြင့် ဦးဆောင်မှုကဏ္ဍမှ ပါဝင်ခဲ့ပုံနှင့် ဦးအောင်ဆန်း အပေါ် ထားရှိသော ဦးနေဝင်း၏ သဘောထားတို့နှင့်ပတ်သက်၍ ဤသို့ ရေးသားထားလေသည်။

"ဦးနေဝင်းသည် ဗိုလ်မှူးချုပ်အောင်ကြီးနှင့် တိုင်ပင်ပြီး သကာလ အခွင့်အရေးသမားတစ်ဦး ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်း၏ အဓိက ပြိုင်ဘက် ကြီးဖြစ်သော ဦးစောကို သေနတ်ဖြင့် ပစ်ရန် သေနတ်သမား (၂) ဦး ကို တာဝန်ပေးအပ်ခဲ့သည်"

ဦးအောင်ဆန်းအား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်ရခြင်း၏ ရည် ရွယ်ချက် အသေးစိတ် အတိအကျကို သိရှိခဲ့ကြသူ ဗိုလ်ချုပ်ကြီးဟောင်းများ နှင့် စစ်တပ်ခေါင်းဆောင်များ အနည်းငယ်သာ ရှိခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် စစ်တပ်က အာဏာသိမ်းခဲ့ပြီး ဇူလိုင်လ ၁၉ ရက်တွင် အာဇာနည်ကုန်းသို့ စစ်ဝတ်စုံပြည့်ဖြင့် ချီတက်ကြရန် စစ်တပ်က စီစဉ်ခဲ့သည်။ တပ်မတော် စတင်တည်ထောင်ခဲ့သူ ဦးအောင်ဆန်းသာ အသက်ထင်ရှားရှိခဲ့ပါမူ ယင်း အာဏာသိမ်းမှုကို သဘောတူလိမ့်မည်ဟု လူထုကို ပြသရန်ဖြစ်သည်။

တော်လှန်ရေးကောင်စီဝင် (၁၇) ဦးအနက် (၁၄) ဦးသည် ထို ချီတက်မှုနှင့် ပတ်သက်သည့် အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။ ဗိုလ်မှူးချုပ်တင်ဖေက ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးခဲ့ရမှုကို ဝမ်းနည်းတသ ပြောဆိုခဲ့သည်။ ဗိုလ်ချုပ်နေဝင်းက ထရပ်လိုက်ပြီး 'ဘာလို့ ဝမ်းနည်း နေရမှာလဲ။ ဗိုလ်ချုပ်အောင်ဆန်းဟာ လူပျော့တစ်ယောက်ပဲ၊ ဒါ့အပြင် တိုင်းပြည်ရဲ့ ပြဿနာတွေအပေါ် သူ့ထက်စာရင် ဘယ်လို ကိုင်တွယ် ရမယ်ဆိုတာ ငါ အများကြီး ပိုသိတယ်' ဟု ခပ်ပြတ်ပြတ် ပြောဆိုလိုက် သည်။

"ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည် ခေါင်းဆောင်ကြီးများ ကျ ဆုံးခဲ့သော အာဇာနည်နေ့ အထိမ်းအမှတ် ချီတက်မည့် မဟာစီမံကိန်း ကြီးမှာလည်း ချက်ချင်းပင် ပျောက်ကွယ်သွားခဲ့ရလေသည်" ဟူ၍ ရေး သားထားလေသည်။

ဦးခင်အောင်၏ **'ဗိုလ်ချုပ်အောင်ဆန်းကို ဘယ်သူ သတ်သလဲ'** စာအုပ်၊ စာမျက်နှာ ၁၇၄ ၌ပင် ဆက်လက်ဖော်ပြထားသည်မှာ...

"ဗိုလ်နေဝင်းသည် သူ့ဘဝရှေ့ရေးအတွက် ပြဿနာတစ်ရပ်ကို စဉ်းစားရာ၌ လောင်းကစားသမားပီပီ အမှားအမှန်ကို အဓိက မထားဘဲ အနိုင်အရှုံးကိုသာ အမြဲတမ်း အဓိက ထားတတ်သူဖြစ်၍ ဗိုလ်ချုပ် အောင်ဆန်း တပ်မှထွက်ကာ နိုင်ငံရေးနယ်ထဲသို့ ဝင်ရောက်သွားချိန်တွင် သူ၏စဉ်းစားခန်းဝင်ခဲ့သည်မှာ ဂျွန်ဦးစောသည် တစ်ချိန်က နန်းရင်း ဝန်ဟောင်းတစ်ဦး ဖြစ်ခဲ့၍ သူ့ကို အထင်သေး၍ မရ။ အကယ်၍ သူသည် မတော်တဆ ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံရေးအရ ဈေးကစားချက်အား ပြိုင်ရာ၌ ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ 'တစ်နှစ်အတွင်း လုံးဝ လွတ်လပ်ရေး' ဟု ကြွေးကြော်သံ မပေးဘဲ ဗြိတိသျှအစိုးရအား 'ဒိုမီနီယန်' လျှော့ဈေး ပေးကာ ဝန်ကြီးချုပ်ဖြစ်သွားခဲ့သော ဦးတင်ထွဋ်သည် သူ့လူရင်းဖြစ်ရုံ သာမက ပညာအရည်အချင်းအားဖြင့်လည်း အိန္ဒိယပဋိညာဉ်ခံဝန်ထမ်း (I.C.S) ဖြစ်သောကြောင့် မျိုးချစ်ပါတီအစိုးရတွင် ကေန်မုချ ကာကွယ် ရေးဝန်ကြီး ဖြစ်လာလိမ့်မည်။ ထို့ကြောင့် ဗိုလ်နေဝင်းသည် ရှေ့ဆက်မတွေး တော့ဘဲ ရန်ကုန်ဘဆွေနှင့် လွန်စွာရင်းနှီးသော မြင်ခြံသား ဗိုလ်ကြီး

(ယပက်လက်) လှရွှေ အား တစ်ဆင့်ပြောဆိုချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

"ဂဠုန်ဦးစောအား ရှေ့ဦးစွာ သုတ်သင်ရှင်းလင်းရန်အတွက် သူနှင့် ကိုမြလှိုင်တို့သည် စပတ်လမ်း တစ်နေရာမှ ဂဠုန်ဦးစောအား သူ၏ **'သူရိယ'** သတင်းစာတိုက် ရုံးပေါ်မှ ဆင်းလာပြီး၊ ကားပေါ်တက်ချိန်အထိ စောင့်၍ သူ့ကားနှင့် မလှမ်းမကမ်းမှ ကပ်လိုက်သွားကြသည်။ ဂဠုန်ဦးစော အမြဲသွားလေ့ရှိသော အိမ်ပြန်လမ်းများအတိုင်း လိုက်သွားရာမှ အခါအခွင့် ကောင်းမည့် ရန်ကုန်ထောင်ကြီးနှင့် ပြည်လမ်းထိပ်တစ်နေရာတွင် ရန်ကုန် ဘဆွေသည် ထိုအခွင့်ကောင်းကို လက်မလွှတ်ဘဲ သူက ကိုမြလှိုင်၏ကား ကို အရှိန်လျှော့စေ၍ သူ၏ လက်တွင်းမှ သေနတ်ဖြင့် ကားဒရိုင်ဘာနှင့် ယှဉ်ထိုင်ပြီး လိုက်ပါလာသော ဂဠုန်ဦးစော၏ နောက်စေ့တည့်တည့်ကို ချိန်ကာ ပထမအချက် ပစ်ထည့်လိုက်သည်။ သို့သော် လွန်စွာ အကင်းပါး၍ အမြဲမပြတ် သတိကပ်နေသော ဂဠုန်ဦးစော သည် သူ့ရှေ့ကားမှန်ထဲမှ 'ပြည်သူ့ရဲဘော်' စစ်ဝတ်စုံဝတ်ထားသည့် လူနှစ်ယောက်အနက် ခေါင်း တုံးဆံတောက်နှင့် သူက သူ့အား သေနတ်ဖြင့် လှမ်းပစ်ထည့်လိုက်ရာ သူ့နဖူးပူခနဲ ဖြစ်သွားသည်။ ထိုအချိန်၌ပင် သူသည် ကားဖင်ထိုင်ခုံဘေး ဒရိုင်ဘာရှိရာဘက်သို့ သူ့ကိုယ်ကို လှဲအချ နောက်ထပ် သေနတ်သံ (၂) ချက် ထပ်ထွက်လာသည်။ ဒရိုင်ဘာကလည်း ကားကို ဘရိတ်အုပ်၍ ကားထဲ ငုံ့နေလိုက်သည်။ ကားမှန်ကွဲစများမှာ သူတို့နှစ်ဦးစလုံးကို လွင့်စင် ထိမှန်ကြသည်။

"ကိုရဲခေါင်ရယ်၊ လူတွေရဲ့ ကံဆိုတာ မှန်ပဲမှန်သလားတော့ မပြော တတ်ပါဘူး။ ခင်ဗျားလည်း ကျွန်တော့်လက်ကို အသိသားပဲ။ ကျွန်တော် ပစ်လိုက်တာကတော့ သူ့နောက်စေ့တည့်တည့်ကို ပစ်ထည့်လိုက်တာပါပဲ ဗျာ။ ဒါပေမဲ့ သူက ကားမှန်ထဲမှာ ကျွန်တော်ကို မြင်လို့ လှည့်အကြည့် လိုက်မှာ ကျွန်တော်ပစ်လိုက်တဲ့ ကျည်ဟာ သူ့နောက်စေ့ကို မမှန်ဘဲ သူ့နဖူးကို ရှပ်မှန်သွားတာပဲ" ဟု ကြိတ်မနိုင် ခဲမရ ပြောပြပါသည်။

ဤကား လွန်ခဲ့သော ၁၉၇၂ ခုနှစ်ခန့်က ရဲဘော်သုံးကျိပ် ဗိုလ်မှူး အောင်၊ စာရေးဆရာ ရန်ကုန်ဘဆွေနှင့် မြောင်းမြဘဆွေတို့သည် ယိုးဒယားနိုင်ငံက လန်ဒန်မြို့ ဩဇာခံခြံကြီးအတွင်း လျှို့ဝှက်ဖွင့်လှစ်ထား

သည့် အသံလွှင့် ဌာနသို့ ဥက္ကဋ္ဌကြီး ဦးနုနှင့် တွေ့ဆုံရန် အလာ၊ အသံလွှင့်ဌာနၶ (၃) ရက်မျှ နေထိုင်သွားကြစဉ်အတွင်း ကျွန်တော့်အား ရန်ကုန် ဘဆွေ က စကားစပ်မိ၍ ပြောပြခဲ့ဖူးသော ဖြစ်ကြောင်းကုန်စဉ်၊ 'ယုံချင်ယုံ မယုံချင်နေအတွင်းရေး သတင်းကလေးတစ်ကွက်ပင် ဖြစ်ပါသတည်း' ဟူ၍ ရေးသားထားလေသည်။

ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရမှုနှင့် ပတ်သက်၍ ဗိုလ်နေဝင်းအား ကြံရာပါတစ်ဦး ဖြစ်နိုင်သည်ဟု ယူဆရခြင်းမှာ ဗိုလ်နေဝင်း၏ ဦးတည်ချက်အရ ယိုးစွပ်လိုက်ရခြင်း ဖြစ်၍ ထိုအချိန်က သူသည် များစွာ စိတ်ဆင်းရဲနေရသည်။ အာဏာရာထူး ရမှုက် ကြီးမားလှသော ဒုတိယဗိုလ်ချုပ်ကြီးအဆင့်ရှိ ဗိုလ်နေဝင်းသည် မိမိ၏ စစ်ဝတ်စုံကို ဝတ်ရတိုင်း စိတ်မချမ်းမသာ အမြဲဖြစ်ကာ ဆဲဆိုနေလေ့ရှိသည်။ ဖက်ဆစ်တော်လှန်ရေးကာလ တပ်မတော် သေနာပတိရာထူးမှ ဆင်းပေးရကာ အသစ်ဖွဲ့လိုက်သော တပ်မတော်တွင် ဗိုလ်မှူးရာထူးဖြင့် အဆင့်လျှော့ကျ လုပ်ကိုင်နေရခြင်းကို သူမကျေနပ်ဖြစ်နေခဲ့သည်။

စစ်ဦးစီးချုပ် ဗိုလ်ချုပ်သောမတ်စ်၊ ဒုဦးစီးချုပ် ဗိုလ်မှူးကြီး စမစ်ဒွန်း တို့ လက်အောက်တွင် မြောက်ပိုင်းတိုင်းမှူးအဖြစ် ဗိုလ်မှူးရာထူးနှင့် နေရသည်။ ဖက်ဆစ်တော်လှန်ရေးကာလ၌ သူ့လက်အောက် ရာထူးငယ်သော တောင်ပိုင်းတိုင်းမှူး စောကြာဒိုးသည်လည်း ယခုဗိုလ်မှူးချုပ်ဖြစ်နေသဖြင့် သူ့ထက် အဆင့်မြင့်နေပြန်သည်။

လွတ်လပ်ရေး ပြင်ဆင်ချိန်က ကရင်အရာရှိများသည် သူတို့၏ လုပ်သက်နှင့် ပညာအရည်အသွေးအရ ထိုက်တန်သောရာထူးများကို ရခဲ့သည်ဟု စမစ်ဒွန်း က သူ၏ မှတ်တမ်းတွင် ရေးသားဖော်ပြခဲ့သည့် အတိုင်း လွတ်လပ်ရေးရစက စစ်မှုထမ်းသက် (၁၅) နှစ်မှ (၂၀) အထိ ရှိကြသော ကရင်စစ်ဗိုလ်အများစုသည် တပ်မတော်တွင် လွှမ်းမိုးနေခဲ့သည်။ ဗိုလ်မှူးကြီးစောဒိုနီအပြင် ကရင်အမျိုးသား ဒုဗိုလ်မှူးကြီး (၈) ဦးရှိနေသေးသည်။ ထို့ကြောင့် မေဂျာ (ဗိုလ်မှူး) ရာထူးသာ ရရှိထားသော ဗိုလ်နေဝင်းအဖို့ ရာထူးတက်ရန် အိပ်မက်ပင် မမက်ဝံ့အောင် ဆတ်ဆတ်ခါ နာကြည်းနေခဲ့သည်။

ထို့ပြင် မေဂျာရာထူးမှာ သိမ်ငယ်လှရုံမက သူ၏ အထက်တွင် သူ့ထက် စစ်ဝါရင့်သော သူများခံနေသဖြင့် စစ်တပ်မှ ထွက်ကာ သခင်ဗစိန်၏ 'တို့ဗမာ အစည်းအရုံး' တွင် ဝင်လျက် နိုင်ငံရေးလုပ်ရန် တိုက်တွန်းခဲ့ကြကြောင်း ပြန်ပြောင်း ပြောပြခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ရဲဘော်သုံးကျိပ်ဝင် ဘဝဖြင့် ဂျပန်ခေတ်၌ အတူနေခဲ့စဉ် ကာလကပင် ဗိုလ်နေဝင်း၏ စရိုက်ဝါသနာကို ကောင်းစွာ သိထားသည်။ သို့ဖြစ်လေရာ ဗိုလ်ချုပ်အောင်ဆန်းရှိနေသမျှ ကာလပတ်လုံး မေဂျာနေဝင်းအဖို့ ရာထူးတိုးတက်ရန်၊ ထိပ်သီးရာထူး ရရှိရန်မှာ မဖြစ်နိုင်တော့ပြီဟု သူတွေးထားဟန်တူသည်။ သို့ဖြစ်သည့်အတိုင်း ဗိုလ်နေဝင်းကလည်း သူ့ဘဝတက်လမ်း၌ ခလုတ်ကံသင်း လမ်းမရှင်းဘဲ တားဆီးနေသောကြောင့် ဦးစောက တိုက်ရိုက် ဆက်သွယ်သည်ဖြစ်စေ၊ သခင်ဗစိန်မှတစ်ဆင့် ဆက်သွယ်သည်ဖြစ်စေ၊ အင်္ဂလိပ်အရာရှိကြီးများက တိုက်ရိုက်ဆက်သွယ်သည်ဖြစ်စေ... ဗိုလ်နေဝင်းအား ဂဠုန်ဦးစော၏ အစိုးရသစ်တွင် ထိပ်ပိုင်းရာထူးရစေမည်ဟု ကတိပေးသဖြင့် ထိုနေ့က လုပ်ကြံအုပ်စုများနှင့် ပူးပေါင်းကူညီခဲ့လေသလောဟုလည်း တွေးတောစရာ ဖြစ်ခဲ့သည်။

တစ်ဖန် ထိုနေ့မတိုင်မီ ဗိုလ်ချုပ်အောင်ဆန်းကို လုပ်ကြံလိမ့်မည်ဟူသော သတင်းအရ အထူးအစောင့်အကြပ်များ ကြိုတင်ချထားခဲ့သည်။ လုပ်ကြံမှု မဖြစ်မီ သုံးပတ်ခန့်မှ စတင်ကာ လက်နက်များကို လျှို့ဝှက်ကိုင်ဆောင်ထားသော အရပ်ဝတ် အရပ်စားနှင့် စစ်သားများကို ဗိုလ်ချုပ်အောင်ဆန်း၏ ရုံးခန်းတစ်ဝိုက်နှင့် အတွင်းဝန်ရုံးတွင် သတင်းထောက်များ တွေ့ခဲ့ကြရသည်။ ထိုရဲဘော်များမှာ တပ်ရင်း (၄) မှ ရဲဘော်များဖြစ်ကြသည်။ ဗိုလ်လွင်က လုံခြုံရေးကို တာဝန်ယူသည်ဟု ဆိုသည်။

လုပ်ကြံမှုကြီးဖြစ်သော ဇူလိုင်လ ၁၉ ရက်နေ့က ထိုရဲဘော်များကို မတွေ့ရချေ။ ထို့ကြောင့် ဤကိစ္စ၌ အတွင်းလူက တံခါးဖွင့်ပေးသော လုပ်ကြံမှုကြီးဖြစ်သည်မှာ သေချာလှပေသည်။

ထို့ပြင် ကြေးမုံဦးသောင်း (အောင်ဗလ) က ၂၀၀၀ ပြည့်နှစ် အောက်တိုဘာလနှင့် စက်တင်ဘာလက ထုတ်လွှင့်သော လွတ်လပ်သော အာရှအသံ မြန်မာပိုင်း အစီအစဉ်၌...

"ဦးအောင်ဆန်း၏ လုံခြုံရေးကို ကာကွယ်ရန် တာဝန်ပေးထားသော အထူး အစောင့်နှစ်ဦးသည် အမြဲတစေ ဦးအောင်ဆန်း၏ လက်တစ်ကမ်းတွင် ရှိပါလျက် အခင်းဖြစ်ပွားသော ဇူလိုင်လ ၁၉ ရက် နံနက်က မရှိကြဘဲ ပျောက်ကွယ်နေသည်မှာ ဗိုလ်နေဝင်း၏ အစီအစဉ်ဟု မှချယုံကြည်ရလေသည်။ ထိုအစောင့်တို့မှာ ဗိုလ်နေဝင်း၏ လူများဖြစ်ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းကို လျှို့ဝှက်သက်တော်စောင့်များအဖြစ် တာဝန်ပေးလိုပါသည်၊ စိတ်ချရသော ရဲဘော်များ ပေးပါဟု ဦးကျော်ငြိမ်း က ဗိုလ်နေဝင်း ထံမှ တောင်းရာမှ ရရှိခဲ့သည်။

ဗိုလ်နေဝင်း ပေးသော သက်တော်စောင့် (၂) ဦးဖြစ်သူ ရဲဘော်ဘတုပ်နှင့် ရဲဘော်ရဲမြင့် တို့သည် သေနတ်ပစ် လက်ဖြောင့်သမားများဖြစ်ကြသည်။ ခြောက်လုံးပြူးနှင့် ပစ္စတိုကို ၁၀ ကြိမ် ပစ်လျှင် ၈ ချက်တို့သည် ပစ်မှတ်၏ဗဟိုသို့ ထိမှန်အောင် ပစ်နိုင်သူများ ဖြစ်သည်။ ဗိုလ်နေဝင်း၏ ရာသက်ပန် လူယုံတော်၊ ဖျာပုံပြောက်ကျားတပ်မှ ပြောက်ကျားဗိုလ်၏ လက်စွဲများ ဖြစ်ကြသည်။

ထိုနေ့က ရှောင်နေကြသော သက်တော်စောင့် (၂) ဦးသည်လည်း ပျောက်ကွယ်သွားသည်။ ရက်အနည်းငယ်ကြာမှ ပုဇွန်တောင်ချောင်း၌ အလောင်းကို တွေ့ကြရသည်။ အလံနီ သူပုန်တို့က သတ်သည်ဟုဆိုကာ အမှုပိတ်လိုက် သည်။

ဖဆပလ ခေါင်းဆောင်သစ်ဖြစ်လာသူ အတွင်းဝန်ဟောင်း ဦးတင်ထွဋ်သည် ဗိုလ်မှူးချုပ်ရာထူးနှင့် စစ်မှုထမ်းစဉ်က လုပ်ကြံမှုကြီးတွင် ဦးစော၏ အပေါင်းအပါ မည်သူနည်းဟု သဲလွန်စများ ရှာဖွေခဲ့လေသည်။ နယူးတိုင်း (The New Time) သတင်းစာ အယ်ဒီတာချုပ်လည်း ဖြစ်သူ ဦးတင်ထွဋ်က ဦးစောနှင့် ကြံရာပါများအကြောင်းကို သူ့သတင်းစာ၌ ဖွင့်လှစ်ရေးသားလိုသည်ဟု အကြောင်းပြကာ သတင်းထောက်ချုပ်အား သတင်းအစအနများကို လိုက်လံစုံစမ်းရန် ညွှန်ကြားခဲ့လေသည်။ မကြာပါပေ။ ယင်းသို့ အမှုဟောင်းကို ပြန်ဖော်ရန် အားထုတ်သဖြင့် ဦးတင်ထွဋ်ပါ လုပ်ကြံခံရကာ အသက်ပေးသွားရရှာသည်။ ဖျာပုံမှ ပြောက်ကျားဗိုလ်၏ လက်ချက်ဖြစ်သည်ဟု သိကြသော်လည်း အမှုကို မည်သူမှ မဖော်ဝံ့ချေ။

"ဂျွန်ဦးစောနှင့် ကြံရာပါပုဂ္ဂိုလ်မှာ ဗိုလ်နေဝင်းဖြစ်သည်ဟု သံသယရှိနေကြသူတို့သည် ဦးတင်ထွဋ်နှင့် ဦးထွန်းလှအောင်တို့၏ ကံကြမ္မာကို မြင်တွေ့ကြသဖြင့် အမှုကြီး၏ သံသယစကို မလိုက်ဝံ့တော့ဘဲ ယနေ့တိုင် အဖြေ မရသည့် မေးခွန်းများအဖြစ် နှုတ်ပိတ်နေကြရလေသည်" ဟူ၍ ပြောကြားသွားခဲ့သည်။

၂၀၀၀ ပြည့်နှစ် ဇူလိုင်လတွင် အင်တာနက် စာမျက်နှာပေါ်တွင် 'စိန်ဗေဒါ' အမည်ဖြင့် 'ဗိုလ်ချုပ်အောင်ဆန်းကို ဘယ်သူ တကယ်သတ်သလဲ' ဟူသော မေးခွန်းကို တင်ခဲ့ရာ၊ ကိုဘန်ထွန်း ဆိုသူ၏ 'မကြာမီက မှ ဒီနိုင်ငံ (ဗြိတိန်) ကို ဝင်လာတဲ့ လူကြီးတွေဆီက ကြားရတာ သူတို့ ပြောတဲ့အတိုင်းဆိုရင် ဒေါ်အောင်ဆန်းစုကြည် နှင့် ဗိုလ်နေဝင်း (သခင်ရှုမောင်) တို့၏ သမီးတို့ စကားအချီအချ ပြောကြ၍ ဦးနေဝင်းသမီးက ဒေါ်သဖြစ်ပြီး ဂျွန်ဦးစောကို မရှင်းဂန်းတွေ ပေးလိုက်တာ ငါ့အဖေလို့ အော်ပြောလိုက်တယ်။ ဗိုလ်နေဝင်းက ဗိုလ်ချုပ်အောင်ဆန်းကို ရှင်းပစ်ချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ပျဉ်းမနားက မိန်းမတစ်ယောက်ကို ဗိုလ်နေဝင်းက မုဒိမ်းကျင့်တာကို ဗိုလ်ချုပ်အောင်ဆန်းက သိသွားတော့ ဗိုလ်နေဝင်းကို သတ်ပစ်ချင်လောက်အောင် ဒေါသပေါက်ကွဲခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်းက ဗိုလ်နေဝင်းကို လက်သည်တရားခံအဖြစ် ပုံနှိပ်ဖော်ပြရန် မသင့်သော စကားလုံးများဖြင့် စွပ်စွဲသော အခြား တုံ့ပြန်မှုများလည်း ရှိပါသေးတယ်' ဟူ၍ ရေးသားဖော်ပြထားသည်။

မည်သို့ဆိုစေ... ဗိုလ်နေဝင်းအုပ်စု၏ ဆင်ကွက်ထဲ ဝင်ခဲ့မိသော ဂျွန်ဦးစောသည် ဗိုလ်ချုပ်အောင်ဆန်းအား အထင်အမြင်လွဲကာ လက်စားချေခဲ့မှုကြောင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းခမျာ ရေတိမ်မှာ နစ်ခဲ့ရပြီး တိုင်းပြည်နှင့် ပြည်သူလူထုအတွက်လည်း ဆုံးရှုံး ကြေကွဲဖွယ်ရာ ဇာတ်လမ်းဖြစ်ခဲ့ရသည်ကတော့ မည်သူမျှ ငြင်းမရသော အချက်ပင် ဖြစ်နေပေသည်။

❒

## အခန်း (၆)

**အိမ်ထောင်ရေးဘဝ**

ဦးနေဝင်းသည် ၎င်း၏ ဘဝတစ်လျှောက်တွင် တရားဝင် အိမ်ထောင်ပေါင်း (၇) ကြိမ်ခန့် ကျခဲ့ပြီး ပထမဆုံး အိမ်ထောင်အဖြစ် ဒေါ်သန်းညွန့်နှင့် ၁၉၃၁ ခုနှစ်တွင် လက်ထပ်ခဲ့သည်။ ဒေါ်သန်းညွန့် သည် အပျို မဟုတ်ပေ။ ပထမအိမ်ထောင်နှင့် သားတစ်ယောက် ပါခဲ့သူ ဖြစ်သည်။ ဒေါ်သိန်းညွန့် (မေရီ) နှင့် ၁၉၃၇ ခုနှစ်အထိ ပေါင်းသင်းနေထိုင်၍ သား ကိုသိန်း(တာတီး)ခေါ် ဦးကျော်သိန်းကို ဖွားမြင်ခဲ့သည်။ ဦးကျော်သိန်း သည် မြန်မာ့ရေနံတွင် အလုပ်လုပ်ကိုင်ခဲ့ပြီး ပြည်မြို့နေ ဦးစိန်သီး၊ ဒေါ်ဆိုင် တို့၏ သမီး မကြည်ကြည်အေး နှင့် လက်ထပ်ခဲ့သည်။ ဦးကျော်သိန်းသည် အသက် ၄၅ နှစ်အရွယ် ၁၉၇၈၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ကွယ်လွန် သွားခဲ့သည်။ ၎င်း၏ ဇနီးဒေါ်ကြည်ကြည်အေးသည် အသက် ၅၉ နှစ် အရွယ် ၁၉၉၇ စက်တင်ဘာလ ၂၁ ရက်နေ့တွင် ကွယ်လွန်သွားခဲ့သည်။

ထို့နောက် ဒေါ်တင်တင်နှင့် ၁၉၃၇ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်တွင် ရန်ကုန်မြို့ မောင်ဂိုမာရီလမ်း (ယခုဗိုလ်ချုပ်အောင်ဆန်းလမ်း) အိမ်အမှတ် ၁၀၆ ၌ လက်ထပ်ခဲ့သည်။ လက်ထပ်မင်္ဂလာပွဲသို့ ဦးနေဝင်း၏ဖခင် ဦးဖိုးခ ပါ တက်ရောက်ခဲ့သည်။ သခင်ရှုမောင်နှင့်ဒေါ်တင်တင်တို့မှ ၁၉၃၉ ခုနှစ်ခန့်တွင် သားကြီး ငွေစိုးကို ဖွားမြင်ခဲ့သည်။ သခင်ရှုမောင် ဂျပန်ပြည်

ဟိုင်နန်ကျွန်းသို့ စစ်ပညာ သင်သွားရောက်စဉ်က မောင်ငွေစိုးမှာ ၂ နှစ်သားအရွယ်မျှသာ ရှိသေးသည်။ ငွေစိုးသည် နောက်တွင် U.B.A လေကြောင်းဌာနတွင် လေယာဉ်မှူး ဖြစ်လာခဲ့သည်။ ဒုတိယသား အေးအောင်ဝင်း ခေါ် ကိုအေးအောင် ကို ၁၉၄၉ ဇူလိုင်လ ၁၇ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။

ယင်းနောက် ၁၉၅၂ မတ်လ ၁၀ ရက် တနင်္လာနေ့တွင် ဒေါ်ခင်မေသန်း ခေါ် ကစ်တီဘသန်း နှင့် ရန်ကုန်ဆေးရုံကြီးအတွင်းရှိ ဆေးကျောင်းအုပ်ကြီးနေအိမ်၌ လက်ထပ်ခဲ့ပြန်သည်။ ဒေါ်ခင်မေသန်းမှာ ခွဲစိတ်ဆရာဝန်ကြီးနှင့် ဆေးကျောင်းအုပ်ကြီးဒေါက်တာဘသန်းနှင့် ဒေါ်ခင်ကြည်တို့၏ သမီးဖြစ်သည်။ ဒေါ်ခင်မေသန်း၏ ငယ်မည်မှာ ကစ်တီဘသန်း ဖြစ်သည်။

ဒေါ်ခင်မေသန်းနှင့် လက်ထက်စဉ်က ဦးနေဝင်းသည် ဒုတိယမယားကြီး ဒေါ်တင်တင်နှင့် တရားဝင် မကွာရှင်းရသေးပေ။ ထို့ကြောင့် လက်ထပ်ပြီး ၃ ရက်အကြာတွင် မယားကြီး ဒေါ်တင်တင် က ၁၉၅၂ မတ်လ ၁၃ ရက်နေ့ထုတ် **ဗမာ့ခေတ်** သတင်းစာမှနေ၍ “ကျွန်မသာလျှင် ဗိုလ်ချုပ်နေဝင်း၏ မယားကြီးပါ” ဟူ၍ ခေါင်းစဉ်တပ်ကာ ကြေညာခဲ့လေသည်။

ဗမာ့ခေတ်သတင်းစာပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

## ကျွန်မသာလျှင် ဗိုလ်ချုပ်နေဝင်း၏ မယားကြီးပါ
## ဗိုလ်ချုပ်နေဝင်း၏ မယားကြီးဒေါ်တင်တင်နှင့် သားနှစ်ယောက်တို့က တိုင်းပြည်သို့ ကြေညာခြင်း

သတို့သား ပြည်ထောင်စုမြန်မာနိုင်ငံတော် စစ်သေနာပတိချုပ် ဗိုလ်ချုပ်နေဝင်းသည် မတ်လ ၁၀ ရက်နေ့က သတို့သမီး ကစ်တီဘသန်းနှင့် လက်ထပ်ထိမ်းမြားခဲ့ပြီးဖြစ်သဖြင့် သတို့သား၏ မယားကြီးဖြစ်သူ ဒေါ်တင်တင်က အောက်ပါ မတ်လ ၁၃ ရက်နေ့စွဲ ကြေညာချက်ဖြင့် တိုင်းပြည်အား တိုင်တည်လိုက်လေသည်။



ဦးနေဝင်းအား သမီး ဒေါ်ခင်စန္ဒာဝင်း၊ သမက် ဦးအေးဇော်ဝင်းနှင့် မြေးများဖြစ်သော အေးနေဝင်း၊ ကျော်နေဝင်း၊ ဇွဲနေဝင်းတို့နှင့်အတူ တွေ့မြင်ရစဉ်

## ဗိုလ်ချုပ်ဗိုလ်နေဝင်း၏ ဇနီးအကြီးဒေါ်တင်တင်နှင့် သားကိုငွေစိုး၊ ကိုအေးအောင်တို့၏ တိုင်ကြားချက်

နိုင်ငံတော်သမ္မတကြီးအမှူးပြု၍ နိုင်ငံတော်ဝန်ကြီးချုပ် သခင်နုနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံရေးခေါင်းဆောင်ကြီးများ၊ ဗမာ့တပ်မတော် ရဲဘော်များ၊ ရဲဘော်ဟောင်းများနှင့်တကွ တိုင်းသူပြည်သား မြို့မိမြို့ဘ အပေါင်းတို့အား စစ်သေနာပတိချုပ် သတိုးသီရိသုဓမ္မ ဗိုလ်ချုပ်ကြီး ဗိုလ်နေဝင်း၏ဇနီးဖြစ်သူ ကျွန်မ ဒေါ်တင်တင်နှင့် သား ကိုငွေစိုး၊ ကိုအေးအောင်တို့က ရိုသေလေးမြတ်စွာ မေတ္တာရပ် တိုင်ကြားအစီရင်ခံပါသည်။

ကျွန်မ၏ ခင်ပွန်းဖြစ်သူ ဗိုလ်ချုပ် ဗိုလ်နေဝင်းသည် တပေါင်းလပြည့်နေ့က ရန်ကုန်ဆေးရုံကြီးဝင်း အတွင်းရှိ ဆေးကျောင်းအုပ်ကြီး ဒေါက်တာဘသန်းနှင့် ဇနီးဒေါ်ခင်ကြည်တို့၏ နေအိမ်တွင် ဆေးကျောင်းအုပ်ကြီး ဒေါက်တာဘသန်း၊ ဒေါ်ခင်ကြည်တို့၏ သမီးကြီး ကစ်တီဘသန်းနှင့် လက်ထပ်ပါသည်။

ကစ်တီဘသန်းအောက်၌ မွေးချင်းညီမ ဒေါ်ခင်မေအေး (သွားဆေးကောလိပ်ကျောင်းအုပ်ကြီး ဒေါက်တာအောင်သန်း၏ဇနီး) နှင့် မောင်ကျော်ကျိဘသန်း ခေါ် ဒေါက်တာကျော်သန်း (ဆီးအိမ်နှင့် ကျောက်ကပ်ဆရာဝန်) တို့ ရှိသည်။

ကျွန်မနှင့် ဗိုလ်ချုပ်နေဝင်းတို့မှာ လွန်ခဲ့သော ၁၄ နှစ်ခန့် ၁၂၉၉ ခု ဒုတိယဝါဆိုလဆန်း ၁၁ ရက် (၁၉၃၇ ဇူလိုင်လ ၁၈ ရက်) တနင်္ဂနွေနေ့တွင် မောင်ဂိုမာရီလမ်း အိမ်နံပါတ် ၁၀၆ ၌ ဗိုလ်ချုပ်၏ဖခင် ဦးဖိုးခကိုယ်တိုင် နှစ်ဦးနှစ်ယောက် မိဘများရှေ့၌ အတိအလင်း လူသိရှင်ကြားထိမ်းမြားမင်္ဂလာ လက်ထပ်ပေးခဲ့ပါသည်။ ကျွန်မသည် ကျွန်မ၏ ခင်ပွန်းကိုယခုကဲ့သို့ ဗိုလ်ချုပ်ကြီးဖြစ်လာလိမ့်မည်ဟုလည်း မမျှော်မှန်း မထင်မြင်မိခဲ့ပါ။ အင်္ဂလိပ်ကို ခုခံတိုက်ခိုက်သော မျိုးချစ်နိုင်ငံရေးခေါင်းဆောင်ကြီးတစ်ဦးအဖြစ်ဖြင့် ကြည်ညို လေးစားပြီးလျှင် ဆင်းရဲဒုက္ခ အမျိုးမျိုးကိုပျော်ရွှင်စွာ ငုံ့ခံခဲ့ပါသည်။ ထိုခံခဲ့ရသော ဒုက္ခများကို ကျွန်မ မပြောလိုတော့ပါ။ အင်္ဂလိပ်လက်ထက် နိုင်ငံရေးသမားများ၏ ဇနီးတိုင်း ကောင်းစွာခံစားခဲ့ဖူးကြပါသည်။

ဗိုလ်နေဝင်း ဂျပန်ပြည်သွားစဉ်အခါက ကျွန်မ၏သားအကြီး ကိုငွေစိုး မှာ ၂ နှစ်သားမျှ ရှိပါသေးသည်။ ထို ၂ နှစ်သားကိုငွေစိုးနှင့် ကျွန်မမှာ ဆင်းရဲဒုက္ခအမျိုးမျိုး ခံခဲ့ရပါသည်။

ဗိုလ်ချုပ်ဂျပန်ပြည်က ပြန်လာပြီးနောက် တာဝါလိန်းအိမ် (ယခုဗိုလ်ချုပ်ပြတိုက် ဖွင့်ထားသော အဆောက်အအုံ) တွင် ကျွန်မတို့မိသားစု တစ်စု ပျော်ရွှင်စွာ အတူ နေထိုင်ကြပါသည်။ ဂျပန်တော်လှန်ရေးတွင် ကျွန်မနှင့်သားကိုငွေစိုးတို့မှာ ဂျပန်ရန်ဘေးမှ ရတနာသုံးပါး ဂုဏ်ကျေးဇူးကြောင့် လက်မတင်ကလေး လွတ်မြောက်ခဲ့ကြရပါသည်။

မြန်မာပြည်ကြီး လွတ်လပ်ရေးရပြီးနောက် ကျွန်မ၏ ခင်ပွန်းသည် ဗိုလ်ချုပ်ကြီး ဖြစ်လာပါသည်။ ကျွန်မတို့ မိသားစု ဝင်ဒါမီယာ အိမ်နံပါတ် ၂၁ တွင် အတူတကွ ပျော်ရွှင်စွာ နေထိုင်ကြပါသည်။ ထိုအိမ်တွင်ပင် ၁၃၁၀ ခုနှစ်၊ ဝါဆိုလဆုတ် ၈ ရက် (၁၉၄၉၊ ဇူလိုင်လ ၁၇ ရက်) တနင်္ဂနွေနေ့တွင် ဒုတိယမြောက်သားငယ် ကိုအေးအောင် ကို မွေးဖွားခဲ့ပါသည်။

ယခု ကျွန်မ၏ ယောကျ်ားသည် တပေါင်းလပြည့်နေ့ (မတ်လ ၁၀ ရက်) က ဒေါက်တာဘသန်း၏သမီး ကစ်တီဘသန်းနှင့် လက်ထပ်ကြပါသည်။ ကျွန်မ၏ ယောကျ်ားသည် မည်သည့်မိန်းမကို လက်ထပ်စေကာမူ ကျွန်မဒေါ်တင်တင်သာလျှင် မယားကြီးဖြစ်ကြောင်းကို နိုင်ငံတော်သမ္မတကြီးနှင့်တကွ နိုင်ငံတော်ဝန်ကြီးချုပ်သခင်နု၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော်ခေါင်းဆောင်များ၊ ဗမာ့တပ်မတော် ရဲဘော်ကြီးများ၊ ရဲဘော်ဟောင်းများနှင့်တကွ၊ မြို့မိမြို့ဘ၊ တိုင်းသူပြည်သားတို့အား ကျွန်မ ဒေါ်တင်တင်နှင့်တကွ သားကြီး ကိုငွေစိုး၊ သားငယ် ကိုအေးအောင်တို့က ရိုသေလေးမြတ်စွာ မေတ္တာရပ်တိုင်ကြားအပ်ပါသည်။

မြို့မိမြို့ဘများ၏ မေတ္တာရိပ်ကို ခိုလှုံလျက်ရှိသော...။

(ပုံ) ဒေါ်တင်တင် (ဇနီး)

(ပုံ) ငွေစိုး (သားကြီး)

(ပုံ) အေးအောင် (သားငယ်)

ဦးနေဝင်းနှင့် လက်ထပ်ခဲ့သော ဒေါ်ခင်မေသန်းသည် အပျို မဟုတ်ပေ။ ၎င်း၏ ပထမအိမ်ထောင်မှာ ဒေါက်တာတောင်ကြီး (ဝန်ကြီးချုပ်ဦးနု သမီး ဒေါ်စန်းစန်းနု၏ခင်ပွန်း ဗိုလ်မှူးသက်တင်၏အစ်ကို) ဖြစ်ပြီး ၎င်းနှင့် သမီး လဲ့လဲ့ဝင်း နှင့် အမြွှာသမီးများဖြစ်ကြသော သီတာဝင်း (အင်ဂျင်နီယာ)၊ သော်တာဝင်း (ပါရဂူဘွဲ့ရ) တို့ ထွန်းကားခဲ့သည်။ ဒေါက်တာတောင်ကြီးနှင့် တရားဝင် ပြတ်စဲခြင်း မရှိဘဲ ဒေါ်ခင်မေသန်းအား လက်ထပ်ခဲ့မှုကြောင့် တပ်မတော် အက်ဥပဒေဖြင့် ဝန်ကြီးချုပ်ဦးနုက အရေးယူရန် ပြင်ဆင်နေစဉ် ဝန်ကြီးချုပ်အား ဝိစ္စရ သခင်ချစ်မောင်အပါအဝင် အခြား နိုင်ငံရေးခေါင်းဆောင်များ ဝိုင်းဝန်း တားမြစ်ခဲ့သဖြင့် ဖြုတ်မပစ်ခဲ့ရပေ။

ဦးနေဝင်းသည် ဒေါ်ခင်မေသန်းနှင့် လက်ထပ်ပြီးနောက် သမီး စန္ဒာဝင်း၊ ဖြိုးဝေဝင်း၊ ကြေးမုံဝင်းတို့ ထွန်းကားခဲ့သည်။ ထို့ကြောင့် ရင်းနှီးသူများက ဒေါ်ခင်မေသန်းအား He three, me three, we three ဟူ၍ ပြောဆိုခဲ့သည်။

ဦးနေဝင်းနှင့် ဒေါ်ခင်မေသန်းတို့၏ သမီး ခင်စန္ဒာဝင်းသည် အင်္ဂလိပ်စာ အလွန်ညံ့သော်လည်း ၁၉၇၆ ခုနှစ်တွင် ရန်ကုန်ဆေးတက္ကသိုလ်

(၁) မှ M,B.,B.S ဘွဲ့ရခဲ့သည်။ ဆေးပညာဘွဲ့ရပြီးနောက် ဘွဲ့ရဆရာဝန် အဖြစ် ဒဂုံမြို့နယ် စစ်ဆေးရုံ အမှတ်-၂ (BMH-2) တွင် သားဖွားနှင့် မီးယပ် ဆရာဝန်အဖြစ် အမှုထမ်းခဲ့ရာ ဗိုလ်မှူးအဆင့် တိုးမြှင့်ခံရသည်။ ယင်းနောက် ဒေါက်တာခင်စန္ဒာဝင်းသည် ၁၉၇၆ ဒီဇင်ဘာလတွင် ဗြိတိန် တော်ဝင် ဆေးသိပ္ပံကောလိပ်၌ ပညာသင်ကြားရန် (MRC - OG) မဟာ ဆေးသိပ္ပံစာမေးပွဲ ဝင်ရောက်ဖြေဆိုရာ ကျရှုံးခဲ့သည်။ သူနှင့်အတူ ဖြေ ဆိုသူပေါင်း (၁၄) ဦး ရှိရာ ၁၁ ဦး အောင်မြင်ခဲ့သည်။

ထို့နောက် ၁၉၇၂ ခုနှစ်တွင် ဒေါ်ခင်မေသန်း ကွယ်လွန်သွားပြီး နောက်၊ ရန်ကုန်တက္ကသိုလ်မှ အင်္ဂလိပ်စာ ကထိက ဆရာမကြီး ဒေါ်သိန်း ညွန့်အား လက်ထပ်ခွင့် တောင်းခဲ့သေးသည်။ ဒေါ်သိန်းညွန့်က ဦးနေဝင်း မိန်းမရှုပ်တတ်သည်ကို သိထား၍ ငြင်းပယ်ခဲ့လေသည်။ ထို့နောက် နာမည် ကြီး ရုပ်ရှင်မင်းသမီးတစ်ဦးနှင့် ဇာတ်လမ်းရှုပ်ခဲ့သေးသည်။ တစ်ဖန် စစ် သူနာပြု အမျိုးသမီးနှင့် ဇာတ်လမ်းရှုပ်ခဲ့ပြန်သည်။ ယင်းနောင်တွင် တက္ကသိုလ်များ သမိုင်းသုတေသန ဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ် တာဝန်ထမ်းဆောင်ခဲ့သူ ကမာရွတ်မြို့နေ အဖ ဦးလှဖေ၊ အမိ ဒေါ်အေးမြင့် တို့၏သမီး ဒေါ်နီနီမြင့် (မဟာဝိဇ္ဇာ-သမိုင်း) နှင့် ၁၉၇၃ ခုနှစ်၊ ဧပြီလ ၄ ရက်၊ တနင်္ဂနွေနေ့တွင် လက်ထပ်ခဲ့သည်။ ဒေါ်နီနီမြင့်နှင့် သားသမီး မထွန်းကားခဲ့ပါ။ ဦးနေဝင်းနှင့် လက်ထပ်စဉ်က ဒေါ်နီနီမြင့်သည် အသက် ၃၂ နှစ်ရှိပြီး ဦးနေဝင်းသည် အသက် ၆၃ နှစ် ရှိနေပြီ ဖြစ်သည်။

ယင်းနောက် ဒေါ်နီနီမြင့်နှင့်ကွာရှင်းပြီးနောက် John Rose Bell -amy ခေါ် အိမ်ရှေ့စံ ကနောင် မင်းသားကြီး (၁၈၂၀ ဇန်နဝါရီ ၃၁- ၁၈၆၆ ဩဂုတ် ၂) ၏ မြစ် ရတနာနတ်မယ်နှင့် ၁၉၇၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် လက်ထပ်ခဲ့ပြန်သည်။ ၂၄-၁၂-၁၉၇၆ ရက်စွဲပါ ကြေးမုံ သတင်းစာမျက်နှာဖုံးတွင် ဦးနေဝင်းနှင့် ရတနာနတ်မယ် တို့၏ လက် ထပ် မင်္ဂလာပွဲသတင်းကို ဓာတ်ပုံနှင့်တကွ ဖော်ပြထားသည်။

ဒေါ်နီနီမြင့်နှင့် ပြတ်စဲကြောင်းကို The Guardian သတင်းစာ၌ U Ne Win divorced Daw Ni Ni Myint ခေါင်းစဉ်ဖြင့် ကြော်ငြာ ထည့်ခဲ့သည်။

ရတနာနတ်မယ်၏ မိခင်မှာ လင်းပင် ထိပ်တင်မလတ် ဖြစ်ပြီး

အိမ်ရှေ့စံ ကနောင်မင်းသားနှင့် ကိုယ်လုပ်တော်ရ သခင်ကြီးခင်ဖော့ တို့၏ သားတော် လင်းပင်မင်းသား နှင့် ရေနံ့သာ ခင်ခင်ကြီးတို့၏ သမီးဖြစ်သည်။ လင်းပင်ထိပ်တင်မလတ်သည် အသက် ၃၄ နှစ် အရွယ်တွင် သူ့ထက် အသက် ၁၆ နှစ်ကြီးသော ဩစတြေးလျနိုင်ငံသား အင်္ဂလိပ်လူမျိုး၊ မြင်းပွဲဒိုင် (horse race referee) နှင့် သစ်ခွ စုဆောင်းသူ မစ္စတာ ဟားဘတ် ဘယ်လာမီ (Mr. Herbert Bellamy) နှင့် လက်ထပ်ခဲ့သည်။ ၄ နှစ်အကြာ ၁၉၃၂ ဇွန်လ ၁ ရက်တွင် ရတနာနတ်မယ် ကို မွေးဖွားခဲ့သည်။

ရတနာနတ်မယ်၏မိခင် လင်းပင်ထိပ်တင်မလတ်သည် ဖခင် လင်းပင် မင်းသားကြီး အိန္ဒိယ၌နေထိုင်နေစဉ်က အထက်တန်းလွှာများနှင့် ရင်းနှီးဝင်ဆံ့ခဲ့သည်။ အရှေ့တိုင်း တိဘက် တောင်တန်းဒေသ နိုင်ငံတစ်ခုမှ အိမ်ရှေ့မင်းသားတစ်ပါးနှင့် စေ့စပ်ခဲ့ဖူးသည်။ သို့သော် လက်ထပ်ပွဲ မတိုင်မီ ရက်အနည်းငယ်အလိုတွင် အဆိပ်ခတ်ခံရကာ ကွယ်လွန်သွားခဲ့သဖြင့် လက်ထပ် မင်္ဂလာပွဲပျက်သွားခဲ့ရသည်။ ထို့နောက် မြန်မာပြည်သို့ ပြန်လည် ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ရန်ကုန်တွင် လင်းပင်ထိပ်တင်မလတ်သည် မစ္စတာ ဘယ်လာမီနှင့် တွေ့ဆုံမေတ္တာမျှကာ လက်ထပ်ဖြစ်ခဲ့ခြင်းဖြစ်သည်။

ရတနာနတ်မယ်ကလေး ငယ်စဉ်က လင်းပင်ထိပ်တင်မလတ်တို့၏ မိသားစုသည် အိန္ဒိယပြည်သို့ စစ်ပြေးခဲ့ကြရသည်။ အိန္ဒိယတွင် ရတနာ



ဝဲမှယာ ဦးအေးဇော်ဝင်း၊ ဇွဲနေဝင်း၊ ဒေါက်တာ ခင်စန္ဒာဝင်း

နတ်မယ်မှာ သာသနာပြုကျောင်း၌ ပညာသင်ယူခဲ့ရသည်။ သာသနာပြု ဆရာမများက သွေးနှောသူကလေးမို့ ချိုးနှိမ်ဆက်ဆံခဲ့ကြ၏။ ရတနာနတ်မယ်ကလေးကလည်း သူ့အပေါ် အရက်ခွဲ၍ ပြန်ရွဲ့ရာမှ ကျောင်းထုတ်ခံရသည်အထိ ဖြစ်ခဲ့သည်။ အသက် ၁၄ နှစ်အရွယ်တွင် ရတနာနတ်မယ်တို့ မေမြို့ (ပြင်ဦးလွင်) သို့ ပြောင်းရွှေ့နေထိုင်ကြသည်။ ပြင်ဦးလွင်မြို့ စိန့်မိုက်ကယ် အမျိုးသမီး အထက်တန်းကျောင်းတွင် အထက်တန်းအထိ ပညာသင်ကြားခဲ့ပြီး မြင်းစီးနှင့် တင်းနစ်ရိုက် ကျွမ်းကျင်သူဖြစ်သည်။

ခရမ်းရောင်လွင်ပြင် (The Purple Plain) တွင် မင်းသားကြီး ဂရေဂရီပက် (Gregory Peck) နှင့်တွဲ၍ ရုပ်ရှင်သရုပ်ဆောင်အဖြစ် ရုပ်ရှင်ရိုက်ကူးရန် ရတနာနတ်မယ်နှင့် ဦးစွာ သဘောတူခဲ့ခြင်းဖြစ်သည်။ သို့သော် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသည့် ကိစ္စရပ်များကို ထုတ်လုပ်သူဘက်မှ တောင်းဆိုချက်များကြောင့် ဖျက်သိမ်းခဲ့ရသည်။ နောက်ပိုင်းတွင် ဝင်းမင်းသန်း (ရဲဘော်သုံးကျိပ်ဝင် ဗိုလ်စကြာ၏ဇနီး) နှင့် ရိုက်ဖြစ်သွားခဲ့သည်။ ရတနာနတ်မယ်သည် အသက် ၂၂ နှစ် အရွယ်တွင် အီတလျံလူမျိုး ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ မြန်မာပြည်တွင်တာဝန်ကျနေသော ဆရာဝန် မာရီယို ပိုစတီ ဂရီယိုနီ (Mario Posti-glione) နှင့် လက်ထပ်ခဲ့လေသည်။ ယင်းနှင့် သားနှစ်ယောက် မိုက်ကယ် နှင့် မောရစ် တို့ ထွန်းကားခဲ့သည်။

တစ်ကြိမ်တွင် ကွန်မြူနစ်တို့က ရတနာနတ်မယ်၏ အမျိုးသားကို ပြန်ပေးဆွဲသွားခဲ့ဖူးသည်။ အကျိုးအကြောင်း ရှင်းပြမေတ္တာရပ်ခံမှ သူ့အမျိုးသားကို ပြန်လွှတ်ပေးခဲ့သည်။ ဤတွင် မြန်မာနိုင်ငံအစိုးရက မြန်မာပြည်မှ ထွက်ခွာသွားကြရန် အကြံပြုသဖြင့် ခင်ပွန်းဖြစ်သူ၏ဇာတိ အီတလီနိုင်ငံသို့ လိုက်ပါသွားရသည်။ အီတလီတွင် အခြေချနေထိုင်စဉ် သဘောချင်း မတိုက်ဆိုင်သဖြင့် ရတနာနတ်မယ်သည် ခင်ပွန်းသည်နှင့် ကွာရှင်းပြတ်စဲ၍ သားနှစ်ဦးနှင့်သာ အီတလီနိုင်ငံ၌ ဆက်လက် အတူနေထိုင်ခဲ့သည်။ ၁၉၆၂ ခုနှစ် နှစ်ဦးပိုင်းတွင် မေမြို့ (ပြင်ဦးလွင်) ၌ ဖခင်ကြီး ဘယ်လာမီ ဆုံးပါးသွားသဖြင့် ရတနာနတ်မယ် ပြည်တော်ပြန်ရန် ပြင်ဆင်ခဲ့သည်။ သို့သော် ရောမမြို့ရှိ မြန်မာသံရုံးမှ ဗီဇာ မရသဖြင့် အခက်အခဲဖြစ်နေရာ ဦးနေဝင်းဇနီး ကစ်တီဘသန်းနှင့် လူပုဂ္ဂိုလ်ချင်း ရင်းနှီးခဲ့ဖူး၍ အကူအညီ

တောင်းခံရာမှ ဦးနေဝင်းနှင့် ရင်းနှီးသွားခဲ့သည်။ ထို့နောက် ဦးနေဝင်း ဥရောပတိုက်သို့ ရောက်ရှိနေစဉ်အတွင်း တစ်ချိန်က ကူညီခဲ့မှုအတွက် ကျေးဇူးတင်ကြောင်း သွားရောက်တွေ့ဆုံပြောကြားရာမှ သူ့ဇနီးကစ်တီ သေဆုံးကြောင်း သိခဲ့ရသည်ဟု ဆိုသည်။ ထိုအချိန်မှစ၍ ဦးနေဝင်းနှင့် ဆက်သွယ်မိပြီး တစ်နှစ်အကြာတွင် ဦးနေဝင်းမှ လက်ထပ်ခွင့်တောင်းခဲ့ရာ နောက်ဆုံး လက်ထပ်ဖြစ်ခဲ့ခြင်းဖြစ်သည်။ သို့သော် ၅ လမျှသာ ပေါင်းဖြစ်လိုက်ကြသည်။ ဦးနေဝင်းနှင့် ရတနာနတ်မယ်ဆိုသူတို့အကြောင်းကိုပင် ဦးနေဝင်းနှင့် ရက်ပေါင်း ၁၀၀ ဆိုသော စာအုပ် ရေးမည်ဟု သတင်းထွက်လိုက်သေး၏။ သို့သော် အကြောင်းကြောင်းကို ထောက်၍ မရေးဖြစ်တော့ဟု သိရသည်။

သို့သော် အဆိုပါစာအုပ် ဩစတြေးလျနိုင်ငံမှ အမျိုးသမီး စာရေးဆရာမတစ်ဦးက ရတနာနတ်မယ်အမည်ဖြင့် ရေးသားထုတ်ဝေခဲ့သည်ဟု ဆိုသည်။

ယခုအခါ ရတနာနတ်မယ်သည် အသက် ၇၁ နှစ်ရှိပြီး အီတလီနိုင်ငံ Tuscany ပြည်နယ် ဖလော်ရင့်မြို့တွင် နေထိုင်လျက် သူ့အိမ်၌ပင် အချက်အပြုတ်သင်တန်းကျောင်း ဖွင့်လှစ်ထားသည်။ သင်တန်းကျောင်း၏ အမည်ကို အီတလီဘာသာဖြင့် **The Associazione Culturele Arte e.Gastronomia Orientale Studio** ပေးထားသည်။

အီတလီဆောင်းပါးရှင်တစ်ဦးက ရတနာနတ်မယ်နှင့် သွားရောက်တွေ့ဆုံစဉ် အနောက်နိုင်ငံအတွက် စပိုင်လုပ်၍ ဦးနေဝင်းက မောင်းထုတ်ခဲ့သည်ဆိုခြင်းကို ဟုတ် မဟုတ် မေးမြန်းရာ ရတနာနတ်မယ်က ရယ်၍ ငြင်းဆိုခဲ့ပါသည်။ သို့သော် ဦးနေဝင်းက ဆေးလိပ်ပြာခွက်နှင့် ပစ်ပေါက်ခဲ့ပုံကိုမူ ဝန်ခံခဲ့သည်။ တရုတ်ပြည်မှ ပြန်လာပြီး နောက်တစ်နေ့တွင် စင်းလုံးငှားလေယာဉ်ဖြင့် မြန်မာပြည်မှ ပြန်လည်ထွက်ခွာလာခဲ့သည်။ လွန်ခဲ့သော ၂၄ နှစ်ခန့်က သားကြီးနှင့်အတူ မြန်မာပြည်သို့ တစ်ခေါက်ပြန်၍ အဘိုးဖြစ်သော လင်းပင်မင်းသားကြီး၏ အုတ်ဂူကို ရှိခိုးကန်တော့ကာ သံဃာအပါး ၁၂၀ ကို အရဏ်ဆွမ်း ကပ်လှူခဲ့သေးသည်။ သူသည် နာဂစ်မုန်တိုင်း ဒဏ်ခံရပြီး မကြာမီကာလ၌ အသက် ၂၅ နှစ်အရွယ် မြေးကလေးနှင့်အတူ မြန်မာပြည်သို့ လာရောက်ကာ နာဂစ်ကယ်ဆယ်ရေးတွင် ပါဝင်ဆောင်ရွက်ခဲ့သေးသည်။

ဦးနေဝင်းသည် ရတနာနတ်မယ်နှင့် အိမ်ထောင်ရေး ပြိုကွဲပြီးနောက် ဒေါ်နီနီမြင့်နှင့် ပြန်လည် ပြန်ပေါင်းထုတ်ခဲ့သည်။ ထို့နောက် ၎င်းအသက် ၇၇ နှစ်၌ အသက် ၂၅ နှစ်အရွယ် ရခိုင်အမျိုးသမီး ဒေါ်ကြာစံ အား လက်ထပ်ခဲ့သည်ဟု ဆိုကြသေးသည်။

## နောက်ဆုံးခရီး

ဦးနေဝင်းသည် မြန်မာနိုင်ငံတွင် အာဏာရှင်စနစ်ကို ထူထောင်ကာ ၂၆ နှစ်တိုင်တိုင် လူထုအားနည်းမျိုးစုံဖြင့် နှိပ်ကွပ်ဖိနှိပ်စိုးမိုးအုပ်ချုပ်ကာ သယံဇာတပေါကြွယ်၍ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်နေသော မြန်မာ နိုင်ငံတော်အား ကမ္ဘာ့အဆင်းရဲဆုံး စာရင်းဝင်ဖြစ်အောင် ထူးချွန် ပြောင် မြောက်စွာ ဆောင်ရွက်သွားခဲ့သည်။ ဦးနေဝင်း အာဏာသိမ်းပြီး ပြောခဲ့ သည့် စကားတစ်ခွန်းမှာ တိုင်းပြည် ချောက်ထဲကျဖို့ လက်တစ်လုံးအလို မှာ စစ်တပ်က အာဏာသိမ်း ကယ်တင်ခဲ့ရသည်ဟု ဆို၏။ သို့သော် တကယ် တိုင်းပြည်ကို ချောက်ထဲထိုးချခဲ့ရခြင်းမှာ... ဗိုလ်နေဝင်းနှင့် သူ၏ မဆလလမ်းစဉ်ကြောင့်သာ ဖြစ်လေသည်။

ဦးနေဝင်း ၂၆ နှစ်တိုင်တိုင် အာဏာရှင်စနစ်ဖြင့် ထင်သလို အုပ်စိုး သွားခြင်းနှင့် ပတ်သက်၍ ၁၉၈၉ ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် ဗဟန်း မြို့နယ်၌ ကျင်းပပြုလုပ်ခဲ့သော လူထုအစည်းအဝေးတွင် ဒေါ်အောင်ဆန်း စုကြည်က–

"၂၆ နှစ်အတွင်း မဆလ တစ်ပါတီ အာဏာရှင် စနစ်အောက်မှာ ဖြစ်ခဲ့တဲ့ ကိစ္စတွေဟာ ဘယ်သူတွေကြောင့် ပေါ်ပေါက်လာရတဲ့ ပြဿနာ တွေလဲ။ ပထမဦးဆုံး ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ရမယ်။ ကျွန်မတို့ ပြည်သူလူထုမှာလည်း အပြစ် မကင်းပါဘူး။ တိုင်းပြည်တစ်ပြည်မှာ ပေါ်လာတဲ့ နိုင်ငံရေးစနစ်ဆိုတာဟာ ပြည်သူလူထုနဲ့ အများကြီး ဆိုင်ပါ တယ်။ ကျွန်မတို့ပြည်သူလူထုဟာ အားနည်းချက်တွေရှိလို့သာ စစ်အာဏာ ရှင်စနစ်ဟာ ပေါ်ပေါက်လာတာပဲ။

တပ်မတော်ကို ပထမဆုံး တည်ထောင်တုန်းက ပြည်သူလူထုထဲက ထူထောင်ခဲ့တာ ဖြစ်ပါတယ်။ အစဉ်အလာ ကောင်းကောင်းနဲ့ ပြည်သူ

လူထုအကျိုးကို ထမ်းဆောင်ဖို့ဆိုပြီး တပ်မတော်ကို ထူထောင်ခဲ့တာပဲ၊ ဒါပေမဲ့ တပ်မတော်ဟာ တဖြည်းဖြည်း ပျက်စီးသွားတယ်။ ဂုဏ်သိက္ခာဟာ ကျဆင်းသွားတယ်။ ဘာဖြစ်လို့လဲ၊ ဦးနေဝင်းကြောင့်လို့ ကျွန်မတို့ ပြောနိုင်တယ်။ ဒါပေမဲ့ ကျွန်မတို့ ပြည်သူလူထုအနေနဲ့ ဘာဖြစ်လို့ ဦးနေဝင်းလို လူတစ်ယောက်ကို တိုင်းပြည်နဲ့ တပ်မတော်ကို ဖျက်ဆီးစေခဲ့သလဲ၊ ကျွန်မတို့မှာ အများကြီး တာဝန်ရှိပါတယ်။ အဲဒီတော့ တာဝန်အရ ကျွန်မတို့ ဒီကိစ္စတွေကို ပြန်ပြီးတော့ ပြုပြင်ရမယ်။ ဦးနေဝင်း တစ်ယောက်တက်ပြီးတော့ လုပ်လိုက်တယ် ဆိုပေမဲ့ လုပ်စေလို့သာ သူ လုပ်ဖြစ်သွားတာပဲ"

"အဲဒီတော့ ကျွန်မတို့ပြည်သူလူထုမှာ အများကြီး တာဝန်ရှိတယ်ဆိုတာ နားလည်ရမယ်။ တခြားလူကိုပဲ လက်ညှိုးထိုးနေလို့ မရပါဘူး။ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်ကြည့်ရပါမယ်။ ကျွန်မဆိုရင်တော့ လုံးလုံးလက်ခံပါတယ်။ 'မဆလ' နဲ့ ဦးနေဝင်းကြောင့် တိုင်းပြည်ဟာ ပျက်သွားရတယ်။ ဒါပေမဲ့လည်း မဆလ နဲ့ ဦးနေဝင်းတို့ တိုင်းပြည်အပေါ် (၂၆)နှစ်ကျော်ကျော် အခုထိ အုပ်စိုးစေခဲ့တဲ့ ပြည်သူလူထုမှာ တာဝန် အများကြီးရှိပါတယ်။ ဒါ့ကြောင့် ကျွန်မတို့ဟာ ဒီစနစ်တွေ ဒီနိုင်ငံက ပပျောက်သွားအောင် ဆက်ပြီးတော့ ရုန်းကန်ရမယ်။ ရုန်းကန်ဖို့ တာဝန် ရှိပါတယ်။ ကျွန်မတို့ လုပ်ခဲ့လို့ ဒီလိုဖြစ်တယ်။ ကျွန်မတို့ ပြန်ပြီးတော့ ပြုပြင်ရမယ်ဆိုတဲ့ စိတ်တွေ ထားရမယ်။ တခြားလူကိုပဲ လက်ညှိုးထိုးနေလို့ မရပါဘူး" ဟူ၍ ပြောကြားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း ဦးစီးတည်ထောင်ခဲ့သော ပထစအစိုးရထံမှ တိုင်းပြည်ကြီး ချောက်ထဲကျရန် လက်တစ်လုံးအလိုမှာ မလွဲမရှောင်သာ၍ စစ်တပ်က အာဏာသိမ်းလိုက်ရပါသည်ဟု အသံကုန်ဟစ်အော် အာဏာရယူလာသော ဗိုလ်နေဝင်း စစ်အစိုးရသည် မင်းကျင့်တရား ဆယ်ပါးနှင့် အညီ အုပ်ချုပ်ခဲ့သည်ကို လုံးဝ မတွေ့ရဘဲ "ဖ" အက္ခရာ ဆယ်ပါးနှင့် အုပ်ချုပ်ခဲ့ပုံကို ရန်ကုန်တက္ကသိုလ်ကျောင်းသားဟောင်းများအဖွဲ့က ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် မှတ်တမ်းလွှာ ထုတ်ပြန်ခဲ့ရာ သမိုင်းမှတ်တမ်းအဖြစ် လူငယ်များသိစေရန် ပြန်လည် ဖော်ပြလိုက်ပါသည်။

## "ဖ"အက္ခရာ ဆယ်ပါးနှင့် မင်းလုပ်ခဲ့သော ဗိုလ်နေဝင်း

(၁) **ဖြိုဖျက်တတ်ခြင်း** ။ ။ ဗိုလ်ချုပ် အောင်ဆန်း နှင့် တကွ မျိုးချစ်ကျောင်းသား ခေါင်းဆောင်များ မွေးထုတ်ရာ ကျောင်းသားများ သမဂ္ဂအဆောက်အအုံကို ဒိုင်းနမိုက်ဖြင့် ဖောက်ခွဲဖျက်ဆီးပြီး ကျောင်းသားများကို သတ်ဖြတ်ခြင်းဖြင့် သူ့သမိုင်းကို သူ စတင်ရေးခဲ့သည်။ **(ရှစ်ရက် ရှလိုင် မမေ့နိုင်)**

(၂) **ဖြောင်တတ်ခြင်း** ။ ။ နိုင်ငံတော်ပိုင် နိုင်ငံခြားငွေကြေးနှင့် ရွှေများ၊ ကျောက်သံပတ္တမြား၊ ပုဂံရတနာနှင့် အဖိုးတန်ကျောက်စိမ်းများအပြင် ရှေးဟောင်း မြန်မာ့အမွေအနှစ်ပစ္စည်းများကို မိမိကိုယ်ကျိုးအတွက် ရောင်းချပြီး ဆွစ်ဇာလန်နိုင်ငံတကာဘဏ်၌ အပ်နှံထားခဲ့သည်။

(၃) **ဖြန့်ဖြူးတတ်ခြင်း** ။ ။ ဆိုရှယ်လစ် သူခိုးများ ဦးဆောင်မှုဖြင့် မိုးကုန်မှ ထီးဖြန့်၊ ဆောင်းကုန်မှ အနွေးထည်ဖြန့်၊ မေတ္တာမွန်၊ ပဒုမ္မာတို့မှ ပစ္စည်းများထုတ်၍ ဆင်းရဲသားများအား အဆတစ်ရာ တင်၍ ရောင်းချဖြန့်ဖြူးနေသည့် အချိန်အခါ၌ ဖားသားကြီး နေဝင်းတစ်ယောက် ဖိလစ်ပိုင်မှ အာဏာရှင် မားကို့စ်ကဲ့သို့ မဖြစ်ရလေအောင် အချိန်မီ ဆွစ်ဇာလန်ဘဏ်၌ ခိုးယူထားသော နိုင်ငံပိုင် ဒေါ်လာ ၆ ဘီလျံ (သန်း ၆၀၀၀) တန် ပစ္စည်းများကို သား သမီး၊ မြေး၊ မြစ်များအား ဖြန့်ဖြူးပေးခဲ့သည်။

(၄) **ဖဲရိုက်တတ်ခြင်း** ။ ။ အားလပ်ချိန်များတွင် နိုင်ငံအကျိုးပြုလုပ်ငန်းများ လုပ်ကိုင်ရမည့်အစား မြင်းပြိုင်ပွဲ၊ ခွေးပြိုင်ပွဲ၊ ဖဲရိုက်၊ ဖာလိုက်နှင့် အလုပ်များနေတတ်သည်။ နိုင်ငံတော်အတွက် အခြေပြမိန့်ခွန်းတစ်ခု ပြောကြားရာ၌ပင် "ဟို... သုံးပုံဖဲရိုက်သလိုပေါ့" ဟူ၍ ဖဲဥပမာ ပေးခဲ့လေသည်။

(၅) **ဖောက်ပြန်တတ်ခြင်း** ။ ။ ဒေါ်သန်းညွန့်၊ ဒေါ်တင်တင်၊ ဒေါ်ခင်မေသန်း၊ ဒေါ်နီနီမြင့်၊ သိန်း ၁၂၀၀ ကျော် လျော်ကြေးပေးလိုက်ရသည့် ရတနာနတ်မယ်နှင့် အသက် ၇၀ ကျော် သူငယ်ပြန်သည့် အရွယ်ရောက်မှ ကျောက်မျက်ရတနာပြခန်း၌ မင်္ဂလာ

ဆွမ်းကျွေး ပြုလုပ်ခဲ့သော ရခိုင်မလေးတို့မှာ အပရိက မယားများ ဖြစ်သည်။ ရောက်လေရာအရပ်တွင် စစ်ဗိုလ်အပါးတော်များက ဖာရှာပေးရသည်ကိုပင် မကျေနပ်၊ ဗိုလ်မှူးကြီးဝွမ်ရှိန်ကိုယ်တိုင် အိမ်နီးချင်းထိုင်းနိုင်ငံမှ ပြည့်တန်ဆာများကို ခေါ်ယူ ဆက်သ ပေးခဲ့ရသည်။

(၆) **ဖမ်းဆီးထိန်းသိမ်းတတ်ခြင်း** ။ ။ ဆိုရှယ်လစ် တရားမဲ့ဝါဒ တစ်ပါတီ အာဏာရှင်စနစ်ကို ဆန့်ကျင်သူမှန်သမျှ ရဟန်း၊ ရှင်၊ လူ၊ နိုင်ငံ့ခေါင်းဆောင်များ၊ တပ်မတော်အရာရှိကြီးငယ်၊ ကုန်သည်ပွဲစား၊ ကျောင်းသားလူငယ်ကလေးများပါမကျန် ဥပဒေမဲ့ အချိန်ကြာမြင့်စွာ ဖမ်းဆီးချုပ်နှောင်၍ လူ့အခွင့်အရေး ချိုးဖောက်ကာ ဒီမိုကရေစီကို ဖျက်သိမ်းခဲ့သည်။

(၇) **ဖက်ဆစ်ဆန်စွာ ပြုမူတတ်ခြင်း** ။ ။ ကျောင်းသားအရွယ် လူမမယ်ကလေးများကို သေနတ်ဖြင့် ရက်စက်စွာ ပစ်ခတ်၊ သတ်ဖြတ်၊ ဘက်နက်ဖြင့် ထိုး၊ လုံထိန်းကားဖြင့် တိုက်၊ ထောင်ထဲ၌ ညှဉ်းပန်းနှိပ်စက်၊ မုဒိမ်းကျင့်ခြင်းဖြင့် ရက်စက်မှုအပေါင်း သရဖူ ဆောင်းခဲ့သည်။

(၈) **ဖုံးကွယ်တတ်ခြင်း** ။ ။ နိုင်ငံအရေးအခင်းများတွင် ပြည်သူတို့အား မျက်စိမှိတ်၊ နားပိတ်ထားပြီး သတင်းအမှောင်များချ၍ သမိုင်းဖြစ်ရပ်အမှန်ကို ထုံးသုတ်ခဲ့သည်။ ၁၉၈၈ ခု မတ်လမှ ဩဂုတ်လအထိ အရေးအခင်းများတွင် သေဆုံးသူပေါင်း ငါးထောင်ကျော်ကို ၁၀၀ သာ သေသည်ဟု ကြေညာခဲ့သည်။ မယုံလျှင် ပုံပြင်ဟူ၍သာ မှတ်ကြပေတော့။

(၉) **ဖျဲကျတတ်ခြင်း** ။ ။ လေးတန်း မအောင်သည့် စိန်လွင်ကို သမ္မတ မြှောက်၊ မတန်မရာ ဘဝရောက်မှ ပြည်သူက ဆဲဆို၊ အဲဒီလိုနဲ့ သူ့အပေါ် အမုန်းတရားတွေ စိန်လွင်ပေါ် ပုံချ၊ ပိုင်လိုက်သည့် ဖျဲကြီး။

(၁၀) **ဖောင်းလုပ်တတ်ခြင်း** ။ ။ ခေါင်းဆောင် မပီသသည့်၊ အကြင်နာမဲ့သည့်၊ သေးသိမ်ညံ့ဖျင်းသည့်၊ လူမိုက်ဆန်သည့် မိန့်ခွန်း

တစ်ခုကို နောက်ဆုံး ပြောသွားခဲ့သေးသည်။ "စစ်တပ်ဆိုတာ မိုးပေါ် ထောင်မပစ်ဘူး၊ တည့်တည့်ပဲ ပစ်တတ်တယ်" ဟူ၍ ပြောခဲ့ရာ သူ့စိတ်ဓာတ် အရင်းအတိုင်း ဖော်ပြခဲ့သည်။

ဤသို့ "ဖ" အက္ခရာ ဆယ်ပါးဖြင့် မင်းလုပ် အုပ်ချုပ်ခဲ့သော ဗိုလ်နေဝင်း၏သမိုင်းကား ကွေးခဲ့လေသည်။

ဦးနေဝင်းသည် ရှစ်ဆယ့်ရှစ် ဒီမိုကရေစီအရေးတော်ပုံကြီးကြောင့် မဆလ ပါတီမှ နုတ်ထွက်သွားခဲ့ရပြီးနောက် ခေတ္တ တိမ်မြုပ်နေခဲ့သည်။ ၁၉၈၈ စစ်တင်ဘာလတွင် ၈၈ ဒီမိုကရေစီ အရေးတော်ပုံကြီးကို ဖြိုခွင်း၍ အာဏာသိမ်းရန် ဆက်ပြီးညွှန်ကြားစီမံခဲ့ပြန်သည်။ ယင်းနောက် ၁၉၈၉ ခုနှစ်၊ မတ်လ ၂၇ ရက်၊ (၄၄) နှစ်မြောက် တပ်မတော်နေ့တွင် စစ်ဝတ်စုံ အပြည့် ဝတ်၍ တပ်မတော် ညစာစားပွဲတွင် တပည့်လက်သား သွားလေသူ ဗိုလ်ချုပ်မှူးကြီးစောမောင်၊ ဗိုလ်ချုပ်ကြီးသန်းရွှေ (နောင် ဗိုလ်ချုပ်မှူးကြီး) နှင့် အခြား ကြည်း၊ ရေ၊ လေ တပ်မတော်ခေါင်းဆောင်အချို့နှင့် စားပွဲ တိုင်းတွင် အတူထိုင်ကာ လူထုအား ရယ်သွမ်းသွေးပြနေပုံကို ပထမဆုံး ပြန်လည် တွေ့မြင်ရပြန်သည်။ တစ်ဖန် ၁၉၉၇ ခုနှစ် စက်တင်ဘာလတွင်



အေးနေဝင်း၊ ကျော်နေဝင်းတို့ လွတ်မြောက်ပြီးနောက်

အင်ဒိုနီးရှားသမ္မတ ဆူဟာတို ထံ ခေတ္တ အလည်သွားပြီးနောက် ပျောက်ချင်းမလှ ပျောက်သွားခဲ့ပြန်သည်။ ထို့နောက် ဆေးစစ်မှုခံယူရန် အကြောင်းပြချက်ဖြင့် စင်ကာပူသို့ သွားရောက်ခဲ့သည်။

သူ၏နောက်ဆုံး ပြည်ပခရီးစဉ်အဖြစ် ထိုခရီးစဉ်၏ သတင်းဓာတ်ပုံတွင် ဇရာထောင်း၍ ဖွတ်ဖွတ်ကြေနေသည့် သူ၏ရုပ်သွင်၌ အတ္တ၊ မာနတို့ လုံးဝ မကျသေးကြောင်း ပေါ်လွင်နေသည်။ မူလပင်ကိုယ် စရိုက်ဆိုး၊ ဉာဉ်ဆိုး၊ ဝါသနာဆိုးတို့အရ သူသည် အမြဲတမ်း 'ဗိုလ်' လုပ်ချင်သူဖြစ်နေကား သူ့ကို 'ဗိုလ်' တင်နိုင်မည့် ပရိသတ်မျိုးကိုသာ ရှာခဲ့သည်။ ထိုပရိသတ်မျိုးနှင့်သာ ပေါင်း၏။ ထိုပတ်ဝန်းကျင်၌သာ သူပျော်မွေ့၏။ သူသည် အနှစ်မရှိသောတောင်၌ ကြက်ဆူပင် ဖြစ်ရခြင်းကိုသာ ကျေနပ်ခဲ့သူ ဖြစ်သည်။ နောက်ဆုံး၌ အနှစ်မရှိသော ထိုပတ်ဝန်းကျင်၌ပင် သူ့ဘဝလည်း နေဝင်ခဲ့ရလေသည်။

သူသည် ပညာဉာဏ်နည်းပြီး လောဘသက္ကာယကြီးသူ ဖြစ်သည်နှင့် အညီ သခ်ါရတရားနှင့် ဆင်ခြင်တုံတရား ကင်းမဲ့စွာဖြင့် ဂမ္ဘီရဆန်ဆန် အယူသီးမှုများနှင့် လုံးထွေးရစ်ပတ်နေပြန်သည်။ သူသည် ဂဏန်းဗေဒင်အရ '၆' ဂဏန်းသမားဖြစ်ရာ '၉' ဂဏန်းကို သူ့ဘဝ၏အရေးပါ အရာရောက်သော အကျိုးပေးဂဏန်းဟု မှတ်ယူထားပုံရသည်။ ဗိုလ်ချုပ်စောမောင်ကို အာဏာသိမ်းခိုင်းရာမှာပင် '၉' ဂဏန်း သက်ရောက်စေရန် 'နဝတ' ဟု အမည်ပေးခဲ့သည်။

(န = ၇ + ဝ = ၄ + တ = ၇ = ၁၈ = ၉)။ ထို့ပြင် '၈၈' ဒီမိုကရေစီ အရေးတော်ပုံကြီးအား စက်တင်ဘာလ ၁၈ ရက်နေ့တွင် သူကိုယ်တိုင် တွက်ချက်၍ အာဏာသိမ်းခိုင်းသည်။ သူ့အသက် ၇၇ နှစ်တွင် အသက် ၉၉ နှစ်အထိ ဆွဲဆန့်လိုသဖြင့် ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင် မည်သည့်နိုင်ငံမှ မထုတ်ဝေဖူးသော ၄၅ ကျပ်တန်နှင့် ၉ဝ ကျပ်တန် ငွေစက္ကူကို ထုတ်ဝေခိုင်းခဲ့သည်။ ထို့ပြင် ဗေဒင်ဆရာ၏ အကြံပေးချက်အရ လေယာဉ်ပျံပေါ်တွင် သစ်သားမြင်းရုပ်ကို ခွစီးပြီး သူမွေးဖွားရာ ချောင်းကောင်းရွာကို ၉ ပတ် ပတ်ခဲ့ဖူးသည်။

တစ်ဖန်သူ့အသက် ၉ဝ တွင် အသက် ၉၉ နှစ် အထိ ဆွဲဆန့်လိုသဖြင့် အားလုံးပေါင်းလျှင် '၉' ဂဏန်းကျသော ၂ဝဝ၁ ခုနှစ်၊ မတ်လ

၂၁ ရက်နေ့တွင် ဆီဒိုးနားဟိုတယ်ကြီး၌ သိက္ခာရင့်ဝါကြီး၊ ဆရာတော်ကြီး ၉၉ ပါးကို ပင့်ဆောင်ပြီး ဆွေမျိုးများနှင့် မဆလခေတ် တပည့်တပန်းများ အပါအဝင် ဧည့်သည်တော် ၅၀၄ ယောက်ကို ဖိတ်ခေါ်၍ ဆွမ်းကပ်ခဲ့ပြန်သည်။

လောကီ အစီအမံများဖြင့် သူ့အသက်ကို ၉၉ နှစ် အထိ ဆွဲဆန့်ခဲ့သော်လည်း သူ့ဆန္ဒ မပြည့်ဝဘဲ ၉၂ နှစ်သာ အသက်ရှည်ခဲ့ရသည်။ မည်သို့ဆိုစေ... ဓမ္မပဒ၌ "ပညာလည်း မရှိ၊ တည်ကြည်ခြင်းလည်း မရှိသော သူ၏ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ခြင်းထက် ပညာရှိ၍ ကမ္မဋ္ဌာန်းတရားကိုရှုသော သူ၏ တစ်ရက်တာမျှ အသက်ရှည်ခြင်းသည် သာ၍ မြတ်ပေ၏" ဟူသော တရားစကားကို သူသည် သိခဲ့ပုံ မပေါ်ချေ။

ယင်းနောက် ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော သူ့သမီးခင်စန္ဒာဝင်း၏လက်ထပ်မင်္ဂလာ ၂၆ နှစ်မြောက် အခမ်းအနားတွင် သူ့ကို မမြင်ချင်အဆုံး တစ်ဖန်တွေ့ရပြန်သည်။ သူတို့ အလျှံပယ် ကျွေးမွေးဧည့်ခံမှုနှင့် ပျော်ရွှင်မြူးထူး ကခုန်မှုများက မြန်မာပြည်တစ်ဝန်းတွင် ငတ်မွတ်ခေါင်းပါးကာ ဆင်းရဲတွင်း နက်နေသော ပြည်သူလူထု၏ ခံစားမှုဝေဒနာအပေါင်းကို ပြက်ရယ်မှုပြုသကဲ့သို့ ဖြစ်နေခဲ့ပြန်သည်။

ထို့နောက် မြန်မာစစ်အာဏာရှင်တို့၏ ခေါင်းဆောင်ကြီး ဦးနေဝင်းသည် သူ့ထက် လက်စောင်းထက်ခဲ့သော စစ်အာဏာရှင်လက်သစ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လက်ထက်၌ ၂၀၀၁ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် မအောင်မြင်သော အာဏာသိမ်းရန် ကြံစည်မှုဖြင့် ဦးနေဝင်း အပါအဝင် သူ၏ အချစ်ဆုံးသမီး ခင်စန္ဒာဝင်း၊ ၎င်း၏သမက် အေးဇော်ဝင်းနှင့် သူ၏ မြေးချစ်များဖြစ်သည့် အေးနေဝင်း၊ ကျော်နေဝင်း၊ ဇွဲနေဝင်းတို့သည် ဖမ်းဆီးအရေးယူခံရတော့သည်။ ယင်းအမှုတွင် ခင်စန္ဒာဝင်းသည် အတွင်းကျကျ ပါဝင်ပတ်သက်ခဲ့သည် ဆိုသော်လည်း အစွပ်စွဲခံသူ့ယောကျ်ားနှင့် သားများ ထောင်ကျခဲ့ရသော်လည်း ခင်စန္ဒာဝင်းနှင့် သူ့ဖခင် ဦးနေဝင်းတို့ကတော့ အိမ်တွင် အကျယ်ချုပ်ခံခဲ့ရသည်။

ထို့နောက် သမ္မတသစ် ဦးသိန်းစိန် တက်လာပြီးနောက် ပထမဆုံးအကြိမ် လွတ်ငြိမ်းချမ်းသာခွင့် ၂၀၁၂၊ ဇန်နဝါရီလ ၂ ရက်နေ့ခြံ အမိန့်ကြေညာစာ အမှတ် ၁/၂၀၁၂ ဖြင့် ထုတ်ပြန်၍ နိုင်ငံရေးအကျဉ်းသား ၆၅၁ ယောက်ကို လွှတ်ပေးခဲ့ပြီး ဦးနေဝင်း၏ မြေးဖြစ်သူ ဇွဲနေဝင်းနှင့် သမက်ဖြစ်သူ ဦးအေးဇော်ဝင်းတို့ ပြန်လည်လွတ်မြောက်သွားခဲ့သည်။ ကျန်မြေးများဖြစ်သည့် အေးနေဝင်း၊ ကျော်နေဝင်းတို့မှာမူ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ကျမှ သမ္မတဦးသိန်းစိန်၏ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အရ ပြန်လည် လွတ်မြောက်သွားခဲ့သည်။

တစ်ချိန်က တန်ခိုးအာဏာ မည်မျှပင်ကြီးထွားစေခဲ့ပါမူ တစ်နေ့တွင် တန်ပြန်ခံရပြီး မကောင်းမှုစိတ်ဖြင့် ပြုလုပ်ခဲ့မှု အစုစုသည် လှည်းဘီးသည် ဝန်ကိုဆောင်သော နွား၏ခြေရာသို့ အစဉ်လိုက်သကဲ့သို့ မကောင်းမှုသည် အစဉ်လိုက်သည်ကို သူ သိရှိသွားမည် ထင်ပါသည်။

သို့သော် သူ မကွယ်လွန်မီက မြန်မာနိုင်ငံ တရားသူကြီးချုပ်ဟောင်း ဦးတင်အောင်ဟိန်း နှင့် မဆလပါတီ နည်းပြချုပ်ဟောင်း ဦးချစ်လှိုင် ခေါ် ကိုကိုကိုမောင်ကြီး တို့အား အဲဒီတုန်းကသာ လယ်တီဆရာတော်ဘုရားကြီးရဲ့ တရားတွေကိုသာ ကိုယ် သိခဲ့ရင် ၁၉၆၂ က လုပ်ခဲ့တဲ့ အလုပ်မျိုးကို ကိုယ် မလုပ်ခဲ့ပါဘူး ဟူ၍ ပြောကြားခဲ့သည်ဟု ဆိုသည်။ စာရေးသူကတော့ လုံးဝ မယုံကြည်ပါ။ ကိုကိုမောင်ကြီး၏ ဖြီးလုံးဖြန်းလုံးများဟုသာ ထင်မြင်မိပါသည်။ ဦးနေဝင်းသည် မည်သည့်အခါမှ တရားရမည့်သူ မဟုတ်ပါ။ တောင်ထိပ်ကြာပေါက်၊ လိပ်ကျောကုန်း အမွေးပေါက်၍ ဖျိုင်းသာ မည်းလျှင် မည်းမည်။ မည်သည့်အခါမှ တရားရလိမ့်မည် မဟုတ်။

ဤသို့ဖြင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဘဝဖြင့် ဦးနေဝင်းသည် ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့ သူ့အသက် ၉၂ နှစ်တွင် နောက်ဆုံးဇိဝိန် ချုပ်သွားခဲ့ရသည်။ သွားလေသူ ဆရာ့ဆရာကြီးဦးနေဝင်း၏ အသုဘကို နိုင်ငံတော်ရျာပနလုပ်ဖို့ ဝေးစွ၊ နဝတ စစ်ခေါင်းဆောင်များ မည်သူမျှ လာရောက် အသုဘသတင်း မေးမြန်းမှုပင် မပြုခဲ့ကြချေ။ သူ၏ နာရေးသတင်းကို အစိုးရက တရားဝင်ထုတ်ပြန်ကြေညာမှု မပြုခဲ့သည့်အပြင်

သူ၏ နာရေးသတင်းကို အစိုးရထုတ် သတင်းစာများ၌ သူကွယ်လွန်ပြီး ၃ ရက်အကြာ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့ကျမှ စာပေစိစစ်ရေး၏ ဖြတ်တောက်မှုဖြင့် မိသားစုက ထုတ်ပြန်ခွင့် ရခဲ့သည်။ သတင်းစာအပါ နာရေးကြော်ငြာမှာ အောက်ပါအတိုင်းဖြစ်သည်။

**ဦးနေဝင်း**

**အသက်(၉၃)နှစ်**

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မေခလမ်း၊ အမှတ်(၁၉)နေ (ဒေါ်ခင်မေသန်း)၏ခင်ပွန်း၊ (ဦးသိန်း)၊ ဦးငွေစိုး၊ (ဦးအေးအောင်ဝင်း)၊ (ဒေါက်တာဒေါ်လှဲ့လှဲ့ဝင်း)၊ ဒေါ်သီတာဝင်း၊ ဒေါက်တာဒေါ်သော်တာဝင်း၊ ဒေါက်တာဒေါ်ခင်စန္ဒာဝင်း၊ ဦးဖြိုးဝေဝင်း၊ ဒေါက်တာဒေါ်ကြေးမုံဝင်း တို့၏ဖခင် ဦးနေဝင်းသည် ၂၀၀၂ခုနှစ်၊ ဒီဇင်ဘာလ(၅)ရက်နေ့ နံနက်(၀၇း၃၀)အချိန်တွင် ဘဝတစ်ပါးသို့ ပြောင်းသွားကွယ်လွန်သည်ဖြစ်ပါ၍ ကာယကံရှင်၏ဆန္ဒအရ ဒီဇင်ဘာလ (၅)ရက်နေ့ နေ့လယ် ၁၃း၃၀ အချိန်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျေးဇူးရှင်ဖခင်ကြီး ဦးနေဝင်း၊ နာမကျန်းစဉ် ပြုစုကုသပေးခဲ့သော ပုဂ္ဂိုလ်များအားလုံးကိုလည်းကောင်း၊ ဈာပနကိစ္စတွင် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးသော ပုဂ္ဂိုလ်များကိုလည်းကောင်း ကျန်ရစ်သူမိသားစုများမှ ကျေးဇူးတင်ရှိအပ်ပါသည်။ မိမိတို့အနေဖြင့်တစ်ဦးချင်းကိုယ်စီကိုယ်င ကျေးဇူးတင်ရှိကြောင်းကို ကိုယ်တိုင်ကိုယ်ကျ မပြောဆိုနိုင်သည်ကို နားလည်သည့်အတွက် အထူးပင်ကျေးဇူးတင်ပါသည်။

ကျန်ရစ်သူမိသားစု။

**သတင်းစာများ၌ ဖော်ပြခဲ့သော နာရေးကြော်ငြာ**

## ဦးနေဝင်း

## အသက် (၉၃) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မေခလမ်း အမှတ် ၁၉ နေ (ဒေါ်ခင်မေသန်း) ၏ ခင်ပွန်း၊ (ဦးသိန်း)၊ ဦးငွေစိုး၊ (ဦးအေးအောင်ဝင်း)၊ (ဒေါက်တာဒေါ်လှဲ့လှဲ့ဝင်း)၊ ဒေါ်သီတာဝင်း၊ ဒေါက်တာသော်တာဝင်း၊ ဒေါက်တာ ခင်စန္ဒာဝင်း၊ ဦးဖြိုးဝေဝင်း၊ ဒေါက်တာကြေးမုံဝင်း တို့၏ ဖခင် ဦးနေဝင်း သည် ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့၊ နံနက် ၀၇း၃၀ အချိန်တွင် ဘဝတစ်ပါးသို့ ပြောင်းသွား ကွယ်လွန်သည်ဖြစ်ပါ၍ ကာယကံရှင်၏ ဆန္ဒအရ ဒီဇင်ဘာလ ၅ ရက်နေ့၊ နေ့လယ် ၁၃း၃၀ အချိန်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျေးဇူးရှင်ဖခင်ကြီး ဦးနေဝင်း နာမကျန်းစဉ် ပြုစုကုသပေးခဲ့သော ပုဂ္ဂိုလ်များအားလုံးကိုလည်းကောင်း၊ ဈာပနကိစ္စတွင် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးသော ပုဂ္ဂိုလ်များကိုလည်းကောင်း၊ ကျန်ရစ်သူမိသားစုများမှ ကျေးဇူးတင်ရှိအပ်ပါကြောင်း။ မိမိတို့အနေဖြင့် တစ်ဦးချင်းကိုယ်စီကိုယ်င ကျေးဇူးတင်ရှိကြောင်းကို ကိုယ်တိုင်ကိုယ်ကျ မပြောဆိုနိုင်သည်ကို နားလည်သည့်အတွက် အထူးပင် ကျေးဇူးတင်ပါသည်။

**ကျန်ရစ်သူမိသားစု**

ဟူ၍ ဖြစ်သည်။

မည်သို့ဆိုစေ အာဏာရှင်ဟောင်း ဦးနေဝင်း၏ အသုဘကို သားသမီး ဆွေမျိုးရင်းချာ ၉ ဦးသာ လိုက်ပါပို့ဆောင်ခွင့်ရ၍ "၉"ဂဏန်းကို ကြိုက်နှစ်သက်လှသော ဦးနေဝင်း၏ နောက်ဆုံးခရီး၌ပင်"၉"ဂဏန်းသည် တိုက်ဆိုင်နေပေရာ မတော်တဆ တိုက်ဆိုင်မှုပင်လော၊ သို့မဟုတ် အာဏာရှင်တို့၏ နောက်ဆုံးဇာတ်သိမ်းပိုင်းသည် ဤသို့ပင် ဖြစ်တတ်ပါတကားဟု သံဝေဂ ရနေမိပါသည်။ ယခုအခါ ဦးနေဝင်း၏အမွေကို ဆက်ခံကာ စစ်တပ် အရာရှိကြီးများနှင့် တပ်ထွက် အရာရှိဟောင်းများသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးမှအစ စီးပွားရေး၊ လူမှုရေး၊ ပညာရေးအလယ်၊ ယဉ်ကျေးမှုအဆုံး ဝင်ရောက်စိုးမိုး ချယ်လှယ်နေ၍ တိုင်းပြည်၏ စီးပွားရေးသည် အရှေ့တောင်အာရှတွင် အောက်ဆုံးအဆင့်သို့ ကျရောက်ကာ စစ်တပ် အရာရှိကြီးများနှင့် ၎င်းတို့နှင့် ပလဲပနံသင့်သူ လူတစ်စုသာ ကောင်းစား၍ အခွင့်ထူးရရှိနေသော ခရိုနီများသာ ကြီးပွားရင်း ကြီးပွားကာ လူထုကြီးသည် ဆင်းရဲသထက် ဆင်းရဲနေသည်ကိုမူ မည်သူမျှ ငြင်းနိုင်လိမ့်မည် မဟုတ်ပေ။

□

## ကိုးကားသော စာနယ်ဇင်းများ


၁။ ကျော်ဝင်း၊ ဦး၊ ဦးမြဟန်နှင့်ဦးသိန်းလှိုင်၊ **၁၉၅၈–၁၉၆၂ မြန်မာ့နိုင်ငံရေး** (စတုတ္ထတွဲ)။

၂။ မြင့်ကြည်၊ ဒေါက်တာနှင့် ဒေါက်တာနော်အင်ဂျလင်း၊ **၁၉၅၈–၆၂ မြန်မာနိုင်ငံရေး (ဒုတိယတွဲ)**

၃။ သန်းဝင်းလှိုင်၊ **အနှစ်ချုပ်မြန်မာ့သမိုင်းအဘိဓာန်၊** (ပ၊ ဒုတွဲ) ပညာရွှေတောင်၊ ပကြိမ် ၂၀၁၀။

၄။ သန်းဝင်လှိုင်၊ **အထင်ကရမြန်မာ့နိုင်ငံရေးခေါင်းဆောင်များ၊** နှစ်ကာလများစာပေ၊ ပကြိမ် ၂၀၁၃ ဩဂုတ်။

၅။ သန်းဝင်းလှိုင်၊ **တော်လှန်ရေးကောင်စီ ဘာ့ကြောင့်နိုင်ငံတော်အာဏာသိမ်းပိုက်ခဲ့သလဲနှင့် မိုးမခနိုင်ငံရေး ဆောင်းပါးများ၊** ရန်အောင်စာပေ၊ ပကြိမ် ၂၀၁၃။

၆။ ကယားဦးစိန်၊ **အာဏာသိမ်းမှတ်တမ်း** (လက်နှိပ်စက်မူ)

၇။ **ဖဆပလ ပဏာမပြင်ဆင်မှု ညီလာခံ မှတ်တမ်း** ရန်ကုန်စကူးနှင့် ဒိုင်ဂျက်ပုံနှိပ်တိုက်၊ ၁၉၄၇။

၈။ သခင်ချစ်မောင် (ဝိမုရ) **ရှမ်းမှုနဲ့ပြည်ထောင်စုနောင်ရေး၊** ရန်ကုန်ကြေးမုံ ပုံနှိပ်တိုက်၊ ၁၉၆၂။

၉။ **တော်လှန်ရေးကောင်စီ၏ လုပ်ဆောင်ချက် သမိုင်းအကျဉ်းချုပ်** မြန်မာနိုင်ငံစုဒ္ဓသာသနာအဖွဲ့, ပုံနှိပ်တိုက်၊ ပကြိမ် ၁၉၇၄။

၁၀။ မောင်ဝံသ၊ **ခေတ်မီနိုင်ငံရေးဝေါဟာရအဘိဓာန်မှ** ဒေါင်းစာပေ ပကြိမ် ၂၀၁၁။

၁၁။ ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော၊ **ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိပေါင်းချုပ် (ဆိုင်းစုမှသည်မန်ဟိုင်းဆီသို့)** ထိုင်းနိုင်ငံ၊ ရှုဝံစာပေ၊ အကြိမ် ၂၀၀၇။
၁၂။ ဒေါက်တာမောင်မောင်၊ **မြန်မာနိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း** ပုဂံစာအုပ်၊ ပကြိမ် ၁၉၆၈ မတ်လ။
၁၃။ ဒေါက်တာမောင်မောင်၊ **တို့ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ**၊ စိတ်ကူးချိုချိုစာပေတိုက်၊ ဒုတိယအကြိမ် ၂၀၁၂။
၁၄။ ဝိဓူရသခင်ချစ်မောင် (သာယာဝတီ)၊ **ပါလီမန်ဒီမိုကရေစီဘယ်လဲနှင့် မြန်မာပြည်နိုင်ငံရေးရှင်းတမ်း၊** ရွှေသစ္စာစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၂။
၁၅။ တင်နိုင်တိုး၊ **နှစ်ပေါင်းလေးဆယ်ကာလ နိုင်ငံတော်သမ္မတများ၊** ကျော်မွှေးစာပေ၊ ပကြိမ် ၂၀၁၁။
၁၆။ မောင်ဇေယျာ၊ **မြန်မာလူကျော် ၁၀၀** (ဒုတိယအုပ်) Unity စာပေ၊ ပကြိမ် ၂၀၁၂။
၁၇။ သုတေသနရဲဘော်၊ **ရဲဘော်သုံးကျိပ်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ကြောင်းများ၊** ရဲဘော်ရာကျော်စာပေ ထုတ်ဝေရေး၊ ပကြိမ် ၁၉၇၅။
၁၈။ သမိုင်းသုတေသနဌာန၊ **မြန်မာ့ရက်စဉ်သမိုင်း** (ဒုတိယတွဲ) ရန်ကုန်၊ ပကြိမ် ၂၀၀၉။
၁၉။ ကျော်ငြိမ်း၊ **ရဲဘော်သုံးကျိပ်**၊ အင်းဝစာအုပ်တိုက်၊ ပကြိမ် ၁၉၉၈။
၂၀။ ဒေါက်တာမောင်မောင်၊ **သက်ရှိရာဇဝင်** Unity စာပေတိုက် ၂၀၁၁၊ ဩဂုတ်လ။
၂၁။ ဦးအောင်ထူး၊ "ဆဲဗင်းဂျူလိုင်ကျောင်းသားလှုပ်ရှားမှု သပိတ်ကြီးကို ဥပဒေပိုင်းဆိုင်ရာ ရှုထောင့်မှ ချဉ်းကပ် လေ့လာ ဝေဖန်သုံးသပ်ခြင်း" **အခြေခံဥပဒေရေးရာစာစောင် အမှတ်** ၂၅ (၂၀၀၆ ဩဂုတ်လ)
၂၂။ ဦးနု၊ **တာတေစနေသား၊** နယူးဒေလီ၊ ရေဝတီစာပေတိုက် ဒုကြိမ် ၁၉၉၉။

□



## သန်းဝင်းလှိုင်

အမည်ရင်း ဦးသန်းဝင်း ဖြစ်သည်။ ၁၉၅၈ ခု၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၌ အမိ ဒေါ်တင်အေး (ကွယ်လွန်)၊ အဖ ဦးစိန်ထွန်း (ဗေဒင်လက္ခဏာဆရာ) (ကွယ်လွန်) တို့မှ ဖွားမြင်သည့် တစ်ဦးတည်းသောသား ဖြစ်သည်။

ငယ်စဉ်က စာပေနှင့် ပန်းချီဝါသနာထုံ၍ ကျောင်းနံရံကပ်စာစောင်တို့တွင် ဆောင်းပါးများ ရေးသားကာ ပန်းချီ သရုပ်ဖော်ပုံများ ရေးဆွဲခဲ့သည်။ ကျောင်းပန်းချီပြိုင်ပွဲ၌ ဆုအကြိမ်ကြိမ် ရရှိခဲ့သည်။ ကျောင်းနေစဉ်ကပင် ကျောင်းစာကြည့်တိုက်မှူးအဖြစ် အကြိမ်ကြိမ် ဆောင်ရွက်ခဲ့သည်။

ထို့နောက် ၁၀ တန်းအောင်မြင်ပြီးနောက် ၁၉၈၀ ပြည့်နှစ်တွင် တပ်မတော် (လေတပ်)သို့ ဝင်ရောက်၍ စစ်မှုထမ်းရွက်ခဲ့သည်။ ၁၉၇၇

ခုနှစ်၊ နိုဝင်ဘာလထုတ် သင့်ဘဝမဂ္ဂဇင်းပါ အနာဂတ်အာကာသလွန်းပျံယာဉ် သိပ္ပံဆောင်းပါးဖြင့် စာပေနယ်သို့ စတင် ဝင်ရောက်ခဲ့သည်။ ၁၉၈၂ တွင် တပ်မတော်(လေတပ်)မှ နုတ်ထွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ထုတ်ဝေခဲ့သော ကျောက်မျက်ရတနာလက်စွဲ စာအုပ်သည် ပထမဆုံး လုံးချင်းစာအုပ်ဖြစ်ပြီး ဆက်လက်၍ နေမဝင်သေးသည့် ဘုရင်များ (ပ၊ ဒု တွဲ)၊ လူတိုင်းအတွက် သုတစာဗေဒင်၊ ရုပ်တုမှပြောသော မြန်မာ့သမိုင်းဝင် ပုဂ္ဂိုလ်ထူးများ၊ ၂၀ ရာစု မြန်မာ့သမိုင်းကို ပြောပြနေသော နေ့ရက်များ၊ အနှစ်ချုပ် မြန်မာ့သမိုင်းအဘိဓာန် (ပ၊ဒုတွဲ)၊ ၂၀ ရာစု အကျော်ကြားဆုံး အာရှခေါင်းဆောင်များ၊ အသုံးချရုပသျှတ္တရပညာ၊ အကျော်ဇေယျစာဆိုတော်များ၊ မြန်မာသမိုင်းတွင် မေ့ပျောက်၍မရသော အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ ဥဩအော်မြည်ကုန်းဘောင်တည်၊ နယ်ချဲ့ဆန့်ကျင်ရေး ငြိမ်းချမ်းရေး ဖခင်ကြီး မျိုးချစ်စာဆိုတော်ကြီး သခင်ကိုယ်တော်မှိုင်း၊ နီပေါနန်းကျဘုရင်၊ ဒုတိယမြောက် အယ်လိဇဘက်ဘုရင်မ၊ ဂျပန်ဧကရာဇ်ဘုရင်မ၊ ဂျပန်ဧကရာဇ်ဘုရင်၊ နိုင်ငံ့ဥသျှောင် မင်းဧကရာဇ်များ၊ နိုင်ငံတော်လုပ်ကြံမှုတရားခံ ဂဠုန်ဦးစော၏ နောက်ဆုံးနေ့များ၊ သူတို့မြင်သော ဗိုလ်ချုပ်အောင်ဆန်း၊ ဒေါက်တာဘမော်၏ နိုင်ငံရေး ဆောင်ရွက်ချက်များ၊ ၁၉ ရာစု မြန်မာ့သမိုင်းကို ပြောပြနေသော နေ့ရက်များ၊ အထင်ကရ မြန်မာ့နိုင်ငံရေးခေါင်းဆောင်များ၊ မြန်မာ့သမိုင်းတစ်ကွေ့မှ နိုင်ငံခြားသားများ၊ အာဇာနည်နေ့ကိုဖြင့် မမေ့သင့်ပါ။ လူငယ်ဂုဏ်ရည် မြင့်တက်စေဖို့၊ ဗိုလ်ချုပ်အောင်ဆန်း ဘွဲ့ကဗျာနှင့် သီချင်းများ၊ တော်လှန်ရေးကောင်စီ ဘာကြောင့် အာဏာသိမ်းပိုက်ခဲ့သလဲ၊ အာဏာရှင် ဗိုလ်နေဝင်း၏ ဓာတ်သိမ်းခန်း၊ ဦးသန်းရွှေ (သို့) နေပြည်တော်မင်းသားကြီး စသည်တို့ ရေးသားထုတ်ဝေခဲ့သည်။ သို့သော် ဝန်ကြီးချုပ် ဦးနုဘဝနှင့် စာပေမှတ်တမ်း၊ တို့ဖခင် ဗိုလ်ချုပ်အောင်ဆန်း ဘာမှာခဲ့သလဲ၊ ရှန်းထွက်ခဲ့ရသော ဗမာပြည်၊ အနက်ဖော်ရခက်သော နေ့စဉ်သုံး မြန်မာဝေါဟာရအဘိဓာန်၊ ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝနှင့် ဓာတ်ပုံမှတ်တမ်း၊ မြန်မာ့သမိုင်းဝင် စာချုပ်စာတမ်းများ၊ လူငယ်နီတိ၊ နှစ် ၃၀၀ နိုင်ငံရေးအဘိဓာန်၊ သခင်သန်းထွန်း၏ အတိတ် ပစ္စုပ္ပန် အနာဂတ်ပုံရိပ်၊

**ရှေးခေတ်မြန်မာ စစ်ပညာအဘိဓာန် စသည့် စာအုပ်များသည် ယနေ့တိုင် မထုတ်ဝေရသေးပေ။**

ယခင်က **သုတစွယ်စုံ** မဂ္ဂဇင်းတွင် ပင်တိုင် ဆောင်းပါးရှင်အဖြစ် ၁၉၈၆ မှ ၁၉၉၆ ခုနှစ်အထိ(၁၀)နှစ် တိုင်တိုင် ရေးသားခဲ့သည်။ ထို့ပြင် **မြန်မာ့ဈေးကွက် စီးပွားရေးဂျာနယ်** နှင့် **မြရိပ်ညို** ဂျာနယ်တို့တွင် ပထမဆုံး တာဝန်ခံထုတ်ဝေခဲ့ပြီး ယင်းဂျာနယ် အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ သန်းဝင်းလှိုင် ကလောင်အမည်အပြင် **သိပ္ပံချစ်သူ၊ ရွှေပြည်အောင်၊ စိန်လှိုင်တင်၊ နေရဲစွမ်း၊ ပြည်ဟိန်းအောင်၊ သန်းရွှေနိုင်** စသည့် ကလောင်ကွဲများဖြင့် **ပီတောက်ပွင့်သစ်၊ မြန်မာသစ်၊ နွယ်နီ၊ စံပယ်ဖြူ၊ ချယ်ရီ၊ မုခ၊ နှလုံးအိမ်၊ ပေဖူးလွှာမဂ္ဂဇင်းများ၌ ရေးသားခဲ့သည်။ ယခုအခါ မိုးမခ၊ ခေတ်ပြိုင်၊ သစ္စာ၊ မိုးကြိုး၊ ချိုးလင်းပြာ၊ အလင်းအိမ်၊ မွန်းတည့်နေ ဂျာနယ် စသည့် အင်တာနက် စာမျက်နှာများ၌ သမိုင်းဆိုင်ရာ ဆောင်းပါးများနှင့် စာပေဆိုင်ရာ ဆောင်းပါးများ ရေးသားလျက် ရှိသည်။**

၂၀၀၀ ပြည့်နှစ်၊ မေလတွင် နအဖ စစ်အစိုးရက **ရုပ်တုမှပြောသော မြန်မာ့သမိုင်းဝင် ပုဂ္ဂိုလ်ထူးများ** စာအုပ်ကို အကြောင်းပြု၍ ပုဒ်မ ၁၇/၂၀ ဖြင့် ထောင်ဒဏ် ၇ နှစ် ချမှတ်ခဲ့ရာ အင်းစိန်၊ သာယာဝတီထောင်များ၌ ရက်ပေါင်း ၂၃၈၇ ရက် (၆ နှစ်နှင့် ၈ လ) တိတိ ကျခံပြီးနောက် ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် သာယာဝတီထောင်မှ ပြန်လည် လွတ်မြောက်လာခဲ့သည်။ လွတ်မြောက်ခဲ့ပြီးနောက် သမိုင်းဆိုင်ရာ စာအုပ် စုစုပေါင်း (၁၅) အုပ် ပိတ်ပင်တားမြစ်ခြင်း ခံရပြီး နအဖ စစ်အစိုးရက ၎င်းအား ပြန်လည်ဖမ်းဆီးရန် စီစဉ်နေသည်ကို ကြိုတင်သိရှိခဲ့သဖြင့် ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် ထိုင်းနိုင်ငံသို့ ခေတ္တတိမ်းရှောင်လာခဲ့သည်။ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လတွင် ဒီမိုကရေစီမိခင်ကြီး ဒေါ်အောင်ဆန်းစုကြည်စာအုပ်ကို ရေးသားထုတ်ဝေ၍ စာပေမြတ်နိုးသူများအားလုံးကို မေတ္တာဖြင့် ဖြန့်ဝေပေးခဲ့သည်။ ယင်းနောက် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံရေးအတွေးအမြင်များ၊ အကျော်ဒေယျ မြန်မာအမျိုးသမီးများ၊ မေ့ပျောက်၍မရသော အာဇာနည်နေ့၊ ဒေါ်အောင်ဆန်းစုကြည်၏ လက်ရွေး

စင် မိန့်ခွန်းပေါင်းချုပ်၊ ဉာဏ္ဏာသရိယ (သို့မဟုတ်) အမှောင်ခွင်း၍ အလင်းဆောင်နေသူ… စသည့် စာအုပ်များ ရေးသား ထုတ်ဝေခဲ့သည်။ ယခုအခါ ယခုအခါ သမိုင်းဆိုင်ရာနှင့် စာပေယဉ်ကျေးမှုဆိုင်ရာ စာပေများ ပြုစုလျက်ရှိသည်။